
# နှစ်ရျာသိုင်း

မေတ္တာရှိရင်ဆွဲမို့ လွဲနိုင်ပါဘူးရှင်





၁၉၉၀၊ ဇူလိုင်လ
အုပ်ရေ၊ ၁၀၀၀၀
မျက်နှာဖုံးဓာတ်၊ နေလရောင်
တန်ဖိုး ၃၆ ကျပ်




# နှမ်ဂျာသိုင်း

မေတ္တာရှိရင်းစွဲမို့လွဲနိုင်ပါဘူးရှင်

စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၂၆၃/၉၀/၅
ရေခံ့နှင့်မျက်နှာဖုံးခွင့်ပြုချက် ၂၆၆/၉၀/၅

ထုတ်ဝေသူ
ဦးညွှန့်ဝေ ၊ မြဝတီစာပေ၊ ညွှန့်ဝေစာအုပ်
အမှတ် ၁၅၁ ၊ လမ်း၃၀ ၊ ရန်ကုန်မြို့

ပုံနှိပ်သူ ၊ ဒေါ်နီနီဗိတာ ၊ ယာယီ ၊ ၃၀၈ ၊ နံ့သာပုံနှိပ်လုပ်ငန်း
အမှတ်၊၁၃၊၁၀ရစာမီးမင်္ဂလာကျောင်းညွှန့်၊ရန်ကုန်မြို့



# ဇပကျဆိုင်း

မေတ္တာရှိရင်းစွဲမို့ လွဲနိုင်ပါဘူးရှင့်

## အပိုင်း [ ၁ ]

ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း ယောက်မတို့လေ
ငါ့ကိုလွှယ်
အမယ်ကြီးနဲ့ ဘကြီးဖျက်လို့
အိမ်လေးထောင့်မှာ ဆူးတွေချလျက်
ဖျက်နဲ့ငယ်မှစေ့စုံ
လှေကားခုံမှာ-ဂဠုန်မောင့်ကြောင့် စောင့်တော့တယ်။

*

ဆောင်းမနက်၏ အအေးဓာတ်ကြောင့်၊ ကျောထဲက စိမ့်လာသည်။

စောင်ကို ကျောပါ လုံအောင် ဆွဲယူလိုက်ရင်း ခွေခွေ လေး ကွေးလိုက်သည်။ လေးနာရီ၏ ထိုးခဲလှခြင်းကို ကျွန် တော် သိပ်သည်းမခံချင်တော့။ ဖြစ်နိုင်လျှင် ခုပဲ အောက်ကို ထ,ဆင်းလိုက်ချင်သည်။ သို့သော် သည်ကြားထဲကပင် ကျွန် တော် ဖျတ်ခနဲ ပြန်အိပ်ပျော်သွား၏။

နောက်တစ်ခါ လန့်နိုးတော့ သုံးနာရီခွဲနေပြီ။

သည်တစ်ခါတော့ ပြန်အိပ်၍ မရတော့။

ထို့ကြောင့် အိပ်ရာကထ,၍ ချမ်းချမ်းစီးစီးဖြဲ သွား တိုက်၊ မျက်နှာသစ် လုပ်နေမိသည်။

မျက်နှာသစ်အပြီး စပို့ရှပ်နှင့် ဘောင်းဘီကိုလဲ၍ ပိုက်၊ ရက်ကက်နှင့် ကော့ဘူးတစ်ဘူးဆွဲ၍ ဆင်းလာခဲ့သည်။ ကျွန် တော်တို့ အခန်းက အောက်ထပ်မှာဖြစ်၍ သိပ်အချိန် မယူ လိုက်ရ။ နှင်းတောထဲ ကျွန်တော် ရောက်လာသည်။

တိုက်ရှေ့ရောက်ရောက်ချင်း၊ ကျွန်တော် မျက်နှာချင်း ဆိုင်တိုက် အပေါ်ဆုံးထပ် သုံးထပ်ကို လှမ်းကြည့်လိုက်သည်။ အားလုံး ငြိမ်သက်နေ၏။ အရှေ့အနောက် တန်းနေသော ကျွန်တော်တို့ မျက်နှာချင်းဆိုင် တိုက်နှစ်လုံး၏ အရှေ့ဘက် အရင်မှ ထိပ်ပိတ်တည်နေသော သုံးထပ်တိုက်အလယ်ထပ်ကို လည်း လှမ်းကြည့်လိုက်သည်။ ဘာမှ လှုပ်ရှားမှု မရှိ။

ကျွန်တော် ဘာမှ ထပ်မော့မကြည့်တော့ဘဲ အလယ်ကွင်း ထဲတွင် ပိုက်တပ်ရန်သာ ပြင်ဆင်နေတော့၏။ ပိုက်ချိတ်ပြီး သော်လည်း ဘယ်သူမှ ဆင်းမလာသေး။ ထို့ကြောင့် နည်း နည်း ပါးပါး လေ့ကျင့်ခန်း လုပ်လိုက်ပြီး ကျွန်တော်

တို့ တိုက်နှင့် မျက်နှာချင်းဆိုင်၊ စုန္ဒယ်တို့တိုက်ဘက် လျှောက်
လိုက်၍ အောက်ယပ်လှေကားတွင် ထိုင်စောင့်နေလိုက်၏။

"ကလစ်"ဆိုသော အသံကလေးတစ်ခုသည် သတိထား
နေသူအတွက် သိသာရုံလေး၊ တိုက်နံရံတွင် ပဲ့တင်ရိုက်၍
အောက်ကို ဆင်းလာသည်။ ကျွန်တော့် အတွေ့ အကြုံ အရ
သည်အသံသည် သုံးထပ်မှ တံခါးလက်ကိုင်ခလုတ်ကို အသံ
မထွက်အောင် ကြိတ်ပိတ်လိုက်သံမှလွဲ၍ တခြား မဖြစ်နိုင်၊
စုန္ဒယ် ဆင်းလာပြီဟု ကျွန်တော် သိလိုက်၏။

"ဒီနေ့ စုန္ဒယ် စောပါလား"

ကိုယ်က ခနေနိုင်၍ အောက်စောဆင်းနေသူ၊ တမျှော်
မျှော်နှင့် စောင့်နေရသူဖြစ်သော်လည်း ကိုယ်လိုစော၍ ဆင်း
လာသူအတွက်မူ နည်းနည်း အံ့သြသွား၏။

ခပ်ဖွဖွ ခြေသံက တဖြည်းဖြည်း နီးလာသည်။

"စောင့်နေတာ ကြာပြီလား ဖိုးညို"

ကျွန်တော် ခေါင်းညိတ်ပြပြီး ထ ရပ်လိုက်၏။ ပါးစပ်
ကလည်း—

"တို့ အစောကြီးနိုးနေလို့"

"ငုတ်တုတ်ကြီး ထိုင်စောင့်နေတာ မချမ်းဘူးလား ဟာ"

"နို့ စုန္ဒယ်ကကော ဘာဖြစ်လို့ အစောကြီး ဆင်းလာ
တာလဲ"

ကျွန်တော့်စကားကြောင့် စုန္ဒယ်က ချစ်စဖွယ် ပြုံးလိုက်
ရင်း....

"သူ ပိုက်တပ်နေကတည်းက တို့ အပေါ်က ကြည့်နေ
တာ။ အဲဒါ တစ်ယောက်တည်း စောင့်နေရမှာ သနားလို့"



"မသနားပါနဲ့ဟာ။ တို့ ဘာသာ တို့ စောင့်တာ ဘာဖြစ်
လဲ"

ကျွန်တော် ပက်ခနဲ ပြန်ပြောလိုက်သည်။ ဒီလိုတော့ မရ။
ညိုထွန်းနောင် ဆိုသည့် အကောင်က အသနားခံချင်သည့်
ကောင် မဟုတ်။

စုန္ဒယ်က ကျွန်တော့်စကားကို ဘာမှ မတုံ့ပြန်။ စိတ်
ဝင်စားဟန် မပြဘဲ....

"ကဲ ...ချမ်းတယ်ဟာ ကစားရအောင်"

"အေး....ကစားနှင့်မယ်။ ဆင်ဒီတော့ အအိပ်ကြီးနေပြီ
ထင်တယ်"

"စောသေးတာကိုး။ ချမ်းလိုက်တာ"

ပြောလည်းပြော၊ ပြုံးလည်းပြုံး၊ ရှက်ကက်ကို လက်မှာ
ကိုင်၍ လက်နှစ်ဘက်ကို ရင်ညွန့်တွင် ကပ်ထားရင်း ခုန်လည်း
ခုန်နေသည်။

"လာ-စုန္ဒယ်။ ဝမ်းယပ်ဒ် သုပ်ရအောင်"

သွေးပူလေ့ကျင့်ခန်းနှင့် ခြေလှမ်းကွက်များ အနည်းငယ်
လုပ်ပြီးသည့်အချိန်တွင် ပွဲစ၍ ကစားရန် ကျွန်တော် ပိုက်
တစ်ဘက်သို့ ငုံ့၍ သွားသည်။ နေရာယူပြီးချိန်တွင် ကျွန်
တော်က....

"ဆားဗစ်စ် လုရအောင်"

ကျွန်တော့်ဘက်က ကစားဖို့ လှုပ်လှုပ်ရှားရှား ရှိနေ
သလောက် မချောက မတုန်မလှုပ်နေသဖြင့် ကျွန်တော် ခပ်
ဆတ်ဆတ်လေး ပြောလိုက်သည်။

ပြောလည်းပြော ရက်ကက်ဖြင့် ရှယ်တယ်ကော့ကို ဖတ်ခနဲ တော့၍ ဆားဗစ်စ် ပေးလိုက်သည်။

စုန္ဒယ်က ပိုက်ပေါ်မှ ရှပ်တက်လာသော ကြက်တောင်ကို ရက်ကက်ဖြင့်ပင် လှလှလေး ဖမ်းယူလိုက်ပြီး....

"ဖိုးညို–ခဏ"

ခပ်တိုးတိုးလေသံနှင့်အတူ ကြက်တောင်ကို လက်ဖြင့် ပြောင်းယူလိုက်ကာ ရက်ကက်ဖြင့် လက်ယပ် ခေါ်သလို ခေါ်လိုက်၏။ ကျွန်တော် သူ့အပြုအမူကြောင့် ပိုက်တန်းကို လက်ဖြင့် မ,၍၊ ခေါင်းငုံ့ကာ သူ့ဘက် ပြန်ဝင်လိုက်သည်။

"ဘာလဲ စုန္ဒယ်"

စုန္ဒယ်က မျက်လုံးကို မသိမသာလှဲ၍–

"တို့ ပစ်စ် လုပ်ချင်လို့"

"ရော်...."

ကျွန်တော် ခေါင်းကုတ်လိုက်သည်။ ဗိုလ်ဆန်ဆန် ပြောသော်လည်း သည်အဓိပ္ပာယ်မှာ သည်အဓိပ္ပာယ်ပင် ဖြစ်သဖြင့် မရွှေချော ရှူရှူပေါက်ချင်သည့်စိတ်ကို ကျွန်တော် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"အိမ်ပေါ်ပြန်တက်မလား"

စုန္ဒယ်က ခေါင်းခါလိုက်၍–

"ဟင့်အင်း.... သုံးထပ်ကြီးလဲ ပြန်မတက်ချင်ဘူး။ အိမ်တံခါးဖွင့်လို့ နိုးကုန်ရင် မာမီ ဆူမှာလဲ စိုးတယ်"

"အဲ... သေရော။ ဘယ်သိုလုပ်မလဲ၊ ဟို တိုက်ကြား သွားမလား။ တို့ ဒီဘက်လှည့်နေမယ်လေ"

သူ့မျက်နှာ ပန်းရောင်ပြေးသွား၍–

"အို–ဘယ်ဖြစ်မလဲ။ ဘောင်းဘီကြီးနဲ့"



သူ့အကြောင်းပြချက်က အပြည့်အစုံ မပြောသော်လည်း ရှင်းခနဲ ဖြစ်သွားပြီမို့....

"တို့အိမ်ကို သွားမသား။ အောက်ထပ်မှာပဲ"

သူက မျက်လုံး ပုတ်ခတ်ပုတ်ခတ် လုပ်၍–

"အင်း ..."

သည်လိုနှင့် အိမ်ပေါ် ပြန်တက်လာကြသည်။ ကျွန်တော်က အိမ်ရှေ့ခန်းမီးကို ဖွင့်လိုက်ပြီး ဧည့်ခန်းမှဖြတ်၍ မီးဖိုနှင့် တစ်ဘက်စီ တည်ရှိနေသော ရေချိုးခန်းနှင့် အိမ်သာကို ခေါင်းဆတ်ပြ၍–

"သွားလေ"

စုန္ဒယ်က ကျွန်တော့်ရှေ့တွင် တုံ့ဆိုင်းဆိုင်းနှင့် ရပ်နေသည်။

"သွားလေ–စုန္ဒယ်"

မျက်လုံး ပုတ်ခတ် ပုတ်ခတ်နှင့် ကျွန်တော့်ဘက် ပြန်လှည့်ပြီး....

"ကြောက်တယ်"

"ရော်"

ကျွန်တော်က သူ့ကိုကျော်၍ မီးဖွင့်ပေးလိုက်သည်။

"အဝမှာ စောင့်နေ"

ကျွန်တော် တံခါးနားတိုး၍ ရပ်ပေးလိုက်သည်။ သတ္တိမကတော့ ...

"မှဘ်ဘူး–မြင်ရအောင်နေ"

ကျွန်တော် ခေါင်းကုတ်လိုက်သည်။ သို့သော် သည်လိုမှ မရှင်းလိုလျှင် ကြက်တောင်ရိုက်စခန်းသို့ ရောက်ပုံ မပေါ်တော့သဖြင့် တံခါးဝတွင် ပိတ်၍ ကျောခိုင်းနေလိုက်သည်။

“မှုတ်ဘူးလေ–အဲလိုကြီး ပိတ်ရပ်နေတော့လဲ ဘယ်လို လုပ်သွားမလဲ။ တံခါးရွက်ကို လက်နဲ့ကိုင်ထား။ ပြီးတော့.... ကိုယ်ကို တံခါးနဲ့ကွယ်ပြီး ဟိုဘက်လှည့်နေ”

“အိုကေ”

ကျွန်တော် သူပြောသည့်အတိုင်း လုပ်လိုက်ပါ၏။ မထူးဆန်းသော်လည်း ထူးဆန်းသော အာရုံတစ်ခု ကျွန်တော် ရလိုက်သည်။

သည်တုန်းက စုန္ဒယ်လည်း မရှက်တတ်သေး။ ကျွန်တော်လည်း မချစ်တတ်သေးချေ။

*

## (၂)

လှည်းကူးမြို့သို့ အဝင်ကားလမ်း၏ မြောက်ဘက် ကျွန်တော် ထိုင်နေသည့်ဘက်တွင် ရှိနေသည့် ရှုခင်းများကို ကျွန်တော် အဓိပ္ပါယ်မဲ့စွာ ငေးလာခဲ့သည်။

နိဗ္ဗာန်ဆိပ်ဦး မြတ်စွာဘုရား မဟာမုနိ ရုပ်ပွားတော် ဆိုသော ဆိုင်းဘုတ်မှ စာလုံးများကို ကျွန်တော် စာလုံးပေါင်းဖတ်နေစဉ်....

“သူ့–သူငယ်ချင်း ဆိုတာကကောကွ”

ကျွန်တော် ပြုံးလိုက်မိ၏။ သို့သော် သူ့ကိုတော့ ကျွန်တော် မဟန့်တားတော့။ သည်ကိစ္စကို အကြောင်းပြု၍ ထွက်လာမှတော့ သည်အကြောင်းကို မမေး မပြောရန် ပိတ်ဖို့ရာ မလွယ်မှန်း ကျွန်တော်သိပါသည်။

ကျွန်တော် သူ့ဘက် လှည့်၍ ခပ်ဖြည်းဖြည်း ခေါင်းခါရင်း....

"ငါလဲ မသိဘူး"

"အေး–ကောင်းတယ်"

ဆက်တောက်သော သူ့လေသံက ပြတ်သွားသည်။ ကျွန်တော်လည်း ပြတင်းပေါက်ဘက် ပြန်လှည့်၍ လမ်းဘေးအိမ်များကိုသာ ငေးနေမိသည်။

*

နေကျပြီ ဖြစ်သဖြင့် ကျွန်တော်တို့ အရိပ်များ ရှည်လျားစွာ ကျနေသည်။

ကျွန်တော်က အရိပ်များကို စူးစူးစမ်းစမ်း လှမ်းကြည့်လိုက်သည်။ နေရောင်ကြောင့် အရိပ်များက သွယ်သွယ်လျားလျားကြီး ရှည်နေသော်လည်း ခပ်ပုပု စုန္ဒယ်အရိပ်မှာ ခပ်ရှည်ရှည် ကျွန်တော်နှင့် ဆင်ဒီတို့အောက်တွင် ပုမြဲ ပုနေသည်။

ကျွန်တော်က သူတို့နောက် လျှောက်နေသူ ဖြစ်သဖြင့် အရိပ်မှ အကြည့်ကို သူတို့နှစ်ဦးထံသို့ ရွှေ့ယူလိုက်သည်။

အားကစားဝတ်စုံတူ အနီကို ဝတ်ထားကြသဖြင့် သူတို့နှစ်ဦး၏ အသားအရောင် နှစ်ခုကလည်း ကွဲကွဲ ပြားပြား ပေါ်လွင်လာသည်။

စုန္ဒယ်က မိန်းကလေးအများစု အရပ်မျိုး ခပ်ပုပု၊ ပြီးတော့ အသားက ခပ်ညိုညို၊ ဆင်ဒီက အများစုမိန်းကလေးများနှင့် ယှဉ်လျှင် အရပ်ရှည်သည်ဟု ယူဆရမည့် အရွယ်။



အသားက ခပ်ဖြူဖြူ၊ ဖွံ့ထွားမှုချင်းမှာလည်း အနည်းငယ်ကွာသည်။

ဆင်ဒီက ကျွန်တော်တို့ နှစ်ယောက်ထက် တစ်တန်းငယ်တစ်နှစ်ငယ်သော်လည်း စုန္ဒယ်နှင့် ယှဉ်လိုက်လျှင် ပို၍ ဖွံ့ဖြိုးသည်၊ ပြည့်ရမည့်နေရာများ၌ ပြည့်နေမှုက သိသာသည်။

မျက်နှာချင်း ယှဉ်လျှင်လည်း စုန္ဒယ်က ဆင်ဒီလောက်မလှ။ ဆင်ဒီက ခရစ်တော်၏ သမီးငယ်ပီပီ အဖြူနှင့် အလှမှာ သာသည်။

သိုးဆောင်းအနွယ်ဘက် အနည်းငယ် လုသလို ဖြစ်နေသဖြင့် အလှတစ်ခုစီမှာ ပီသသည်။

စုန္ဒယ်က ညိုသောဘက်တိမ်းနေသဖြင့် ဆင့်ဒီ့အနားတွင် ဆိုလျှင် မသိမသာ မျက်နှာငယ်နေသည်။

နှစ်ယောက်စလုံး တူသော အချက်ကတော့ တို့ဒသာ ဆံပင်ဖွဖွများကို လှုပ်ယမ်း၍ ရယ်မောတတ်ခြင်းနှင့် ငဲ့လိုက်တိမ်းလိုက် လုပ်၍ စကားပြောတတ်ခြင်းပင်။

အာဇာနည်ကုန်း ရှေ့မှ ဖြတ်၍ ဘုရား တန်ဆောင်းအရောက်တွင် သံပရာရည် ဝင်သောက်သည်။ သည် သံပရာရည် သောက်ခြင်းသည် နောင်သောအခါ ထုံးစံဖြစ်၍ ကွင်းက အပြန် တစ်ခေါက်၊ ကွင်းသို့ အသွားတစ်ခေါက် သောက်နေကျ ဖြစ်သွားသည်။

သံပရာရည် သောက်နေကျထုံးစံ ဖြစ်သွားသလို၊ အခြားထုံးစံတစ်ခု ဖြစ်သွားတာလည်းရှိသည်။

ကုန်းတော်ပေါ် ရောက်လျှင် လက်ပက်လက်ထားတော်မူသည့် ဘုရားရှေ့တွင် အမြဲတမ်း ဝင်၍ အပြန်တွင် စိတ်ပြုကြခြင်းပင်....။

သည်မှာ ဆင်ဒီနှင့် ပတ်သက်၍ တစ်သက်လုံး မမေ့စရာ ဖြစ်ရပ်လေးတစ်ခု ဖြစ်သွားသည်။

ကျွန်တော်တို့ ယခု ပထမဆုံး အခေါက် မှတ်တမ်းရုံး ကြက်တောင်ရုံတွင် ကြက်တောင် ရိုက်ရန် သွားကြစဉ်က ဖြစ်သည်။

ကြက်တောင်ရိုက်အပြီး ဘုရားပေါ်မှ ဖြတ်ပြန်လာစဉ် လက်ပက်လက်နှင့် ဘုရားရှေ့ ရောက်သောအခါ ကျွန်တော် ကပင် စပ်စပ်စုစု လုပ်၍....

"ဘုရားကန်တော့ရအောင်"

ဖျတ်ခနဲ ဆင်ဒီ မျက်လုံးများ ကျွန်တော့် ဆီ ရောက်လာသည်။ ကျွန်တော့် စိတ်ထဲ သည်တော့မှ အမှတ်ရလိုက်၏။ သည်အဖော်စပ်မှုထဲတွင် ဆင်ဒီ မပါဝင်နိုင်ပါလား။

"ကောင်းသားပဲ။ လာလေ"

စုန္ဒယ်ဆီမှ မူကား သွက်သွက်လက်လက်လေသံ ပေါ်လာ၍ ရင်ပြင်တော်ပေါ်တွင် ဝင်ကန်တော့ရန် မီးပူဇော်သည့် နေရာဘက်သို့ လှမ်းလိုက်သည်။

"မဟုတ်ဘူး စုန္ဒယ်။ ဒီပေါ်မှာ ကန်တော့မယ်"

စုန္ဒယ် နှုတ်ခမ်း မသိမသာစူပုံ ပေါက်၍....

"ဘုရားပေါ် အတူတူများ နေရာရွေးနေရသေးတယ်"

ကျွန်တော် ပြုံးလိုက်မိ၏။ သည်အတွက်တော့ ပညာပေး လိုက်ဦးမှ ဟူသော ရည်ရွယ်ချက်ဖြင့်....

"မဟုတ်ဘူး။ ဒီ တန်ဆောင်းပေါ် က ဘုရားက ဗိုဆု တောင်းပြည့်တယ်"

စုန္ဒယ်က ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး-

"တောက်တီးတောက်တဲ့ ဖိုးညိုရာ။ ဘုရားချင်းအတူတူ"



"ဟာ-ဘူမလား ဟာ။ ထုထားတဲ့ ရုပ်ပွားတော်ပုံစံကိုက အဓိပ္ပာယ် အများကြီးရှိတယ်။ ဒီရုပ်ပွားတော်က လက်ပက် လက်နဲ့ ကြည့်ပါလား။ အဲဒါ တောင်းတဲ့ဆုကိုပေးဖို့ လက် ဖြန့်ထားတဲ့ အဓိပ္ပာယ်။ ဒီဘုရားမှာ တောင်းတဲ့ဆု အကုန် ပြည့်တယ်"

ကျွန်တော့် ရှည်လျားလျား လေကြောကို စုန္ဒယ်က ပြုံး စေ့စေ့နှင့် နားထောင်နေသည်။ ဆင်ဒီကမူ မျက်လုံးအဝိုင်း သားနှင့် အံ့သြတကြီး နားထောင်နေ၏။

"တကယ်"

စုန္ဒယ်က ကျွန်တော် ဖြီးနေသည်ထင်သလား မသိ။ မယုံ မကြည် "တကယ်" လုပ်လိုက်သည်။

"သိပ် သေချာတာပေါ့။ ဘုရားပေါ်မှာ လက်ပက်လက် နဲ့ ဘုရား တခြား ဘယ်နှစ်ဆူများ တွေ့ဖူးလို့ လဲ"

သည်စကားကတော့ ကျွန်တော့် ထင်ကြေးနှင့် ရမ်းတွယ် လိုက်ခြင်း ဖြစ်သည်။ ရှားတော့ ရှားမှန်းသိသည်။ သို့သော် ကျွန်တော့် အဆွဲယ်ကောင်းမှုကြောင့် စုန္ဒယ်၏ ပြောင်စပ်စပ် အပြုံး ပျောက်သွားပြီး....

"ဒါဆို- တို့ ကံကောင်းတာပဲ။ တို့ ဆုတောင်းချင်စရာ တွေ ရှိတယ်"

ဆို၍ တန်ဆောင်းပေါ် တက်ပြီး ကျကျနန ဝတ်ပြုရန် ပြင် တော့သည်။ ကျွန်တော်က ဆင်ဒီကို "ခဏနော် ဆင်ဒီ" ဟု ပြောပြီး စုန္ဒယ်ဘေးတွင် ဝင်ထိုင်၍ လက်အုပ်ချီလိုက်သည်။ ပြီးတော့ အားတုံ့အားနာနှင့် ဆင်ဒီကို လှည့်ကြည့်လိုက် သည်။ ဆင်ဒီ ကျွန်တော်တို့ နှစ်ယောက်ကို ငေးကြည့်နေ

ပြီး ဘာမပြော၊ ညာမပြော ကျွန်တော့်ဘေးတွင် ဝင်ထိုင်၍ သူပါ လက်အုပ်ချီ ကန်တော့ တော့သည်။

ကျွန်တော် အံ့အားသင့်သွားသော်လည်း ဝတ်ပြုနေသည့် အာရုံမပျက်ရန် ဘာမှ မပြောတော့ဘဲ ဘုရားကို ဦးချ၍ ဆုတောင်းလိုက်သည်။

"တပည့်တော် စာမေးပွဲအောင်ပါစေ အရှင်ဘုရား"

ဆုတောင်းအပြီး ဘုရားကို ဦးချ၍ ကန်တော့အပြီး နားထဲတွင် စုန္ဒယ်၏ အံ့အားတသင့် လေသံကို ကြားလိုက်ရ၏။

"ဟင်-ဆင်ဒီ။ နင် ဘုရားရှိခိုးတယ်"

ဆင်ဒီက ဘာမှ မပြောဘဲ ပြုံးသည်။

"နင် အပြစ်မဖြစ်ဘူးလား"

ဆင်ဒီက သိပ်လေးလေးနက်နက် မထားသော လေသံဖြင့်....

"ဘုရားရှိခိုးတာ အပြစ်ဖြစ်မလားဟ"

"မှတ်ဘူးလေ။ ဒါက ဗုဒ္ဓဘာသာဘုရား"

ကျွန်တော်ကမူ ဆင်ဒီ့ အဖြေကိုသာ တီတ်တိတ်ဆိတ်ဆိတ် နားထောင်နေလိုက်၏။ ဆင်ဒီကမူ ခပ်အေးအေးပင်။

"ဘုရားဆိုတာ နောက်ဆုံးတော့ တစ်ခုတည်းပါပဲ စုန္ဒယ်ရာ"

သူ့စကားက ဘာမှ ထပ်ကွန့်စရာမလိုအောင် ပြည့်စုံနေသဖြင့် ကျွန်တော် ဘာမှ ထပ်မပြောတော့။

သည်ထုံးစံလေးက သည်မှအစပြု၍ နောင်အရှည်ဖြစ်ခဲ့သလို၊ ရံဖန်ရံခါလည်း ကျွန်တော်တို့ ဆင်ဒီနှင့် ဘုရားရှိခိုးကျောင်းလိုက်၍ ဆင်ဒီနှင့်အတူ ရှိခိုးဖြစ်ကြသည်။



ဤမျှ အသိပြည့်သော ဆင်ဒီသည် တစ်ခါတစ်ရံ ကြက်တောင်ကွင်းမှအပြန် သံပုရာဆိုင်မှအထွက်တွင် ရှေ့မှ ထွက်သွားသော သူ့ကို အမီမလိုက်ဘဲ ကျွန်တော်နှင့် စုန္ဒယ်တို့ နှစ်ယောက်တည်း နောက်ချန်၍ စကားပြောပြီး၊ လိုက်ပါလာပါက နှုတ်ခမ်းစူ၍ စိတ်ကောက် ရန်တွေ့တတ်လေ၏။

သည်တုန်းက ကျွန်တော်တို့ သုံးယောက်သည် သူငယ်ချင်းများ ဖြစ်ကြ၏။

## (၃)

"ဝါးနက်ကုန်းမှာ ထန်းရေ ကောင်းတယ်ကွ။ တောက်သောက်ချင်လိုက်တာ"

ဝါးနက်ကုန်းကျေးရွာဟု ရေးထားသော ဆိုင်းဘုတ်အဝါကို ကျော်ကျော်ချင်း ဇော်မိုးက တမ်းတမ်းတတကြီး ပြောလိုက်သည်။

ကျွန်တော် အလိုက်သင့် ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။ ကျွန်တော့်မျက်လုံးများကမူ ရွာသုံးကန်ဟု ထင်ရသော ကန်ဘောင်ရိုးတစ်ခုကိုသာ ငေးနေမိ၏။

မကြာမီ ကားသည် တံတားတစ်ခုကို ဖြတ်သည်။ တံတားအောက် ချောင်းထဲတွင် ကလေး သုံးလေးယောက် ရေကူးနေသည်။

"ပဲခူးကို လိုသေးလား"



ကျွန်တော်တို့ ရှေ့ထိုင်ခုံတွင် ထိုင်နေသော စုံတွဲမှ အမျိုးသမီးက သူ့အဖော်ကို မေးလိုက်သံ ကြားလိုက်သည်။ ကျွန်တော့် မျက်လုံးများက ထိုအသံဆီ ဝဲသွားပြန်သည်။ အမျိုးသားက ဘာပြန်ပြောလိုက်သည် မသိ။အမျိုးသမီးက အမျိုးသား လက်မောင်းကိုဆိတ်၍ တခစ်ခစ် ရယ်နေသည်။

သည်အမြင်တွင်လည်း ကြာရှည် စိတ်ဝင်စား၍ မရသဖြင့် ကားထဲမှ ခရီးသည်များထံ မျက်စိဝဲ၍ ကြည့်မိပြန်သည်။ ကား၏ ညာဘက်အခြမ်းမှ ခရီးသည် အားလုံးလိုလို အိပ်ငိုက်နေကြသည်။ သို့မဟုတ် မျက်လုံးမှိတ်၍ စဉ်းစားခန်းကောင်း စဉ်းစားနေခြင်း ဖြစ်မည်။

ဇော်မိုးလည်း ပြောစရာစကား မရှိတော့၍လား၊ ပြောချင်သည့်စကားများ တားထား၍လား မသိ၊ မျက်စိမှေး၍ ဇိမ်ခံလာသည်။ ကျွန်တော် နေရသည်မှာ ငေါင်တောင်တောင်ဖြစ်လာ၍ အဝတ်အစားထည့်သည့်အိတ်ထဲမှ ဒူးယားဘူးကို ရှာယူပြီး တစ်လိပ်ထုတ်လျက် မီးညှိလိုက်သည်။

"ငါ့လဲ တစ်လိပ်ပေးကွာ"

မီးခြစ်သံကြားသဖြင့် ဇော်မိုးက မျက်လုံးဖွင့်ကြည့်ရင်း–လှမ်းပြောလိုက်သည်။ ကျွန်တော် ဒူးယားတစ်လိပ် လှမ်းပေးလိုက်သည်။ သူက မီးညှိ၍ ဖွာရင်း–

"ကားစီးရင်း တွေးရတာ သိပ်ကောင်းတယ်နော်။ စိတ်ထဲမှာ သီချင်းအကြောင်းတွေးရင် သီချင်းသံပေါ် နားထဲကြားနေရတယ်။ အဖြစ်အပျက် တစ်ခုခုတွေးရင် ရုပ်ကော၊ အသံကော မြင်ယောင်လာတယ်"

"အာရုံက ဒီတစ်ခုတည်းကို ရောက်နေတာကိုးကွ"

ကျွန်တော့်စကားကို ခေါင်းညိတ်၍ သဘောတူလိုက်ပြီး၊ သူက မျက်လုံး ပြန်မှေးလိုက်ပြန်သည်။

ကျွန်တော့်မျက်လုံးများသည် အပြင်သို့ ပြန်ရောက်သွားသည်။ အတွေးများကမူ....

*

ကျွန်တော့်ကိုယ် ကျွန်တော်လည်း တစ်ခါတစ်ခါ အံ့ဩမိသည်။

အမှန်က နှိုင်းယှဉ်၍သာ ကြည့်စတမ်း ဆိုလျှင် ဆင်ဒီက စုန္ဒယ်ထက် အများကြီး လှသည်။ အကယ်တန္တု စွဲလမ်းစရာ ရှိလျှင် ဆင်ဒီက ပိုစွဲလမ်းဖို့ ကောင်းသည်။

ပြောသာ ပြောရသည်။ဆင်ဒီနှင့် ပတ်သက်၍ကျွန်တော် သံယောဇဉ် မကင်းနိုင်သည်ကတော့ အမှန်။

မှတ်မှတ် ရရ ဆင်ဒီကို အကြောင်းပြု၍ ကျွန်တော် ပြဿနာရှာဖူးသည်။

သည်တုန်းကတော့ ဘာကိစ္စမှမပေါ်ပေါက်သေးသဖြင့် ကျွန်တော်၊ စုန္ဒယ်နှင့် ဆင်ဒီတို့ သုံးယောက် မခွဲကြသေးသည့် အချိန်။ တွဲလို့ ရနေသေးသည့် အချိန်။

ထိုနေ့က ကြက်တောင်ကွင်းသို့အသွား ဆင်ဒီ မျက်နှာက အနည်းငယ် သုန်မှုန်နေသည်။ စုန္ဒယ်နှင့် နှစ်ယောက်တည်း တိုးတိုး-တိုးတိုး ဖြစ်နေသည်။

မနေနိုင်သော ကျွန်တော်က....

''အဲဒီနှစ်ယောက်က ဘာဖြစ်နေတာလဲဟ။ နှစ်ယောက်သား တကြိတ်ကြိတ်နဲ့''



စုန္ဒယ်က ဘာမှမပြောနိုင်ခင် ဆင်ဒီက အရင် ခေါင်းခါသည်။ လက်ကို 'ခါနှင့်'နှင့်၍လည်း....

''နေပါ-ဖိုးညိုရာ။ တို့ကိစ္စနဲ့ တို့ပါ။ နင်သိရင် ဒီမီးက ငြိမ်းမှာ မဟုတ်ဘူး။ ပိုဆိုးဦးမှာ။ ဟိုနေ့က ကိစ္စတောင် စုန္ဒယ် အမေကြီးသိလို့ စုန္ဒယ်ကို မေးနေသေးတယ်တဲ့''

ကျွန်တော့် စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားသည်။ ကျွန်တော် ဒါမျိုးကို မကြိုက်။ ကိုယ့်အချင်းချင်း ပြီးရမည့် ကိစ္စမျိုး လူကြီးတွေ ပါလာအောင်လုပ်တတ်သူမျိုးကို နည်းနည်းမှ ကြည့်မရ။

''စုန္ဒယ်-ဒါ နင့်လက်ချက်ပေါ့''

စုန္ဒယ်က ပျာပျာသလဲ....

''ဖိုးညို-နင် ငါ့ကို မတရား မစွပ်စွဲနဲ့။နင်တို့ကိစ္စကို ငါက ဘာမှ သံတော်ဦးတင်စရာ မလိုဘူး။ နင့်ကောင်ကသာ သူ့ အမေ သူပြန်ပြောလို့ သူ့ အမေက ငါ့အမေနဲ့ သူငယ်ချင်း ဆိုတော့ နင့်အတင်းလာချလို့ သိတာ''

ကျွန်တော့် 'နင့်ကောင်'ဟု စုန္ဒယ်ကရည်ညွှန်းလိုက်သော ဟယ်ရီ ဆိုသည့် ကောင်ကို နောက်တစ်ခေါက်လောက် ထပ် ဖြီချင်စိတ် ပေါ်လာသည်၊ စတုန်းက သူ၊ ပြီးတော့ ခံရကာမှ သည်ကောင်မို့ မရှက် မကြောက် အိမ်ကို ပြန်ပြောသည်။ တကယ်က သူ မစလျှင် သည်ပြဿနာ ဖြစ်ကိုမဖြစ်။

ကျွန်တော်တို့က ကြက်တောင်ကို တစ်ရက်ခြား ရိုက်သည်။ ကြား နားရက်တွင် ကျွန်တော်က သိုင်း သင်တန်း တက်သည်။

သိုင်း သင်တန်းတက်ရန်သွားတိုင်း ပျဉ်ထောင်များဘက်က ဖြတ်လမ်း ရှိသဖြင့် ဖြတ်ဖြတ်သွားသည်။

ပျဉ်ထောင် ဆိုသော စကားနှင့်ပတ်သက်၍ ရှင်းရလျှင် ကျွန်တော်တို့ရိပ်သာတွင် အိမ်နှစ်မျိုး ရှိသည်။

ကျွန်တော်တို့ နေသည့် တိုက်သုံးထပ်များက တစ်လတွင် လခ တစ်ရာ့နှစ်ဆယ် ပေးရသည်။

ကျွန်တော်တို့တိုက် နောက်ဘက်တန်း ပျဉ်ထောင် တန်းလျားများက တစ်လ ခြောက်ဆယ့်ငါးကျပ် ပေးရသည့် တန်းလျားမျိုး။

ထို့ကြောင့် အလွယ်တကူ သုံးထပ်တိုက်၊ ပျဉ်ထောင်ဟု ခွဲခေါ်လိုက်သည်။

သည်အခေါ်ကို ပျဉ်ထောင် တန်းလျားများကတော့ သိပ်မကြိုက်။ ဘာကြောင့်ဆိုတော့ သည်အခေါ်မှာ နည်းနည်း နှိမ်သံပါနေသောကြောင့် ဖြစ်သည်။

သို့သော် ကျွန်တော်တို့ လောကကတော့ နည်းနည်း မြင့်လျှင် မြင့်သလို အခွင့်အရေးယူ၍ နည်းနည်းနိမ့်လျှင် နိမ့်သလို မြင့်သူက နှိမ်တတ်ကြလေ့ ရှိခြင်းမှာ အထုံလို ဖြစ်နေသဖြင့် သုံးထပ်တိုက်က လူများကတော့ သည်အခေါ်ကို နှစ်နှစ်ခြိုက်ခြိုက် ကျင့်သုံးသည်။

ထိုနေ့ကလည်း ကျွန်တော် သိုင်းသင်တန်းက ပြန်လာတော့ ပျဉ်ထောင်တန်းလျားရှေ့အုတ်ခုံတွင် လူရှစ်ယောက် ထိုင်နေသည်။

ကျွန်တော်ကတော့ သွားရိုးသွားစဉ်မို့ အမှုမဲ့ အမှတ်မဲ့ပင် သူတို့ရှေ့မှ ဖြတ်လျှောက်လာသည်။ သည်မှာ အသံတစ်ခုကို ကြားလိုက်ရသည်။

"ပုံကိုက အချိုးမပြေဘူး"



ကျွန်တော့် ခြေလှမ်းများ တန့်ခနဲ ဖြစ်သွားသည်။ သူ့ပြောသလို ကိုယ့်ပြောသလို လုပ်လာသဖြင့် ကျွန်တော် ခေါင်းလှည့်၍ သူတို့ဘက် ကြည့်လိုက်သည်။

"ကြည့်ပါလား-ဘာသိုင်းလဲ။ ........... သိုင်းမှ ဂရုမစိုက်ဘူး"

အနေအထားက နည်းနည်း ယုတ်မာလွန်းလာပြီ။ ကျွန်တော် ဆိုသည့် ကောင်က ဒါမျိုးတော့ နည်းနည်းမှ သည်းမခံနိုင်။

"ဟေ့ကောင်တွေ-ဒါ ဘယ်သူ့ကိုပြောတာလဲ"

ကျွန်တော့်လေသံက အေးစက်သော်လည်း ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ဟန် အပြည့်ပါသည်။

သူတို့ထဲမှ တုံ့ပြန်သူက ဟယ်ရီ။

"မင်းကိုပြောတာ။ ဘာလဲ-မကြည်ဘူးလား"

ကျွန်တော် ခေါင်းညိတ်၍ ပြုံးလိုက်သည်။ ညီထွန်းနောင်ကို ဒါမျိုး မရပါ။ ကျွန်တော်ဆိုသည့် ကောင်ကလည်း သည်အချိန်က သိပ်ခေသူသည် မဟုတ်။

ကျွန်တော်တို့ နေသည့်ကျောင်းက ယောကျ်ားလေး သီးသန့်ကျောင်း။ သည်ကျောင်းမှာပင် နာမည် ထွက်နေပြီ။ အပေါင်းအသင်းဘလည်း စေ့ပြီ။

ချိန်းကြိုးကိုင်တတ်ပြီ၊ ဂန်ဂျီနှင့် ချဘတ်ပြီ။ ကျောင်းချင်း ချိန်းရိုက်တာမျိုးကလည်း ရိုးပြီ။ သည်တော့....

"အပေါင်းအသင်း-အုပ်စုထဲက မကျယ်နဲ့ကွာ။ မိုက်ရင်ထွက်ခဲ့။ မင်းမှ မဟုတ်ဘူး။ ကြိုက်တဲ့ကောင် ထွက်ခဲ့။ တစ်ယောက်ချင်း ချမယ်"

ချဲ့လင့်ခေါ်ရင်းပင် လူအုပ်ကို ခြုံ၍ အကဲခတ်လိုက်သည်။ ကျွန်တော့်အရွယ် တစ်ယောက်မှ မပါ။ ကျွန်တော့်ထက် ကြီးသူချည့်ပင်။

သို့သော် ဒါက မှုစရာမဟုတ်ပါ။

ဟယ်ရီပင် ထလာသည်။ ကြိုက်သွားပြီ။ ဒါမျိုးကို ညှိထွန်းနောင်တို့ မမှု။ တစ်ယောက်ထက်ပိုလာလျှင် မှုမည်။ တစ်ယောက်ချင်းကတော့ ဟဲ....ဟဲ။

လုပ်နေကျမို့ လျှင်သည်ဟု ဆိုရမည်။

သည်လူအနားရောက်သည်နှင့် ကျွန်တော်မစောင့်တော့၊ မဆိုင်းတော့၊ ချိန်ခွင့်လည်း မပေး၊ပြင်ချိန်လည်း မရအောင် သူ့ဆီ ဆတ်ခနဲခုန်ဝင်၍ မြန်နိုင်သမျှ မြန်မြန် လက်သီး သုံးလေးလုံး ပစ်သွင်းလိုက်သည်။

ဖြုန်းစားကြီးမို့ သူကကာလိုက်သော်လည်း ကျွန်တော့် လက်သီးများက သူ့မျက်နှာသို့ စုပြုံဝင်သွားတော့သည်။

ကျွန်တော့်လက်များက ကျဉ်ခနဲ ဖြစ်သွားချိန်တွင် သူ့ မျက်နှာမှ သွေးများ ဖြာထွက်သွားသည်။

သူတို့လူ အထိဝယ် ကျန်လူများက စည်းကမ်းမရှိတော့။ တစ်အုပ်ကြီး ထပြေးလာသည်။ ကျွန်တော် အမြန်ဆုံး ရှင်းနည်းတစ်ခုကို အသုံးပြုလိုက်ရ၏။

စလွယ်သိုင်းထားသော ကြိုးအိတ်ထဲမှ သိုင်းသင်သည့် ကချင်ဓားကို ဆတ်ခနဲ ဆွဲထုတ်လိုက်ပြီး—

“နဲနဲဆင်ခြင်ဦး အပေါင်းအသင်းတို့။ ငါလဲ အသားနာတတ်တယ်။ ဟစ်ယောက်ချင်းကတော့ လက်နက်မပါဘဲ ရတယ်။ များလာရင်တော့ ရှိတာနဲ့ နှိပ်မှာပဲ။ ရဲရင်တိုးခဲ့”



ကျွန်တော့်ဓားအဟန့်ကြောင့် တစ်အုပ်စုလုံး တွန့်သွားသည်။

ဟယ်ရီဆိုသည့် ကောင်ကတော့ ကွဲသွားသည့် နှုတ်ခမ်းကို လက်ဖြင့်ဖိရင်း ရှုံ့မဲ့နေသည်။

သည်တုန်းက ဒေါသအခံကြောင့် လုပ်လိုက်မိသော်လည်း ပြန်တွေးလျှင် သနားမိသေး၏။ယခုမူ သည်ပြဿနာကို သူ့အမေဆီ ပြန်ပို့၊ သူ့အမေက စုနွယ်အမေကို ပြန်အတင်းချဆိုတော့ အဲဒီတုန်းက နောက်ထပ်နှစ်ချက်လောက် ပိုတွယ်ခဲ့လျှင် ကောင်းသားဟု တွေးမိ၏။ အထူးသဖြင့် စုနွယ်အမေကို သွားပြောခြင်းကို ကျွန်တော် သည်းမခံနိုင်။ စုနွယ်အမေက နဂိုကမှ ကျွန်တော့်ကို အထင်သေးလက်စ ရှိရာ ပိုဆိုးပေရော့မည်။

“အဲဒါ စုနွယ်အမေက ဘာပြောသေးလဲ”

ကျွန်တော်က စုနွယ်ကို မေးကြည့်လိုက်သည်။ မျှော်လင့်ထားသည့်အတိုင်းပင်–

“ထုံးစံအတိုင်းပေါ့ဟာ။ ဒီကောင်လေးက ဒီလိုပဲ။ သိပ်ရမ်းကားတာ၊ မိုက်လဲ မိုက်ရိုင်းတယ်။ ဘာ–ညာပေါ့ဟာ”

ကျွန်တော် သက်ပြင်းချလိုက်သည်။ စုနွယ် မျက်နှာကို ကြည့်ပြီး....

“စုနွယ်ကိုကော ဘာပြောသေးလဲ”

“ထုံးစံအတိုင်းပါ ဆိုမှ ညည်းလဲ ကျပ်ကျပ် သတိထား။ အဲဒီကောင်လေးနဲ့ တတွဲတွဲ လုပ်နေတာ မကြိုက်ဘူး။ ဘာညာပေါ့ဟာ”

ဘာညာပေါ့ဟာ နှစ်ခါမှာ ကျွန်တော် ဘာမှ မပြော တော့။ သူတို့နှစ်ယောက် လွတ်လွတ်လပ်လပ် ပြောနိုင်ရန် သာ ရှေ့မှ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

ထိုနေ့က ကြက်တောင်ရိုက်ကွင်းတွင် ကျွန်တော့် စမက်ရှ် ရိုက်ချက်၊ ခုတ်ချက်များ အလွန်ပြင်းနေ၏။

*

"အဲဒါပါ။ သူကတော့ မှာလိုက်တယ်။ ဖိုးညို မသိစေနဲ့ တဲ့။ စုန္ဒယ်ကတော့ ပြောလိုက်ပါတယ်။ ဘာဆိုင်လို့လဲဟာ၊ ဒါက နှင့်ကိစ္စပဲလို့"

စုန္ဒယ်မျက်နှာကို ကျွန်တော် ကွက်ခနဲ လှမ်းကြည့်လိုက်၏။

"ဟုတ်တယ်လေ။ ဒါက သူ့ကိစ္စပဲ။နှင့်ကို စော်ကားတာ မှ မဟုတ်တာ။ သူ့ကိုကြိုက်လို့ ရည်းစားစကားလိုက်ပြော တာ။ နှင်က သူ့ရည်းစားမှ မဟုတ်ဘဲ။ လိုက်ပြီး ရန်လုပ်ရ မယ်လို့"

ကျွန်တော့် မျက်နှာ ရဲခနဲ ဖြစ်သွား၏။ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် ကြားတွင် တစ်ယောက်ကို တစ် ယောက် 'ရည်းစား' ဟူသော အသုံးအနှုန်းနှင့် ယှဉ်တွဲ ပြောကြခြင်းသည် ဒါ ပထမဆုံးအကြိမ် ဖြစ်သည်။

"ဟ-သူ့မှာ အခက်အခဲရှိရင် ကူညီတန် ကူညီရမှာပေါ့ စုန္ဒယ်ရ။ ရည်းစားမှ ကူညီရမှာလား။ ဒါဖြင့် နှင့်ကို ဒီလို လိုက်နှောင့်ယှက်နေရင်ကော"

"အိုး....နှင့်ဘာသာ နှင် နေပေါ့။ ဒါမျိုးက ရည်းစား ဝင်လုပ်ရမှာ။ နှင်က ငါ့ရည်းစားမှ မဟုတ်ဘဲ"



သူ့ဘက်ကသူအမှန်အတိုင်း ထင်သလို ပွင့်ပွင့်လင်းလင်း ပြောနေသော်လည်း ကျွန်တော် သူ့မျက်နှာကို စေ့စေ့ မကြည့်ရဲ။

ရည်းစား ဆိုသောစကားသည် ကျွန်တော့်ရင်ထဲ ဖိုစရာ စကား ဖြစ်နေသည်။ သို့သော် သူက သုံးပြီမို့ ကျွန်တော် ကလည်း....

"ဒါဖြင့် နှင့်မှာ ရည်းစားရှိလို့လား"

စုန္ဒယ် မျက်နှာ ရဲခနဲ ဖြစ်သွား၏။

"ပါးကျိုးမယ် ဖိုးညို။ နှင် ပေါက်ကရ မပြောနဲ့။ ငါ့မှာ ရည်းစားလဲ မရှိဘူး။ ငါ့ကို လိုက်စကားပြောမယ့်လူလဲ မရှိ ဘူး။ ရှိရင်လဲ မာမီနဲ့ တွေ့သွားမယ်"

ကျွန်တော့် မျက်စိထဲ ဒေါ်စုစုကြီး၏ ပြည့်ဖြိုးသော လက်ဝါးကြီးများကို မြင်ယောင်လာသည်။

"ဒါပေမယ့်ဟာ– ဆင်ဒီ့ကိုတော့ ငါ ကူညီချင်တယ်။ သူ့ခမျာ ဒီလို လိုက်အနှောင့်အယှက် ခံနေရတော့ ကောင်း မလား။ ဒီ တင်သန်းဆိုတဲ့ ကောင်နဲ့ ငါ တွေ့ချင်တယ်"

သည်တစ်ခါ စုန္ဒယ်က ဖျတ်ခနဲကျွန်တော့်ကို ကြည့်လိုက် သည်။

"နင်–သွားရန်မရှာနဲ့ ဖိုးညို။ သူ့ပြဿနာ သူရှင်းလိမ့် မယ်"

"မဟုတ်ဘူးလေ စုန္ဒယ်။ သူ့ပြဿနာသူ မရှင်းနိုင်လို့ သူ စိတ်ညစ်နေတယ် မဟုတ်လား"

စုန္ဒယ် ခေါင်းကိုသွက်သွက်ခါလိုက်ပြီး....

"မဆိုင်ပါဘူး။ သူပြတ်ပြတ် ပြောလိုက်ပေါ့။ နှင့်ကို ငါ မကြိုက်ဘူးဆိုရင်ပြီးတာပဲ။ဒါပဲနော်–နင် ရှုပ်ရှုပ် ယှက်ယှက်

သွားမလုပ်နဲ့။ ဒီအတွက် နင် ရန်ဖြစ်ရင် နင့်ကို ငါ ... ရည်းစားလို့ သတ်မှတ်မယ်။ဆင်ဒီ့ အချစ်ရေးကိစ္စ ကို ကူညီတဲ့ သူဟာ ဆင်ဒီ့ ရည်းစားပဲ”

*

...ားမှတ်တိုင်မှ ဆင်း၍ ကျောင်းဝင်းထဲ လျှောက်လာနေပြီဖြစ်သော်လည်း ဒီကိစ္စ ဘယ်လို ဖြေရှင်းရမှန်း မသိသေး။

သည်ကြားထဲ မနေ့ညနေက စုန္ဒယ်ပြောလိုက်သည့်စကားကလည်း နားထဲက မထွက်သေး။

သို့သော် သည်စကားသည် ကျွန်တော့်စိတ်ထဲ စွဲစွဲမြဲမြဲယုံကြည်ထားချက်များကိုတော့ မတားဆီးနိုင်။ ကျွန်တော့်ပေါ်လစီတွင် ကျွန်တော်နှင့် ပတ်သက်နေသမျှ မည်သူမဆိုသူ့ပြဿနာရှိလျှင် ကျွန်တော် ဝင်ရှင်းမည်။ လောကဦလူလိမ္မာများပေါ်၍ လူမိုက်ရှားတတ်သည်။ ရှားသော လူမိုက်များသည်ပင် တချို့က လူလိမ္မာအများစုကို အနိုင်ကျင့်နေ၍ တချို့က လူလိမ္မာအများစုကို အကာအကွယ်ပေးနေသည်။

ခုကိစ္စမျိုးကိုတော့ ညိုထွန်းနောင်တို့ နည်းနည်းမှ သည်းညည်းမခံနိုင်။ဖြစ်ပုံက ဆင်ဒီတို့ကျောင်းမှ တင်သန်းဆိုသောငနဲသည် ဆင်ဒီကို ကြိုက်နေသည်။ စကားလိုက်ပြောသည်။ စာလိုက်ပေးသည်။ ဆင်ဒီက အကြိမ်ကြိမ်ခါလွှတ်သည့်ကြားက ဆင်ဒီကောင်းကောင်း ကျောင်းတက် ၍ မ ရ အောင်



အားလပ်ချိန်မှာ မုန့်စားသွား၍မရအောင် နှောင့်ယှက်နေသည် ဆိုပဲ။

သည်ကိစ္စမျိုးမှာ လူလိမ္မာအများစုသည် ဘာမှဝင်လုပ်မည် မဟုတ်။ ညိုထွန်းနောင်လူမိုက်သာ တတ်နိုင်မည်။ ထို့ကြောင့် ကျွန်တော် ဆင်ဒီတို့ကျောင်းသို့ ကျွန်တော့်ကျောင်းချိန် မရောက်မီ မနက်ပိုင်း ထွက်လာခဲ့ခြင်းပင်။

သို့သော် ဒီကိစ္စကြောင့် စုန္ဒယ်ပါးစပ်တွင် ကျွန်တော်ဆင်ဒီ့ရည်းစား မဖြစ်ချင်သေး။ ဆင်ဒီနှင့် ကျွန်တော်သည်သူငယ်ချင်း။ စုန္ဒယ်လိုပင် သူငယ်ချင်း။ သူငယ်ချင်း အချင်းချင်း အပေါင်းအသင်းစိတ်မရှိလျှင် ညိုထွန်းနောင် သောက်သုံး ကျတော့မည် မဟုတ်။ ထို့ကြောင့် ချမည် တင်သန်း။ မင်း သတိထားနေ။

ဆင်ဒီတို့ကျောင်းသည် ကျွန်တော့်အတွက် သိပ် အစိမ်းကြီးမဟုတ်။ ကျွန်တော့် သူငယ်ချင်းများ ရှိသည်။ တင်သန်းကိုလည်း ကျွန်တော်သိသည်။ ကျွန်တော့် သူငယ်ချင်း တစ်ယောက်၏အတန်း ကိုးတန်းမှ။အကောင်ကတော့ နည်းနည်းကြီးသည်။ သို့သော် ကျွန်တော် မမှု။ သူ့နယ်မြေထဲမှာလည်းဖြစ်သည်။ သို့သော် ကျွန်တော် မမှု။ သို့သော် အိတ်ထဲမှချိန်းကြိုးကိုတော့ မကြာခဏ စမ်းကြည့်မိ၏။

တင်သန်းတို့ အခန်းထဲဝင်လိုက်လျှင် တင်သန်းက ကျွန်တော့်ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

ကျောင်းမဘက်မီမို့ အတန်းထဲ၌ လူသိပ်စုံစုံမရှိ။ တင်သန်း၏ ရှေ့တစ်ခုံကျော်မှာ ကျွန်တော့်သူငယ်ချင်း လှဦးရှိသည်။ ကျွန်တော်က တင်သန်းဆီ မသွားသေးဘဲ လှဦးဆီအရင်သွား၏။ လှဦးက ဝမ်းသာအားရ...

"ဟေ့ ကောင်ဖိုးညို၊ ဘာကိစ္စလဲ အစောကြီးပါလား"

ကျွန်တော်က လှဦးကို ပြုံးပြရင်း တင်သန်းဘက် တစ်ချက်ကြည့်၍....

"အေး ခပ်စောစောပဲ။ ဒီနေ့ အဆင်သင့်ရင် လူတစ်ယောက်ကို ချမလို့"

လှဦးက နားမလည်စွာ မော့ကြည့်ရင်း....

"ဘာဖြစ်လို့လဲ"

"ငါ့သူငယ်ချင်းတစ်ယောက်ကို လိုက်နှောင့်ယှက်နေလို့။ အဲဒါ နည်းနည်းပါးပါး ဆုံးမစာ ရွတ်ပေးချင်တာနဲ့"

တင်သန်းမျက်နှာ မည်းခနဲ ဖြစ်သွား၏။ ယောင်ပေပေနှင့်လည်း လွယ်အိတ်ဆွဲ၍ အခန်းထဲက ထွက်သွား၏။ ကျွန်တော်က အခြေအနေသိချင်၍ လှဦးနှင့်စကား ဆက်ပြောနေသည်။ ကျောင်းတက်ခေါင်းလောင်း ထိုးသည်အထိ ငနဲ ပြန်မလာတော့။

ကျွန်တော် လှဦးကိုနှုတ်ဆက်၍ အပြင်ထွက်လာခဲ့သည်။ တစ်နေရာရာကများ သည်ကောင် စောင့်နေမလားလို့။ ငတိ အရိပ်အရောင်တောင် မတွေ့ရတော့။

ကျွန်တော် ကျောင်းဝအရောက်တွင် တစ်စုံတစ်ယောက်ကို လှမ်းမြင်လိုက်သဖြင့် အနားရှိသစ်ပင်နှင့် ကွယ်ရပ်လိုက်သည်။

သစ်ပင်ကွယ်မှ မသိမသာချောင်းကြည့်၍ မမြင်သာတော့မှ အကွယ်မှထွက်၍ ကားဂိတ်ဘက် သုတ်ခြေတင်လာခဲ့သည်။

ထိုတစ်စုံတစ်ယောက်သည် ကျွန်တော့်ကို မြင်လိုက်ဟန်မတူ။ မမြင်ပါစေနဲ့ဟုလည်း ဆုတောင်းမိ၏။ သည်ကိစ္စ ဆင်ဒီကို မမြင်စေချင်။



ဆင်ဒီကမြင်လျှင် စုန္ဒယ်ကို ပြန်ပြောမည်။

ထိုအခါ စုန္ဒယ်က ကျွန်တော့်ကို ဆင်ဒီ့ရည်းစားဟု ပြောမည်။

ဆင်ဒီ့ရည်းစားဟု အပြောခံရသည်မှာ ကျွန်တော့်အတွက် ရှုံးစရာမရှိသော်လည်း ကျွန်တော်ဆင်ဒီ့ရည်းစား မဖြစ်ချင်သေး။ မည်သူ့ရည်းစားမှ မဖြစ်ချင်သေး။

အကြောင်းမူ ဘယ်သူ့ကိုမှ ကျွန်တော် ရည်းစားလိုမချစ်သေး၍ ဖြစ်သည်။ ဆင်ဒီရော စုန္ဒယ်ပါ ကျွန်တော့်သူငယ်ချင်းများသာ ဖြစ်၏။

သို့သော် မနက်ဖြန်တွင် ဟုတ်ချင်မှဟုတ်မည်။ သည်နေ့နှင့် မနက်ဖြန်ကြားတွင် အပြောင်းအလဲ များစွာဖြစ်နိုင်၏။

*

## ( ၄ )

"အင်းတကော် ရောက်ပြီ။ တစ်ခုခု ဆင်းစားရအောင် ဖိုးညို"

"ကောင်းသားပဲ"

အလယ်မှာပေါ တန်းထိုး၍ ထိုင်နေကြသော ခရီးသည် ကျပ်ကျပ်သိပ်သိပ်ကို တိုးဝှေ့၍ ကျွန်တော်တို့ အောက်ဆင်းလိုက်ကြသည်။

"နွားနို့ သောက်မယ်ကွာ။ ဒီမှာ နွားနို့ စစ်စစ်ရတယ်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ ရန်ကုန်မှာက နွားနို့ စစ်စစ် ရခဲဘိခြင်း။

စားပွဲတွင် ဝင်ထိုင်၍ နွားနို့ စောင့်နေကြစဉ် စားပွဲပေါ်၌ အုပ်ဆောင်းလေးနှင့် အုပ်ထားသော ဇလုံလေးကို မကြည့်လိုက်သည်။ စာကလေးကြော်များ၊ အားပါး ကျွန်တော် သွားရည်ကျလာ၏။

"ဇော်မိုး ငါဒါစားမယ်။ စပါယ်ရှယ်ပဲ"



ဇော်မိုးက 'ချလေ'ဟူသော အမူအရာဖြင့် ခေါင်းဆတ်ပြလိုက်သည်။ ကျွန်တော်က စာ က လေး ကြော် ဗန်းထဲမှ အကောင်ကြီးကြီးများကို မျက်စိကျနေသဖြင့် တစ်ကောင် ကောက်၍ ဝါးလိုက်သည်။

အဟော်ပင် ဖြစ်သွား၏။ နွား နို့ ပန်း ကန် က လည်း အရောက်မို့ စာကလေးကြော် နှစ်ကောင်လောက်နှင့် နွားနို့ကို အားရပါးရ တီးထည့်လိုက်သည်။

ကားပေါ် ပြန်တက်ပြီးသည့်အခါ နှပ်လာသည့် အရသာကို ဒူးယားနှင့် သိပ်ပေးလိုက်သည်။

"စာကလေးကြော် တယ်ကောင်းတယ်ကွာ"

ကျွန်တော့်စကားကြောင့် ဇော်မိုးက ရယ်လိုက်၏။ ရယ်သံကြားမှပင်-

"မင်းကတော့ လုပ်မယ်"

ကျွန်တော် ဘာမှ နားမလည်သဖြင့်....

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဟ။ ဘာမှန်းမသိ ညာမှန်းမသိ ကောက်စားလာပြီး စာကလေးကြော်နဲ့ တတွတ်တွတ်ပြောလာတယ်။ မင်းစားတာက မင်းကြိုက်တယ်ပြောတဲ့ စာကလေးကြော် မဟုတ်ဘူး။ စနိုက်ကြော်ကွ။ အကောင်သေးလို့ မင်းချထားခဲ့တာက စာကလေး။ ဘာမှန်းမသိ ညာမှန်းမသိအကောင်"

သူပြောမှ သူရယ်တာကို သဘောပေါက်၍ ကျွန်တော် ရောရယ်လိုက်ရင်း....

"မသိဘူးလေကွာ"

အမှန်တော့ သိသိ မသိသိ ကျွန်တော် ထင်ပါသည်။ စာကလေးကြော်နှင့် စနိုက်ကြော်ကို တစ်ဇလုံတည်း ရောထားလျှင် စနိုက်ကြော်သာ လူတိုင်းကောက်စားလိမ့်မည်ထင်၏။

*

"ညို့ထွန်းနောင် မင်းကို ငါ သတိပေးမယ်။ ဒါ လတ်စ်ဝမ်နင်ပဲ"

ကိုကျော်ကျော်၏ စကားကြောင့် ကျွန်တော့် စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွား၏။ ကိုကျော်ကျော်ကို စိတ်ဆိုး၍တော့ မဟုတ်။ မနေနိုင် မထိုင်နိုင် ကျွန်တော့် ဘာသာ ကျွန်တော် ပင့်လာခဲ့မိသည့် ကိုညွှန့်ကို။

ဒီကိစ္စအားလုံး၏ လက်သည်သည် ကိုညွှန့်ဖြစ်မှာသေချာသည်။ စောစောက ကွင်းထောင့်က ကုလားထိုင်တွင် ကိုညွှန့်က ကိုကျော်ကျော့်ကို လက်ဟန်ခြေဟန်များနှင့် တတွတ်တွတ် ပြောနေသည်ကို တွေ့လိုက်ရသည်။

ဖြစ်ပုံက ဒီလို။ ကျွန်တော်တို့သုံးယောက် မှတ်တမ်းရုံး ကြက်တောင်ကွင်း၌ မရိုက်ဖြစ်ကြတာ ကြာပြီဖြစ်၏။ စက်မှုလက်မှုကွင်း၌ ပြောင်းရိုက်သည်။

သည်မှာ နောင်အခါတွင် ကျွန်တော့်ကို နောက်ကျောကို ဓားနှင့်ထိုးရန် ကြံစည်မည့်ပုဂ္ဂိုလ်သည် ကျွန်တော့်ကို သိုးရေခြုံ၍ ချဉ်းကပ်လာသည်။



"အဲဒီကွင်းကို မင်းပိုင်ရင် ပြောပေးပါကွာ။ ငါလဲ ကစားချင်လို့။ ကျုံးကြီးလမ်းကွင်းက သွားရ လာရတာ သိပ်ဝေးလို့"

အမှန် ဝန်ခံရလျှင် ကိုညွှန့်ကို ကျွန်တော်အဆင်ကြီးရိုး ရှိခဲ့သည်။ သူက တက္ကသိုလ်ကျောင်းသား။ ကျွန်တော်တို့နှင့်စာလျှင် အများကြီး အသက်လဲကြီး၊ ပညာလည်း ရင့်သူမို့ သူက တောင်းတောင်းပန်ပန် ပြောလာသောအခါ ကျွန်တော် လိုက်လိုက်လှဲလှဲ ကူညီချင်လာသည်။

ထို့ကြောင့် ကိုကျော်ကျော့်ကို အကျိုးအကြောင်းပြောပြ၍ ကိုညွှန့်ကို ကျွန်တော် ကွင်းသို့ ခေါ်ခဲ့သည်။

တစ်ခုတော့ ရှိသည်။ ကျွန်တော်တို့ သွားနေကျ သုံးယောက်တွင် လေးယောက်ဖြစ်လာပြီးကတည်းက သွားရင်းလာရင်း ကိုညွှန့်သည် ကျွန်တော်နှင့်စာလျှင် ကျန်ကျွတ္ထိလိင်နှစ်ယောက်နှင့် ပိုစကားပြောကောင်းတာ်သည်ကို နည်းနည်းတော့ ဆင်ခြင်မိဖို့ကောင်းသည်။

"ညို့ထွန်းနောင် မင်း ခဏနေပါဦးကွ။ စုစုနွယ်တို့၊ ဆင်ဒီထွန်းတို့ ကောင်းကောင်း မရိုက်ရသေးဘူး"

ကွင်းထဲသို့ဆင်းလာသော ကျွန်တော့်မှာ ကိုညွှန့်စကားကြောင့် ကျွန်တော် တန့်ခနဲဖြစ်သွား၏။

သည့်ပုဂ္ဂိုလ်လည်း အကန်းမဟုတ်။ ကျွန်တော်လည်း အကန်းမဟုတ်။ စောစောက တစ်ပွဲကျော်ကတင် စုံနွယ်နှင့် ဆင်ဒီတို့ကစားပြီးကြသည်။ ကျွန်တော်က ကွင်းထဲ ရောက်ကတည်းက တစ်ခါမှ ရက်ကက်နှင့် ကြက်တောင်တို့ မထိရသေး။

"ကျွန်တော် တစ်ပွဲမှ မကစားရသေးဘူးဗျ"

သည်တော့ ကိုညွန့်က ကျွန်တော့် ပခုံးပုတ်၍....

"ခဏလေးပါ ငါ့ညီရာ။ နောက်ပွဲမှာ ကစားပါ။ ခဏလေးပါ။ ပလိစ် ခုပွဲက ဘက်တင်ကြေးခေါ်ထားတာမို့လို့။ မောင်ရင်တို့လဲ သောက်ရမှာပါ။ အအေးကြေး"

ဘာညာနှင့် ချွေးသိပ်သည်။ ကျွန်တော် ဘာမှမပြောသာတော့။ ဒီပွဲကို ကျွန်တော်ဆက်ဖိုက်လျှင် ချက်ချင်းလူကြမ်းဖြစ်သွားနိုင်သည်။ ထို့ကြောင့် ကျွန်တော်ထွက်နေလိုက်၏။

ပုဂ္ဂိုလ်တွေက သွားတဖြီးဖြီးနှင့်....

သည်လိုကိစ္စမျိုးက တစ်ရက်မဟုတ်။ နေ့တိုင်းလိုလို ဖြစ်လာသည့်အပြင် သည့်ထက်သိသာသော ကိစ္စမျိုးကလည်း ဖြစ်ဖြစ်လာသည်။ ခါတိုင်း ကိုညွန့်သည် ကျွန်တော့်ကို ဝင်ခေါ်ပြီးမှ စုန္ဒယ်တို့ ဆင်ဒီတို့ဆီ ဝင်ခေါ်သည်။

နောက်ပိုင်းတစ်ရက်တွင် ကိုညွန့် ကျွန်တော့် ဆီ အချိန်တန်သော်လည်း ရောက်မလာသဖြင့် ကျွန်တော်ဆင်ဒီတို့ဆီ ထွက်လာခဲ့သည်။

ဟိုရောက်တော့ အံ့ဩစရာ ကြုံရ၏။ ဆင်ဒီရော စုန္ဒယ်ပါ သွားနှင့်ကြပြီဆို၏။ အဖော်က ကိုညွန့်။ ကျွန်တော်နည်းနည်း ကစ်စပြုလာခဲ့သည်။

ကွင်းထဲရောက်သော် ကိုညွန့်မျက်နှာပျက်နေသပို စုန္ဒယ်နှင့် ဆင်ဒီကတော့ အံ့ဩသည့်မျက်နှာဖြင့်....

"ဒီနေ့ နင်မကစားနိုင်ဘူး။ ခြေနာလို့ဆို ဖိုးညို"

"အေးလေ ငါတောင် အပြန်ကျရင် ဝင်မေးမလို့"

ကျွန်တော် အထာ သိလိုက်ပါသည်။ ထို့ကြောင့်—

"ဘယ်သူ ပြောလဲ"

"ကိုကိုညွန့်က ပြောတာ"



ဆင်ဒီ ဆီမှ ကိုကိုညွန့် ဆိုသော လေသံကြီး နားထဲသို့ ထော်လော်ကန့်လန့် ဝင်သွား၏။

"ကိုညွန့် ဘယ်လိုဖြစ်တာလဲ"

ကျွန်တော့် စိတ်ထဲမှာ မကျေနပ်တာရှိလျှင် မြို့မထားတတ်။ ထို့ကြောင့် ကိုညွန့်ကို လှမ်းမေးလိုက်၏။ ကိုညွန့်က ပျက်နေသော မျက်နှာကို လုပ်ပြုံးဖြင့်ကွယ်ရင်း....

"မသိဘူးလေကွာ။ မင်း အိမ်ရှေ့ရောက်တော့ ဘေးခန်းကအောင်ခင်က မင်း မကစားတော့ဘူးလို့ ငါ့ကိုပြောခိုင်းတယ်ဆိုလို့"

ကျွန်တော် ဘာမှ ထပ်မပြောတော့။ ခေါင်းသာညိတ်ပြ၍ ရယ်ရယ်မောမောနှင့် ကစားရန် ပြင်နေလိုက်သည်။ ကျွန်တော် ကိုညွန့်ကို အထာပေါက်ပါပြီ။ ဘာမှ မပြောချင်တော့။ အောင်ခင်နဲ့ကျွန်တော် ခုနကပဲ တွေ့လာခဲ့တာ။

ကိုညွန့် ဘာကို ရည်ရွယ်နေမှန်း သိပြီဖြစ်သဖြင့် ကျွန်တော် အကဲခတ်ရုံသာ ရှိတော့သည်။

ထိုညက ကျွန်တော့် အိပ်ရာတစ်ခုလုံး ခိုးလိုးခုလုံဖြစ်နေ၏၊ ခေါင်းထဲတွင်လည်း ဝန်တိုစိတ်ခေါ်မလား။ ဘာခေါ်မှန်းမသိသည့် စိတ်တစ်မျိုးနှင့် ရှုပ်ထွေးနေသည်။

စုန္ဒယ်စကားကိုတော့ ကျွန်တော်မမေ့ပါ။

"ဒီကိစ္စမျိုးက ကိုယ့်ကိစ္စကိုယ်ရှင်းပေါ့။ နင်က ငါ့ရည်းစားမှ မဟုတ်တာ။ ဆင်ဒီ့ ကိစ္စကို နင် ဝင်ရှင်းရင်လဲ နင့်ကို ငါ ဆင်ဒီ့ ရည်းစားလို့ သတ်မှတ်မယ်"

ကျွန်တော် ဘယ်သူ့ ရည်းစားမှ မဟုတ်။ ခုနစ်တန်းဆိုသော ကျွန်တော်တို့ ချာတိတ်အရွယ်တွင် ဒီကိစ္စက စောလွန်းသည်ဟု ကျွန်တော်ထင်သည်။ သို့သော် ထိုနေ့ညက

ကျွန်တော့် စိတ်ကူးတွင် ရည်းစားဖြစ်ချင်လာသည်။ အထူးသဖြင့် ကိုညွန့်လက်ထဲ ပါသွားမှာကို စိုးသည်။ စုန္ဒယ်ကို ပို၍မြောသည်။ ဆင်ဒီကိုလည်း မပါစေချင်။

တကယ်ရွေးရမည်ဆိုလျှင် တစ်ယောက်သာ ဖြစ်ရမည်ဟု ကျွန်တော်သိသော်လည်း ထိုညက ကျွန်တော် ဘယ်သူ့ကိုမှ အပြတ်မရွေးမိ။

နောက်ပိုင်းတစ်ရက်တွင် ဇာတ်ကဖြစ်ချင်လာတော့ကုတ်ကို ကျွန်တော့် သူငယ်ချင်းသုံးယောက် ခေါ်သွားမိသည်။

သည်သူငယ်ချင်းများက ထိုအရပ်တွင် 'အကောင်'များ ဖြစ်နေကြသည်။ သည်ကွင်းမှ ကောင်မလေး တော်တော်များများကို ရှုပ်ဖူးသူများဖြစ်နေသည်။ ကောင်မလေးများက မကြည်။

သည်မှာ ကိုညွန့် မင်းသားဝင်လုပ်တော့သည်။

နောက်နေ့တွင် စောစောက ကျွန်တော် ပြောသည့်ကုတ်မှ နည်းပြဆရာ ကိုကျော်ကျော်ကို တွတ်ထိုးလိုက်ရာ ကိုကျော်ကျော်က ကျွန်တော့်ကို ဆူတော့သည်။

"မင်း ဒီကောင်တွေကို နောက်ထပ်ဘယ်တော့မှ ကုတ်ထဲ ခေါ်မလာနဲ့ ညိုထွန်းနောင်။ မင်းကို ငါ သတိပေးတယ်၊ ဒါ သတ်စ်ဝမ်နင်ပဲကွ"

တကယ်က ကိုကျော်ကျော် စကားမှာ ဘာအလွန်မှမပါ၊ ကျွန်တော်လည်း လက်မခံနိုင်စရာ ဘာမှမရှိ။ သို့သော်....

သည်ကိစ္စသည် ကိုညွန့်ဆီမှတစ်ဆင့် ဖြတ်သန်းလာသည်ကို သိနေသဖြင့် ကိုညွန့်အပေါ် ရှိနေသော ဒေါသသည် ကျွန်တော့်အား မိုက်မိုက်ရိုင်းရိုင်းသတ္တဝါအဖြစ် ကူးသွားစေ၏။



"ကျွန်တော့် သူငယ်ချင်းတွေ ကျွန်တော် ခေါ်တာပဲ ကိုကျော်ကျော်။ ဘာဆိုင်လို့လဲ"

ကိုကျော်ကျော် မျက်နှာရဲသွား၏။ ကျွန်တော် သူ့ကို တစ်ခါမှ သည်ပုံစံမျိုးနှင့် မထီလေးစား ပြန်မပြောဘူးခဲ့။

"ညိုထွန်းနောင် မင်း ဒီလေသံနဲ့ ငါ့ကို စကားမပြောနဲ့။ ဒီကွင်းမှာ ငါတာဝန်ရှိတယ်။ တာဝန်ရှိလို့ မင်းကို တာဝန် စကား ပြောတာ"

"မှတ်ဘူး ကိုကျော်ကျော်"

ကျွန်တော်က ကထွန့်တက်ရန် ပြင်လိုက်သည်။ အားလုံး၏ မျက်လုံးများက ကျွန်တော်တို့ နှစ်ယောက်ဆီ ရောက်နေကြပြီ။

"တော်....ဟော့ကောင်။ မင်း ဘာမှထပ်မပြောနဲ့။ မင်း မကျေနပ်ရင် ဒီကုတ်က ထွက်သွား"

သည်စကားများကတော့ ကျွန်တော့်မာနကို ထိခိုက်သွားပြီ။ ဒါမျိုးတော့ ကျွန်တော့်ကိုမရ။

"ဒီမှာ ကိုကျော်ကျော်၊ ခင်ဗျားကို ကျွန်တော် နားလည်အောင် ရှင်းပြမလို့။ ဒါပေမယ့် မလိုတော့ဘူး။ ခင်ဗျား မှတ်ထားပါ။ ရန်ကုန်မှာ ကျုပ်ရိုက်လို့ ရတဲ့ကွင်းတွေ တစ်သိန်းလောက်ရှိတယ်။ ဒီကုတ်မှာ ကျုပ် တစ်သက်လုံး မရိုက်ဘူး။ ကျုပ်နာမည် ညိုထွန်းနောင်။ ဘယ်သူ့ကိုမှ အောက်ကျမခံဘူး။ လာ စုန္ဒယ်နဲ့ ဆင်ဒီ သွားမယ်"

ကိုကျော်ကျော်နှင့် ကျွန်တော်ဘို့ပွဲကိုကျေနပ်သောအပြုံးနှင့် ကြည့်နေသည့် ကိုညွန့်မျက်နှာကို မြင်လိုက်သည့် ခဏတွင် ကျွန်တော် စုန္ဒယ်နှင့် ဆင်ဒီကို တစ်ခါတည်း ခေါ်ပြီးသား ဖြစ်သွားသည်။

သည်မှာ ကျွန်တော် အဆုံးအဖြတ်ကို ရသည်။

မုန့်သယ်က ကျွန်တော့်ကို ကြည့်၍ ဘာမှ မပြောတော့ဘဲ သူ့အိတ်ကိုဆွဲ၍ ကျွန်တော့်ဆီ လျှောက်လာသည်။ ဆင်ဒီကမူ ဟိုကြည့် သည်ကြည့်နှင့် ယောင်တောင်တောင် ဖြစ်နေသည်။

ကျွန်တော် ချာခနဲလှည့်၍ ကြက်တောင်ရုံထဲမှ ထွက်လာခဲ့သည်။ နောက်ပိုင်း၌ ဘာဖြစ်ကျန်ခဲ့သည်မသိ။ ကုတ်နှင့် ခပ်လှမ်းလှမ်းရောက်မှ ခေါင်းကြား၍ လှည့်ကြည့်ရာ....

စုန္ဒယ်တစ်ယောက်တည်း ပါလာသည်ကို တွေ့လိုက်ရ၏။

သည်မှာ စာကလေးကြော် များထဲမှ စနိုက်ကြော်ကို ကျွန်တော် ရွေးမိလိုက်၏။ စုန္ဒယ်၏ရည်းစားသည် ကျွန်တော် ဖြစ်ရမည်။

*

( ၅ )

အမှန်တော့ စနိုက်ကြော်ကို စာကလေးကြော် မှတ်၍ ကောက်စ းမိခြင်း ဖြစ်သည်။

သို့သော် မကြာပါ။ စားပြီးပြီးချင်း စနိုက်ကြော်သည် စာကလေးကြော် မဟုတ်မှန်း ကျွန်တော်သိရတော့သည်။

*

ရှစ်ဘန်းသို့ စတက်သည့် နေ့၊ ပထမဆုံးကျောင်းဖွင့်ရက် တွင် ကျွန်တော် စုန္ဒယ်ကို စာပေးသည်။

သတ္တိနည်းသည်ဟု ပြောချင်ပြောကြတော့။ စကားတော့ ကျွန်တော်မပြောရဲ။ ကျွန်တော့် ဘဝ အတွက် ပထမဆုံး အတွေ့အကြုံကို ကျွန်တော် အလုပ်စံ့ဆုံး၊ အစွန့်စားရဲဆုံး ငှ် စ လုပ်ရခြင်း ဖြစ်သည်။

ဒါတောင် သိပ်လွယ်လွယ်နှင့် လုပ်ခဲ့သည်မဟုတ်။

စုန္ဒယ်တို့ကျောင်းက မနက်ခုနစ်နာရီတက်သည့်ကျောင်း။ ကျောင်းကားက ခြောက်နာရီခွဲလောက် ရောက်သည်။ ခပ် ငယ်ငယ်တုန်းက မနက်တွေ ဘာတွေ ကြက်တောင်ရိုက် ကျင့် ရှိစဉ်တုန်းကသာ စောစောနိုးတတ်တာ။ကြီးတော့ ဒီအကျင့် များက ပျက်ပြီ။ မနက် ခြောက်နာရီလောက် ထဖို့ကို ည ကတည်းက မနည်းမောင်းတင်ထားရသည်။

မနက် ခြောက်နာရီ ကျော်ကျော် လောက်မှာ အပြတ် သားနားအောင် ဝတ်စားပြီး ကျောင်းကား မလာခင် စုန္ဒယ်တို့အိမ်အောက် လှေကားထိပ်တွင် စာလေးတစ်စောင် စာအုပ်ကြားညှပ်၍ စောင့်နေခဲ့သည်။

စာလေး တစ်စောင်ဆို၍ ပြောရဦးမည်။ သည်စာက လည်း ဘော်ရုံလို့ လနှင့် ရေးခဲ့သည်မဟုတ်။ ကျောင်းဖွင့်ပြီ တစ်ပတ်လောက်အလို ကြက်တောင်ကွင်းမှာ ကွဲကွဲဖြစ်ပြီ ကတည်းကကျွန်တော်တို့နှစ်ယောက်....အဲလေ....သုံးယောက် ဆိုပါတော့။ နောက်နေ့ကစပြီး ဆင်ဒီကလည်း မရိုက်တော့ ပါ။ ထိုနေ့က ရန်ဖြစ်၊ ဘာညာဆူပွက်ပြီး ဖြုန်းစား ကျွန် တော် ခေါ်စဉ်က ကျန်လူများကိုအားနာ၍ သူမလိုက်ခဲ့ခြင်း ပါဟု တောင်းပန်သည်။ ထိုနေ့က အပြန်မှာ ကိုညွန့်က ရိုး သဲ့လုပ်လာသဖြင့် သူလည်း မရိုက်တော့ဟု ပြောပြီး ကျွန် တော်တို့ ဘယ်မှမသွားတော့။ ဘယ်မှလည်း သွားမရှိ တော့။

သည်မှ နောက်လည်း ကျွန်တော်တို့ သုံးယောက် ဘ တော့မှ ကြက်တောင် မရိုက်ဖြစ်တော့။ ရိုက်လည်း မလ



တော့။ စုန္ဒယ်တို့ကျောင်းက မနက် ခုနစ်နာရီတက်၊ နေ့လယ် ဆယ့်နှစ်နာရီဆင်းသည်။

ကျွန်တော်တို့ကျောင်းက ဆယ့်နှစ်နာရီတက်၍ ငါးနာရီ ဆင်းသည်။ ဆင်ဒီတို့ ကျောင်းကလည်း ကျွန်တော်တို့လို။ ကျွန်တော်ဆို အိမ်ပြန်ရောက်လျှင် ခြောက်နာရီလောက် ရှိ တတ်ပြီ။ ထို့ကြောင့် မဆုံဖြစ်ကြတော့။

နောက်ပိုင်း ဖြစ်လာမည့် အခြေအနေက တပ်လှန့်ထား၍ လားမသိ။ ကျောင်းစဖွင့်သည့်နေ့၌ မပေး မနေနိုင်အောင် စေ့ဆော်လာသဖြင့် အချိန်မီပေးရန် စာတစ်စောင် အပြင်း အထန် ရေးတော့သည်။

သိသည့်အတိုင်းပင် ပထမဆုံး ရည်းစားစာ ရေးရတာ လောက် လောကမှာ ပြဿနာများတာမရှိ။ နင့်ကို ငါချစ် တယ်၊ ငါ့ကို နင်ချစ်မလား ဆိုသည့် အဓိပ္ပာယ်ကို သနပ်ခါး အထပ်ထပ် လိမ်းနေရသည်မှာ ပင်ပန်းလှသည်။ သည်ကြား ထဲ ပြုန်ကြိုက်ချင်အောင် ဆိုသည့် ဂုဏ်ထူးလေး ပါစေလို တော့ ပိုပင်ပန်းသည်။

တစ်စောင်လုံးမှာ အကောင်းဆုံးအပိုင်းက အင်မတိအင် မတန် ကြိုးစားရှာဖွေ၍ သူများ ကဗျာစာအုပ်ထဲမှ ကူးချ လိုက်ရသော ကဗျာလေးပင် ဖြစ်သည်။

ကဗျာအမည်က "အဖြေ" တဲ့။

ပန်မယ်လား....
ပန်သွားပါ။
ခြွေမယ်လား....
ခြွေသွားပါ။

မပန်ချင်လဲ....
ခြွေခဲ့ပါ။
မခြွေရက်လဲ....
ပန်သွားပါ....တဲ့။

သည်ကဗျာကို စာအဆုံးပိုဒ်မှာ ထည့်ရေးပြီးမှစိတ်ထဲမှာ ဘဝင်ကျသွားသည်။ သည်ကဗျာ ဖတ်လိုက်လျှင် စုန္ဒယ် တစ်ယောက်တော့ ညိုထွန်းနောင် နောက် ငိုက်ခနဲ ပါလာမည်ပေါ့လေ။

အဟက်....ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေးဆိုသည့် စကားပုံကို ယောင်တောင် ပေါင်တောင်နှင့် ပြေးသတိရလိုက်သား။

တိုက်အောက်က တထိတ်ထိတ်စောင့်နေစဉ် ထိတ်၍မကုန်သေး စုန္ဒယ် တိုက်ပေါ်က ဆင်းလာသည်။

"ဟင်"

ကျွန်တော့်ကိုမြင်တော့ စုန္ဒယ်က အံ့အားတသင့် 'ဟင်' လိုက်သည်။

"ဘာလုပ်နေတာလဲ"

အဲ....ကျွန်တော် ဘာပြောရမှန်း မသိတော့။

"နင့်ရည်းစားစာ ပေးမလို့ လာစောင့်နေတာ" လို့ သာ ပြောလိုက်လျှင် ကြည့်ကောင်းရော့မည်။

"စုန္ဒယ်ကို စောင့်နေတာ"

စုန္ဒယ်၏ မျက်ခုံးနှစ်ဘက်က အထက်သို့ တက်သွားပြီး....

"ဘာကိစ္စ"

အဟမ်း၊ "မပြောမပြီး မတီးမမြည်" ဆိုသလိုပလေ။



"စုန္ဒယ်ကို ပေးစရာတစ်ခုရှိလို့"

စုန္ဒယ်၏ ပင့်ထားသော မျက်ခုံးနှစ်ဘက်က အလယ်သို့ ပျံသွားသည်။

"ဘာလဲ"

"စာတစ်စောင်ပါ"

"ဘာ....ဘာစာလဲ"

အခြေအနေကတော့ သိပ်မကောင်းတော့။ စုန္ဒယ်လေသံက မာနေသည်။ ဆတ်နေသည်။

"ဖတ်ကြည့်ပေါ့ စုန္ဒယ်"

"အို....ရှုပ်ရှုပ်ယှက်ယှက်"

သူလည်း နှစ်ဆယ်ရာစု၏ လူငယ်ခြေတက်လေး ပဲလေ။ ဒီလောက်တော့ ဘယ် အ-ပါ့မလဲ။ ဒီအပေါက်မျိုး ချိုးကတည်းက ဘာအထာဆိုတာ သူလည်း သဘောပေါက်ပေမပေါ့။

"ယူသွားပါ စုန္ဒယ်"

"အို... မလိုချင်ပါဘူး ဖိုးညို။ နင် ပေါက်ကရ လျှောက်မလုပ်နဲ့"

"မဟုတ်ပါဘူး စုန္ဒယ်ရယ်။ တို့ တကယ်ကို ဖတ်စေချင်လို့ပါ"

စုန္ဒယ် ခေါင်းသည် တအားထုလိုက်သော ကြေးစည်လို သွက်သွက်ခါသွား၏။

"ရှုပ်မနေနဲ့ ဟိုမှာ ကားလာနေပြီ သွားမယ်"

အယ်....ဒီလိုတော့ ဘယ်ရမလဲ။ ကျွန်တော်က စုန္ဒယ်၏ လွယ်အိတ်ကို လှမ်းဆွဲ၍ လွယ်အိတ်ထဲ စာအုပ်ကို အတင်းထိုးထည့်လိုက်သည်။

"သွားတော့လေ စုန္ဒယ်"

"နင် ဒီလိုမလုပ်နဲ့ဖိုးညို၊ စုန္ဒယ် ဒါမျိုးမကြိုက်ဘူး။ ဘယ်နှစ်ခါပြောရမလဲ၊ ကဲ...."

ပြောပြောဆိုဆို စုန္ဒယ်က စာအုပ်ကိုဆွဲထုတ်၍ လွှင့်ပစ်လိုက်သည်။ စာအုပ်က ဖွာလန်ကျဲ၍ စာအိတ်က လွင့်စင်၍ ခလုကားရင်း၌ ကျသွား၏။ ကျွန်တော်ကြောင်ကြည့်နေမိ၏။

စုန္ဒယ်က လှစ်ခနဲ ပြေးထွက်သွား၏။

ကျွန်တော့် ရင်ထဲဝယ် ရှက်စိတ်နှင့်အတူ ကျွန်တော်မျှော်လင့်ထားသည့် စိတ်ဓာတ်အလံလေးသည် မြေ၌ ဘုန်းဘုန်းလဲသွား၏။

ဘာရမလဲ၊ ညိုထွန်းနောင်ပဲဟာ။

ဗေထိဆိုကတည်းက ကွဲတော့၏။

*

အုံ့ဆိုင်းနေသော ခရေပင်လမ်းထဲတွင် ထုံးစံအတိုင်း ငြိမ်သက်နေ၏။

ခရေပင်လမ်းထဲတွင် ပုံမှန်အတိုင်း ငြိမ်သက် ရှင်းလင်းနေသည်ကို တွေ့မှ ကျွန်တော် သက်ပြင်းချနိုင်သည်။

လုပ်နေကျအတိုင်း ကျွန်တော်ထိုင်နေကျ အုတ်ခုံလေးပေါ်တွင် ပို့စ်အပြည့်နှင့် ထိုင်နေလိုက်သည်။ ဝင်းကျော်နှင့် စန်းလွင်ကမူ ခပ်လှမ်းလှမ်း ခရေပင်ခြေရင်းမှာ မှီထိုင်နေသည်။



သည်လမ်းလောက် လူသူနှင့် ကားများ အသွားနည်းသော လမ်းမျိုး ရန်ကုန်မြို့တွင် ရှိလိမ့်မည်မထင်။

တစ်ခါတစ်ရံ ဖြတ်သွားသောကိုယ်ပိုင်ကားတစ်စီး နှစ်စီးမှအပ ဖြတ်လျှောက်သွားသောလူပင် မရှိ။ ဒါက တစ်နေ့မဟုတ် ကျွန်တော်တို့ လာနေကျ ရက်တွက်လျှင် နှစ်ပတ်လောက်ရှိပြီ။

သို့သော် ကျွန်တော်တို့စောင့်သည့်အချိန်မှ ရှေးရှင်းတာလားမသိ။ ကျွန်တော်တို့ သည်လမ်းတွင်ရှိချိန်ကလည်း သိပ်ကြာလှသည်မဟုတ်။ အလွန်ဆုံး ဆယ့်ငါးမိနစ်မျှသာ။ ဆယ့်နှစ်နာရီ ငါးမိနစ်လောက်မှ ဆယ့်နှစ်နာရီ နှစ်ဆယ်နီးပါးအထိ။

သည်လမ်းတွင် စိတ်ဝင်စားစရာကလည်း တစ်ခုသာ ရှိသည်။ ဆယ့်နှစ်နာရီ ဆယ့်ငါးမိနစ်လောက်မှာပဲ ရှိသည်။

"ဟော....လာပါပြီ"

ဝင်းကျော်က လှမ်းပြောလိုက်သဖြင့် ကျွန်တော်အုတ်ခုံကို မှီလိုက်ရင်း စတယ်နှင့် ထိုင်နေလိုက်သည်။

ဘတ်စ်ကားကြီးက ရပ်မြဲအတိုင်း ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်းတွင် တစ်ခါရပ်သည်။ ကားပေါ်မှ ကျောင်းသူတစ်ယောက် ဆင်းသွားပြီး မကြာမီ ကျွန်တော်တို့ရှေ့သို့ ကားကြီး ရောက်လာသည်။

"အချိန်မှန်တွေ....အချိန်မှန်"

"လုပ်မနေနဲ့ အပိုပဲ"

ကားပေါ်မှ မထိတထိ ရိသွားသောအသံများ ဆူညံသွားသည်။ သူတို့လဲ မှတ်မိနေပေပြီ။ ကြာတော့လည်း ကျွန်

တော်တို့သုံးကောင်မှာ အူကြောင်ကြောင်သတ္တဝါလေးများ ဖြစ်နေ၏။

ဝင်းကျော်တို့ကတော့ မင်သေသေပင်။

ကျွန်တော်ကသာ ဖြတ်သွားလိုက်သည့် အခိုက်အတန့်လေးမှာ မြင်ချင်သည့် မျက်နှာလေးတစ်ခုကို မမြင်လိုက်ရမှာစိုးသဖြင့် ကပျာကယာ ရှာဖွေနေမိသည်။ တွေ့တော့ တွေ့လိုက်ပါသည်။

သို့သော် ဒီအတိုင်းက ဒီအတိုင်းပဲ ဖြစ်နေ၏။

စုနွယ်က ကျွန်တော့်ဘက်သို့ ယောင်ယောင်လေးမှတိမ်း မကြည့်။ ခပ်တည်တည်ပင် ရှေ့သို့ ကြည့်နေ၏။ တစ်ကားလုံးမှ မျက်လုံးများသည် ကျွန်တော့်ဆီ ရောက်နေသော်လည်း ရောက်စေချင်သည့် မျက်လုံးတစ်စုံက ခပ်ပေပေဖြင့် မရောက်လာ။

အမှန်တော့ တွေးကြည့်လျှင် ရယ်ဖို့ကောင်းသည်။ ခါတိုင်းတုန်းက အတူသွား၊ အတူကစားနေခဲ့သည့် မျက်နှာကို ခုမှ တကူးတက လာစောင့်ကြည့်နေရသည်။ ကြည့်ရပြန်တော့လည်း တစ်ဘက်က လိုလိုလားလားမဟုတ်။ မသထာ ရေစာ စောင့်ကြည့်နေရသလို ဖြစ်နေ၏။

ကျွန်တော်သည် အကြည့်လေး အကြည့်တစ်ခုအတွက် လုံးပန်းခဲ့ရသည့်ကိစ္စကိုသာ စုနွယ်သေချာသိလျှင် သည်မျှ စိမ်းမည်မထင်။

ကျွန်တော်တို့မှာ ကျောင်းတက်ခေါင်းလောင်း ထိုးပြီဆိုလျှင် ကျောင်းဘေးမှလမ်းအတိုင်း ခရေပင်လမ်းရောက်အောင် ပြေးရသည်။ အလာကတော့ အသည်လောက်မခက်လှ။ ငါးမိနစ်လောက်အချိန်လု၍ ပြေးရသည်သာ ရှိ၏။



သည်အကြည့်လေး အကြည့်တစ်ခုအတွက်....

အပြန်မှာတော့ တကယ့်စွန့်စားခန်းကြီးများသာ။ ထုံးစံအတိုင်း ကျွန်တော်တို့ကျောင်းက ကျောင်းတက်ခေါင်းလောင်းထိုးပြီးလျှင် ဝင်းတံခါးကို ပိတ်ပစ်လိုက်သည်။

ထို့ကြောင့် ကျွန်တော်တို့မှာ ကျောင်းသို့ ပြန်အဝင်တွင် ရှေ့တံခါးမှဝင်၍ မရတော့။ ကျောင်းနောက်ဘက်မှ အုတ်တံတိုင်းကို ကျော်၍တက်ရသည်။ ချွေးတရွှဲရွှဲနှင့် အုတ်တံတိုင်းကို ကျော်တက်ပြီးပြန်တော့ အခန်းရောက်အောင် ပြေးရပြန်သည်။

သည် အပြေးမှာ ဆရာမိလျှင် မလွယ်။

သည်မျှ ခက်ခက်ခဲခဲ လာကြည့်ရတာတောင် အပြုံးလေးနှင့်မှ တုံ့ပြန်ဖော်မရ။

တစ်ခါ တစ်ခါ စုနွယ်နှင့် ပတ်သက်၍ ကျွန်တော်နားလည်ရ တော်တော်ခက်သည်။

သည်အချိန် သည်ကာလတွင် စုနွယ်နှင့် ကျွန်တော်သည် စ,ဖွင့်တုန်းက ကွဲသလောက် မကွဲတော့ပါ။

စနေ၊ တနင်္ဂနွေတွင် စုနွယ် မြေနီကုန်းမှ ကျူရှင်ကိုတက်သည်။ အပို့တွင် အိမ်ကလိုက်ပို့၍ အပြန်တွင် တစ်ယောက်တည်း ပြန် ပြန်လာတတ်သဖြင့် ကျွန်တော် သွားစောင့်နေကျဖြစ်သည်။

သည်အတောအတွင်း စာပေးတာလည်း သုံးစောင်လောက် ရှိပြီ။

စာပေးတုန်းကတော့ အရင်လိုပေါ့လေ။

လူအများ စုဝေးရာ ဈေးနားဖြစ်နေသဖြင့် အိမ်အောက်လှေကားမှာလောက်တော့ ဆိုးဆိုးရွားရွား သူမလုပ်။ ကျွန်

တော်ကလည်း ဒီအခွင့်အရေးကို အသုံးပြု၍ အတင်း လွယ်အိတ်ထဲ ထည့်ထည့်ပေးခဲ့သည် မှာ သုံးစောင်လောက်ရှိပြီ။

တစ်ယောက်ချင်း တွေ့ရလျှင် စုန္ဒယ် ဒီလောက်မဆိုးပါ။

အဟဲ .... စာတစ်စောင်ကြီးများတောင် ကျွန်တော့် ဆီ ပြန်ပြီးပြီပဲ။ သို့သော် ဝမ်းသာစရာစာ မဟုတ်သည်ကတော့ သေချာပါသည်၊ မှန်းကြည့်နိုင်ပါသည်။ ဝမ်းသာစရာစာ ဆိုလျှင် ကျွန်တော် ကျွမ်း ခုနစ်ပတ်လောက် ထိုး ပြီး နေ ရေ၃ပြီ။

ဖိုးညို

လောကကြီးမှာ တို့ နား မ လည် နိုင် တာ တွေ အများကြီး ရှိပါသေးတယ်။

အချစ်ဆိုတဲ့အဓိပ္ပာယ်ကျတော့ လောကကြီးထက် အဆတစ်သန်းလောက် ပိုကျယ်ဝန်းပါတယ်။

တို့ဒီကိစ္စနဲ့ပတ်သက်လို့ ဘာအဖြေမှမပေးချင်ဘူး။

ဒါပဲ—

စုန္ဒယ်....

ဒါတင်လားဆိုတော့ မဟုတ်သေးပါ။

ကျွန်တော် ဖုန်းဆက်ပါသေးသည်။ အပြောအဆိုလေးများသည် မှတ်လောက် သားလောက်မို့ လေ့လာထားသင့်ပါသည်။

"ဟယ်လို"

"ဟုတ်ကဲ့ ပြောပါရှင်"



သည်အသံ ကြားလျှင် အိုကေပြီ။ အကယ်၍....

"ဟယ်လို"

"ဒေါ်စုစုပါ"

ဂလောက်ဟုသာ ဖုန်းကို ချလိုက်၏။ ဒါက ပုံမှန်ဆက်သွယ်မှု။

တစ်ပတ်မှာ တစ်ခါလောက်။

"ဟယ်လို"

"ဟုတ်ကဲ့ ပြောပါရှင်" တတ်သည်။

ထိုအခါ—

"စုန္ဒယ်လား"

"ဘယ်သူလဲ"

"ညိုထွန်းနောင်ပါ"

"အင်း"

"တို့ စကားပြောချင်တယ်"

"ဖိုးညို–စုန္ဒယ်ပြောတာ သေချာနားထောင်"

"ဟုတ်ကဲ့–အမိန့်ရှိပါ"

"နောက်မနေနဲ့။ တကယ်ပြောတာ။ ဟိုကိစ္စအကြောင်းက လွဲရင် ကြိုက်တာပြော"

"တို့မှာ တခြားပြောစရာမရှိဘူး စုန္ဒယ်။ချစ်တယ်ဆိုတာ တစ်ခုပဲ"

"ဂလောက်"

"ဂလောက်"ဆိုတာပြီးရင်တော့ နောက်ထပ် ထပ်ခေါ်ဖို့ မကြိုးစားလေနှင့်တော့။

သည်မျှ အခြေအနေ ကောင်းနေသည့် ကြားက သည်လောက် ဒုက္ခခံလာတာကို စုန္ဒယ်တစ်ချက်ကလေး လှည့်ပြုံးဖော် မရ။

အဲ-ပြုံးထားဆို သိပ် အခွင့်အရေးယူရာ ရောက်ပါမယ်လေ။ တစ်ချက်လောက်တော့ လှည့်ကြည့်ဖို့ ကောင်းသည်။ ကြည့်ဖော်မရ။

စုန္ဒယ်-ခွေးမ။

*

အဲ-ညို့ထွန်းနောင်တို့ကတော့ ဖြစ်လိုက်ရလျှင် အသည်းအသန်။

ခက်တာက စဉ်းစားလို့မရသည့် ဖြစ်ပုံ။

မနေ့က ကြည်ကြည် ဖြူဖြူ ရှိနေသေးသည်။ မနေ့က စနေနေ့။ ကျူရှင်အပြန်ကို သွားလိုက်သေးသည်။

ကိုယ်လိုချင်သည့် အနေအထားဥမရှိစေကာမူ အဲ-အဲဒါကလည်း ရှိုးအောင်လုပ်လေ ကျွဘ်လေဖြစ်နေသဖြင့် ဘာပဲဖြစ်ဖြစ် အခြေအနေလေးသာယာအောင် ကိုယ့်ဘက်က ဘာစကားမှ စ,မပြောတော့ဘဲ ကြည်ဖြူရာ ကြည်ဖြူကြောင်း၊ တခြား အကြောင်းများသာ ပြောနေသဖြင့် ပြေလည်နေခဲ့သည်။

သူကတောင် ဖြောလိုက်သေးသည်။

"ဟိုကိစ္စကိုတော့ စကား မစနဲ့ ဖိုးညို။ ကျန်တာကိုတော့ အရင်လိုပဲ ကြိုက်သလိုပြောကြမယ်"



အဲဒီ 'ဟိုကိစ္စ'ဆိုတာကလည်း မပါရိုး အမှန်ပါ။ သည်ကြားထဲက ဘာဖြစ်သည်မသိ။

မနေ့ကခံစားမှုလေးကြောင့် သည်နေ့သူကျူရှင်မသွားမီ အချိန်မှာ ဖုန်းကောက်၍ ဆက်လိုက်သည်။

"ဟယ်လို"

"ဂလောက်"

အားပါး-ဘယ်လို ဖြစ်တာပါလိမ့်ဟု မအောက်မေ့လိုက်၏။ တစ်ခါ ထပ်ဆက်သည်။ ဖုန်းကို မကိုင်တော့။

နောက်ဆယ့်ငါးမိနစ်လောက်မှ ထပ်ဆက်သည်။ 'ဟဲလို' ရုံရှိသေး 'ဂလောက်' သွားပြန်သည်။

သည်လောက်နှင့်တော့ ညို့ထွန်းနောင်ကို လုပ်၍ မရ။ ကျူရှင်အလွှတ်ကို ကျွန်တော် သွားစောင့်သည်။ မော်သွားရပြန်သည်။

ကျူရှင်အလွှတ်တွင် စုန္ဒယ်တို့ အိမ်မှ ကားကလေးသည် အသွားတုန်းကလိုပင် ပြန်ခေါ်၍ သွားချေ၏။

သည်မှာ ကျွန်တော် ပြဿနာတက်ပြီ။

ဘာဆက်လုပ်ရမှန်းလဲ မသိတော့။ ဘာဖြစ်မှန်းလည်း မသိတော့။ ဖုန်းဆက်၍လည်း မရ။ ကျောင်းသွား ကျောင်းပြန်ကို စောင့်ပြီး ပြောလို့လည်း မရတော့။

ကျွန်တော် တစ်ရက်ထကြည့်ရာ သူ့အမေကြီး ကိုယ်တိုင် ကားပေါ် အထိ လိုက်တင်ပေးသည့် အထိ ဖြစ်လာနေပြီ။ ကျူရှင်မှာလည်း အကြို အပို့နှင့်။ လှေကားဦးမှာ ဘီလူးမောင့်ကြောင့် စောင့်နေချေပြီ။

နောက်ဆုံး ကျွန်တော် အကြံတစ်ခု ရသည်။

ခက်တော့ ခက်သည်။ စွန့်လည်း စွန့်စားရလွန်းသည်။ သို့သော် မတတ်နိုင်တော့။ သည်တစ်နည်းသာ ရှိတော့သဖြင့် သည်နည်းကိုသာ ရအောင် လုပ်ရတော့သည်။

ဦးဆုံး ပထမနေ့ကတော့ ကျောင်းပြေးရသည်။ အိမ်ကို နေမကောင်းဘူးဟု ပြောပြီး ကျောင်းကို ခွင့်တိုင်ခိုင်း၍ အိမ်မှ စုန္ဒယ်တို့အပြန်ကို စောင့်ကြည့်သည်။

စုန္ဒယ်တို့ကျောင်းကားက အိမ်ကို တစ်နာရီလောက် ရောက်သည်။ ကြည့်လိုက်တော့ ဘယ်သူမှ လာမကြို။

သည်အချိန်ကိုတော့ ကျွန်တော်ကျောင်းတက်နေသည်ဟု တွက်ထားသလား မသိ။ ဘယ်သူမှ လာမကြို။

လမ်းစရပြီ ဖြစ်သဖြင့် နောက်နေ့တွင် ကျောင်းမှ အခြေအနေ ကြည့်သည်။ အပေါင်းအသင်းများနှင့်လည်း ကြံကြည့် ဖန်ကြည့်သည်။ ဖြစ်နိုင်သည်ကို တွေ့ရ၏။

ကျွန်တော်တို့ကျောင်းက ယောကျ်ားလေး ကျောင်းမို့ တစ်နာရီလောက် အခန်းထဲက ပျောက်, ပျောက်နေတာမျိုး က သိပ် မထူးဆန်းတော့။

ပြီးတော့ ကျောင်းဝင်းမှ ထိုးထွက်၊ ခိုးဝင် ကိစ္စများ ကလည်း ဆရာများ ကြပ်မတ်နေသည့်ကြားက လူမိုက်လေး များကတော့ လုပ်နေကျပဲ။

အဲ-တစ်ခုပဲ ရှိသည်။ တွေ့လိုက်ရင်တော့ မလွယ်။ ကျွန်တော်တို့ ဆရာကြီးက ဘယ်သူတွေ ဘာပြောပြော၊ တွယ်သည်။ လက်နှင့် မဟုတ်၊ ကြိမ်နှင့်။

အို-ဘာပဲဖြစ်ဖြစ်၊ မင်းနန္ဒာတောင် ရှင်မွေးလွန်းဆီ သွားတော့ မိကျောင်းစီးသွားသေးတာပဲ။



ဗျတ္တတောင်မှ မယ်ဝဏ္ဏဆီ ပုဂံမှ ပုပ္ပါးထိ တစ်မနက်နဲ့ ခေါက်တုံ့ ခေါက်ပြန် ပြေးသေးတာပဲ။

ကျွန်တော်လည်းဖြစ်ရမှာပေါ့။ နာရီဝက်လောက် ဘတ်စ်ကား စီးသွားရင် ရောက်နိုင်တဲ့ အိမ်နဲ့ကျောင်းပဲ။ ဘာပြောမလဲ။

နောက်နေ့ကျ ကျွန်တော် ခိုးထွက်တော့၏။ သည်တစ်ခါ နောက်အုတ်တံတိုင်းက ခိုးထွက်လို့ မရတော့။

အုတ်တံတိုင်းက ကျော်ထွက်နေကြတာ ဆရာတွေ သိကုန်သဖြင့် သံဆူးကြိုးများ အမြင့်ကြီး ကာတားလိုက်ပြီ။

ထွက်စရာနေရာက တစ်ခုတည်း။ ခွေးတိုးပေါက် တစ်ခု ရှိသည်။ ကျောင်းစာသင်ဆောင်များ၏ ဘေးဘက်မှ ဘောလုံးကွင်းကို ဖြတ်သွားလိုက်လျှင် ကျောင်းအတွင်းနှင့်အပြင် ဖြတ်သွားရသော ရေမြောင်းငယ်တစ်ခု ရှိသည်။

ရေမြောင်းပေါက်တစ်ခုသာ တရားမဝင်သောနည်းဖြင့် ခိုးထွက်စရာလမ်း ရှိတော့သည်။

တကယ်လုပ်သည့်အခါတွင် ရေမြောင်းပေါက်က ထွက်ရသည်က သိပ်အကြောင်း မဟုတ်။ ဘောလုံးကွင်းဖြတ်ပြေးရသည်က အသည်းထိတ်ဖို့ကောင်းလှသည်။

ပြတင်းပေါက် နည်း၍ စာသင်ခန်းဘက်မဟုတ်ဘဲ စတိုခန်းဘက် ကျနေ၍သာ တော်တော့သည်။

ပြေးရ လွှားရတာက သိပ်ပေါ်တင်ကြီး နိုင်လွန်းသည်။

သို့သော်.... ပြေးရကျိုးတော့ နပ်ပါ၏။

ဘောလုံးကွင်းကို ဖြတ်၊ ရေမြောင်းပေါက်က ထွက်၊ ဘတ်စ်ကားမှတ်ကို ပြေး၍ အိမ်ကို ကားစီးသွားရာ နှစ်ဆယ့်ငါးမိနစ်လောက် ကြာသည်။

ကျွန်တော့် အိမ်ကလည်း မြင်ရမည်စိုးသဖြင့် စုန္ဒယ်တို့
အိမ်နောက်ဘက်မှ ပတ်ပြီး အောက်ထပ်လှေကားထိ ဝင်၍
ခိုနေရသည်။

"ဟယ် ဖိုးညိုရယ်"

အထိတ်တလန့်နှင့် အံ့ဩတကြီး ဖြစ်သွားသော စုန္ဒယ်က
လွှတ်ခနဲ အော်လိုက်သည်။

"ရှူး-တိုးတိုး စုန္ဒယ်။ တို့ စုန္ဒယ်နဲ့ စကားပြောချင်လွန်း
လို့ ကျောင်းက ခိုးထွက်လာတာ။ ဘယ်လိုဖြစ်တာလဲ စုန္ဒယ်
ရယ်။ တို့ကို သနားရင် ပြောပါဦး"

စုန္ဒယ် မျက်နှာလေးသည် ပထမဆုံး အကြိမ် ကရုဏာ
ကြောင့် ညှိုးသွားသည်ဟု ထင်ရ၏။

"ကြော် ...ဖိုးညိုရယ်"

သေပျော်ပါပြီ။ ညိုထွန်းနောင်တို့ သေပျော်ပါပြီ။စုန္ဒယ်
ဆီမှ ကြင်နာသံလေး တစ်ခုသည် ညိုထွန်းနောင် သေ
အတွက် လုံလောက်သော ရိက္ခာရပါပြီ။

"တို့အဘက်နဲ့ ဖိုးညိုလဲ ဒုက္ခပါလားမနော်"

ကျွန်တော့်ကိုယ် ကျွန်တော်ပင် သနားစိတ်လေး ဝင်လ
မိသည်။

"ဖိုးညို-စိတ်မာတ်တော့ မကျနဲ့နော်။ တို့ တစ်ခု ပြေ
မယ်။ ဖိုးညိုစာတွေအကုန်လုံး မာမီ မိသွားတယ်။ တို့ကို
ဆူလိုက်တာ။ ပြီးတော့ သူ့ အကြောင်းတွေ ပြောပြပြီး တို့
တားတယ်။ တို့လဲ လက်ခံလိုက်တယ်။ မာမီ ပြောတာ
အကုန်လုံး မှန်ပါတယ်။ ပြီးတော့-တို့ကိုလဲ ဖိုးညိုနဲ့တွေ့
စိုးလို့ ဆိုပြီး လိုက်ထိန်းနေတယ်။ တို့ကို လက်လျှော့လိုက်
တော့ ဖိုးညိုရယ် နော်"



"ဟာ-မဟုတ်တာ စုန္ဒယ်ရယ်။ တို့ ဘာလို့ လက်လျှော့
မှာလဲ"

စုန္ဒယ်မျက်နှာ ယောင်ယောင်လေး တင်းသွား၏။

"ဒါဖြင့်လဲ သဘောပဲ ဖိုးညို။ တို့ ကြာကြာ စကားပြော
မနေရဲဘူး။ မာမီ့ကို ကြောက်တယ်"

ပြောလည်းပြော၊ ပြေးလည်း ပြေး၍ လှေကားပေါ်
တက်သွား၏။ ကဲ-ဘာတတ်နိုင်မတုန်း။ ပြန်ပြေး ဖိုးညို။
ကျောင်းအမြန် ပြန်ပြေး။

ပထမနေ့ မဆိုးပါ။ အခြေအနေ သိရ၏။

ဒုတိယနေ့ မဆိုးပါ။ အားနာစွာ တုံ့ပြန်ပြောခနေ၏။

တတိယနေ့ မဆိုးပါ။ တို့ ပြန်ပြီး စဉ်းစားပါဦးမယ် ဟု
ပြော၏။

စတုတ္ထနေ့ ဆိုးပါသည်။ ဆိုးတာမှ အတော့်ကို ဆိုးပါ
သည်။

ကားဂိတ်မှ ဆင်းလိုက်၍ စုန္ဒယ်တို့အိမ်ဘက် လှမ်းကြည့်
လိုက်သည်တွင် စုန္ဒယ်အမေကြီး တိုက်လှေကားဝတွင် ရပ်
နေသည်ကို တွေ့ရ၏။ တင်းလိုက်သည့် မျက်နှာမှာလည်း
အာဋ္ဌာဝကကာ အဘား-အဘား အော်ပြေးရမည်။

တပ်ခေါက်၊ နောက်လှည့်၊ ကျွန်တော် ပြန်ပြေးရ၏။

အဲ-အကုသိုလ်သည် တစ်ခါတစ်ရံ အသင်းအဖွဲ့ဖွဲ့၍ ပျော်
ပွဲစားရန် လာတတ်၏။

ကျောင်းအပြန် မြောင်းဝမှာ ကိုယ့်လို ကျောင်းချိန်
မစာရတစ်ယောက်နှင့် တန်းတိုးနေသည်။ သူက သူငယ်
ချင်းမို့ ပြုံးပြလိုက်ပြီး—

"တို့ တစ်ပြိုင်တည်းဝင်လို့ မဖြစ်ဘူးကွ။ မင်းနည်းနည်း ခွာလိုက်ခဲ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး သူ့ကို အရင်ဝင်ရန် ခေါင်းဆတ်ပြလိုက်သည်။

သူအရင်ဝင်သည်။ ခဏအကြာတွင် ကျွန်တော်မြောင်းထဲ ခုန်ဆင်း၍ လေးဖက်ထောက်ကာ အုတ်ရိုးကို ငုံ့ဖြတ်လိုက်သည်။ ငတိက အတော်လှမ်းနေပြီ။ ထို့ကြောင့် ကျွန်တော် ခပ်သုတ်သုတ် ပြေးလိုက်သွားသည်။

"ဟေ့ကောင်....ဘယ်ကပြေးလာတာလဲ။ ရပ်စမ်း"

အသံတစ်သံ ကြားလိုက်သဖြင့် ဘောလုံးကွင်းစပ်ရှိ ပိတောက်ပင်ကြီးဘေး ပြေးကပ်ပြီး ချောင်းကြည့်လိုက်သည်။ တော်သေးသည်။ ကျွန်တော့်ကို တွေ့သည်မဟုတ်။ စတိုခန်း ပြတင်းပေါက်မှ ဆရာကြီးသည် ကျွန်တော့်ရှေ့မှ ကောင်အား လက်ညှိုးထိုး၍ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။ ထိုအကောင်က ခေါင်းငုံ့၍ ပြေးမြဲပြေးရင်း....

"ဘာလို့ရပ်ရမှာလဲကွ။ မရပ်ဘူး"

အယ်–သေရော။ သူ့စိတ်ထဲမှာ အချင်းချင်း လှမ်းနောက်လိုက်သည်ထင်လား မသိ။ အော်လည်းအော် ပြေးလည်း ပြေး၏။ ကျွန်တော့်စိတ်ထဲ ဒီကောင်တော့ မသက်သာတော့။ ဆရာကြီးနဲ့တွေ့ပြီဟု အောက်မေ့လိုက်၏။

ကျွန်တော်လည်း ဆရာကြီး သူ့ဘက်မဲ နေတုန်း လုံ့လ စိုက်လိုက်ရန် စိတ်သန်ပြီး တအားပြေးလိုက်သည်။

"ဟေ့ကောင်"

ကျွန်တော့် မျက်လုံးများ ပြာဝေသွား၏။



ဆရာကြီးသည် ကြိမ်လုံးကိုင်၍ ကျွန်တော့်ရှေ့တည့်တည့်၌ ရပ်နေသည်။ ဟိုအကောင်ကိုမူ မတွေ့ရ။

"မင်းလားကွ။ ငါ့ကို မရပ်ဘူးလို့ အော်ပြေးတာ"

ဟယ်–သွားပြီ။ ကျွန်တော်နာတော့မည် ဆိုသည်ကို ကျွန်တော်သိလိုက်၏။

"မဟုတ်–မဟုတ်–မဟုတ်ပါဘူး ဆရာကြီး"

"တော် ဟေ့ကောင်။ လာ–ရုံးခန်းလိုက်ခဲ့"

ထိုနေ့က ထင်သော အရိုးရာသည် ကျွန်တော့် ကျောကုန်းတွင် ခုထိမပျောက်တော့။

ဩြော်–စနိုက်ကြော်–ဇနိုက်ကြော်။

*

## ( ၆ )

ပဲခူးမြို့မှ

ကြို့ဆိုပါ၏။

မျက်လုံးထဲ ဝင်လာသော ဆိုင်းဘုတ်ကြောင့် ဖျတ်ခနဲ သတိဝင်လာသည်။ မကြာမီ ကားသည် ပဲခူးမြို့တွင်း ဝင်လာ၍ ဈေးရှေ့ကားဂိတ်တွင် ရပ်သည်။

"တို့ အဒေါ်အိမ်က ဟိုဘက်နားမှာကွ"

ဟိုဘက်နားပြောပြော၊ သည်ဘက်နား ပြောပြော ကျွန်တော်က ဘယ်နေရာရောက်၍ ဘယ်သွားလျှင် ဘယ်ရောက်မှန်း မသိသူမို့ ခေါင်းညိတ်ပြီးသာ လိုက်လာခဲ့၏။

"မင်း မမအိမ်ကကော"

ဇော်မိုး၏ ကောင်မလေးက ဇော်မိုးထက် တစ်နှစ်လောက်ကြီးသဖြင့် ဇော်မိုးက မမဟု ခေါ်သည်။ ကျွန်တော်



တို့ကလည်း သူ မမခေါ်သလိုလိုက်ပြီး မမနေလိုက်၏။ တစ်ခါမှတော့ မမြင်ဖူး။

"တို့အဒေါ်အိမ်နဲ့ မျက်နှာချင်းဆိုင်ပဲ"

"ရော"

လာပြန်ပြီ မျက်နှာချင်းဆိုင်အိမ် နှစ်အိမ်။

"သူ့ အိမ်ကရော ကြည့်ရဲ့လား"

"ထွတ်–ဝေးသေး"

အင်း–လုပ်လိုက်လေ။ ကြာသလားလို့။

"ကောင်မလေးကကော"

"မမ သတ္တိရှိလို့သာပေါ့ကွာ။ နို့မို့ ဘယ်ချောင်မလဲ။ ရန်ကုန်နဲ့ပဲခူး မိုင်ငါးဆယ်လောက် လာရတာ။ သူသာသတ္တိမရှိရင်တော့ ခွေးဖြစ်ရော"

အင်း– အခုမှ နေသာထိုင်သာ ရှိသွားသည်။ သည်တစ်ချက်ကတော့ ကျွန်တော်နှင့် လုံးလုံး လွဲသွားသည်။ အင်းလေ ဒီတစ်ချက် မဟုတ်ပါဘူး။ အဓိကကျသောအချက်များတွင်လည်း လွဲနေပါ၏။

ကျွန်တော်တို့လည်း ဟိုလမ်းကွေ့ သည်လမ်းကွေ့နှင့် သူ့အဒေါ်အိမ်ဆိုသော အိမ်သို့ ရောက်လာသည်။

သူတို့အိမ်က ပျဉ်ထောင်နှစ်ထပ်အိမ်။ ကျွန်တော်က နဂိုကစိတ်ဝင်စားရင်းမို့ မျက်နှာချင်းဆိုင်အိမ် လှမ်းကြည့်လိုက်၏။ သားသားနားနား နှစ်ထပ်တိုက်။ အင်း– သူတို့ပြဿနာကတော့ တစ်မျိုးဖြစ်မှာပေါ့လေ။

သူ့အဒေါ်များကတော့ ဇော်မိုးကို အတော်ချစ်ကြ၏။ မမနှင့် ကိစ္စတွင်လည်း သူ့အဒေါ်များ အစီအမံပါသည်ဟု သိရသည်။

"ကဲ-ကိုဇော် မင်းသူငယ်ချင်း ကိုလဲ ခေါ်လေ။ ကိုယ့်အိမ်လို သဘောထားနော် မောင်လေး။ ဘာမှ အားမနာနဲ့"

"ဟုတ်ကဲ့"

"ခဏ နားပြုပြီး ရေမိုးချိုးတာပေါ့"

"ဟုတ်ကဲ့"

ခဏ နားပြုပြီး ရေမိုးချိုးကြ၏။ ရေချိုးသည့် နေရာက အိမ်နောက်ဘက်တွင် အုတ်ကန်နှင့်။ ကျွန်တော်ကတော့ ကျွန်တော့် အကြောင်းနှင့် ကျွန်တော်မို့ ရေချိုးကန် ရောက်သည်အထိ စွပ်ကျယ်ဝတ်၍သာ လာခဲ့သည်။

ရေချိုးကန်တွင် ကျွန်တော် မျက်နှာသုတ်ပဝါကို တန်းပေါ်တင်၍ စွပ်ကျယ်ကို ချွတ်လိုက်သည်။

"ဟာ-ဖိုးညို၊ မင်းကျောကုန်းမှာ အရိုးရာတွေပါလား"

ကျွန်တော့် နောက်မှ ဇော်မိုး၏ အသံကို ကြားလိုက်ရ၏။ ဆရာကြီးတီးထားသော ဒဏ်ရာများကို ပြောခြင်းဖြစ်သည်။

"အေး-ချစ်ဒဏ်ရာဆိုတာ အဲဒါပေါ့"

"အားပါး မလွယ်ပါလားကွာ"

ကျွန်တော် ရယ်လိုက်၏။

"ဒါ ဘာဟုတ်သေးလဲ။ ရင်ဘတ်လဲ ကြည့်ဦး"

"ဟား-ဒါကြေကကော ဘာဖြစ်တာတုန်းဟ"

"အဲဒါလဲ ချစ်ဒဏ်ရာတွေချည်းပဲ"

ဇော်မိုး မျက်လုံးပြူးသွား၏။

"အလိုလေး-လေး-နောက်ထပ် ဒီလိုချစ်ဒဏ်ရာမျိုးသာ နှစ်ခုလောက်ရရင် အသက်ပါ ပျောက်မှာပါလား ဖိုးညိုရာ"



"အေး-အဲဒါလောက်ဆို ငါ့အချစ်ကို မင်းသိရောပေါ့"

'အင်း-အင်း"

ဇော်မိုးက ရှုံ့ပြုံးပြုံး၍ အင်းလိုက်သည်။ သူကတော့ သိသွားပေပြီ။ လောကကြီးမှာ မသိသူ တစ်ယောက်ရှိသေး၏။

စုန္ဒယ်-နှားမ။။

*

သေရာမကလို့ နောက်ဘဝ ဆက်ပါဦး၊ ကြိမ်ချက်က ဒါလောက်မနာပါ။

ရှားရှားပါးပါးနှင့် ခက်ခက်ခဲခဲလေး ရှာကြံ ကြိုးပမ်းထားသော အခွင့်အရေးလေး ဆုံးရှုံးသွားသည်က ပို၍ နာဖို့ကောင်းသည်။ ဇာတ်က ပတ်တော ပိတ်နေလေပြီ။ ကျောင်းသွားမရ၊ ကျောင်းပြန်မရ။ ကျူရှင်မရ၊ လမ်းမှာမရ။ ပိုဆိုးသည်က ကျောင်းကားနှင့်ပင် မပို့တော့။ အိမ်ကကားနှင့်ပင် သွားလေရာ သူ့အမေကြီး ကိုယ်တိုင် လိုက်ပို့နေသဖြင့် ရခိုင်သံ့နှင့်ပြောရလျှင် မလွတ်တော့။

အချစ်စစ်တို့၏ လမ်းမဖြောင့်ဖြူးဘူး။ ဘာညာကွိကွ ဘယ်လိုပြောပြော ကျွန်တော့် အဘွက်တော့ မရ။

အခွင့်အရေးအားလုံး ဆုံးရှုံး သွားလျှင် နောက်ထပ် အခွင့်အရေးတစ်ခု ရဦးမည်ဟု ယုံကြည်သည်။

ရတော့ ရခဲ့ပါသည်။ အဲ နည်းနည်းတော့ နာတယ်။

ကြုံရ ဖန်ရလွန်းသဖြင့် ခေါင်းထဲမှ ကြုံရည် ဖန်ရည်များ ပင် ဆုံးရှုံးကုန်သဖြင့် မကြုံတတ်သော ကျွန်တော့်မှာ ညဘက် ညဘက်တွင် ကျွန်တော်တို့အိမ်ရှေ့ လှေကားအုတ်ခုံမှာ သာ ထိုင်ထိုင်ပြီး အိမ်ရှေ့ သုံးထပ်တိုက် သုံးထပ်မြောက် အခန်းကို ဆင့်အဝှာ ခွေးမျှော်သလို မျှော်မျှော်နေရတော့ သည်။

တစ်ရက်မှာတော့ အကြောင်းထူးပါသည်။

ကျွန်တော် တိုက်နှစ်ခုကြား ကွက်လပ်တွင် လမ်းလျှောက် ၍ ငေါင်နေဆဲ ကျွန်တော့်ခေါင်းကို တစ်စုံတစ်ခု လာမှန် သည်။ ဂေါက်ခနဲ အသံနှင့် အတူ ခေါင်းတစ်ခုလုံး ထူပူ သွားသည်။

စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွား၏။

သို့သော်ကျွန်တော့်ရှေ့ ပြုတ်ကျလာသော ကျွန်တော့် ခေါင်းကို ထိမှန်သည့် အရာကို တွေ့လိုက်သည့် ခဏတွင် ကျွန်တော့် ဒေါသများ လွင့်ခနဲ ပျောက်သွား၏။ ကြည့်လိုက် ရာ....

စက္ကူထုပ် တစ်ထုပ်။

ခေါင်းထဲမှာ အတွေးတစ်ချက် လက်ခနဲ ဖြစ်သွား၏။

"စာများလား" ဟူသော အတွေးဖြင့် စက္ကူထုပ်ကို ကောက်ယူလိုက်သည်။ သေချာပါသည်။

စုန္ဒယ်ထံမှ စာ။ စာကို အလွယ်တကူ ရေမွှေးပုလင်းနှင့် ထောက်ထုပ်ပြီး ပစ်လိုက်သော ချစ်သဝဏ်လွှာပါ။ ရေမွှေး ပုလင်းသည် အချစ်၏ ရေမွှေးနံ့ကို ဆောင်နေသော်လည်း ဖန်ပုလင်းမို့ ခေါင်းမကွဲသည်မှာ ကံကောင်း။



ဖိုးညို....

ဖိုးညိုတို့တိုက်က ဒေါ်စိန်မေက စုန္ဒယ်ကို ဖိုးညို လာတွေ့တာကို မြင်ပြီး မာမီ့ကို တိုင်တယ်။ အဲဒါ စုန္ဒယ် ကျောင်းသွားရော၊ ကျောင်းပြန်ရော အိမ်က ကားနဲ့ပဲ လိုက်ပို့တော့တယ်။ ကျောင်းကားလဲ မစီးရ တော့ဘူး။

ခုလဲ ဖိုးညိုနဲ့ ဆက်သွယ်တယ် ထင်စရာတွေ့ရင် စုန္ဒယ်ကို ကျောင်းမထားတော့ဘူး တဲ့။ စုန္ဒယ်ကိုလဲ ဝရန်တာထုတ်ပြီး သေအောင်ရိုက် အရှက်ခွဲမယ်လို့ ပြောတယ်။

တို့ကို သနားရင် တို့ကို အဆက်အသွယ် မလုပ်ပါ နဲ့တော့ ဖိုးညို။

စုန္ဒယ်

ကောင်းရော။ဖိုးညိုတို့ စန်းပွင့်လိုက်ပုံက သည်လောက်။ အထင်ခံရရုံရှိသေး၊ လမ်းက ဖြောင့်ဖြူးနေလိုက်ပုံများက တော့။

ကျွန်တော့်အဖြစ်သာ ဝတ္ထုရေး ဆရာ တစ်ယောက်က ဝတ္ထုရေးလျှင်၊ သို့မဟုတ် ဒါရိုက်တာတစ်ယောက်က ရုပ်ရှင် ရိုက်လျှင် ဒီအခန်းရောက်သည်နှင့် ပရိသတ်များ စာအုပ်ကို ချထားလိုက်ဖို့နှင့် ထ,ပြန်ဖို့သာ ရှိတော့သည်။

"ဘာထူးတော့မှာလဲကွ။ဇာတ်က ဆုံးနေပြီပဲ။ ဒီလောက် ကြက်တူရွေးတံခါးပိတ် ဂျိတ်နေပြီပဲ။ ဘာဆက်သုပ်ဦးတော့ မှာလဲ"

ဟု မှတ်ချက်ကြမ်းကြမ်းလေး ချသွားမည်မှာ မလွဲကေန်။ အမှန်တော့ ဇာတ်ကလည်း ပြီးသွားပါပြီ။ တစ်ကွက်ကျန်၊ နှစ်ကွက်ကျန် အခန်းလေး တစ်ခန်း၊ နှစ်ခန်းကလည်း ဇာတ်ရည် လည်စေရန် စုံထောက်က နိဂုံးချုပ်တွင် ရှင်းပြသည့် စုံထောက်ဝတ္ထုမှ အခန်းလောက်သာ ရှိပါတော့သည်။

အေးလေ- ဇာတ်က မဆုံးသေးလျှင်လည်း ကျွန်တော် ပဲခူးကို ထွက်လာစရာအကြောင်း ဘယ်ရှိပါ့မလဲ။

သို့သော်–သို့သော် ညိုထွန်းနောင် ငပေါက်၏ 'လုပ်ရပ်ကြမ်း'ကလေးတွေကိုတော့ ကမ္ဘာက သိသွားစေချင်ပါသေးသည်။

ငနဲ၏ ရမ်းပုံ၊ ရူးပုံကလေးများသည် အတင်းပြောတတ်သူများ အတွက် စိတ်ဝင်စားစရာ ကောင်းလှပါသည်။

ကျွန်တော်ဆိုသည့် ငနဲကလည်း တစ်မျိုး။ ချက်စ်ကစားလျှင်လည်း ဘုရင်တစ်ကောင်တည်းဖြစ်ဖြစ် ကျန်ကျန်၊ တစ်ဘက်လူက ချက်စ် ဆို၍ မပြေးသာ မသွားသာ၊ မရှုံးမချင်း ဘုရင်ရုပ် လှဲမပစ်တတ်သူ၊ ကြက်တောင်ရိုက်လျှင်လည်း သုညနှင့် ဆယ့်လေးမှတ် ဖြစ်ပါစေ၊ ကစားနိုင်သေးလျှင် ဆက်ကစားချင်သေးသူ။

သည်တော့ ရေမွှေးပံထိုပ်လာလွေး၍လိပ်စာမရေးသော ထိုစာဘစ်စောင်နှင့်တော့ မနောက်ဆုတ်ပြေးရိုးထုံးစံ မရှိပါ။ ရေမွှေးပုလင်းလေးက 'တို့ကိုကြောက်လို့ နောက်ဆုတ်ပြေး၊ ဘကြီးအိမ်က ထောပတ်စားတဲ့ ခွေး'ဟု အပြောမခံနိုင်ပါ။

ကြံကွက် ဖန်ကွက်လေးက ရှိရပေဦးမည်။

နောက် နှစ်ရက် သုံးရက်အကြာ စုန္ဒယ်တို့တိုက် နောက်ဘက်မှာ နေသည့် ကိုနိုင်တို့အိမ်ကို ကျွန်တော် သွားသည်။



ကိုနိုင်နှင့် ဟိုပြော သည်ပြော ပြောပြီး ပြန်လာသည့်အခါ အမှတ်မထင် စုန္ဒယ်အိပ်သည့် အခန်းဘက်သို့ မော့ကြည့်လိုက်ရာ စုန္ဒယ် အခန်းမှ မီးလင်းနေသည်ကို တွေ့ရ၏။

ကျွန်တော့်ခေါင်းထဲမှာလည်း မီးလက်လက်ကလေး တစ်လုံး လင်းသွားသည်။

စုန္ဒယ်တို့ အခန်း နောက်ဘက်တွင် ကျွန်တော်တို့ တိုက်များသို့ ရေပေးသည့် ရေစင် ရှိသည်။ ရေစင်က ကျွန်တော်တို့ သုံးထပ်တိုက်များထက် နည်းနည်း ပိုမြင့်သည်။

နောက်တစ်နေ့ညတွင် ကျွန်တော် ရေစင် အောက်သို့ ရောက်နေသောသည်။ ရေစက်ဘက်က လူများ မတွေ့အောင် လာရသည့် ဒုက္ခမှ လွဲလျှင် သိပ် ထွေထွေ ထူးထူးတော့ ပြဿနာမရှိ။

လ ကလေးကလည်း သာနေသည်။ အဟမ်း။

ရေစင်က လှေကားတွေဘာတွေ သေသေချာချာရှိသော ရေစင်မျိုး ဖြစ်သဖြင့် သိပ်ပြဿနာ မရှိလှ။ လှေကားမှ တက်လာ၊ စုန္ဒယ်တို့ အခန်းတည့်တည့်ရောက်။

စုန္ဒယ်၏ စာကြည့်စားပွဲနှင့် တန်းနေသည်။ ကျွန်တော့်ရင်ထဲ ပျော်လိုက်သည်မှာ ပြောစရာမရှိတော့။ ရေမိုး ချိုးဖီးလိမ်းထားပြီး စာကြည့်နေသည့် စုန္ဒယ်၏ ဘေးတိုက်ရုပ်ပုံလေးမှာ မိုနာလီဇာ ပန်းချီကားထက် အများကြီး ပိုလှသည်။

အဲ–တစ်ခုပဲ ရှိသည်။ ကျွန်တော် ရပ်နေသည့် ဘက်မှာ လှေကားဘက် ဆိုတော့ စုန္ဒယ် အခန်းနှင့် ဝေးသည့်ဘက် ဖြစ်နေသည်။ ကြားထဲမှ ရေစင်မှ သံတိုင်များက မြင်ကွင်းမှာ နည်းနည်းရှုပ်နေသည်။

ဘယ်ရမလဲလေ-သိတယ်မဟုတ်လား။ ညှိထွန်းနောင်ပဲ။ ရေစင်၏ သံတန်းများမှ တစ်ဆင့် ရေစင်၏ ဟိုမှာဘက်ခြမ်း စုန္ဒယ်အခန်းဘက်သို့ ကူးတော့သည်။

အပါး-လက်တောင်စူး၏။ လှေကားမှသာ တက် ဆင်း ပြုလုပ်နေသဖြင့် ကြားသံတိုင်၊ သံတန်းများမှာ သံချေးများ တက်နေသည်။

ထို့ကြောင့် ဖမ်းဆုပ်လိုက်လျှင် တချို့နေရာများ၌ လက်ထဲ သံချေးစများ ဝင်လာသည်။ အို...ဘယ်တတ်နိုင်မလဲ။ အချစ်အတွက် အချစ်အတွက်ဟု စိတ်ဖြေကာ ကူးလာခဲ့၏။

ဇေ-ပါလေ။ ဘာလိုသေးလဲ။သမ္မတရုံတွင် ဒေးဗစ်ချန်းကားကို လေ့ဂ်မှ ကြည့်တာထက်တောင် မိုက်သေး၏။ ရှင်းနေသော မြင်ကွင်း၊ လင်းနေသော မြင်ကွင်း၊ ကျွန်တော့်ရှေ့မှ သံပိုက်လုံး တစ်ခုကို လက်ဖြင့်ပိုက်၊ သံတန်းပေါ် စပါယ်ရှယ်ထိုင်၊ သံတိုင်ကို ကျောမှီ၍ ကြည့်လေရော့။

အောက်ကနေ၍ ရေစက်မှလူများ၊ဘေားလူများ မြင်စရာလည်း မပူရ။ ကျွန်တော်က အကြံနှင့်ပုဂ္ဂိုလ်ဆိုတော့ လာကတည်းက အဝတ်အနက် တစ်ကိုယ်လုံး ဆင်ထားခဲ့သည်။

တစ်ခုပဲရှိသည်။ ကောင်မလေး နေရာက ကြည့်လျှင်မူ ကျွန်တော့်ကို ထင်ထင်ရှားရှားမြင်ရ၏။သည်တော့ ကောင်မလေး အမြင်ခံမလား။ သို့မဟုတ် ကွယ်ကြည့်မလား ဆိုတာ တစ်ခုသာ ရှိသည်။

အို-ဒါက သူ့ကိစ္စပါလေ။မြင်တာမြင်တာ အကြောင်းမဟုတ်။ ကိုယ်မြင်ရလျှင် ပြီးစတမ်းပဲ။

ထိုနေ့က ည,ဆယ်နာရီထိုးမှ အိမ်ပြန်ရောက်သည်။

*



အကြောင်းပြလို့ကလည်း ကောင်းလှသည်။

ကိုနိုင့်မင်္ဂလာဆောင်က ဆယ့်ငါးရက်လောက်ပဲလိုတော့သည်။ ထို့ကြောင့် ကိုနိုင့်မင်္ဂလာဆောင်ကိစ္စ ဘာညာ အိမ်ကို ပြော၍ ညတိုင်း ထွက်သည်။ ည,ရှစ်နာရီခွဲလောက်အထိ ကိုနိုင့် အိမ်မှာနေသည်။

ထိုက အပြန်မှာမှ ရေစင်ပေါ် တက်သည်။ည ဆယ်နာရီလောက် စုန္ဒယ် အိပ်ချိန်မှ အိမ်ပြန်သည်။

သည်အကြောင်း ကိုနိုင့်ကိုတော့ အသိပေးထားရသည်။ မတော် ကျွန်တော် ပြန်ပြီးမှ ယောင်ယက်ပြီး အိမ် လိုက်လာလျှင် ကျွန်တော် မှောက်သွားနိုင်သည်။ ကျွန်တော် ပြောပြတော့ ကိုနိုင်က ရယ်၍....

"မင်းနှယ်ကွာ-အန္တရာယ်များလိုက်တာ။ မတော်တဆပြုတ်ကျရင် သေနေလိမ့်ဦးမယ်"

အကြောင်းသိချင်းမို့ ကိုနိုင့်စကားအဆုံးတွင် ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။

"ကိုနိုင်ဗျာ-ခင်ဗျားက လည်း အပိုတွေ လုပ်နေပြန်ပြီ။ လုပ်နေတဲ့လူ ခံစားမှုအောက်အောင် မလုပ်စမ်းပါနဲ့"

ကိုနိုင်က မျက်လုံးပြူး၍....

"ငါ အဟုတ်ပြောတာ ဖိုးညို။ မင်းဥစ္စာ အန္တရာယ်များလွန်းပါတယ်"

ကိုနိုင်သည်ကျွန်တော့်ထက်အသက်လေးငါးနှစ်ကြီးသည်။ အသက်ကြီးသူမို့ ငယ်သူကို ပူပင်စကားပြောသည် ဆိုတာကတော့ သဘာဝကျပါသည်။

သို့သော်....

"ဒါဖြင့် ကိုနိုင် မခိုင်ကို ချိန်းတွေ့တုန်းကကော"

''ဟာ–ဒါက ငါကွ''

''အိုး–ဒါလဲ ကျွန်တော်ပဲဗျ''

ကိုနိုင် ဘာမှမပြောတော့။ ရယ်သာနေတော့သည်။ သူ– သူ့အမျိုးသမီးနှင့် ချိန်းတွေ့တုန်းက ဒါ့ထက်ဆိုး၏။ မခိုင်၏ အဖေက သည်ခေတ်စကားနှင့်သုံးလျှင်'အကောင်'ဟု ဆိုအပ် သော ပုဂ္ဂိုလ်တည်း။ သူတို့အိမ်မှာက အစောင့်နှင့်အရှောက် နှင့်။ ဂါဒ်နှင့် သေနတ်နှင့်။ မခိုင်အဘိုးကြီးကလည်း ကိုနိုင့်ကို နည်းနည်းမှ ကြည့်မရ။

ကြည့်မရသည်က အဆင့်အဘန်းကြောင့် မဟုတ်။ သည် ခေတ်မှာ အဆင့်အတန်းဆိုသော စကားက သိပ်လူရာဝင် တာမဟုတ်။ ကိုနိုင့်အဖေ ကိုယ်၌ကလည်း 'အကောင်'ပဲဖြစ် ပါသည်။ မခိုင်အဖေက ကြည့်မရသည်မှာ ကိုနိုင်တေလွန်း၍ ဖြစ်သည်။

ကိုနိုင် တေပုံပေပုံကလည်းကြည့်။ ကိုနိုင်က လူတစ်မျိုး။ လူက ပိန်ပိန်သွယ်သွယ် ကျစ်ကျစ်လျစ်လျစ်နှင့် ရုပ်ဖြောင့်။ စကားပြောလျှင် အမြဲပြုံးချိုနေတတ်သော်လည်း မထင်လျှင် မထင်သလို ပြောတတ်သည်။ လုပ်ချင်လျှင် သင့်မသင့် မစဉ်း စား။ လုပ်ချင်သလို လုပ်တတ်သည်။ လူကြီးသူကြီးများနှင့် လည်း စကားပြောမတည့်။ ရှယ်တူချင်းလည်း သိပ်မကြည်။

ဒီဘက်မှာ သူကြည့်တာဆို၍ ချာတိတ် ကျွန်တော်သာ ရှိသည်။ ကျွန်တော်နှင့် တေပုံလေပုံ တူ၍လားမသိ။ ပေါင်း လို့သင်းသို့ ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်သား ဆုံမိလျှင်မလွယ်။ ညဘက် ဆို သူ့ဖယ်မလီယာကားလေးနှင့် ကျွန်တော်တို့ နှစ်ယောက်



ထွက်လည်တော့သည်။ ကိုနိုင့် စကားနှင့်ပြောလျှင် တာလည် သည်ပေါ့။

''ဖိုးညိုရေ– တာလည်ပေါ့''ဟု ဆိုလိုက်လျှင် ကျွန် တော်နှင့်သူ ကားတစ်စီးနှင့် ထွက်ပြီ။ ပြည်ထောင်စုရိပ်သာ၊ နဝရတ်ရိပ်သာ စသော တကယ့်ပဂေးများနေသော အရပ် များကိုထွက်၊ ခြံထဲ၊ခြံစပ် ဝင်းထဲဝင်းရပ်မှ ငှက်ပျောသီး တွေ့လျှင် ငှက်ပျောသီး၊ သဘော်သီးရလျှင် သဘော်သီး၊ ယောင်ယက်ပြီး ကြက်ကလေးဘာလေးမွေးထားလျှင် ကြက် ရအောင် ခိုးတော့သည်။

''ခိုးစားရတဲ့အသီးက ပိုချိုတယ် ဖိုးညိုရေ''

ဒါက သူ့လက်သုံးစကား။ နေ့လယ်ဆိုလျှင် သူ့ကား နှင့်–

''အမဲလိုက်ကွ''

ဆိုကာ အမှိုက်ပုံတကာလိုက်၍ လေသေနတ်နှင့် ကျီးကန်း ပစ်တော့သည်။

စားဖို့မဟုတ်။ ဒါကျတော့ သက်သက် လက်တည့်စမ်း ၍သာ။

ရန်ဖြစ်ပြီဆိုလျှင်လည်း ကျွန်တော့်ထိလျှင် သူရှေ့ဆုံးက ကွယ်တော့သည်။ တစ်ခါလည်း သည်နည်းနှင့် သူ့ဖယ်မလီ ယာ မှန်ကွဲဖူးပြီ။

သည်တော့ ကျွန်တော်တို့ လောကမှာ သူ့ နာမည်က ဝင်းသည်။ ထို့ကြောင့် မခိုင်အဘိုးကြီးကမကြည်။ နောက် ဆုံး မခိုင်ကို တားမရသည့်အခါ ညဘက်ညဘက် ခြံထဲတွင် ခိုင်တို့ ချိန်းတွေ့တတ်ကြောင်း အဘိုးကြီး သိသည့်အခါ

သူ့ လူများအား ခြံထဲလူစိမ်း ညဘက်ဝင်လာလျှင် အပြတ်ရှင်းရန် မှာထားသည်အထိ။

သည်ကြားထဲက ကိုနိုင်ဆိုသည့် ကိုနိုင်ကလည်း သွားဖြစ်အောင် သွားသည်။ တွေ့ဖြစ်အောင် တွေ့သည်။ နောက်ဆုံး ကောင်မလေးဘက်ကမထွက်သာ၍ အချက်ပြလျှင်မှန်ပြတင်း ဖြစ်ဖြစ် လက်နှင့်ပုတ်ပြီးမှ ပြန်လာသည်။ သူကလည်း သည် လိုလူ။

ကျွန်တော်ကလည်း ကျွန်တော်လိုလူ။ သည်တော့ သွား သည်။ သွားပါများတော့လည်း ဧရိုးရောက်ပါသည်။ တေ့ တွင် စုန္ဒယ် ကျွန်တော့်ကို သတိပြုမိသည်။ မြင်မြင်ချင်း လန့်အော်လုနီးပါး စုန္ဒယ် ကြောက်သွား၏။ ခဏနေမှ ကျွန်တော်မှန်း သိ၍ ပြတင်းပေါက်ဘက် ထွက်လာရင်း မှန်ပြတင်း ဖွင့်၍....

“ဖိုးညို–နင်ဘယ်လိုလုပ်နေတာလဲဟယ်။တို့ဖြင့် သရဲမှတ် လို့ ကြောက်လိုက်တာ”

ကျွန်တော် ရယ်နေလိုက်၏။ ပြီးမှ....

“သရဲရယ်လို့ စုန္ဒယ်ရာ။ ဒီခေတ်မှာ သရဲ ရှိခလားဟ”

“မဟုတ်ဘူးလေ။ နင့်ပုံစံက ကြောက်စရာကြီး။ မှောင်ထဲ မှာ ဒီကမီးရောင်နဲ့ တစ်ကိုယ်လုံးအနက်ကြီးနဲ့ ဆိုတော့ နင့်ပါ စဉ်းစားပါဦး”

ကျွန်တော် အသံထွက်အောင် ရယ်နေရသည်။ သူကပင် ဆက်၍....

“ဒီအချိန်ကြီး ဒီမှာ ဘာလုပ်နေတာလဲ ဖိုးညိုရယ်။ ပြုတ် ပျက် ကျနေပါဦးမယ်”



“တို့ ဒီမှာ ဘာလုပ်နေတယ်ဆိုတာကို စုန္ဒယ်သိပါတယ်”

စုန္ဒယ်က ခေါင်းယမ်း၍–

“ဟင့်အင်း....မသိပါဘူး။ ဘာလာလုပ်နေတာလဲ”

“စုန္ဒယ်ကို ကြည့်ချင်လို့”

“အို....”

စုန္ဒယ် ခေါင်းငုံ့သွားသည်။ ခဏကြာမှ မရဲတရဲ ကျွန် တော့်ကို မော်ကြည့်ရင်း–

“အန္တရာယ်များပါတယ် ဖိုးညိုရာ။ ဒီလို မလုပ်ပါနဲ့။ စုန္ဒယ်ကို အဆက်အသွယ် မလုပ်ပါနဲ့လို့ ပြောထားပြီပဲ”

“တို့ စုန္ဒယ်ကို အဆက်အသွယ် လာလုပ်တာ မဟုတ်ပါ ဘူးလေ။ ကိုယ့်ဘာသာ လာကြည့်နေတာပဲ”

ကျွန်တော့် လေသံက ဖီလင်ကြောင့် နည်းနည်း ကျယ် သွား၍ စုန္ဒယ် မျက်လုံးပြူးသွားပြီး....

“တိုးတိုး–ဖိုးညို။ ဒုက္ခပါပဲ။ မာမီ ကြားသွားရင် ခက် မယ်”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ စုန္ဒယ်နှင့် ပိုနီးစေရန်လည်း ထိုင်နေရာမှထ၍ ကျွန်တော့် ရှေ့ ခပ်လှမ်း လှမ်းမှ နှစ်လက်မ ပိုက်သုံးကိုဖက်၍ တွယ်ရပ်လိုက်သည်။ ခြေထောက် နေရာတွင် ပိုက်လုံးမှ အထစ်များရှိနေသဖြင့် ရပ်နေ၍ ရသည်။ ကျွန်တော့် ပိုက်လုံးဆီအကူး စုန္ဒယ် မျက် လုံးဝိုင်း၍ လက်ကာလိုက်ရင်း–

“အို....မလုပ်နဲ့လေ ဖိုးညို။ အသည်းယားဖို့ ကောင်း လိုက်တာဟယ်။ နောက်မှာပဲ နေပါ။ ဒီလိုကြီး နေလို့ ပြုတ် ကျနေရင် ခက်မယ်”

ကျွန်တော် ပြုံးလိုက်၍....

"စုန္ဒယ်နဲ့ ပိုနီးအောင်လို့ပါ။ တို့ ဘာမှ မဖြစ်ပါဘူး။ စုန္ဒယ်နဲ့ နီးရင် တော်ပါပြီ"

"တော်တော့ ဖိုးညို။ ရေစင်ပေါ် ပြန်သွား။ တို့လဲ သွားမယ်။ စာကြည့်တော့မယ်။နို့ မို့ သူဒီလိုပဲ တွယ်နေတော့မှာ"

ကျွန်တော် လှမ်းတားလိုက်သော်လည်း မရတော့။ စုန္ဒယ်က ပြတင်းပေါက်မှ စားပွဲဆီ ပြန်သွားသည်။ သည်တော့မှ ကျွန်တော် ပိုက်လုံးမှ ရေစင် ပြန်ကူး၍ ထိုင်နေလိုက်သည်။

ဤစတုတ္ထနေ့တွင် တစ်ထစ်တက်၏။

*

နဝမမြောက်နေ့တွင် ဘယ်နှစ်ထစ်မှန်း မသိ။လျှောကျ၏။

သည်ကြားထဲမှာ စုန္ဒယ် ကျွန်တော်ရှိရာ ပြတင်းပေါက်ဘက် သိပ်မလာတော့။ စားပွဲတွင်သာ ထိုင်နေတတ်သည်။ နဝမမြောက်နေ့ကတော့ သူ ကျွန်တော့်ဆီ တစ်ခါလာသည်။

ကျွန်တော်ကလည်း ပိုက်လုံးဆီ ကူးပြန်သည်။

"ဖိုးညိုရယ်။ တို့ အတွက်နဲ့ ဘာဖြစ်လို့ ဒီလောက် ဒုက္ခခံနေရတာလဲကွယ်"

စုန္ဒယ်အသံမှာ တိုးသည်။ ညည်းသည်ဟု ထင်ရသည်။ သည်အညည်းမျိုးကို ကျွန်တော် မျှော်လင့်နေသည်မှာ ကိုးရက် ရှိပြီမို့....

"ချစ်လို့ပေါ့ စုန္ဒယ်ရယ်။တို့လေ စုန္ဒယ်ကို သိပ်ချစ်"

ကျွန်တော့် စကားမဆုံးခင် စုန္ဒယ်၏ ကျောဘက်မှ ဂလောက်ခနဲ အသံကြားလိုက်သဖြင့် စုန္ဒယ် ချာခနဲအလှည့်



သယ် ကျွန်တော်ကလည်း လှည့်အကြည့် လူရိပ်တစ်ခုကို မြင်လိုက်ရသည်။

ကျွန်တော် ကြံရာမရ ဖြစ်သွားသည်။ သည်လူသာ ကျွန်တော့်ကို တွေ့သွားလျှင် ပြဿနာက မိုးမီးလောင်တော့မည်။

လျှပ်တပြက်... ။

တကယ့် လျှပ်တပြက် အချိန်လေးမှာ ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။ စုန္ဒယ်ကိုတော့ အထိခိုက်မခံတော့။ ကျွန်တော်သာ အနာခံတော့မည်။

ကျွန်တော် ဖက်ထားသောလက်ကို ဖွပစ်၍ လျှောချလိုက်တော့သည်။

ရည်ရွယ်ရင်းက တစ်ထပ်လောက် လျှောချလျှင် မြင်ကွင်းက ပျောက်နိုင်သဖြင့် တစ်ထပ်လောက် ရည်ရွယ်သော်လည်း အရှိန်နှင့်အကျမှာ ဘယ်လိုမှ ထိန်းမရတော့။ ရိပ်ရိပ်ရိပ်ရိပ်နှင့် ကျွန်တော် လျှောကျသွားတော့သည်။

"အား"

နာလိုက်သည့်ဖြစ်ခြင်း။ ရင်ဘတ်နှင့် ပိုက်လုံးအထစ်များ ဗျစ်ခနဲ ဗျစ်ခနဲ ပွတ်ချလိုက်သည့်ဒဏ်သည် အသည်းခိုက်အောင် ခံရသည်။

အော်တော့ အော်မိသည်။ သို့သော် အသံမထွက်ဝံ့။ ဝမ်းထဲမှကြိတ်ပြီး ငယ်သံပါအောင် အော်မိသည်။ သွားပြီ- ရင်ဘတ်တော့ ရစရာရှိမည့်ပုံ မပေါ်တော့။

နောက်ဆုံး မြေကြီးနှင့် နီးလာမှန်း သတိရ၍ ပိုက်လုံးကို တအားဖက်လိုက်သည်။ ကျသည့်အရှိန် တန့်သွားသော်

လည်း ရင်ဘတ်နှင့် ပိုက်လုံးပွန်းတာက အနာပေါ် ဇနဆင့်၍ အလူးအလဲ ခံရသည်။

မြေကြီးနှင့် ခြေထောက်ထိမိချိန်တွင် ကျွန်တော် ရပ်မနေနိုင်တော့။ ခြေထောက် နှစ်ဘက်လုံး ပျော့ခွေ၍ ပိုက်လုံးခြေရင်းတွင် ကျွန်တော် ပုံရက်လဲတော့၏။

သည်တစ်ခါ ကျွန်တော်ကျသည့် အထစ်များကို ဘယ်နှစ်ထစ်မှန်းပင် မသိတော့။

*

"အခါတော် ပေး....တာက၊ နတ်ရေး....ငယ်....
ရွှေစာ... သာသနာရောင်လင်း.... ကောင်းခြင်းခု....
သည်ချိန်ခါ..."

အဆိုတော် ရီရီသန့်၏ ကြည်လင်ပီသ ချိုမြသည့် တေးသံက နားထဲသို့ စိမ့်၍ ဝင်လာသည်။ ကျွန်တော်သည် အမျိုးအမည် မသိသော ခံစားမှုလေးဖြင့် ရင်ထဲတွင် တုန်ခါ၍ ကြက်သီးမွေးညင်းများ ထလာ၏။

သတို့သား ဝတ်စုံနှင့် သတို့သမီး ဝတ်စုံကို ဝတ်၍ပြည်းညှင်းစွာ လျှောက်နေသော ကိုနိုင်နှင့် မခိုင်နောက်မှ ကျွန်တော်နှင့် သတို့သမီးအရန် လုပ်သည့် ဆင်ဒီတို့က နောက်မှ လိုက်လာကြသည်။

ကျွန်တော်နှင့် ဆင်ဒီတို့ သတို့သား၊ သတို့သမီး အရန်ဖြစ်လာပုံကလည်း ခပ်ကြောင်ကြောင်။ နဂိုက ကိုနိုင်တို့ အစီအစဉ်တွင် အရန်များထည့်ရန် မရှိ။ ညှိခံပွဲ ဖြစ်သဖြင့် မင်္ဂလာဆောင်များကဲ့သို့ သိပ် အပြင်အဆင်၊ အပြောက်အမွမ်းများ မလိုဟု ယူဆခဲ့ကြသည်။



အင်းလျားကန်ဟိုတယ် ရောက်၍ ပွဲထုတ်ခါနီးကျမှ မိတ်ဆက် ဆုံးမစကား ပြောမည့်သူက ကိန်းခန်းချဲ့တော့သည်။ အရန်မပါလို့ ဖြစ်မလား။ စီစဉ်မထားလျှင် ယခု ရှိသည့်လူရှာထည့်။ ဘာညာလုပ်တော့ ဟာမန်းကတန်း စီစဉ်ရတော့သည်။

ကိုနိုင်က ထိုနေ့က ဥရောပဝတ်စုံ ဝတ်ထားသည်။သူ့လိုဗိုလ်ဆင် ဆင်ထားသူကလည်း ပြင်ဆင်ခန်းထဲမှာ ကျွန်တော့်တစ်ယောက်တည်း။

သတို့သမီးအရန် လုပ်စရာလူကလည်း ရှယ်တူ မောင်းတူဆို၍ ဆင်ဒီတစ်ယောက်သာရှိသည်။စုန္ဒယ်က ပရိသတ်ထဲမှာ ကျွန်တော် ရှိနေ၍ ပြင်ဆင်ခန်းထဲသို့ ခြေဦးပင် မလှည့်။

သည်လိုနှင့် ကျွန်တော်နှင့် ဆင်ဒီတို့ ခပ်တည်တည် လူပျိုရန် အပျိုရန်များ ဖြစ်ကြခြင်းဖြစ်သည်။

တစ်ချက်တော့ စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ကိုနိုင်နှင့် မခိုင်တို့နောက်မှ ကျွန်တော်တို့နှစ်ယောက် ပွဲလယ်တင့်လာသည့် အချိန်တွင် စုန္ဒယ်၏ မျက်လုံးများနှင့် တန်းတိုးတော့သည်။

စုန္ဒယ်၏ မျက်လုံးတွင် အရောင်တစ်မျိုး ဖြစ်သွားသည်။ ဖျတ်ခနဲ တစ်ဘက်ကို လှည့်သွား၍ မျက်နှာ မသိမသာ တင်းသွားသည်။ကျွန်တော်တို့ဘက်ကို လုံးလုံးလှည့်မကြည့်တော့။

ကျွန်တော့်ရင်ဘတ်မှ အနာများက နည်းနည်း ပိုနာသွားသည်။

ကျွန်တော့်ရင်ထဲ စိုးရိမ်မှုလေးနှင့်အတူ ကျေနပ်မှုလေး နည်းသွားရ၏။ စုန္ဒယ် မနာလိုခြင်း ဖြစ်လျှင် ကျွန်တော် ပွပြီ။

*

တကယ့် ပွဲကတော့ မင်္ဂလာအဆောင်မှ အပြန်တွင် စ,သည်။

ထိုနေ့က မင်္ဂလာဆောင်ဟိုတယ်တွင် တစ်ညလုံး ကူလုပ်။ ပွဲပြီးတော့ အိမ်အထိ ပါသွားသည်။ ည,ရှစ်နာရီ၊ ကိုးနာရီ လောက်တွင် ကိုနိုင်တို့အိမ်မှ ကျွန်တော် ပြန်ခဲ့သည်။

ကိုနိုင်တို့အိမ်မှ အထွက် ရေစင်ကြီးကို လှမ်းမြင်လိုက်ရသဖြင့် ရင်ဘတ်ကို မသိမသာ စမ်းမိလိုက်တည်။ ကျက်နေပြီ ဖြစ်သော်လည်း အနာများက ဖိလျှင် နာနေဆဲ။

ကိုနိုင်တို့ အိမ်ရှေ့ တော်တော်လေးအလွန်တွင် မှောင်ရိပ် သစ်ပင်ကွယ်မှ လူသုံးယောက် ထွက်လာသည်။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ အန္တရာယ်-ဆိုသည်ကိုတော့ ချက်ချင်း သိလိုက်၏။ ကိုညွန့်နှင့် သူ့သူငယ်ချင်းနှစ်ဦး။

ဘာဖြစ်တော့မည် ဆိုသည်ကို ကျွန်တော် သိပ်စဉ်းစားနေစရာ မလို။ သည်အချိန် သည်နေရာမျိုးမှာ သည်အမူအရာမျိုးက ဘာလုပ်ရန်ဖြစ်သည်ဆိုသည်ကို လူပိန်းတောင် နားလည်သည်။

သုံးယောက်က ကျွန်တော့်ရှေ့ ပိတ်၍ ရပ်လိုက်သည်။

“သိပ်ပျော်လာတယ်ပေါ့ ဟုတ်လား”



ရလိုက်သော ကိုညွန့်ထံမှ အရက်နံ့ နည်းနည်း ရလိုက်သည်။ သို့သော် အလွန်အကျွံ မူးနေပုံတော့မရ။ ကျွန်တော်က လေအေးအေးနှင့်....

“အချင်းချင်းတွေ ပြဿနာမရှာပါနဲ့ ကိုညွန့်ရာ။ ကျွန်တော့်ဘာသာ ကျွန်တော် ပြန်ပါရစေ”

“ကဲ....ပြန်ကွာ”

ဘာမပြော ညာမပြော ကျွန်တော့်မျက်နှာဆီ လက်သီးတစ်လုံး ဝင်လာသည်။ အမှတ်တမဲ့မို့ လက်သီးက ကျွန်တော့်ပါးချိတ်ကို ပယ်ပယ် နယ်နယ် နှာထည့်လိုက်သည်။ ကျွန်တော်တစ်ပတ်လည်၍ လဲသွား၏။

နဂိုက အေးအေးဆေးဆေး တောင်းပန်တန် တောင်းပန်၍ ပြန်မည်ဟု ဆုံးဖြတ်ထားသော်လည်း ‘အသားထိပြီမို့ ကျွန်တော့်ခေါင်းထဲ ဆူဝေသွားသည်။ အားမျှသည် မမျှသည် ကျွန်တော် မစဉ်းစားတော့။ ကပျာကယာလူးလဲထ၍ ကိုညွန့်ကို ပြေးထိုးတော့သည်။

သို့သော်....ဒေးဗစ်ချန်းလည်းမဟုတ်၊ တီလုံးလည်းမဟုတ် ရွှေဘလည်း မဟုတ်သော ကျွန်တော်မှာ သုံးယောက်-တစ်ယောက်၊ ကိုယ့်ထက်အကောင်ကြီးများနှင့် တွေ့သဖြင့် ငါးဖယ်တေသလို အတေခံရတော့သည်။

လက်သီးများက ကျွန်တော့်မျက်နှာနှင့် ဗိုက်ကိုဖွဲ့အိတ်ထိုးသလို ထိုးတော့သည်။ နောက်ဆုံး မတတ်နိုင်သဖြင့် ကျွန်တော် ကိုယ်ကိုခွေချလိုက်၏။

“ခွေးမသား”

သည်မှာ သေလုမျောပါး ဖြစ်နေသည်ကို အားမနာ။ တစ်ချက်ဆဲပြီး နံဘေးကို ခြေထောက်ဖြင့် တစ်ချက်ကစ်သွားသေးသည်။

ထိုအုပ်စု ပြန်ထွက်သွားမှ ဒယီးဒယိုင်ထပြီး ကိုနိုင်တို့ အိမ်ဘက် ပြန်လျှောက်လာခဲ့သည်။ သည်ပုံ သည်ပန်းနှင့် ကျွန်တော် အိမ်မပြန်ရဲတော့။

"ကိုနိုင်....ကိုနိုင်"

ကျွန်တော်က ရသမျှအသံကလေး ခြစ်ချုပ်၍ အော်ပြီး ကိုနိုင့်ကို ခေါ်လိုက်သည်။ ကျွန်တော့် ထူးခြားသော အသံကြောင့်လားမသိ။ ကိုနိုင် ကမန်းကတမ်း ပြေးထွက် လာသည်။

"ဟင်.... ဘယ်လိုဖြစ်တာလဲ ဖိုးညို"

"ဟို-ပျဉ်ထောင်တန်းလျားက ကောင်တွေ ကိုနိုင်"

ကျွန်တော် ဒါပဲပြောရသေးသည်။ ကိုနိုင် ဖျတ်ခနဲနောက်လှည့်၍ ဧည့်ခန်းမှာချိတ်ထားသော ငှက်ကြီးတောင်ကို ပြေးဖြုတ်ပြီး ကျွန်တော့်ကို ဖြတ်၍ ပြေးဆင်း သွားတော့သည်။

"ငါ့နောက်လိုက်ခဲ့ ဖိုးညို"

ကိုနိုင်ပြေးအဆင်း ကိုနိုင့်နောက်က ပါလာသော သူငယ်ချင်း သုံးယောက်ကလည်း ကျွန်တော့်ပုံကိုမြင်ပြီး ဘာမပြောညာမပြော ကိုနိုင့်ညီ အခန်းထဲမှ ဓားတစ်လက်စီဆွဲ၍ ကျွန်တော့်ကိုလည်း တစ်လက်ပေးပြီး....

"လာ လိုက်ခဲ့ ဖိုးညို။ ဒီကောင်တွေကိုအပြတ်ရှင်းမယ်"

ဆိုပြီး ပြေးလိုက်သွားတော့သည်။

ကျွန်တော် နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာခဲ့သည်။ ဟိုရောက်တော့ ကိုနိုင် ကြိမ်းနေလေပြီ။



"....တွေ ထွက်ခဲ့။ .... သားတွေ ကလေးကို အနိုင်ကျင့်လွှတ်တယ်။ ဘယ်.... တွေလဲကွ၊ ထွက်ခဲ့။ မင်းတို့တစ်ယောက်မဟုတ်ဘူး အားလုံး ထွက်ခဲ့၊ မင်းတို့ ၂၄ ခန်းစလုံးက ကောင်တွေ....ပဲထင်တယ်"

တစ်နေ့လုံး မင်္ဂလာယူလာ၍လား မသိ၊ ကိုနိုင့် နှုတ်က ပီယဝါစာ ချစ်စဖွယ်သော စကားများ အတုံးလိုက် အတစ်လိုက် ထွက်နေသည်၊

နောက် သုံးယောက်ကလည်း မခေပါ။

"..... တွေ"

"ခုမှ .... ဖြစ်လို့ ထွက်မလာတာလား။ .... တွေ ထွက်ခဲ့"

".... လောက်မှ .... သုံးမကျတဲ့အကောင်တွေ .... တွေ"

ပါးစပ်ကအော်လည်းအော်၊ တိုက်ခန်းများရှေ့မှ တွေ့သမျှ သစ်ပင်များကို အကုန်ခုတ်ပစ်နေသည်။

" .... တွေ့မယ်"

ကိုနိုင့်စိတ်က ကမ္ဘာကျော် ဖြစ်နေ၍လားမသိ။ပျဉ်ထောင်တန်းလျားဘက်မှ တစ်ယောက်မှ တုတ်တုတ်မလှုပ်။ အားလုံး ငြိမ်နေသည်။

ငြိမ်မနေသည်က သုံးထပ်တိုက်မှလူများ။ အားလုံး ဝရန်တာများမှ ထွက်၍သည်းကောင်း၊ ပြတင်းပေါက်များဖွင့်၍လည်းကောင်း ကျွန်တော်တို့ကို ဝိုင်းကြည့်နေတော့သည်။

ကျွန်တော်တို့ သူရဲကောင်း ငါးယောက်ကတော့ ဓားကိုယ်စီနှင့် တိုက်မီးရောင်အောက်တွင် သောင်းကျန်းနေကြသည်။ တန်းလျားရှေ့မှ သစ်ပင်များလည်း ကုန်လုပြီ။ ဘယ်သူမှလည်း ကျွန်တော်တို့နား မကပ်ရဲသဖြင့် ခပ်ဝေးဝေးမှပင် ကြည့်နေကြသည်။

ကျွန်တော့်ရင်ထဲ စိုးရိမ်မှုလေးနှင့်အတူ ကျေနပ်မှုလေး နည်းသွားရ၏။ စုန္ဒယ် မနာလိုခြင်း ဖြစ်လျှင် ကျွန်တော် ပွပြီ။

*

တကယ့် ပွဲကတော့ မင်္ဂလာအဆောင်မှ အပြန်တွင် စ,သည်။

ထိုနေ့က မင်္ဂလာဆောင်ဟိုတယ်တွင် တစ်ညလုံး ကူလုပ်။ ပွဲပြီးတော့ အိမ်အထိ ပါသွားသည်။ ည,ရှစ်နာရီ၊ ကိုးနာရီလောက်တွင် ကိုနိုင်တို့အိမ်မှ ကျွန်တော် ပြန်ခဲ့သည်။

ကိုနိုင်တို့အိမ်မှ အထွက် ရေစင်ကြီးကို လှမ်းမြင်လိုက်ရသဖြင့် ရင်ဘတ်ကို မသိမသာ စမ်းမိလိုက်တည်။ ကျက်နေပြီဖြစ်သော်လည်း အနာများက ဖိုလျှင် နာနေဆဲ။

ကိုနိုင်တို့ အိမ်ရှေ့ တော်တော်လေးအလွန်တွင် မှောင်ရိပ် သစ်ပင်ကွယ်မှ လူသုံးယောက် ထွက်လာသည်။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ အန္တရာယ်-ဆိုသည်ကိုတော့ ချက်ချင်း သိလိုက်၏။ကိုညွန့်နှင့် သူ့ သူငယ်ချင်းနှစ်ဦး။

ဘာဖြစ်တော့မည် ဆိုသည်ကို ကျွန်တော် သိပ်စဉ်းစားနေစရာ မလို။သည်အချိန် သည်နေရာမျိုးမှာ သည်အမူအရာမျိုးက ဘာလုပ်ရန်ဖြစ်သည်ဆိုသည်ကို လူပိန်းတောင် နားလည်သည်။

သုံးယောက်က ကျွန်တော့်ရှေ့ ပိတ်၍ ရပ်လိုက်သည်။

"သိပ်ပျော်လာတယ်ပေါ့ ဟုတ်လား"



ရိုလိုက်သော ကိုညွန့်ထံမှ အရက်နံ့ နည်းနည်း ရလိုက်သည်။ သို့သော် အလွန်အကျွံ မူးနေပုံတော့မရ။ ကျွန်တော်က လေအေးအေးနှင့်....

"အချင်းချင်းတွေ ပြဿနာမရှာပါနဲ့ ကိုညွန့်ရာ။ ကျွန်တော့် ဘာသာ ကျွန်တော် ပြန်ပါရစေ"

"ကဲ.... ပြန်ကွာ"

ဘာမပြော ညာမပြော ကျွန်တော့်မျက်နှာဆီ လက်သီးတစ်လုံး ဝင်လာသည်။ အမှတ်တမဲ့မို့ လက်သီးက ကျွန်တော့်ပါးချိတ်ကို ပယ်ပယ် နယ်နယ် နှာထည့်လိုက်သည်။ ကျွန်တော်တဇပတ်လည်၍ လဲသွား၏။

နဂိုက အေးအေးဆေးဆေး တောင်းပန်တန် တောင်းပန်၍ ပြန်မည်ဟု ဆုံးဖြတ်ထားသော်လည်း 'အသားထိပြီမို့ ကျွန်တော် ခေါင်းထဲ ဆူဝေသွားသည်။ အားမျှသည် မမျှသည် ကျွန်တော် မစဉ်းစားတော့။ ကပျာကယာလူးလဲထ၍ ကိုညွန့်ကို ပြေးထိုးတော့သည်။

သို့သော်....ဒေးဗစ်ချန်းလည်းမဟုတ်၊ တီလုံးလည်းမဟုတ် ရွှေဘလည်း မဟုတ်သော ကျွန်တော်မှာ သုံးယောက်-တစ်ယောက်၊ ကိုယ့်ထက်အကောင်ကြီးများနှင့် တွေ့သဖြင့် ငါးဖယ်တေသလို အတေခံရတော့သည်။

လက်သီးများက ကျွန်တော့်မျက်နှာနှင့် ဗိုက်ကိုဖွဲ့ အိတ်ထိုးသလို ထိုးတော့သည်။ နောက်ဆုံး မတတ်နိုင်သဖြင့် ကျွန်တော် ကိုယ်ကိုခွေချလိုက်၏။

"ခွေးမသား"

သည်မှာ သေလုမျောပါး ဖြစ်နေသည်ကို အားမနာ။ တစ်ချက်ဆဲပြီး နံဘေးကို ခြေထောက်ဖြင့် တစ်ချက်ကန်သွားသေးသည်။

ထိုအုပ်စု ပြန်ထွက်သွားမှ ဒယီးဒယိုင်ထပြီး ကိုနိုင်တို့ အိမ်ဘက် ပြန်လျှောက်လာခဲ့သည်။ သည်ပုံ သည်ပန်းနှင့် ကျွန်တော် အိမ်မပြန်ရဲတော့။

"ကိုနိုင်....ကိုနိုင်"

ကျွန်တော်က ရသမျှအသံကလေး ခြစ်ချုပ်၍ အော်ပြီး ကိုနိုင့်ကို ခေါ်လိုက်သည်။ ကျွန်တော့် ထူးခြားသော အသံကြောင့်လားမသိ။ ကိုနိုင် ကမန်းကတမ်း ပြေးထွက် လာသည်။

"ဟင်.... ဘယ်လိုဖြစ်တာလဲ ဖိုးညို"

"ဟို-ပျဉ်ထောင်တန်းလျားက ကောင်တွေ ကိုနိုင်"

ကျွန်တော် ဒါပဲပြောရသေးသည်။ ကိုနိုင် ဖျတ်ခနဲနောက်လှည့်၍ ဧည့်ခန်းမှာချိတ်ထားသော ငှက်ကြီးတောင်ကို ပြေးဖြုတ်ပြီး ကျွန်တော့်ကို ဖြတ်၍ ပြေးဆင်း သွားတော့သည်။

"ငါ့နောက်လိုက်ခဲ့ ဖိုးညို"

ကိုနိုင်ပြေးအဆင်း ကိုနိုင့်နောက်က ပါလာသော သူငယ်ချင်း သုံးယောက်ကလည်း ကျွန်တော့်ပုံကိုမြင်ပြီး ဘာမပြောညာမပြော ကိုနိုင့်ညီ အခန်းထဲမှ ဓားတစ်လက်စီဆွဲ၍ ကျွန်တော့်ကိုလည်း တစ်လက်ပေးပြီး....

"လာ လိုက်ခဲ့ ဖိုးညို။ ဒီကောင်တွေကိုအပြတ်ရှင်းမယ်"

ဆိုပြီး ပြေးလိုက်သွားတော့သည်။

ကျွန်တော် နောက်မှ ခပ်ဖြည်းဖြည်း လိုက်လာခဲ့သည်။ ဟိုရောက်တော့ ကိုနိုင် ကြုံးနေလေပြီ။



"....တွေ ထွက်ခဲ့။ .... သားတွေ ကလေးကို အနိုင်ကျင့်လွှတ်တယ်။ ဘယ်.... တွေလဲကွ၊ ထွက်ခဲ့။ မင်းတို့တစ်ယောက်မဟုတ်ဘူး အားလုံး ထွက်ခဲ့၊ မင်းတို့ ၂၄ ခန်းစလုံးက ကောင်တွေ....ပဲထင်တယ်"

တစ်နေ့လုံး မင်္ဂလာယူလာ၍လား မသိ၊ ကိုနိုင့် နှုတ်က ပီယဝါစာ ချစ်စဖွယ်သော စကားများ အတုံးလိုက် အတစ်လိုက် ထွက်နေသည်၊

နောက် သုံးယောက်ကလည်း မခေပါ။

".... တွေ"

"ခုမှ .... ဖြစ်လို့ ထွက်မလာတာလား၊ .... တွေ ထွက်ခဲ့"

".... လောက်မှ .... သုံးမကျတဲ့အကောင်တွေ .... တွေ"

ပါးစပ်ကအော်လည်းအော်၊ တိုက်ခန်းများရှေ့မှ တွေ့သမျှ သစ်ပင်များကို အကုန်ခုတ်ပစ်နေသည်။

".... တွေ့မယ်"

ကိုနိုင့်စိတ်က ကမ္ဘာကျော် ဖြစ်နေ၍လားမသိ။ပျဉ်ထောင်တန်းလျားဘက်မှ တစ်ယောက်မှ တုတ်တုတ်မလှုပ်။ အားလုံး ငြိမ်နေသည်။

ငြိမ်မနေသည်က သုံးထပ်တိုက်မှလူများ။ အားလုံး ဝရန်တာများမှ ထွက်၍သည်းကောင်း၊ ပြတင်းပေါက်များဖွင့်၍လည်းကောင်း ကျွန်တော်တို့ကို ဝိုင်းကြည့်နေတော့သည်။

ကျွန်တော်တို့ သူရဲကောင်း ငါးယောက်ကတော့ ဓားကိုယ်စီနှင့် တိုက်မီးရောင်အောက်တွင် သောင်းကျန်းနေကြသည်။ တန်းလျားရှေ့မှ သစ်ပင်များလည်း ကုန်လုပြီ။ ဘယ်သူမှလည်း ကျွန်တော်တို့နား မကပ်ရဲသဖြင့် ခပ်ဝေးဝေးမှပင် ကြည့်နေကြသည်။

ဆဲလိုက်၊ ခုတ်လိုက်၊ အော်သိုက်၊ ကြိမ်းလိုက် လုပ်သည်မှာ နာရီဝက်လောက် ကြာသွားသည်။ တစ်ဘက်မှ ဘာမှ မထူးခြားလာ။ ထို့ကြောင့် ကိုနိုင်က စိတ်မရှည်တော့သဖြင့်....

"အေး....ကြောက်တွေ"

ဆိုပြီး ကျွန်တော်တို့ဘက် ခေါင်းဆတ်ပြ၍ လှည့်ပြန်လာကြသည်။

ကျွန်တော် အိမ်မပြန်ရသေးသဖြင့် ကိုနိုင့်အိမ် လိုက်လာခဲ့သည်။ ကျွန်တော် ဒဏ်ရာများကို ရေနွေးနှင့်ဆေး၊ ဆေးထည့်လုပ်နေချိန်တွင် အိမ်ရှေ့မှ အသံတစ်ခု ကြားရသည်။

"ကိုကိုနိုင်၊ ခဏဗျာ။ ကျွန်တော်တို့ ရပ်ကွက်လူကြီးတွေပါ"

ကိုနိုင်က ချထားသော ဓားကို ဆုပ်ကိုင်မလို လုပ်ပြီးမှ ရပ်ကွက်လူကြီးများ အသံကြား၍ ပြန်ချထားလိုက်သည်။

အိမ်ရှေ့မှ အုပ်စုတစ်စုလုံး အိမ်ပေါ် တက်လာသည်။ စောစောက ဓားဆွဲလိုက်လာသည့် သုံးယောက်ထဲမှ ကရင်ကြီးကတော့ နည်းနည်းမှ မကြည်သည့် မျက်နှာဖြင့် လှမ်းကြည့်နေသည်။

တစ်အုပ်စုလုံး အိမ်ထဲရောက်လာ၍ ကြည့်လိုက်သည့် အခါ နောက်ဘက်တွင် ကျွန်တော့်ကို ရေရေလည်လည် ဖြိုသွားသည့် ကိုညွန့်နှင့် အပေါင်းပါ နှစ်ယောက်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်သွားသည်။

"ဟို....သုံးကောင် ကိုနိုင်၊ ကျွန်တော့်နှိပ်တာ"

ကိုနိုင်ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ကိုနိုင့် မျက်လုံးများက စူးရှတောက်ပြောင်နေသည်။



"ခဏနေပါဦး၊ မောင်ညိုထွန်းနောင်။ ဦးတို့ ဒီကိစ္စကို ဖြေရှင်းပေးမလို့ လာတာပါ။ အဖြစ်အပျက်ကိုလဲ ဦးတို့ သိပြီးပါပြီ"

"ကဲ....အခု ဘာလုပ်မလို့လဲ ပြောပါ"

ကိုနိုင့်အသံက မမာသော်သည်း ဆတ်နေသည်။ ကိုနိုင် အမေးကြောင့် ရပ်ကွက်လူကြီးတစ်ဦးက....

"ဒီကမောင်ညွန့်နဲ့ ကလေးတွေက တောင်းပန်မလို့ပါ မောင်ကိုကိုနိုင်"

ကိုနိုင်၏ မာသွားသော မျက်နှာက ကိုညွန့်တို့သုံးယောက်ထံ ရောက်သွားသည်။ ထို့နောက် ရပ်ကွက်လူကြီးများဆီ ပြန်ရောက်သွားသည်။ ထို့နောက် ကျွန်တော့်ဘက်သို့ ပြန်လှည့်လာ၍–

"ဟေ့ကောင် ဖိုးညို၊ ဟိုကောင်တွေ တောင်းပန်ရင် မင်း ကျေနပ်မလား"

"ဆောရီးပဲ ကိုနိုင်။ ကျွန်တော် ပြန်ချရမှ ကျေနပ်မယ်"

ကျွန်တော် အမှန်အတိုင်းပင် ပြောလိုက်၏။ တောင်းပန်လို့ ဒါမျိုးက ကျေလို့မရ။ ဘာကောင်ကြီးဖြစ်ဖြစ် ပြန်ချရမှ ကျွန်တော့် စိတ်က ကျေနပ်မည်။

ကိုနိုင်က အရပ်လူကြီးများဘက်ပြန်လှည့်၍–

"ကဲ ဦးလေးတို့ ကြားတဲ့အတိုင်းပဲ။ တောင်းပန်မနေနဲ့တော့။ ခုကိစ္စမှာ ဦးလေးတို့ဝတ္တရားရှိတဲ့အတိုင်းလုပ်။ နောက်ကိစ္စကျရင်လဲ ဒီလိုပဲလုပ်။ ကျွန်တော့်ကောင် ခံထားရတာလဲ ကြည့်ပါဦး"

လူကြီးများ ပျာပျာသလဲဖြစ်သွား၍–

"မဟုတ်သေးဘူးလေ မောင်ညိုထွန်းနောင်။ ဒီကိစ္စကို ဦးတို့ ဥပဒေအတိုင်း လုပ်ပေးပါ့မယ်။ ပြီးတော့ ဒီသူငယ်တွေကလဲ သူတို့ ရှိခိုးရ ရှိခိုးရ တောင်းပန်ပါ့မယ်လို့ ပြောထားတာပဲ။ ကျေနပ်လိုက်ပါကွာ။ ဦးတို့မျက်နှာလဲ ရှိပါသေးတယ်"

ကျွန်တော့်ကို လှမ်းပြောလိုက်သော ပုဂ္ဂိုလ်က စုန္ဒယ်တို့ဘေးခန်းမှာနေသူ။ ကျွန်တော် နည်းနည်း တွန့်သွား၏။ ဒေါ်စုစုများ ပြန်ကြားရင်....

"ဒါဖြင့် ထိုင်ကန်တော့ခိုင်းဗျာ"

သည်လောက်တော့ ဟိုကောင်တွေ လုပ်မည်မထင်သဖြင့် စွတ်ရွတ်ပြောဆည့်လိုက်သည်။

သို့သော် အခြေအနေက ထင်ထားသလိုမဟုတ်။

ထိုပုဂ္ဂိုလ်ကလှည့်၍....

"ကဲ....မောင်ရင်တို့။ ထိုင်ကန်တော့ရင် ကျေနပ်မယ်လို့ ပြောနေတယ်"

ကိုညွန့်မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ကျန်နှစ်ယောက်က ခေါင်းငုံ့ထား၏။ ကိုညွန့်က ဣန္ဒြေပြန်ဆည်လိုက်ပြီး....

"ကျွန်တော်တို့ ကန်တော့ပါ့မယ်။ ကိုကိုနိုင့်ကိုသာ ကျွန်တော်တို့ကို ရန်မပြုဖို့ ပြောပေးပါဦး"

ကျွန်တော့် စိတ်ထဲ ရယ်ချင်လာသည်။ ကြောက်မယ့် ကြောက်တော့လည်း ကြောက်လိုက်ကြသည်မှာ သူတို့အပြင် မရှိတော့။ မကြောက်လည်း နေလေ။ ခုချိန်မှာတော့ မရှိတော့သော်လည်း ဟိုတုန်းက စိန်ဂေါ်လီထိပ်သီး ဆယ့်ခုနစ်ယောက်စာရင်းတွင် ကိုနိုင် သိပ် နံပါတ်မငယ်လှ။



သည့်မှာ ဘေးက ခုထိ ဘာမှဝင်မပြောသေးဘဲ ရပ်ကြည့်နေသော ကိုနိုင့်အဖေက–

"ကဲကွာ ဒီလောက်တောင်းပန်နေပြီပဲ ကျေနပ်လိုက်ပါ"

ပြောရင်း ဆိုရင်းပင် ကျွန်တော့် အိမ်မှ ဖေဖေနှင့်မေမေ အိမ်ပေါ်တက်လာသည်။

"သား ဘာဖြစ်သွားသေးလဲဟင်။ အို....အညိုအမည်း ဒဏ်ရာတွေကလဲ မနည်းပါလား"

မေမေက ကျွန်တော့်မျက်နှာမှ ဒဏ်ရာများကိုကြည့်၍ မျက်ရည်များ ဝိုင်းလာသည်။ ဖေဖေကမူ အရပ်လူကြီးများကို အကျိုးအကြောင်း မေးနေသည်။

"အဲဒါပါပဲ ဦးစိုးနောင်။ ဒီကလေးတွေကလဲ သူတို့ထိုင်ကန်တော့ပြီး တောင်းပန်ပါမယ်တဲ့။ အဲဒါ ဦးစိုးနောင်ရော၊ မောင်ညိုထွန်းနောင်ပါ ကျေနပ်ကြပါလို့ ကျွန်တော်တို့ပါ တောင်းပန်ပါတယ်"

ပြောပြောဆိုဆိုနှင့် ကိုညွန့်တို့လူသိုက်ကို ရှေ့ထုတ်လိုက်သည်။ ကိုညွန့်မျက်နှာမှာ ရဲတွတ်နေသည်။ အံကိုလည်းကြိတ်ထား၏။ သူ့ သူငယ်ချင်း နှစ်ယောက်မှာလည်း မည်းနေသော မျက်နှာများနှင့် ထိုင်ချလိုက်သည်။

ကိုညွန့်က ကန်တော့ရန် လက်အုပ်ချီလိုက်သည်။

ဖြုံးခနဲ ဖျတ်ခနဲလှုပ်ရှားလိုက်သူက ကရင်ကြီး။ လက်ထဲတွင် ဘယ်အချိန်က ရောက်နေမှန်းမသိသော ဓားရှည်ဖြင့် လှမ်းခုတ်ချလိုက်သည်။

"ခွေးမသား သေပေတော့"

"ဟော....မလုပ်နဲ့၊ မလုပ်နဲ့"

သူတို့ထဲမှ လက်လျင်သော လူတစ်ယောက်က ကရင်ကြီး လက်ကို ဇွမ်းဆွဲလိုက်သဖြင့်သာ ဓားသည် ကိုညွန့်ဇက်ပေါ် တည့်တည့်ကြီး ကျ,မသွား။

နောက်နှစ်ယောက်က ဆံတ်ခနဲ ထ,ပြေးတော့သည်။

အိမ်ပေါ်မှာ ရှုတ်ရုတ်သဲသဲ ဖြစ်၍မှ မပြီးသေး။ အိမ်အောက်မှလည်း ရှုတ်ရုတ်သဲသဲအသံများ ကြားရပြန်သည်။

"ဖယ်စမ်းပါ ကျုပ်ကိုလွှတ်ပါ။ ဒီကောင်တွေ အသေရှင်းမှဖြစ်မယ်"

"မလုပ်နဲ့ ကိုထွန်းသိမ်း လွန်ကုန်မယ်"

ကျွန်တော် သိလိုက်ပါသည်။ ပြဿနာက မပြီးသေး။ ကျွန်တော့်ဘက်မှ မကျေနပ်ကြသော ကိုထွန်းသိမ်းတို့ နှစ်ယောက်က ဟိုနှစ်ကောင်ကို အဆင်းကိုစောင့်ပြီး ဆီးခုတ်ကြခြင်း ဖြစ်ပေလိမ့်မည်။

ကိုထွန်းသိမ်းနှင့်တွေ့လျှင် မလွယ်။ သူ့ကို သူ့အပေါင်းအသင်းများက အကန်းဟု ခေါ်သည်။ မျက်မှန်တပ်ထားသောကြောင့်ပင်။ သို့သော် ရန်ဖြစ်ပြီဆိုလျှင် သူ့မျက်မှန်ချွတ်ပြီး မမြင်မကန်းနှင့် တွေ့ရာလူ ရမ်းခုတ်၊ ရမ်းထိုးတတ်သည့်ပုဂ္ဂိုလ်။

နောက်ဆုံး စာရင်းချုပ်တော့ အဲဒီနေ့က ပြဿနာများစွာ ဖြစ်သွားသည်။တစ်ဝင်းလုံးမှာလည်း ကျွန်တော့်နာမည် ရှေ့ဦးကပ်၍ ကျွန်တော်တို့အဖွဲ့၏ မိုက်ရိုင်းမှုများ၊နာမည်ထွက်လာသည်။

စုန္ဒယ်အမေ ဒေါ်စုစုကြီး မျက်နှာက ခါတိုင်းထက် ပိုတင်းသွားတော့သည်။



စုန္ဒယ်ပင် ကျွန်တော်နှင့် တွေ့လျှင် မျက်နှာလွှဲသွားတော့၏။

မင်းသားနေရာက က,ရမည်ထင်သည့်ဇာတ်မှာ တဖြည်းဖြည်း လူကြမ်းဖြစ်မှန်းမသိ ဖြစ်လာသည်က ကျွန်တော်။

ဩော်....ကံ ထူးစွ။

*

(၇)

''မင်း ပြဿနာက မလွယ်ပါလား ဖိုးညိုရာ''

''အဲဒါကြောင့် ခက်တယ်ပြောတာပေါ့ ဇော်မိုး ရာ။ ဘယ်လိုတွက်တွက် ငါ့ဘက်က ခံလဲခံရသေးတယ်။ နာလဲ နာ။ နံလဲနံဆိုဘာလို ဖြစ်နေတာ''

ဇော်မိုးက ကျွန်တော့်ကိုကြည့်၍ စိတ်ပျက်သည့်ပုံစံဖြင့် ခေါင်းကုတ်လိုက်သည်။ ပြီးမှမျက်လုံးလှန်၍ စဉ်းစားလိုက်ရင်း....

''အခုနက ဒီကိစ္စအားလုံးကို ပြန်တွက်ကြည့်ရင် မင်းနဲ့ စုန္ဒယ်ကြားမှာ ဘာပြဿနာမှ မရှိတာကတော့အမှန်ပဲ။ သူနဲ့ ကော တိုက်ရိုက်တွေ့ပြီးပြီလား''

ကျွန်တော် ရယ်လိုက်မိ၏။ အပျော်ရယ်မဟုတ်သဖြင့် ကျွန်တော့် အရယ်က ပုံမကျပန်းမကျဖြစ်နိုင်မှန်းတော့ သတိထားမိလိုက်၏။



''ပြဿနာက ဒါလောက်နဲ့ပြီးရင်တော့ ဒါလောက် ဆိုး သွားမှာ မဟုတ်ဘူးပေါ့ကွာ။ ခုဟာက''

ကျွန်တော့် စကား မဆုံးခင် ဇော်မိုးက ကြားဖြတ်၍-

''ဘာလဲ ပြဿနာက မပြီးသေးဘူးလား''

ကျွန်တော် ခေါင်းခါလိုက်သည်။

''မင်းက စကား ဖြတ်ဖြတ်ပစ်တာကိုးကွ။ ဘယ်ပြီးဦးမှာ လဲ၊ ဒါလောက်နဲ့ငါက ဘာကြောင့် စိတ်လျှော့ရမှာလဲ။ နောက်ပြဿနာက ရှေ့ပြဿနာထက် ပိုရှုပ်သွားလို့''

''လုပ်စမ်းပါဦးကွာ။ အစအဆုံး နားထောင်ရတော့ ဇာတ်ရည်လည်တာပေါ့''

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ပြီးမှ....

''မင်းစကားတော့ ဖြတ်ဖြတ်မပြောနဲ့''

*

''ဟော့ ကောင် ဖိုးညို။ ဟောဟိုကလာတာ မင်းနဲ့ရန်ဖြစ် တဲ့အကောင် မဟုတ်လား''

အောင်သူက လှမ်းပြောလိုက်သဖြင့် ဝရန်တာသံတိုင် ကြားမှ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကျွန်တော်တို့ နေ ရာက အမြင့်မှာ ရောက်နေသဖြင့် အတော်ဝေးဝေး လှမ်းမြင် နေရသည်။ ဝေးသော်လည်း ကျွန်တော်မလွဲနိုင်ပါ။ မှောင် သော်လည်း ဓာတ်မီးတိုင်အောက်မှာ ဒီနှစ်ကောင်ကို ကျွန် တော် မမှားနိုင်ပါ။

''သိပ် သေချာတာပေါ့''

"သွား နှိပ်မလား"

ကျွန်တော် ခဏ စဉ်းစားလိုက်၏။

"ချမယ်။ မင်းနေခဲ့"

အောင်သူက ဖြုန်းဆို ထ,ရပ်လိုက်သော ကျွန်တော့် လက်ကို လှမ်းဆွဲပြီး....

"ဟေ့ ဇကောင် ငါပါ သိုက်ခဲ့မယ်လေ"

"ကျစ် နေစမ်းပါ။ ငါပြြဿနာ ငါရှင်းပါ့မယ်။ မင်း အေးအေးထိုင်နေ အောင်သူ။ ဒီနှစ်ကောင်ကို ငါထိန်းနိုင်ပါ တယ်"

ပြောပြောဆိုဆိုနှင့် ကျွန်တော့် အခန်းထဲမှ ငှက်ကိုယူ၍ ပြေးဆင်းလာခဲ့သည်၊ သဘောသိလျှင် သည်နှစ်ကော လောက်တော့ ဂရုစိုက်စရာမလို။

ကျွန်တော် ခပ်သွက်သွက်ပြေးဆင်း၍ သူတို့လာရာလမ်း ဘက် မှောင်ရိပ် သစ်ပင်ကိုကွယ်၍ စောင့်နေလိုက်သည်။

လူမှားမည်စိုး၍ ခေါင်းပြူကြည့်လိုက်ရာ ငနဲသား နှ ကောင်က ကားမှတ်တိုင်ဘက်ရှိ ကွမ်းယာဆိုင်တွင် ဘာဝ လုပ်မှန်း မသိ။ ဝင်နေသည်။ ကျွန်တော် စိတ် ရှည် ရှည် နှ စောင့်နေရန် ဆုံးဖြတ်ပြီး အကဲခတ်နေလိုက်၏။ ကျွန်တေ ရှိနေမှန်းတော့ သူတို့မသိနိုင်။ သူတို့က ဘာတွေမို့ လို့ သိ မည်နည်း။

ဖြုန်းခနဲ ကားမီးရောင်တစ်ခုက ကျွန်တော့် ဘက်ဝ လာသဖြင့် ကျွန်တော် ခေါင်းလျှို လိုက်သည်။ ကားမှတ်တို နား ဖြစ်နေသဖြင့် ဟီးနိုးကားမီးရောင်က အတော်ကြာကြ ထိုးပြီးသား ဖြစ်နေသည်။



ကျွန်တော်က သစ်ပင်ရိပ် ပြန်ကွယ်ရင်း ဓားကို တင်း တင်း ဆုပ်ကိုင်လိုက်မိသည်။

လူမိုက် လူရမ်းကားဟု ပြောလျှင်လည်း ခံရရုံသာရှိမည်။ ကျွန်တော့် စိတ်ထဲမှာ ဒီကောင်တွေကို ဘယ်တော့မှ မကျေ။ သူတို့နှိပ်စက်သွားသော လက်ဆောင်မွန်များသည် တစ်ပတ် လောက်အထိ ကျွန်တော့် ကို ဒုက္ခပေးနေခဲ့၏။

ပြန်တွေးကြည့်တိုင်းလည်း ဒေါသအလိပ်လိပ်ပွားသည်။

သူတို့ အသက်အရွယ်မှ အားမနာ။ သုံးယောက်ပြူးကြီး။ ကျွန်တော့် ကိုချုပ်၍ တွယ်ချင်သလို တွယ်သွားကြသည့် ပုံ များကို မျက်လုံးထဲမှ မထွက်။

ဒီကောင်တွေ အဲဒါတစ်ချက် အဘွက်မှားသွားသည်။

ကျွန်တော်လိုကောင်မျိုးက မြွေပွေးလိုကောင်။ အပြတ် ရှင်းပစ်ခဲ့ရင် ရှင်းပစ်ခဲ့။ အဲ....အသက်နှင့် ထားခဲ့လျှင်တော့ ဒီကောင်တွေ နောင်ရေးက မလွယ်။

စုန္ဒယ်နှင့် ပတ်သက်သည့် ကိစ္စက အလိုလို ဒေါသဝင်နေ ရသည့်ကြားထဲဆိုတော့ ကျွန်တော့် စိတ်ထဲတွင် သည်နေ့ သည်ကောင်တွေ မိလိုက်ရင်တော့ မချောင်။ အပြတ်ဖြတ်ဖို့ အလိုလို စိတ်ပိုင်းပြီးသား ဖြစ်နေ၏။

ကားမီးရောင်နှင့် လူရိပ်ရှည်ရှည်လျားလျားနှစ်ခု ပေါ် လာပြီး ဟီးနိုးကားက ကျော်တက်သွားသည်။

ကျွန်တော် ငြိမ်၍စောင့်နေသည်။ နားကိုတော့ အစွမ်း ကုန် စွင့်ထား၏။ နားထဲတွင် ခြေသံသဲ့သဲ့ ရလာသည်။ သေ ချာသည်။ နှစ်ယောက်ခြေသံ။ ကျွန်တော် အသက်ပင် မရှူ တော့ဘဲ ငြိမ်၍စောင့်နေသည်။

ခြေသံက တဖြည်းဖြည်း နီးလာသည်။

ကျွန်တော့် အကွယ်နား ခြေသံအရောက် ကျွန်တော့် စိတ်ထဲမှ တိုင်မင် တစ်–နှစ်–သုံး ချိန်၍ သုံးအဆုံး ဝုန်းခနဲရှေ့ ထွက်ပြီး ဓားနှင့် တအားသိမ်းလွှဲလိုက်သည်။

"…. တွေ၊ သေဟ"

အော်လည်းအော်၊ ခုတ်လည်းခုတ် လုပ်ရန် လွှဲလိုက်သော ကျွန်တော့် လက်သည် တန့်ခနဲရပ်သွား၏။ အော်သာ အော်မိသွားသည်။ ဓားက ရပ်သွား၏။

ကျွန်တော့် မျက်စိ၊ ကျွန်တော်မယုံ။ ကျွန်တော့် ရှေ့မှာ ရောက်နေသူများက စုနွယ်နှင့် သူ့ အမေ ဒေါ်စုစု။

လန့်ဖျပ်၍ သူဘို့နှစ်ယောက်ကလည်း အသံခြစ်၍ အော်လိုက်ကြသည်။ သွားပြီ။

သူတို့နောက်မှ ကပ်လိုက်လာသော နှစ်ယောက်ကတော့ တကြိုးတည်း သုတ်တော့သည်။ ကျွန်တော့် မှာသာ ဓားကြီး မြှောက်လျက် တိုးလို့ တန်းလန်းနှင့်။

"လူ…. လူမှားသွားလို့ပါ အန်တီ"

ဒေါ်စုစုက ဘာမှပြန်မပြော။ ကျွန်တော့် ကိုသာ စိမ်းစိမ်းကြည့်၍ မျက်နှာမပျက် ဘေးထွက်ဆက်လျှောက်သွားသည်။ စုနွယ်ကတော့ ကျွန်တော့် ကို ရွရှာသော အကြည့်နှင့် တစ်ချက် ကြည့်ပြီး လှည့်ထွက်သွားသည်။

ကျွန်တော့် ရင်ထဲတွင် လက်ထဲကဓားနှင့် ကိုယ့်ကိုယ်ကို စိုက်ချလိုက်ချင်စိတ်သာ ပေါ်နေတော့သည်။

သည်ပွဲက ကြည့်မကောင်းတော့။

*



ရေနစ်သောသူသည် ကောက်ရိုး မျှင်ကလေး တစ်မျှင်ကိုပင် အားကိုးတကြီး ဆွဲယူတတ်သည်ဟု ကြားဖူးသည်။

ရေနစ်သူ ဝါးကူလို့ ထိုးသည်ဟုလည်း ကြားဖူး၏။

နှစ်ခုစလုံး ပြန်တွေးကြည့်လျှင် တစ်ခုမှ သက်သာစရာ တော့ လမ်းမရှိ။

နောက်ဆုံး ကောက်ရိုး တစ်မျှင်တော့ ရလိုရငြား ကြံကြည့်ပါသေး၏။

လောကကြီးကတော့ နည်းနည်းယုတ်မာသည်ထင်သည်။

အခြေအနေ လုံးဝ မကောင်းတော့သည့် အချိန်တွင် အခွင့်အလမ်းများ များစွာဖန်တီးပေးတတ်၏။

အဘွားကြီးသည် ကျွန်တော်နှင့်ပတ်သက်၍ စုနွယ် တိမ်းညွတ်မည်ကို လုံးဝပင်မစိုးရိမ်တော့ဟု ထင်သည်။ စုနွယ်ကို မူလအခြေအနေအတိုင်း ပြန်ခွင့်ပေးလိုက်တော့သည်။

ကျောင်းကားနှင့် ကျောင်းတက်။ ကျူရှင် အကြိုအပို့ မလုပ်တော့။ ကျွန်တော့် အတွက် သူ့ သမီး စိတ်အေးသွား၍လား၊ ဟိုညက ကားပျက်သဖြင့် ဘတ်စ်ကားနှင့် ပြန်လာပြီး ကတည်းက ကား ပြန်မတောင်းသေး၍လားတော့ မပြောနိုင်။

ကျွန်တော် အကြိမ်ကြိမ် ကြိုးစားကြည့်မိပါ၏။

"စုနွယ်"

ကျူရှင်ကအပြန် ကျွန်တော်စောင့်၍ ရှင်းပြတန် ရှင်းပြရအောင် လိုက်ခဲ့သည်။ စုနွယ်က ဘာမှ ပြန်မပြော။ ပကတိ တစိမ်းပြင်ပြင် ကျွန်တော်အနား ရောက်လာသည်ကိုပင် မသိသည့်ပုံ။ လှည့်လည်းမကြည့်။ ဘာမှလည်းမပြော။

"စုနွယ်–ကိုယ်ရှင်းပြပါရစေဦး"

မျက်စိအကြည့်နှင့် မျက်နှာအတင်းက လျော့မသွားသော်လည်း နှုတ်ခမ်းတော့ လှုပ်လာ၏။

"တို့ကို လိုက်မနှောင့်ယှက်ပါနဲ့"

ရင်ထဲ နည်းနည်းအောင့်သွား၏။

"နှောင့်ယှက်တာမဟုတ်ပါဘူး စုနွယ်ရယ်။ တို့မှာ ဘာအပြစ်ရှိလို့လဲ။ တို့ စုနွယ် အကျိုးယုတ်အောင် ဘာလုပ်မိလို့လဲ"

"တော်ပြီဖိုးညို။ နင် ငါ့ကို ဘာမှထပ်မပြောနဲ့။ တို့ နင့်ကို စကားလဲမပြောချင်ဘူး။ နင့်မျက်နှာလဲ မကြည့်ချင်ဘူး။ နင့်အသံကိုလဲ မကြားချင်ဘူး"

စကားလုံးများက ခါးထက်ထက်လိုထက်ရှစွာဝင်ရောက်သွားသည်။ သည်မျက်နှာနှင့် ဆည်အသုံးအနှုန်းသည် ရက်စက်လွန်းလှသည်။

"ဒီလောက် မစိမ်းပါနဲ့ စုနွယ်ရယ်"

"မပြောနဲ့ဆို ဖိုးညို။ ငါ လမ်းမကြီးမှာ အော်ပစ်လိုက်မယ်။ နင် လူစကားနားလည်ရင် ပြန်ဖို့ကောင်းပြီ။ နင် ငါ့ကို ဒီတစ်သက်မပြောနဲ့ ဆယ်သက်တောင် စကားလာမပြောနဲ့၊ ငါ နင့်ကို မုန်းတယ်"

ကျွန်တော့် ခြေလှမ်းများ အလိုလိုတန့်သွားသည်။

ရင်ထဲမှ မာနအခံသည် ကျွန်တော့်ပါးကို ပိတ်ရိုက်လိုက်သလို ဖြစ်သွားသည်။

"ငါ သိပ်အောက်တန်းကျနေပြီလား"

ရင်ထဲမှအသိက တစ္ဆေတစ်ကောင်လို ဖျတ်ခနဲ ချောက်သည်။

"ငါ့ကို သိပ်စော်ကားသွားပြီ"



မြင်ကွင်းများသည် ဝေဝါးသွားသည်။ မျက်ရည် ဝဲလာသည်ဟု ထင်၏။

"တောက်"

တစ်လောကလုံးနှင့် ကျွန်တော်သည် ခုခါ ရန်ဘက် ဖြစ်သွားလေပြီတည်း။

*

"ဟယ်-ဖိုးညို ဘာလာလုပ်တာလဲ။ တစ်ခါမှ မလာစဘူး"

ဖြူသွယ်သန့်စင်သော မျက်နှာကိုကြည့်၍ ကျွန်တော့် စိတ်ဟောင်းလေးတစ်ခု ဖျတ်ခနဲပေါ်လာသည်။

သို့သော် ချက်ချင်း ဖျောက် ဖျက် ပစ် လိုက် သည်။ အဟောင်းဟောင်းတို့ ချုပ်ငြိမ်းရမည်။ သို့မှသာ အသစ်အသစ်တို့ အစားထိုးနိုင်မည်။ မတတ်သာ အသစ်တစ်ခု ဖန်တီးရန် စတေးပစ်တန် စတေးပစ်ရဲရမည်။

ကျွန်တော့် မျက်နှာသည် ပကတိကြည်လင်သော အပြုံးတစ်ခုကို မွေးဖွားယူလိုက်သည်။

"ဘာဖြစ်လို့လဲ ဆင်ဒီ။ တို့ မလာရဘူးလား"

ဆင်ဒီ့ မျက်စောင်းလေးများနှင့် စူယောင်ပြုသော နှုတ်ခမ်းသည် လှ၏။

"ကဲ....လုပ်ပြီ။ ဆင်ဒီက အကောင်းမေးတာပါ ဖိုးညိုရာ။ မပြောချင်လဲနေ။ ဒါဖြင့် တို့ ဘာလုပ်ရမလဲ"

"တို့နဲ့လိုက်ခဲ့"

"ဟင်"

ဆင်ဒီ မျက်လုံးလေးများ ဝိုင်းသွားသည်။ ကျွန်တော် သူ့ကို မမြင်သည်က ပို ကောင်း မည် ထင် ၍ ဘုရားရှိခိုး ကျောင်း မျှော်စင်မြင့်ကြီးကို မော့ကြည့်နေလိုက်သည်။

"ဆင်ဒီက ဘယ်ကိုလိုက်ရမှာလဲ"

"စကော့သွားမလို့။ အဲဒါ ဆင်ဒီနဲ့သွားမလားလို့"

"ကိုယ့်ဟာကိုယ်သွား ပြီးရောဟာ"

လာပြန်ပြီ ဒီတစ်ယောက်ကလဲ။ ဟူး မလွယ်ပါလား။

"ဒါဖြင့်လဲ ပြီးရောဟာ။ တို့ကတော့ တို့တွေ မဆုံရတာ ကြာလို့ စကားလေး ဘာလေး ပြောမလို့ စိတ်ကူးတာ"

အမှန်တကယ် စိတ်ပျက်သွားတာဖြစ်ချင်လည်း ဖြစ်မည်။ သို့မဟုတ် ဟန်ကိုက ကောင်းနေတာလဲ ဖြစ် ချင် ဖြစ် မည်။ တကယ့်ကို ကျွန်တော့် အသံက ချုံးသံပါသွားသည်။

"ဟွန်း....ဖြစ်သွားရပြန်ပြီ။ ကဲပါ လိုက်ပါ့မယ်။ တာက တည်း ကျောင်းဆင်းတာတောင် အိမ်ဖြောင့်ဖြောင့် မပြန် ရဘူး"

ထပ်မူမလို့ ကြံလိုက်သေးသည်။ သို့သော် လုံလောက်ပါ ပြီ။ လိုချင်သည့်ပန်းတိုင် ရောက်ပြီပဲ။

စကော့ဈေးမှာ ကျောက်ကျော သောက်ဖြစ်သည်။ အေး မြနေသော ကျောက်ကျောတုံးကလေးများသည် ရင်ထဲသို့ လျှောခနဲ လျှောခနဲ ဝင်ကြ၏။ ဆင့် ဒီ့ စ ကား လေး များ သည်လည်း ကျောက်ကျောလေးများ ဖြစ်နေ၏။

*



"မှတ်တိုင်ပါတယ်"

ကျွန်တော်က ထ ရပ်လိုက်ပြီး အ ပေါ် လက် တန်း ကို ကိုင်၍ထားလိုက်သည်။ ဆင်ဒီကလည်း လုံချည်နည်းနည်း ဆန့်လိုက်ပြီး ထ ရပ်လိုက်သည်။ ကသီကရိဖြစ်နေသည်ထင်၍ သူ့ လက်ထဲမှ ထမင်းဘူးကို လှမ်းယူလိုက်သည်။

"ရပ်မှ ဆင်းပါ"

ကား ထိုးအရပ် စပယ်ယာ၏အသံကြောင့် ဆင်းရန် လုပ် ထားသော ခြေလှမ်းများ တန့်သွားသည်။

လေးဘီးစလုံး စုန်းစုန်းရပ်မှပင် ကျွန်တော့် ခြေထောက် များ မြေကြီးနှင့် ထိသည်။

"ပေးလေ ဖိုးညို"

"ရပါတယ်"

ဆင်ဒီက ဘာမှမပြော။ ပြုံးပြီးသာ လိုက်လာသည်။ ကျွန်တော်တို့ဝင်းဘက် အကွေ့တွင် ဟိုညက မှောင်ရိပ် ကွယ်မှစောင့်နေသော ပိတောက်ပင်ကြီးကို လှမ်းမြင်လိုက် ရသည်။ ရင်ထဲမှာ နည်းနည်း နာသွား၏။

ထို့ကြောင့် ဆင်ဒီနှင့် ပိုနီးသွားစေရန် မသိမသာ ကပ် လိုက်သည်။

"တို့ ကြက်တောင် မကစားတာ ကြာပြီနော်"

"အင်း"

ကျွန်တော် တည်ငြိမ်နိုင်သမျှ အတည်ငြိမ်ဆုံး ပုံစံဖမ်း၍ အင်းလိုက်သည်။

"စုန္ဒယ်နဲ့ကော တွေ့သေးလား"

"ဟင့်အင်း"

ခေါင်းကို မလှုပ်တလှုပ်သာခါပြရင်း ခပ်မှန်မှန်လျှောက်လာသည်။

ကျွန်တော် ဖြစ်စေချင်သည့်ပုံစံကတော့ အပြည့်ဖြစ်သည်။ ကျွန်တော်က ခပ်မှန်မှန် ခပ်တည်တည်လျှောက်နေသူ၊ ဆင်ဒီက ကျွန်တော့်ကို စကားဖောင်အောင်ပြော၍ မီအောင်လျှောက်လိုက်လာသူ။

တစ်ခုတော့ စိတ်မကောင်း ဖြစ်မိသည်။ သူ့ဘက်က တကယ့်ခင်မင်စိတ်၊ ဘာမှမသိသောစိတ်ဖြင့် ရင်းရင်းနှီးနှီး ဆက်ဆံနေသည်ကို ကျွန်တော်က သက်သက် အမြတ်ထုတ်နေသည့် သဘောရောက်နေသည်။

"ကိစ္စမရှိပါဘူးလေ။ ည,ဘုရားရှိခိုးတဲ့ အခါကျ တော့ ဆင်ဒီ ကို ထည့်ပြီး ဆုတောင်းပြီး တောင်းပန်ယူပါ့မယ်"

ကိုယ့်ဟာကိုယ် ပြန်ဖြေနေရ၏။

"ဟော....အပေါ်မှာ စုန္ဒယ်။ ဖိုးညို အပေါ်မှာစုန္ဒယ်"

စိတ်ထဲက ထိတ်ခနဲဖြစ်သွား၏။ လိုအပ်သော အစီအစဉ်ကတော့ တစ်ရွေးသားမှ မလျော့။ အကုန်ကွက်တိ ဝင်နေသော်လည်း ရင်ထဲမှာ နည်းနည်းတော့ ခုန်နေသည်။ ခုတ်ရာ တလွဲ ရှရာတခြား ဖြစ်ကုန်ရင်တော့ မွတ်ရော။

မတတ်နိုင်ဘူးလေ။ နည်းနည်းတော့ စွန့်စားရမှာပေါ့။

ဆင်ဒီက မော့ကြည့်ပြီး လက်ပြသည်။ ကျွန်တော့်ကိုလည်း လက်မောင်းဆွဲပြီး ပြောသည်။

ကျွန်တော် စုန္ဒယ်ရှိရာသို့ မော့ကြည့်လိုက်ပြီး တစ်ခါမှ မသိသည့် လူတစ်ယောက်ကို ကြည့်သည့်အကြည့်ဖြင့် ပြန်လှဲလိုက်၏။

"ကဲ....ဆင်ဒီသွားမယ် ဖိုးညို"



ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။ လက်ထဲက ထမင်းဘူးကိုလည်း လှမ်းပေးလိုက်သည်။ သည်အချိန် ထိ စုန္ဒယ် ကြည့်နေပါစေဟုလည်း ဆုတောင်းမိ၏။

ဆင်ဒီတိုက်ပေါ်တက်သွားမှ ကျွန်တော်၊ ကျွန်တော်တို့ တိုက်ဘက် ပြန်လှည့်လာသည်၊ အမှတ်တမဲ့ သုံးထပ်သို့ မော့ကြည့်လိုက်သည်။ စုန္ဒယ်၏ ကျောပြင်နှင့် လှုပ်ခါသွားသော ဆံပင်စကို မြင်လိုက်ရ၏။

အောင်ပါစေ ဇေယျတုနှင့် ငွေခရုတော့ သွန်းလိုက်ပေပြီ။

ကမ္ဘာ့ဘုရားများ အားလုံး စောင်မ, ကြည့်ရှုတော်မူပါ၏။

*

"စုန္ဒယ်ကို မနေ့က ဘာလို့ ရယ်မပြတာလဲ"

ကျွန်တော့်မျက်နှာကို ရှုံ့နိုင်လောက်အောင် ရှုံ့ပစ်လိုက်သည်။ ခေါင်းကိုလည်း တစ်ရာ့ရှစ်ဆယ်ဒီဂရီပြည့်လုလု ခါလိုက်ရင်း....

"ဟာ.... နှုတ်မဆက်ချင်ပါဘူး။ သူက သိပ် အထာကိုင်တာ"

ဆင်ဒီက ဆံပင်များ လှုပ်ယမ်းသည်အထိ ရယ်လိုက်၏။ သူ့အရယ်သည် မည်သည့်အဓိပ္ပာယ်ကို ဆောင်နေမှန်း ကျွန်တော် ခရေရေရာရာ မခြေပြာနိုင်။

"သူ့အမေကြောင့်ပါ"

ဖြေရှင်းချက်ဟု ထင်သည်။ ဆင်ဒီက ပြောလိုက်၏။ ကျွန်တော် ရုတ်ချည်းသဘောပေါက်ဖို့ မလွယ်။

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့။ သူ့အမေက သူ့ကို သိပ် ဆုံးမတတ်တာ"

ကျွန်တော့်စိတ်ထဲ ငယ်ငယ်က ဖြစ်ရပ်ကလေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"ဒါကြောင့် တို့ကို သူ့အမေကြီးက စုန္ဒယ်နဲ့ အပေါင်းအသင်း မလုပ်စေချင်တာကိုး"

"သူ့အမေကြီး မကြည်တာ လုပ်မိလို့လား"

ကျွန်တော် ရှက်ရယ်ရယ်လိုက်ပြီး....

"အင်း-နှစ်ခါတောင်"

ဆင်ဒီ့ မျက်နှာမှာ စိတ်ဝင်စားသွားသော အရိပ်အယောင်လေး ပေါ်လာသည်။

ကျွန်တော့် မျက်စိထဲမှာ လွန်ခဲ့သည့် လေးငါးခြောက်နှစ်က အဖြစ်အပျက်လေး တစ်ခု ပေါ်လာသည်။

သည်တုန်းက ကျွန်တော် ဆယ့်နှစ်နှစ်သားလောက်ပဲ ရှိဦးမည် ထင်သည်။

ကျွန်တော်တို့ အရာရှိရိပ်သာမှ အရာရှိ တစ်ယောက်၏ သား မင်္ဂလာဆောင် ညစာစားပွဲတွင် ဖြစ်သည်။

ထိုညက အမျိုးသမီးများနှင့် အရက်မသောက်တတ်သူများက လက်ဖက်ရည်ဝိုင်း တစ်ဝိုင်း၊ အရက်သောက်တတ်သော လူကြီးများက တစ်ဝိုင်း၊ သူ့ဝိုင်းနှင့် သူ ပျော်နေကြသည်။



အန်ကယ် ဦးရဲညွန့်က ခပ်ထွေထွေနှင့် လက်ဖက်ရည်ဝိုင်းတွင် ထိုင်နေသော ကျွန်တော့်ကို လက်ကုပ် ခေါ်သွားသည်။

"ဖိုးညို-အရက်သောက်မလား"

"ဟာ....မဟုတ်တာ အန်ကယ်ကလဲ။ ကျွန်တော်က ကလေးပဲ"

"ကလေးမသောက်ရဘူးလို့ မင်းကိုဘယ်သူကပြောလဲ"

လူကြီးတွေဝိုင်းထဲတွင် ကျွန်တော် လူပြက်ကလေး ဖြစ်နေသည်။ တစ်အုပ်စုလုံးက ကျွန်တော့်ကို စလိုက်၊ ကျွန်တော်က ပက်ခနဲ ပြန်ပြောလိုက်လျှင် ဟားလိုက်နှင့် သိပ်ဟုတ်နေသည်။

"မင်း-ဟိုကောင်မလေးကို မကြိုက်ဘူးလား"

သူတို့ လက်ညှိုးနှင့်မသိမသာ ထိုးပြသောနေရာကို အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။

နောင်သောအခါ စုန္ဒယ်ဟုကျွန်တော် သိလာမည့် ဖော့စ်ဟဲယားနှင့် ကောင်မလေးတစ်ယောက် ဂါဝန်ပြာလေးနှင့် သူ့မာမီဘေးမှာ ထိုင်နေသည်။

ဆံပင်လေး လှုပ်တုပ်လှုပ်တုပ်နှင့် သူ့မာမီကို ဘာတွေ ကပ်ချွဲနေမှန်း မသိ။

"သွားစမ်းပါ။ ကျွန်တော် ဒါတွေ စိတ်မဝင်စားဘူး"

"အေးပေါ့ကွာ-ဒီအရွယ်တော့ ဘယ် စိတ်ဝင်စားဦးမလဲ။ မဟုတ်လား။ ဟားဟား"

တစ်ဝိုင်းလုံး ဟားလိုက်ကြပြန်သည်။ သူတို့ ဟာသကို ကျွန်တော် နားမလည်။ ကျွန်တော် ကြောင်ကြည့်နေစဉ်မှာ သူတို့အချင်းချင်း ခွပ်ဝိုင်းကလေး ပြန်ဖြစ်သွားပြန်သည်။

"အမယ်-ခင်ဗျားကလဲ ဒီနားပဲ မျက်လုံး ရောက်နေတာပဲ"

"အေးလေ-ပြီးတော့ အရှက်ပြေ ကလေးကို အကြောင်းပြတယ်"

ထိုပုဂ္ဂိုလ်က ဟားတိုက်ရယ်လိုက်ရင်း....

"ဟ-ကိုယ်တို့က စိတ်ဝင်စားတဲ့ အရွယ်ကွ။ ဒီအရွယ်မှာ စိတ်မဝင်စားရင် ဘယ်အရွယ်မှာ စိတ်သွားဝင်စားမလဲ။ ဟား ဟား ဟိုမှာကြည့်ပါဦး။ ပုစွန် တုပ်ပြီး ဖီးနေတာပဲ"

သူ့အပြောနှင့်သူ ရယ်၏။ ဘေးက လူများကသည်း သဘောကျစွာ သဘောတူစွာ ရယ်၏။

"အေးဗျာ-စုစုကြီးဟိုဘော့ တစ်သားမွေး တစ်သွေးလှပဲဗျာ"

"ခု တစ်သားမှ မမွေးတာလဲ ကြာပါပြီဗျ။ လူပုံကြီးကတော့ ဟင်း-ဂလု ဂလု"

အားရပါးရ ပြောပြီး အားရပါးရ သောက်ချလိုက်သောကြောင့် ဂလု ဂလု အသံပင် ပါသွား၏။

"ဟ-ဟိုတုန်းက ဒီထက် ပိုလှသေးတယ်၊ကျုပ်တို့တောင်ကြီးတုန်းကဆို ခု သူနဲ့ ရနေတဲ့ ဖိုးရွှေဝင်းတို့ အရှုံးအမူးပေါ့။ လှတာလဲ မပြောနဲ့လေဗျာ။ တောင်ကြီးကွင်းပဲ"

"ဒါကြောင့်လဲ ဖိုးရွှေဝင်းက ဟို ဘေးထပ်လို ဖြစ်နေတာပေါ့"

"ဘာတဲ့"

မျက်နှာကိုခြေနဲ့ကျောက်စေတော့
သွေမဖောက် ခုနေ့
လင်ငါးယောက် ခုပေါ်စေ၊ ကျွန်တော်ကမလွဲ။



တစ်သက်လုံး လင်ငယ်နေပါ၊ သည်မေကိုရိုးပြာကျစွဲ၊
နောက်ရှိပါသေးတယ် ဘာလဲ....
ကွာမည်ကိုမဆိုယိုက်ပါနဲ့၊ မယ်ရိုက်ရင်ကုန်းခံပါ့မယ်။
ဖိနပ်နဲ့အရပ်လယ်မှာ၊ မပြတ်ကွယ် မယ်ရိုက်တော့
နာလိုက်တဲ့စိတ်ကယ်နော်၊ ရွှေးမှုမပေါ်။
ခင်လေးက ကြင်ရေးမျှော်လျှင်
ထဘီလျှော်ခိုင်းပါတော့ဘုရား။ တဲ့။

"ဟား....ဟား....ဟား"

တစ်ဝိုင်းလုံး ပွဲကျသွားသည်။ အရက်ဖန်ခွက်ကို စားပွဲပေါ် ဆောင့်ချသူချ၊ စားပွဲကို လက်နှင့် ထုသူထု၊ ပါးစပ်ကြီး တအားဖြဲ၍ အော်ရယ်သူရယ်နှင့် တစ်ဝိုင်းလုံး ကြားလောက်အောင် ဆူညံနေသည်။

ဂေါ်ရှင်ဂျီဝိုင်း မဟုတ်သဖြင့် မည်သူကမျှ ကဲ့ရဲ့မည်တော့မထင်။

"ဒီအဖွဲ့က တယ်စည်နေပါလား။ လုပ်ကြ လုပ်ကြ။ တစ်ခါဘလေမှ လူတွေက ဆုံရတာ။ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကျ လူတွေချည်းပဲ၊ လိုတာရှိလဲ ပြောနော်။ ကိုရဲညွှန့်က အိမ်သားလို ဖြစ်နေတာပဲဟာ။ လိုတာ အကုန်ယူပေးနော်"

အန်ကယ်ရဲညွှန့်က မျက်နှာပိုးသတ်၍....

"ဟုတ်ကဲ့-မမ"

သတို့သား အမေ လုပ်သူက လာ အားပေးသွားသဖြင့် ဝိုင်းမှာ သိက္ခာတက်၍ပင် သွားပြန်သည်။

"ချာတိတ်-ရေ့ တစ်ငုံသောက်"

ကျွန်တော့် ဘေးမှ ပုဂ္ဂိုလ်ကြီးက ခပ်ထွေထွေနှင့် ကျွန်တော့် ပါးစပ်တွင် ဖန်ခွက်လာတပ်ပေးသည်။

"ကျွန်တော် မသောက်ချင်ဘူးဗျ"

အန်ကယ် ရဲ့ညွှန်ကလည်း ငြိမ်ငြိမ်မနေ။

"ချပါကွ ဖိုးညို၊ရ။ မင်း ဒယ်ဒီ မဆူပါဘူး။ အန်ကယ်တို့က အဘင်းတိုက်လို့ပါလို့ ပြော။ မင်း မသောက်ရင် မင်း ဘောင်းဘီအတင်းဆွဲချွတ်ပြီး ဒီစားပွဲပေါ်မှာ က,ခိုင်းမှာ"

"ချပါကွ။ လိမ္မာပါတယ်"

ရော...သည်လိုနှင့် ကျွန်တော့် ဗိုက်ထဲ အရက်နှစ်ငုံလောက် ပူပူပြင်းပြင်းကြီး ဝင်သွားသည်။

နားထင် နားရင်းများလည်း ပူထူပြီး ခေါင်းထဲမှာ ရီဝေရီဝေ ဖြစ်နေသည်။ ရင်ထဲမှာလည်း ပူနေသည်။

ထိုအချိန်တွင် လက်ဖက်ရည်ဝိုင်းတွင် ဒေါ်စုစုက စုန္ဒယ်ကို လက်ဆွဲ၍ ပြန်ရန် လိုက်နှုတ်ဆက်နေသည်။

စောစောက လှုပ်ကြီးကတော့၊ ဟင်း....ဂလုဂလု လုပ်ထားသော ပုဂ္ဂိုလ်ကြီးက ကျွန်တော့် နား ကပ်၍-

"ချာတိတ်၊ ဪ .. မင်းနာမည် ဘယ်သူ"

"ညိုထွန်းနောင်"

"အေး-သိပ်ကောင်းတဲ့ နာမည်ပဲကွ။မင်း သတ္တိရှိလား"

သူ့ အမေးကို ကျွန်တော် စိတ်ထဲမှာ အတော်မခံချင် ဖြစ်သွား၏။ အရက်ကြောင့်ပင် သွေးဆူနေသလား မဆိုနိုင်။

"သိပ် ရှိတာပေါ့ဗျ"

"ဒါဖြင့် အန်ကယ်ခိုင်းတာ တစ်ခုလုပ်ရဲလား"

"ဘာလုပ်ရမှာလဲဗျ"

"ဟိုမှာ အန်တီ ဒေါ်စုစု ပြန်တော့မယ်။ အဲဒါ မင်းသွားပြီး အန်တီစုစုကြီးက ချစ်စရာကြီးလို့ သွားပြောရဲလား"



ကျွန်တော့် စိတ်ထဲ လုပ်ပြချင်စိတ် ပေါ်လာသည်။ မလုပ်ပါက သတ္တိမရှိဟုပြောမှာ မခံချင်။ ထို့ကြောင့်....

"အန်ကယ် ကျွန်တော့်ကို ဘာပေးမလဲ"

"ဟုတ်ပြီ။ မင်းလုပ်ရဲရင် ဟောဒီ ပတ်ကားဖောင်တိန်ပေးမယ်"

ကျန်တစ်ဝိုင်းလုံးကမူ ကျွန်တော်တို့နှစ်ယောက်ကို ပြုံးဖြဲဖြဲနှင့် ကြည့်နေကြ၏။ အန္တရာယ် မရှိနိုင်သော အမှုဖြစ်သဖြင့် ရယ်စရာပွဲ စောင့်ကြည့်နေကြခြင်းပင် ဖြစ်မည်။

ကျွန်တော်က ပက်ကား ဖောင်တိန်ကို အင်္ကျီအိတ်ထဲ ကောက်ထည့်ပြီး ခြံဝနားသို့ ရောက်လုနေသော ဒေါ်စုစုကြီး ပြေးလိုက်သွားလေသည်။

"ဖိုးညို-တို့ ကြားပစေနော်"

ကျွန်တော့် နောက်က လှမ်းမှာလိုက်သံ ကြားလိုက်ရ၏။

"အန်တီ... အန်တီ"

အန်တီဒေါ်စုစုကရော၊ စုန္ဒယ်ကပါ လှည့်ကြည့်၏။

"ဘာဟုန်း သား"

"အန်တီဒေါ်စုစုကြီးက ချစ်စရာကြီးတဲ့"

အရက်ဝိုင်းဆီမှ ဝါးခနဲရယ်သံကြီး ပေါ်ထွက်လာသည်။ ဒေါ်စုစုမျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ချက်ချင်းပင် ပြုံးတစ်ခု ကမန်းကတန်းကာကွယ်၍ အရက်ဝိုင်းဘက် ကြည့်ရင်း....

"သားက အရက်တွေ သောက်လာတယ် ထင်တယ်။ ရက်နံ့ ရတယ်"

"နည်းနည်းပါ အန်တီ"

ထို့နောက် ကျွန်တော်ကြားလောက်ရုံ တိုးတိုးလေး-

"ကောင်းစားဦးမယ့် ကလေးပဲ။ ဒီအရွယ်နဲ့ အရက် သောက်ပြီး တဏှာပိုး ထတတ်နေတာ"

အဲသည်တုန်းကတော့ ထိုစကားသည် ရှက်စရာ၊ နာစရာ ကောင်းမှန်း မသိခဲ့။ ပတ်ကားဖောင်တိန်ရသဖြင့်သာ အလွန် ကျေနပ်ခဲ့သည်။

"နောက်တစ်ခါကကော"

ဆင်ဒီက ကျွန်တော့်ဖြစ်ပုံကို မျက်ရည်ထွက်လုလု ရယ်၍ နားထောင်ရင်း မေးလိုက်သည်။ ကျွန်တော်က ဟိုတစ်ည ဟိုနှစ်ကောင်နှင့်မှား၍ ဓားနှင့်ခုတ်ရန် ရွယ်မိပုံကို ပြော လိုက်သည်။

ဆင်ဒီမှာ ရယ်ရလွန်းသဖြင့် မျက်နှာလေးမှာ ရဲလာသည် ပြီးမှ မျက်နှာပိုးသတ်၍–

"သူ့အဘွားကြီးက ဒါဆို စုန္ဒယ်ကို လုံးဝ အဆက်အ လုပ်ခိုင်းမှာ မဟုတ်တော့ဘူး။ အဲဒီပြဿနာမျိုးက အဘွား ကြီး လုံးဝ ခွင့်မလွှတ်နိုင်တဲ့ ပြဿနာမျိုးတွေ"

"ဘာဖြစ်လို့လဲ"

"အဘွားကြီးမှာ စတိုရီ ရှိတယ်။ အဲဒီ စတိုရီကြော အဘွားကြီး သိပ်သင်ခန်းစာ ရသွားတယ်။ သူ့သမီးကို ရေရေလည်လည် ပြောပြတယ်။ဒါကြောင့် စုန္ဒယ်က အဘွား ကြီး ကွန်ထရိုးက မလွန်ဆန်နိုင်တာ"

"အဘွားကြီးအကြောင်းက ဘယ်လိုမို့လဲ"

"စုန္ဒယ်က ဘယ်သူမှ မပြောရဘူးလို့ မှာထားတယ်"

"ဒါဖြင့်လဲ ပြီးရော။ မပြောနဲ့"

ဆင်ဒီ နည်းနည်းတော့ အောင့်သွားလိမ့်မည် ထင်သည် နောက်တစ်ခွန်း ထပ်မေးလျှင် ထွက်တော့မည့် စကား



ကျွန်တော်က ပိတ်ထားလိုက်သည်။လောလောဆယ် အဘွား ကြီး စတိုရီခေါ် အဘွားကြီး၏ ဇာတ်ကြောင်းကို မသိချင် သေး။ ကိုယ့်ဇာတ်မှာ အရေးကြီးသော ဇာတ်ဝင်ခန်း တစ် ခန်း ကဖို့ လိုနေသည်။

"နောက်ပြီး တို့လဲ ဆင်ဒီ့ကို စကားတစ်ခု ပြောမယ်။ စုန္ဒယ် လုံးဝ မသိစေနဲ့။ စုန္ဒယ်ကို အသိ မပေးပါဘူးလို့ ကတိပေးမလား"

"ရက်စ်။ အိုကေ။ ဘာပြောမလဲ ပြော"

ကျွန်တော် ဆင်ဒီ၏ ဖြူဝင်းဝင်းမျက်နှာကို စေ့စေ့ ကြည့်၍–

"တို့ ဆင်ဒီ့ကို ချစ်တယ်"

"ဟင်"

"ဟုတ်တယ်။ တို့ ဆင်ဒီ့ကို ချစ်တယ်။ ဒါပေမယ့် ဒီအတွက် ဆင်ဒီ တို့ကို ဘာအဖြေမှ ပေးဖို့မလိုဘူး။ တို့လဲ မလိုချင်သေးဘူး။ ဒါကို သိထားရင် ပြီးရော။ နောက်ထပ်လဲ ဒီပြဿနာကို တို့ မဆွေးနွေးသေးဘူး။ ပြီးတော့ တို့ကိုလဲ စိတ်မဆိုးရဘူး"

ဆင်ဒီက ကျွန်တော့်ကို ကြောင်ကြည့်နေ၏။

❊

"ဖြေနိုင်လား"

ကျွန်တော် နှာခေါင်းရှုံ့၍ ပြလိုက်သည်။ စာမေးပွဲခန်း ထဲမှာ ထိုင်ငေါင်နေကြသူချင်းအတူတူ ငနဲက တစ်လုံးပိုရှု လိုက်ချင်သေးသည်။ ထို့ကြောင့် သူ့ကိုလဲ–

"မင်းကော"

"အမြင်ပဲလေကွာ"

နှစ်ယောက်သား ရယ်လိုက်မိ၏။ နှစ်ယောက်သား တိုင်ပင်ထားသလို ကျောင်းထဲမှ အတူတူ ထွက်လာခဲ့သည်။ ဇော်မိုးက မချိသွားဖြဲ ရယ်ရင်း—

"ဒီလိုအတိုင်းသွားရင်တော့ တို့ စာမေးပွဲ သေချာပေါက် ကျမှာပဲ ဖိုးညို"

"သေချာတာပေါ့"

ကျွန်တော့်စိတ်ထဲမှာ ဟာလွန်းလှသည်။ အခြေအနေက ဘယ်ဘက်ကမှ မပြည့်စုံသလို ဖြစ်နေသည်။ စာမေးပွဲအောင်ဖို့ဆိုတာဝေး၍ စာထဲပင် စိတ်မရောက်။ စုန္ဒယ်နှင့်ပတ်သက်၍လည်း မျှော်လင့်ချက်ကုန်သလောက် ဖြစ်နေပြီ။ မုတ်သုန်နှောင်း၏ မြောက်ပြန်လေဦးတွင် ကျွန်တော့်စိတ်သည် လွင့်ပါနေသည်ဟု ထင်၏။

"ကျောင်းပိတ်ရင် ဘာလုပ်နေရမှန်းတောင် မသိဘူးကွာ"

ဇော်မိုးက ဖျတ်ခနဲ လှည့်ကြည့်၍—

"ငါနဲ့လိုက်ခဲ့ပါလား"

"ဘယ်ကိုလဲ"

"ပဲခူး"

"ဘယ်သူရှိလို့လဲကွ"

ကျွန်တော့်အမေးကို ဇော်မိုးက ချက်ချင်းမဖြေ။ မလုံမလဲ ရယ်လိုက်ပြီးမှ—

"ငါ့အဒေါ်တွေ ရှိတယ်"

"ဒါပဲလား"



"အဟက်ဟက်–ဟက်ဟက်–ငါ့မမလဲ ရှိတယ်"

"ကြည်နေပလား"

အမှန်မှာတော့၊ ကျွန်တော့်နည်းတူ တစ်ကမ္ဘာလုံး မဆွးနေပြီထင်၍ မေးလိုက်သော အမေးပင်။ သို့သော် ကမ္ဘာမှာ ကျွန်တော်တစ်ယောက်သာ ကံဆိုးနေသလား မသိ။

"ကြည်တာပေါ့ကွ"

"ဒါဖြင့် ငါလိုက်ခဲ့ရင် ဖိုးရှုပ်ဖြစ်နေမှာပေါ့"

"မဆိုင်ပါဘူးကွာ။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို သီချင်းဆိုပြီး လျှောက်ပြေးနေတာမှ မဟုတ်ဘဲ"

ကျွန်တော် ရယ်လိုက်မိ၏။

"ဒါဖြင့် ဘာလုပ်နေကြလို့လဲ"

"ဟီး– တစ်ယောက် တစ်ယောက် မနည်း ခိုးကြည့်နေရတာ"

"ဒီလိုဆို ငါလိုက်ခဲ့မယ်လေ။ ဘယ်နေ့သွားမလဲ"

"မနက်ဖြန် သွားမယ်လေ"

"ချကွာ။ လိမ့်မယ်"

မင်းနဲ့ငါ ဘယ်လိုဆုံမယ်၊ ဘာညာပြောပြီး လမ်းခွဲ ပြန်လာခဲ့သည်။ သည်နေ့တော့ ဘယ်မှ သွားချင်စိတ်လည်း မရှိသဖြင့် အိမ်ပြန်လာခဲ့သည်။

ကားမှတ်တိုင်မှ ဆင်းဆင်းချင်း စုန္ဒယ်ကို မြင်လိုက်သည်။ ကားမှတ်တိုင်ရှေ့ရှိ ကွမ်းယာဆိုင်တွင် စုန္ဒယ်နှင့် သူ့သူငယ်ချင်းတစ်သိုက် အချဉ်ထုတ် ဝယ်နေကြသည် ထင်သည်။

ကားပေါ်မှ ဆင်းလာသော ကျွန်တော့်ကို စုန္ဒယ် လှမ်းမြင်လိုက်၏။ ကျွန်တော့်ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်။

ကျွန်တော် ပြုံးပြဖို့ စိတ်ကူးလိုက်သေးသည်။ သို့သော် သူ့မျက်နှာက တင်းနေသဖြင့် မျက်နှာလွှဲပြီး လျှောက်လာခဲ့သည်။စုန္ဒယ်၏ မျက်လုံးများ ကျွန်တော့်ဆီ ရောက်နေကြောင်းကိုမူ အလိုလို သိနေ၏။

သူ့ရှေ့နား ရောက်သည်အထိ စုန္ဒယ် မျက်လုံးများက ကျွန်တော့်ဆီမှာသာ ရောက်နေသည်။ မျက်နှာကို တမင်လွှဲထားရသည်မှာ စိတ်မလုံ။ ကိုယ့်ဘက်က ရှုံးနေသည်ဟုလည်း ထင်သည်။ ကျွန်တော့်မှာ သူနှင့် ရင်မဆိုင်ရဲစရာ ဘာမှ အကြောင်း မရှိ။

အဲ....အကြောင်းမရှိ ဆိုကာမှ ရှိနေသော အကြောင်းကို ဖျတ်ခနဲ သတိရလိုက်သည်။ ဆင်ဒီများ သွားပြောလိုက်ပြီးပြီလား။ အမှန်တော့ ပြောစေချင်လွန်းသဖြင့် စုန္ဒယ်ကို မပြောရန် အကြိမ်ကြိမ် ပိတ်ခဲ့သည်။ အဟုတ် သွားမပြောရင်တော့ မွတ်ရော၊ မပြောစရာတော့ သိပ်အကြောင်း မရှိပါ။ မိန်းမတွေပဲ။

စုန္ဒယ်ဘက်က နည်းနည်း ထူးခြားနေသည်တော့ အမှန်။

ကျွန်တော် စုန္ဒယ်ဆီ အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။ စုန္ဒယ်၏ မျက်လုံးများသည် စူးရဲလွန်းလှ၏။ ဒေါသအရောင်ပါနေသည်ဟု ထင်သည်။ အင်း....ဟုတ်တော့ ဟုတ်ပြီ။

"နေဦး"

စုန္ဒယ်ဆီမှ ပြတ်တောင်းတောင်း အမိန့်ပေးသံတစ်ခု ထွက်လာသည်။ လှည့်မကြည့်တော့။ မကြားချင်ယောင်ဆောင်၍ ရှေ့ဆက်လျှောက်သည်။

"နေဦးဆိုတာ မကြားဘူးလား"



စုန္ဒယ်က တစ်လှမ်း နှစ်လှမ်း ရှေ့တိုးသည်။ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် အနေအထားရောက်အောင် နေရာယူသည်။

"ဘယ်သူ့ကို ပြောတာလဲ"

ရှာဘ်မိမှတော့ မထူး၊ ဆက်ရွတ်ရန်သာ ရှိတော့သည်။

"ဒီနားမှာ ဘယ်သူရှိသို့လဲ"

အလဲ့-တကယ့်ဂျစ်ပါလား။

"ဩော်-ကိုယ့်ကို ပြောတာလား"

စုန္ဒယ်က ဘာမှ ပြန်မပြော။ ပြန်ပြောရမှာ သိက္ခာတော် ဆယ့်ငါးပြားဘိုးလောက် ကျသွားမှာစိုးသည် ထင်၏။ စ, ခေါ်တုန်းကတော့ သူကခေါ်ပြီး၊ ခုမှ....

"စုန္ဒယ် ဘာပြောချင်လို့လဲ"

"တောက်"

အံကြိတ်၍ တောက် ခေါက် လိုက် သည်။ ကျွန်တော် အောက်နှုတ်ခမ်းကို အသာ ကိုက်ထားရ၏။ ထွက်-ထွက် ဒေါသတွေထွက်၊ တစ်စကြဝဠာလုံးမှာရှိတဲ့ဒေါသတွေအကုန်ခုထွက်၊ လူဆိုတာက ဒေါသမဖြစ်လျှင် ဟန်ဆောင်တတ်သည်။ ဒေါသဖြစ်လာမှ စိတ်အကုန် ပေါ်လာသည်။

ဒေါသ မဖြစ်ခင် ခြေမျက်စိပင် လူမမြင်အောင် နေတတ်သူသည် ဒေါသဖြစ်လျှင် ပေါင်ပေါ် ဘာပေါ်တာ တောင် သိပ်ဂရုမစိုက်တတ်။ ထွက်စမ်း ဒေါသတွေ၊ ပြီးတော့ အကုန်ပေါ်စမ်း။ တစ်ခုမှ မကျန်နဲ့....

"ရော်..စုန္ဒယ် ဘာပြောချင်လို့ ကိုယ့်ကို နေဦးလို့ ပြောတာလဲလေ"

"နင် သိပ်ယုတ်မာတယ်"

"အဲဗျာ-ဘာလို့"

ကျွန်တော့် အပြုံးက မသိမသာ ပေါ်သွားသည်။ သူက နှုတ်ခမ်းကိုက်လိုက်သည်။

"နင် တစ်သက်လုံး ငါနဲ့ စကားမပြောနဲ့တော့"

"ဟာ-ဘာလိုင်းကြီးပါလား"

"တော်စမ်း ဖိုးညို။ မာမီ ပြောသလိုပဲ။ နင်လိုလူမျိုးကို ထည့်စဉ်းစားမိရင် တစ်သက်လုံး ဒူးနဲ့မျက်ရည် သုတ်ရမှာပဲ ဆိုတာ သိပ်မှန်တာပဲ။ တစ်စက်မှ သစ္စာမရှိတဲ့ ကောင်"

ကျွန်တော် မျက်နှာပျက်သွားသည်။ ရင်ထဲမှာလည်း စူးခနဲ ဖြစ်သွား၏။ သူ့ကို အပြောင်အပျက် လုပ်နေမိသည်မှာ မှားပြီဟု သိလိုက်၏။

မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ရာ သူ့ သူငယ်ချင်းများက စိတ်ဝင်တစားနှင့် ကြည့်နေသည်။ စုန္ဒယ်ကို ပြန်ကြည့်လိုက်ရာ မျက်ရည်များ ညို့လာသည်ကို တွေ့လိုက်ရသည်။ သူ့ မျက်နှာမှာ တကယ် ထိခိုက်နေသည့်ပုံ။

ကျွန်တော် ကမန်းကတန်း စကားလုံးများ ရှာဖွေလိုက်သည်။

"မဟုတ်ဘူး စုန္ဒယ်။ စုန္ဒယ် ဘာဖြစ်လာတာလဲ။ ကိုယ် ဘာလုပ်မိလို့လဲ"

သေချာသွားပြီ။ ဆင်ဒီ-စုန္ဒယ် ကို ပြန်ပြောပြလိုက်ပြီ။ ကျွန်တော် လိုချင်သည့် အနေအထား ရောက်နေသည်က သေချာပြီ။ ကဲ လုပ်တော့။



"နေဦး စုန္ဒယ်။ အဲဒါ အရေးကြီးတယ်။ ကိုယ်ပြောတာကို နားထောင်ဦး။ ပြီးတော့ စုန္ဒယ် ဆုံးဖြတ်ချင်သလို ဆုံးဖြတ်"

"တော်ပြီ။ ဘာမှ မပြောနဲ့တော့။ မကြားချင်ဘူး"

လှုပ်ခါလိုက်သော ခေါင်းကြောင့် မျက်လုံးအိမ် တွင် တွယ်ငြိနေသော မျက်ရည်တစ်စက် လွင့်စင်ထွက်သွားသည်။ လွင့်သွားသော မျက်ရည်ဥသည် ဖြာထွက်သွားသော ဆံပင်ဖျားနှင့် သွားငြိသည်။

"မဟုတ်ဘူး စုန္ဒယ်၊ ကိုယ် ပြောတာကို နားထောင်ဦး။ ကိုယ် ရှင်းပြတာကို နားထောင်ဦး"

"အို-မပြောနဲ့ မပြောနဲ့။ စုန္ဒယ်ကို ဘာမှ မပြောနဲ့။ ပြောချင်ရင် ဆင်ဒီ့ကို သွားပြော။ ဆင်ဒီ နားထောင်လိမ့်မယ်။ တို့ မုန်းတယ်။ နင့်ကို ငါ သိပ်မုန်းတယ် ဖိုးညို။ နားလည်လား။ နင့်ကို ငါ သိပ်မုန်းတယ်"

ချာခနဲ လှည့်၏။ လှစ်ခနဲ ပြေးသည်။ ကျွန်တော် ဘာ လုပ်ချိန်မှ မရလိုက်။ သူ့ သူငယ်ချင်းများသည် ကြောင်ကြည့်နေ၏။

"ငါ မှားသွားပြီ"

အသိဝင်လာချိန်တွင် စုန္ဒယ် တိုက်လှေကားရင်း ရောက်သွားပြီ ဖြစ်၏။ သူ့ သူငယ်ချင်းများက သူ့နောက်ကို အပြေးလိုက်သွားသည်။

ကျွန်တော့် ခေါင်းသည် ဘဝမှာ ပထမဆုံးအကြိမ် ငိုက်ခနဲ ငိုက်သွား၏။

သွားပြီ။ ဇီဝကပင် တတ်နိုင်ပါဦးတော့မလား မသိ။

*

(၈)

"ရှင်ပင်ကျော်စော၊ မော်မောထွင်၍
စေ စေ စိတ်ကြည်၊ တောင်းရသည်လည်း
ပြည့်မည်ထင်ဘိ၊ လာကျိုးရှိ၏။

ဆိုတဲ့ နဝဒေးကြီး ရတုထဲကလိုပဲ လာမိမှတော့ လာကျိုးရှိအောင် ရွှေမော်ဓောမှာ တစ်ခါတည်း ဆုတောင်းသွားခဲ့ပေါ့ကွာ"

ကိုရဲလွင်၏ စကားကြောင့် ပြုံးလိုက်မိ၏။ ကိုရဲလွင်ကို နောက်ချင်သေးသဖြင့်လည်း....

"ကျွန်တော်ကတော့ ကိုရဲလို စာကြီး ပေကြီးတော့ မရဘူးဗျာ။ ဒါပေမယ့် ရတဲ့ မောင်ပန်းမွှေး ကဗျာထဲက ကိုး... ; ပြောပြ... ....



"ဟိုမှာပုထိုး၊ ပြည့်လိမ့်နိုးနှင့်
ဆုမျိုးတစ်ရာ တောင်းခဲ့ပါ၏။
သည်မှာပုထိုး၊ ပြည့်လိမ့်နိုးနှင့်
ဆုမျိုးတစ်ရာ တောင်းခဲ့ပါ၏။
ဆုတောင်းတိုင်းသာ ပြည့်ရပါလျှင်
ဘယ်မှာ မျက်ရည်ရှိအံ့နည်း။

ဆိုတာမျိုး ဖြစ်နေရင် ဘယ့်နှဲ့လုပ်ပါ့မလဲ"

ကျွန်တော့် ကတ်သီးကတ်ဖဲ့ စကားကို ကိုရဲလွင် ပြုံး၍နားထောင်သည်။

ပြီးမှ....

"ဆုတောင်းတိုင်း ပြည့်မယ်လို့တော့ အာမမခံနိုင်ဘူးပေါ့ကွာ။ ဒါပေမယ့် ခုမင်းရှေ့မှာ ရှိနေတဲ့ ရွှေမော်ဓောဘုရားက နှယ်နှယ်ရရ ဘုရား မဟုတ်ဘူး ဆိုတာ ပဲခူးသားပီပီ နည်းနည်းတော့ ဂုဏ်တင်ပြရတာပေါ့။ ငါးဆူ ဒါယကာ နန္ဒဘုရင်ရဲ့ မိဖုရား ဖြစ်တဲ့ ပဲခူး မိဖုရားရဲ့ ပါရမီမည် အစချီတဲ့ ရတုမှာ ဘာဆိုထားလဲ သိလား"

"မဟာသကျ၊ ဂေါတမလျှင်
သုံးဘဝဝယ်၊ ငါနှင့်ချွတ်စေ
ကိုးကွယ်လေဟု မြဲတေကိုယ်စား
ရည်ခန့်ထားလျက်၊ ကိုးပါးရောင်တွေ
မော်မောမွေကုံ၊ သပြေဒီပါ
စကြဝဠာပတ်ပတ်၊ လူ,နတ်,ဗြဟ္မာ
သဒ္ဓါရုံးပေါင်း၊ ရှုခညောင်းသည်
တစ်သောင်း ... အထုတကား....တဲ့။ ... "

ကျွန်တော် ရယ်၍သာ နေလိုက်သည်။ ကိုရဲလွင်မှာ စာ
ဗဟုသုတ များလွန်းသူတစ်ယောက်ဟု သိထားပြီးဖြစ်သဖြ
သူ့ဆီက ရှာရှာဖွေဖွေလေးများသိရန် ခိုးလို့ခုလု လျှောက်
ပြောနေခြင်းသာ ဖြစ်၏။

"ကိုရဲ အညွှန်းကောင်းနေတာနဲ့ ခုန တောင်းထားတ
ဆုလေးတောင် နောက်တစ်ခါ ထပ်တောင်းချင်စိတ် ပေါ်
လာပြီဗျို့"

ကျွန်တော့်စကားအဆုံး ဇော်မိုးက–

"ဒါနဲ့ ရွှေမော်ဓောဆိုတာ ဘာအဓိပ္ပာယ်လဲ ကိုရဲ"

ကိုရဲက ပြုံးတုံးတုံးလုပ်၍....

"မင်းတို့နဲ့လိုက်လာတာ ငါတော့ ဉာဏ်ကြီးရှင် ဖြေဆိုပွဲ
လုပ်ရသလိုတော့ ဖြစ်နေပြီ။ မှတ်ထား ရွှေမော်ဓောဘုရားရဲ့
မွန်လို ဘွဲ့က အသံထွက်ရင် ကျိုက်မူးတားလို့ အသံထွက်
တယ်။ ကျိုက်ဆိုတာက ဘုရား။ မူးဆိုတာက ပေါ်သည်။
တားဆိုတာက နေသည်။ဒီတော့ ကျိုက်မူးတား ဒါမှမဟုတ်
ရွှေမော်ဓောဆိုတာက ပေါ်နေတဲ့ဘုရား။ တစ်နည်းအားဖြင့်
ကုန်းထိပ်ပေါ်မှာ ဘယ်ကကြည့်ကြည့် မြင်နေရတဲ့ဘုရားလို့
အဓိပ္ပာယ်ရတယ်"

"အေးဗျာ။ ကျွန်တော်ကလဲ ပဲခူးသားဖြစ်ပြီး ဘာမှ
မသိဘူး"

ကိုရဲလွင်ကို ကိုဇော်မိုးက စေ့စေ့ကြည့်ပြီး ပြုံးလျက်
နှင့်....

"မင်း ပဲခူးသားတိုင်း ပဲခူးအကြောင်း သိတာမှတ်လို့။
တို့လာတုန်းက ငါပြလိုက်တဲ့ ကျောက်တိုင်နှစ်တိုင်ကို မှတ်မိ
လား"



ကျွန်တော့်မျက်လုံးထဲ အလာတုန်းက ကိုရဲလွင် ပြလိုက်
သဖြင့် မြင်လိုက်ရသော ကျောက်တိုင်နှစ်ခုကို သတိရလိုက်၏။
တစ်တိုင်က အရှည်။ တစ်တိုင်က အတို၊ စကျင်ကျောက်ဖြင့်
ပြုလုပ်ထားသည်ဟု ထင်၏။ သေသေချာချာ ဘေးမှ သံကြိုး
ကြီးများဖြင့် ခြံကလေးလုပ်ထားသဖြင့် အထင်ရတော့ တစ်ခု
တော့ ဖြစ်မည်ထင်၏။

ဇော်မိုးက ပခုံးတွန့်ရင်း....

"လုပ်စမ်းပါဦး။ အဲဒါ ဘာလဲ"

"ငါလဲ မသိဘူး"

"ဟာ–ကိုရဲကလဲ"

ကိုရဲ အမူအရာကြောင့် ကျွန်တော်တို့နှစ်ယောက် ဟက်
ဟက်ပက်ပက် ရယ်လိုက်ကြသည်။

"တကယ်ပြောတာ။ ပေါ်တူဂီစစ်ဗိုလ် ကျသွားတဲ့နေရာ
လို့တော့ ပြောတာကြားဖူးတာပဲ။ ငါလဲ ပဲခူးက တွေ့သမျှ
မေးကြည့်ပြီးပြီ။ အားလုံး ယောင်ဝါးဝါးပဲ"

ကျွန်တော်တို့ သုံးယောက်သား လျှောက်လာရင်း ငလျင်
ဒဏ်ကြောင့် ပြိုကျနေသော ငှက်ပျောဖူးတော်ကြီးနား
ရောက်လာသည်။ ငှက်ပျောဖူးတော်ကြီး စောင်းနေသော
ထိပ်ဝဘက် စေတီအောက်မှ 'စိတ်'ဆိုသော စာလုံးဝိုင်းကြီး
ကို ငေးကြည့်နေမိသည်။

ကိုရဲလွင်မှာ ဇော်မိုး၏ အစ်ကိုဝမ်းကွဲ၊ ပဲခူးသား စာရေး
ဆရာဖြစ်၍ ကျွန်တော်တို့နှင့် အဖွဲ့ကျနေသူ ဖြစ်သည်။

"ဒီငှက်ပျောဖူးကြီးက ၁၂၇၅–ခုနှစ်ကပြိုကျခဲ့တဲ့ငှက်ပျော
ဖူးတော်ကြီးပေါ့။ ရွှေ မော် ဓော ဘုရားလောက် ငလျင်

ဒဏ်ခံရတဲ့ဘုရား ဗမာပြည်မှာ ရှိမှရှိပါဦးလေား မသိဘူး။ စုစုပေါင်း ခုနစ်ကြိမ်ရှိပြီ"

စကားတပြောပြောနှင့် ကျွန်တော်တို့သည် ရင်ပြင်တော်ပတ်၍ လျှောက်လာခဲ့ရာ ရင်ပြင်တော်၏ တောင်ဘက်ခြမ်း၌ ဗေဒင်ဆရာများ၏ ဆိုင်းဘုတ်များနှင့် တဲလေးများကို တွေ့ရသည်။

"ဗေဒင်ဝင်မေးရင် ကောင်းမယ်ကွ၊ ဇော်မိုး"

"လုပ်လေ"

ကျွန်တော်နှင့်ဇော်မိုး အချီအချ ပြောနေသည်ကို ကိုရဲလွင်က နားထောင်ရင်း....

"မောင်ရင်က ဘာသိချင်လို့တုန်း"

"ဘာလဲ' ကိုရဲ ဟောမလို့လား"

"ဟာ–လုပ်သင့် လုပ်ရမှာပေါ့။ ဆိုပါဦး မင်းက ဘာသိချင်လို့တုန်း။ မင်းကောင်မလေးနဲ့ ကြည်–မကြည် သိချင်တာလား"

နေ့လယ်က တစ်နေ့လုံး ဟသ်ာကုန်း ဘုရားပေါ်တွင် ဇာတ်စုံခင်းပြထားသဖြင့် ကျွန်တော့်ဇာတ်လမ်းကို ကိုရဲလွင်လည်း သိနေပြီ ဖြစ်၏။ ကျွန်တော် ခေါင်းညိတ်ပြလိုက်ပြီး....

"လောလောဆယ်တော့ တတိယကမ္ဘာစစ် ဖြစ်–မဖြစ်ဆိုတဲ့ ပြဿနာထက် ဒါက ပိုအရေးကြီးနေတာပဲ ကိုရဲရေ"

"ရပါတယ်ကွာ။ ဗေဒင်မေးနေစရာ မလိုပါဘူး။ ငါဟောလိုက်ပါ့မယ်။ မင်းသာ ဇွဲမလျှော့နဲ့။ တစ်နေ့နေ့ ကောင်မလေးနဲ့ ကြည်ကိုကြည်ရမယ်"

"သေချာရဲ့လား ကိုရဲရဲ့။ ခုတော့ ဆွေးပြီးရင်း ဆွေးနေတာပဲ"



"ဟာ-ဒါက ငါတို့စာရေးဆရာ စကားနဲ့ပြောရရင် ဇာတ်ရဲ့ တင်ပိုတက်နေတုန်းပဲ ရှိသေးတာ။ ဇာတ်သိမ်းနဲ့ အဝေးကြီး ရှိသေးတယ်"

ကျွန်တော်က ရယ်လိုက်သည်။ သို့သော် ရယ်သံက သိပ်မချိုလှ။

"ကျွန်တော့်အမြင်တော့ ဇာတ်က သိမ်းတော့မယ်နေပြီ ကိုရဲရဲ့"

"အေးလေ... ကြည့်ဦးမပေါ့။ လုပ်စရာရှိတာလဲ ဆက်လုပ်ပေါ့။ တစ်ခုတော့ ငါပြောမယ်နော်။ မင်းဟာ ယောင်ဝါးပြီး လမ်းပြောင်းသွားရင်တော့ ငါမသိဘူး"

"လမ်းမပြောင်းရင် ပြီးရောလား ကိုရဲ။ ကျွန်တော့်ဘက် ဘာပြုပြင်ရဦးမလဲ"

ကိုရဲလွင်က ဘားတိုက် ရယ်ချလိုက်၏။ ကျွန်တော် အံ့အားသင့်နေစဉ်–

"ငါ့လူရဲ့ ဒါက တကယ့်လူ့ဘဝ။ လူ့အဖြစ်အပျက်ကွ။ ဝတ္ထုမဟုတ်ဘူး။ ဝတ္ထုတောင်မှ ရမယ်၊ မရမယ် မသေချာဘဲနဲ့ ဇွတ်ယမ်းပြီး အမျိုးသားစာပေဆု မှန်းရေးတဲ့ ဝတ္ထုမဟုတ်ဘူး။ ဘယ်နှယ် လူတစ်ယောက်က တစ်ယောက်ကို ပညာပေးလိုက်တာနဲ့ အဲဒီလူက နေ့ချင်းညချင်း အသိတရားရပြီး ကောင်းသွားနိုင်တာ မဟုတ်ဘူး။ မင်းဘဝနဲ့မင်း တွေ့လာလိမ့်မယ်။ အဲဒီအခါကျ မင်းဟာမင်း သိလိမ့်မယ်။ တစ်ခုပဲရှိတယ်။ မင်းသိလို့ မင်းရွေးတဲ့လမ်းဟာ မှန်အောင်ပဲ အမြဲ ဂရုစိုက်"

"သေချာတယ်ပေါ့"

"သိပ်သေချာတာပေါ့"

"အိုကေ....သိပ်ကြိုက်သွားပြီ ကိုရဲ။ ပလိစ်–ရှိတ်ဟင်း"

ကျွန်တော် ဝမ်းသာအားရ လက်ကမ်းပေးလိုက်သည်။ ကိုရဲက ကျွန်တော်လက်ကို ဆုပ်၍ လှုပ်ယမ်းလိုက်၏။ နွေးထွေးသော ကိုရဲ၏ လက်ဝါးပြည့်ပြည့်များမှ အင်အားသည် ကျွန်တော့်ဆီ ကူးစက်လာသည်ဟု ခံစားမိလိုက်သည်။

စိတ်သည် ထိုးလွှတ်လိုက်သော စွန်သဖွယ် ကောင်းကင်သို့ ထိုးထွက်သွား၏။

ပဲခူးက ပြန်ရင် တွေ့မယ်။ ချဲလင်း–မိစုန္ဒယ်။

*

(၉)

"ဖိုးညို–ဘယ်ပျောက်နေတာလဲ။ ကျောင်းပိတ်ကတည်း[...]တစ်ရက်မှ မတွေ့ဘူး။ ခု–ဘယ်က ပြန်လာတာလဲ"

ကားပေါ်က ဆင်းဆင်းချင်း ကြွမ်းယာဆိုင်ထဲမှ ထွက်[...]သော ဆင်ဒီက လှမ်းမေးလိုက်သည်။

"ပဲခူးသွားနေတာ။ ခု–ပဲခူးက ပြန်လာတာလေ"

"ပဲခူး ဘာသွားလုပ်တာလဲ"

"စိတ်ပြေလက်ပျောက်ပေါ့ ဆင်ဒီရာ။ ခုတလော စိတ်[...]စ်နေလို့ လျှောက်လိမ့်နေတာ"

ဆင်ဒီ့ မျက်နှာလေး မသိမသာ ညှိုးသွားသည်ကို သတိ[...]ားမိလိုက်၏။

"ဖိုးညို–ညနေ အားမလား"

"အားပါတယ်"

"ညနေကျရင် လမ်းထိပ်က စောင့်နေပါလား။ အာဇ
နည်ကုန်းဘက် သွားရအောင်။ စကားပြောစရာရှိလို့"

ထူးထူးခြားခြား သူ့စကားကြောင့် အံ့အားသင့်သွာ
သည်။

"စကားပြောတာပဲဟာ။ ခု ပြောပါလား"

ဆင်ဒီက အပြုံး လျှော့လျှော့ဖြင့် ပြုံးလိုက်သည်။ ပြီး
ခေါင်းခါရင်း....

"ခု မပြောချင်လို့ ညနေမှပြောမယ် မပြောတာပေါ့ ဖိုးညို
ရယ်။ ဘာလဲ မလာချင်ဘူးလား"

သည်တော့ ကျွန်တော် မနေသာ။

"လာခဲ့မယ်လေ။ ညနေ လေးနာရီလောက် စောင့်နေ
မယ်။ ဟုတ်လား"

ဆင်ဒီက ခေါင်းညိတ်ပြသည်။

"ဒါဖြင့် တို့သွားမယ် ဆင်ဒီ။ ကားစီးလာလို့ သိပ်ပြ
နေတယ်။ ရေချိုးပစ်လိုက်ချင်လို့"

ဆင်ဒီက ထပ် ခေါင်းညိတ်ပြလိုက်သဖြင့် ကျွန်တော်
ဆင်ဒီကို ကျော်၍ထွက်ရန် ပြင်လိုက်သည်။

"ဩော်....ဖိုးညို"

လှမ်းလုဆဲ ခြေလှမ်း တန့်သွားပြီး၊ ဆင်ဒီ့ဘက် ပြန်လှည့်
လိုက်၏။ ဆင်ဒီက....

"ဩော်-စုန္ဒယ်ဆီလဲ ဖုန်းဆက်လိုက်ပါဦး"

"ဘာဖြစ်လို့"

ကျွန်တော့် အမေးစကားက လှစ်ခနဲ ထွက်သွားမိသည်။

"ဖိုးညို ပဲခူးသွားနေတုန်း စုန္ဒယ် ဆေးရုံတက်ရတယ်"

"ဟင်"



"သိပ် အားနည်းပြီး မူးလဲသွားလို့ ဆေးရုံမှာ သုံးလေး
ရက် ကြာတယ်။ အားဆေးထိုး၊ ဂလူးကို့စ် သွင်းရတယ်
ပြောတယ်။ မေးလိုက်ပါဦး"

ကျွန်တော့် ကိုယ် ကျွန်တော် သိပ်ပျာပျာသလဲ ဖြစ်မသွား
အောင် ထိန်းလိုက်ရသည်။

"အင်း-အင်း"

ဆင်ဒီကို နှုတ်ဆက်ပြီး အိမ်ပေါ် ကမန်းကတန်း ပြေး
တက်လာခဲ့သည်။ အိမ်ပေါ်ရောက်လျှင် မေမေ့ကို နှုတ်ဆက်၊
မေမေ မေးနေသော မေးခွန်းများကို အမြန်ဆုံး ဖြေရင်း
စိတ်က တယ်လီဖုန်းဆီ ရောက်နေသည်။

မေမေ မီးဖိုချောင်ဘက်ထွက်သွားမှ တယ်လီဖုန်း ပြေး၍
ကောက်ကိုင်ပြီး နံပတ် လှည့်လိုက်သည်။

"ဟယ်လို"

"ဟုတ်ကဲ့-ပြောပါရှင်"

ဝူးခနဲ သက်ပြင်းချမိ၏။ ရင်ထဲမှ အလုံးတစ်ခု ကျသွား
သည်။ တော်ပါသေးရဲ့။ စုန္ဒယ်နှင့် တည့်တည့်တိုးပေလို့။

"ကိုယ်ပါ စုန္ဒယ်။ ညိုထွန်းနောင်ပါ"

စုန္ဒယ်ဘက်က အသံတိတ် သွားသည်။ နားထောင်ခွက်ထဲ
တွင် သက်ပြင်းချသံလိုလို ကြားလိုက်ရသည် ထင်၏။ ခဏ
ကြာမှ....

"ဘာကိစ္စလဲ"

ဒုတိယ အလုံးတစ်လုံး ကျသွားပြန်၏။ ကောချင်ကော၊
မကောချင်နေ။ 'ဂလောက်'ဆိုသည့် အသံ မကြားရလျှင်
တော်ပြီဟု ဆုတောင်းထားရာ ရွှေမော်ဓောဘုရား၏ ဂုဏ်
ကျေးဇူးတော်ကြောင့် ဆုတောင်းပြည့်သွား၏။

"စုန္ဒယ် ဆေးရုံတက်ရတယ်ဆို။ နေမကောင်းလို့ဆို။ အားနည်းလို့ဆို"

စုန္ဒယ်ဆီမှ ဘာသံမှ ပေါ်မလာ။

"ကိုယ် ပဲခူးသွားနေတာ။ ခုပဲ ပြန်ရောက်တယ်။ ကြား ကြားချင်း ဖုန်းဆက်လိုက်တာ"

သည့်တစ်ခါတော့ စုန္ဒယ် ဘက်မှ အသံက နည်းနည်း မြန်သည်။

"ဘယ်သူပြောလို့ သိတာလဲ"

"ဆင်ဒီ"ဟု ပြောမည်လုပ်ပြီးမှ ချက်ချင်း နှုတ်ကို ပိတ် ထားလိုက်ရ၏။ ရော-ခုမှ ခက်ပြီ။ ဘယ်လို ပြောရပါ့မလဲ မသိ။

"ပြောလေ-ဘယ်သူပြောလို့ သိတာလဲ"

"အဲ-ဒီလိုပဲပေါ့"

"ဘာ ဒီလိုပဲလဲ။ မေးတာ ဖြေပါ"

"ဟာ-စုန္ဒယ်ကလဲကွာ။ ဒါက အရေးမကြီးပါဘူး။ ဒါနဲ့ စုန္ဒယ် အားဆေးထိုးရတယ်။ ဂလူးကို့စ်လဲ သွင်းရတယ်ဆို။ ဘာဖြစ်လို့လဲဟင်"

"စကားမလွှဲနဲ့ ဖိုးညို။ ငါ့ဘာသာငါ ဘာထိုးထိုး ဘာသွင်းသွင်း နင့်အပူမဟုတ်ဘူး။ နောက် ငါ့ဆီ ဖုန်း မဆက်နဲ့။ ဒါပဲ"

"ဂနောက်"

ဆိုသော အသံက နားထဲတွင် ကျယ်လွန်းသွားသည်။ ကျွန်တော် ခေါင်းကို ခါလိုက်မိ၏။



ပဲခူးက ဗေဒင်ဆရာ ကိုရဲကြောင့် တက်နေသော စိန်စွန် သည် သိုင်းကြိုးပြတ်၍ စိုက်ဆင်းလာ၏။

မလွှ-မလွှ။

❊

အကြည့်တန်လှချိန်ဟု ဆိုသော်လည်း ဆင်ဒီမှာ ပိုလှ၍ နေပါသည်။

စပို့ရှပ်အဖြူနှင့် အဖြူခံ ကီမိုနို လုံချည်မှာ တိမ်တောက် နေချိန် နေရောင်အောက်ဝယ် ဖြူသော ဆင်ဒီ့ အသားနှင့် လိုက်ဖက်လွန်းလှသည်။

အကယ်၍ အချစ် ဆိုသည်မှာ ပြောင်းလဲယူ၍ ရကောင်း အံ့။ သို့မဟုတ်လျှင် လှလျှင် ချစ်တတ်သော သဘောသည် င်စစ်ရှိအံ့။

ကျွန်တော် စုန္ဒယ်ပေါ် သံယောဇဉ် ထားစရာ ဘာမှ အကြောင်း မရှိတော့ပါ။

ဆင်ဒီသည် ကျွန်တော့်အချစ်ဆုံးသူ ဖြစ်လာမည်မှာ ကျန် စ်ပါသည်။ ယခုမူ ဆင်ဒီသည် ကျွန်တော့် အတွက် အမြင့် း ဖြစ်လာနိုင်သည်မှာ အလှဆုံးသူသာ ဖြစ်နိုင်ပါလိမ့်မည်။

ပြုံးလိုက်သောအခါ ဆင်ဒီသည် ပို၍ လှလာပါသေး သည်။

"စောင့်နေတာ ကြာပြီလား ဖိုးညို"

"နာရီဝက်ကျော်ပြင် ပိုမကြာသေး[illegible] ဆင်ဒီ"

ခိုးခိုးခစ်ခစ် ရယ်သံလေးများ ဆင်ဒီ့ဆီမှ ပေါ်ထွက်လာ၏။

"စောင့်ရကျိုး နပ်ရပါစေ့မယ် ဖိုးညိုရယ်"

ပြောပြောဆိုဆို ကျွန်တော့်လက်ကို သူ့လက်ကလေးဖြင့် ကိုင်ရင်း…

"လာ-သွားမယ်လေ"

အေး၍ နူးညံ့သော လက်ကလေး၏ အထိကြောင့် စိတ်လှုပ်ရှားသွားသည်။

ဝင်းတံခါးမှဖြတ်၍ ကုန်းမြင့်ပေါ် တက်လာသည့် လှေကားတစ်လျှောက်အထိ သူ့လက်ကို မဖြုတ်သေး။

"မပျော်ဘူးလား ဖိုးညို"

ကျွန်တော် အလန့်တကြား ခေါင်းညိတ်ပြလိုက်၏။

ခုထိ ကျွန်တော် ဘာပြောရမှန်းမသိသေး။ ဘာလုပ်ရမှန်းမသိသေးချေ။

လှေကား အပေါ်ဆုံးထစ် ရောက်မှ ဆင်ဒီက လက်ကို ဖြုတ်၍…

"ဟို တရုတ်စကားပင်ရိပ်မှာ ထိုင်ရအောင် ဖိုးညို"

ကျွန်တော့် စကားပြန်ပင် မစောင့်။ တရုတ်စကားပင်ရိပ်သို့ ပြေးသွားသည်။ မြက်ခင်းစိမ်းစိမ်းပေါ် ပြေးသွားသော သူ့ကိုကြည့်ရင်း လယ်ကွင်းစိမ်းစိမ်းပေါ် ဖြတ်ပျံသွားသည့် ဗျိုင်းကလေးများကို အမှတ်ရလိုက်သည်။

စကားပင်အောက်တွင် အုတ်ခုံကလေး ရှိသည်။ အုတ်ခုံ၏ တစ်ဘက်အစွန်းတွင် ဝင်ထိုင်လိုက်ရင်း တစ်ဘက်နေရာကို လက်ဖြင့်သပ်၍….

"လာ-ဒီမှာထိုင် [illegible] ညို"



စိတ်ညှို့ခံနေရသူ တစ်ယောက်လို ကျွန်တော် ဝင်ထိုင်လိုက်၏။ -

"ပဲခူးကို စိတ်ညစ်လို့ သွားတာဆို"

နေ့လယ်က အမှတ်တမဲ့ ပြောလိုက်သော စကားသည် ကျွန်တော့်ထံ ပြန်လာသောအခါ တဓေ့ တစ်ကောင် ဖြစ်နေ၏။

"ဆိုပါတော့ ဆင်ဒီ"

"ဘာဖြစ်လို့ စိတ်ညစ်တာလဲ"

နေရ ထိုင်ရခက်သည်ဆိုသော ဝေဒနာကို ခုမှ ကျကျနန ခံစားနေရ၏။ ချောက်ချားနေသော ကျွန်တော့် အာရုံများကို ကမန်းကတန်း ပြန်စုစည်းလိုက်၏။

"ဘာရယ် မဟုတ်ပါဘူး"

ကျွန်တော် သူ့ကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိ၏။ သူ့မျက်နှာဝယ် အပြုံးတစ်ဝက်နှင့်အတူ ဖမ်းမရသော အရိပ်အရောင်များ ရှိနေသည်။

"တို့ မညာပါဘူး ဆင်ဒီ"

ဆင်ဒီ ဟက်ဟက်ပက်ပက် ရယ်ပြန်သည်။ ကျွန်တော် မလုံ။

"ဒါဖြင့် ဆင်ဒီ တစ်ခုမေးမယ်။ မှန်မှန်ဖြေမလား"

"မေးလေ"

ကျွန်တော် စိတ်ထဲတွင် သံသယတစ်ခုဝင်လာသည်။ စုန္ဒယ်နှင့်ကိစ္စ ဆင်ဒီ သိသွားပြီလား။ သူ့ကို ညာတာပါတေး လုပ်ထားသည့်ကိစ္စ ချဲ့မလို့များလား။

"တို့ကို ချစ်တယ်လို့ ဖိုးညို ပြောခဲ့တယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြ[illegible]၏။

"ဘာလို့ အဖြေမတောင်းသေးတာလဲ"

အမှန်အတိုင်းပြောလျှင် ကောင်းစရာလမ်း လုံးဝမရှိဟု ကျွန်တော့်ကိုယ်ကျွန်တော် သတိပေးလိုက်၏။

"စောသေးတယ်ထင်လို့"

"ဒါကြောင့် စိတ်ညစ်ပြီး လျှောက်သွားနေတယ်ပေါ့"

ဟယ်-သွားပြီ။ ခုမှ ဂျောက်၊ မဟုတ်ဘူးဆိုလျှင် သူ့ သိက္ခာ ထိခိုက်မည်။ သို့မဟုတ် တခြားသည့်ထက် ခိုင်လုံသော အကြောင်းပြချက် ရှာရမည်။ ဟုတ်သည် ဆိုလျှင်ကော၊ ကျွန်တော်နာပြီ။ ဘာပြောရမလဲ။ ဘာပြောရမလဲ ဟူသော အတွေးများသည် ထိုတစ်ဒင်္ဂလေးတွင် ကျွန်တော့်ဦးနှောက်ထဲ၌ ရှုပ်ယှက်ခတ်နေ၏။

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။ ကျွန်တော်ဘက်က လွန်ပြီးပြီ။ သူ့ကို သည့်ထက် ပိုမစော်ကားမိရန် ရည်ရွယ်လိုက်၏။ နောက်မှ ဖြစ်လိုရာ ဖြစ်စေတော့။

"အင်း"

သူ့မျက်နှာ ကွက်ခနဲ ညှိုးသွားသည်။ ချက်ချင်းပင် အပြုံးတစ်ခုက အစားထိုး ဝင်ရောက်လာသည်။

"ဘဲ-ဒါဖြင့် ခုကစပြီး ဆက် စိတ်မညစ်နဲ့တော့ ဖိုးညို။ တို့ အဖြေပေးမယ်။ သူလိုချင်တဲ့အဖြေကို ပြော၊ ဆင်ဒီ ပေးမယ်။ ဖိုးညို စိတ်ညစ်တာ ဆင်ဒီ မကြည့်ရက်တော့ဘူး"

သံကွန်ခြာ ခုနစ်ထပ်ကျလာသည်ကို ကျွန်တော် မြင်လိုက်၏။ သို့သော် ကျွန်တော့်အပေါ် ကျလာသော သံကွန်ခြာကို ချလိုက်သူသည် ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်၏။ ကျွန်တော် ရှို့သော မီးသည် ကျွန်တော့်ကို လောင်မြိုက်စပြုပြီ။ သို့



သော် မိန်းကလေးတစ်ယောက်၏ ဂုဏ်သိက္ခာ စော်ကားမှုမျိုးကို ပြုရဲသည်အထိ ကျွန်တော် မရိုင်းစိုင်း။ ထို့ကြောင့်-

"တို့ဆိုက်နဲ့ တို့ကံ ရှိပါစေ ဆင်ဒီ၊ ဆင်ဒီ့စိတ်ထဲမှာရှိတဲ့ အဖြေကို ပေးပါ"

ဆင်ဒီက နှုတ်ခမ်းကို သိသိသာသာစူ၍ မျက်ခုံးပင့် မျက်လုံးပြူး ပြုံးပြီး ခေါင်းခါလိုက်ရင်း-

"နိုး-နိုး- တို့က ဖိုးညို စိတ်ချမ်းသာတာကို ကြည့်ချင်၊ မြင်ချင်တဲ့သူပါ။ ဖိုးညို လိုချင်တဲ့အဖြေ ပေးမယ်။ ချစ်တယ်ဆိုတဲ့ စကားကိုတော့ တို့က စ,မပြောချင်ဘူးကွာ။ သူတောင်း ရဲရဲတောင်းပါ။ တို့ဘက်က ရယ်ဒီပဲ"

ကျွန်တော့် ခေါင်းသည် မသိမသာ ညွှတ်ကျသွား၏။ ဒီပွဲတွင် ကျွန်တော် ရှုံးသွားလေပြီ။ ကျွန်တော့်ကိုယ်ကျွန်တော် ထိန်းထားသော်လည်း ကျွန်တော့်မျက်နှာသည် သိသာစွာ ပျက်နေလိမ့်မည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော် မှားသွားပြီဖြစ်ကြောင်း နောင်တကြီးစွာ ရလိုက်၏။

ပေါ့ပေါ့လေး တွေး၊ ပေါ့ပေါ့လေး လုပ်၍၊ ပေါ့ပေါ့လေး ပြောလိုက်သော စကားတစ်ခွန်းသည် ဘဝကို လုံးဝ ဥဿုံ ပြောင်းလဲစေတတ်သည့် သဘောကို မျက်ဝါးထင်ထင် တွေ့လိုက်ရ၏။

မိန်းကလေးတစ်ယောက်ကို လက်လွတ်စပယ် ချစ်စကား ပြောမိခြင်း အပြစ်သည် ကျွန်တော့်ကို ကောင်းစွာ ဒဏ်ခတ်နေလေပြီ။ ကျွန်တော့်မှာ ရွေးစရာလမ်း မရှိတော့။ သည့်ထက် စော်ကားမိလျှင်သာ ကျွန်တော့်ကိုယ်ကျွန်တော် တစ်သက်လုံး ခွင့်လွှတ်နိုင်တော့မည်မဟုတ်။

ယောကျ်ားတစ်ယောက်ပီပီ၊ ကိုယ့်အပြစ်ဒဏ်ကို ရဲရဲဝံ့ဝံ့ သာ ရင်ဆိုင်သွားရန် ဆုံးဖြတ်လိုက်၏။

"တို့ကို ချစ်တယ်လို့ အဖြေပေးပါလား ဆင်ဒီ"

"ဟား-ဟား-ဟား"

ဆင်ဒီသည် မမျှော်လင့်ဘဲ အားရပါးရ ရယ်လိုက်သည်။ ကျွန်တော် သူ့ကို နားမလည်စွာ မော့ကြည့်လိုက်သည်။

"ဖိုးညို-ဖိုးညို-သိပ် ရယ်ဖို့ ကောင်းတာပဲနော်"

ပြောလည်းပြော၊ ရယ်လည်းရယ်မို့ ကျွန်တော့် မျက်နှာ တစ်ပြင်လုံး ထူပူနေသည်။ ဘေးကကြည့်လျှင် ကျွန်တော့် မျက်နှာပေါ်ဝယ် မင်နီတစ်အိုး မှောက်နေပေမည်။

"စိတ်ညစ်ပျောက်မယ့်အဖြေ တောင်းခိုင်းတာ ဘာဖြစ် လို့ စိတ်ညစ်မယ့်အဖြေကို တောင်းတာလဲ ဖိုးညို"

သေရေး-သည်တစ်ချီလဲ သွားပြန်ပြီ။ ကျွန်တော် ခံလိုက် ရပြီဟု ထင်သည်။

"မင်းစိတ်ကို တို့ နားလည်ပါတယ် ဖိုးညိုရယ်။ မင်း ဘယ်လိုရည်ရွယ်ပြီး လုပ်လိုက်တယ်ဆိုတာလဲ ဆင်ဒီ သိပါ တယ်။ ဘာဖြစ်လို့ ညာရတာလဲ ဖိုးညို"

"ဘာညာလို့လဲ ဆင်ဒီ"

သည်စကားသည် ရှက်ရမ်း ရမ်းခြင်းဖြစ်သည်ကို သတိ ထားမိလိုက်၏။

"ညာတတ်မှ ညာရတယ် ဖိုးညိုရဲ့"

အမှန်တရားကို ရင်ဆိုင်ဖို့ ကောင်းပြီဖြစ်ကြောင်း ကျွန် တော် သိလိုက်သည်။ သည့်အတွက် ဝန်လေးနေစရာ မလို တော့ဟု ဆုံးဖြတ်လိုက် [illegible]ပ့်—



"တို့ တောင်းပန်ပါတယ် ဆင်ဒီရယ်။ အားလုံးကို အနူး အညွတ် တောင်းပန်ပါတယ်။ ဆင်ဒီ ပေးချင်တဲ့ အပြစ်ကို ပေးပါ။ တို့ အရမ်း မှားသွားပါတယ်"

"အဲ့ဒီလို လိမ္မာစမ်းပါ ဖိုးညိုရယ်။ ကိုယ့်အမှားကို ကိုယ် ဝန်ခံစမ်းပါ"

ကျွန်တော့် ခန္ဓာကိုယ်သည် ဆင်ဒီ့ ခြေဖဝါးအောက်သို့ ရောက်မှန်းမသိ ရောက်သွားသည်။

"ဆင်ဒီ အားလုံးသိပြီးပါပြီ ဖိုးညိုရယ်။ စုန္ဒယ် နေ မကောင်းတုန်းက စုန္ဒယ်အိမ် အလည်သွားတုန်း စုန္ဒယ် အိပ် ပျော်နေလို့ ခေါင်းအုံးအောက်က ဒိုင်ယာရီထဲမှာ စုန္ဒယ်ရေး ထားတာတွေ တွေ့ပြီး တို့ စဉ်းစားကြည့်တော့ စုန္ဒယ် မခံချင် အောင် တို့ကို ခုတုံးလုပ်လိုက်မှန်း တို့ သိလိုက်ပါတယ်"

သူ့ မျက်နှာကို ကျွန်တော် ရဲရဲ မကြည့်ဝံ့တော့။ ဆင်ဖြူ မျက်နှာ ဆင်မည်း မကြည့်ဝံ့ ဆိုသည်မှာ အလွန် မှန်သော စကားဖြစ်၏။

"တို့ စိတ်ဆိုးလို့၊ ဖိုးညိုကို မကျေနပ်လို့ တို့ ဒီစကား ပြောတာ၊ ဒီလို လုပ်တာမဟုတ်ပါဘူးနော် ဖိုးညို။ အမှန် အတိုင်းပြောရင် တို့ ဖိုးညိုကိုခွင့်လွှတ်ပြီးသားပါ။ ဒါပေမယ့် တဘယ်လို သာ စောစောကလို ဖိုးညိုကို ဟိုက ချောင်ပိတ် မေးရင် ဖိုးညို ဘယ်လို ဖြေမလဲဆိုတာ သိချင်လို့ ရယ်၊ မိန်းကလေးတစ်ယောက်ကို ရည်းစားစကား အလွယ်တကူ ပြောမိတဲ့အပြစ်ကို ဒဏ်ခတ်ချင်လို့ ရယ် လုပ်လိုက်တာပါ။ တို့ ဖိုးညို စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ်"

ကျွန်တော် မသိမသာမော့၍ ဆင်ဒီ့ကို ကြည့်မိသည်။ ဆင်ဒီက ပြုံး၍ ကျွန်[illegible]တော့်ကို [illegible]ကြည့်နေသည်။

ကျွန်တော် ဆင်ဒီ့ကို မရဲတရဲ ပြန်ကြည့်လိုက်မိ၏။

ခဏမျှ စိုက်ကြည့်ပြီး နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်မိ၏။

ရင်ထဲကမူ....

"ကျေးဇူးတင်လိုက်တာ ဆင်ဒီရယ်၊ သူငယ်ချင်းရယ်"

*

"အဓိက ပြဿနာကတော့ သူ့ အမေကြီးပဲ ဖိုးညို"

ဆင်ခြေလျှောလမ်းအတိုင်း လျှောက်ပြန်လာကြသည်။ အမှောင်ထုက မဝံ့မရဲ တိုးဝင်စ ပြုနေလေပြီ။

ကျွန်တော် ဘုရားဘက်သို့ လှမ်း၍ ကြည့်လိုက်သည်။ အောက်မှ ပင့်၍ ထိုးထားသော မီးမောင်းများကြောင့် ရွှေတိဂုံစေတီတော်မြတ်သည် အမှောင်ထုထဲတွင် ရွှေတောင်ကြီးသဖွယ် အဖောင်းအရစ် အလုံးအကြွတို့ဖြင့် သပ္ပာယ်တော် မူလှသည်။

"မင်းကလဲ နည်းနည်းတော့ ပြုပြင်ဖို့ လိုလိမ့်မယ်"

ဆင်ဒီ့ အသံက ပကတိ တည်ငြိမ်နေသည်။ ကျွန်တော် ကိုယ့်ဘာသာ ပြုံးလိုက်မိသည်။ မျက်လုံးအစုံကိုမှေး၍ စေတီတော်ကြီးကို လှမ်းကြည့်လိုက်သည်။ ဘုရားရှင် ကိုယ်တော်မြတ်၏ တင်ပလ္လင်ခွေ ရုပ်ပွားတော်ပုံသဏ္ဌာန် ခပ်ကြမ်းကြမ်း ပေါ်လာ၏။

"ကနေ့အထိ တို့ မကောင်းမှု တစ်ခုမှ မလုပ်ဖူးသေးဘူး ဆင်ဒီ"



ဆင်ဒီ့ထံမှ ရယ်သံသဲ့သဲ့ ပေါ်လာ၏။

"မကောင်းမှုဆိုတာက ဘာလဲ"

"တို့ ရန်ဖြစ်တာ တို့ကို စော်ကားလို့။ တို့ နေတာ ထိုင်တာက တို့ အကျင့်။ ဒီထဲမှာ တို့ကြောင့် တခြားလူ တစ်ယောက်ယောက် ထိခိုက် နစ်နာအောင် ယုတ်ယုတ်မာမာ ကြံစည်တာ တစ်ခုမှ မရှိဘူး"

စုန္ဒယ်ကို တွေ့ချင်၍ ကျောင်းပြေးသည့် ကိစ္စကိုမူ ထည့်မပြောမိဆိုသည်ကို ကိုယ့်ဘာသာကိုယ် သတိထားလိုက်မိ၏။ အို....ဒါက မကောင်းမှုမှ မဟုတ်တဲ။

"သူ့ အမေကြီးက ဘယ်လိုဖြစ်လို့ ဒီလောက် ဖျက်နေရတာလဲ"

ဆင်ဒီ့ လေသံက ပိုတိုးသွားပြီး ခပ်အုပ်အုပ် ပြောလိုက်သည်။

"ဒေါ်စုစုမှာ အင်မတန် ရင်နာစရာကောင်းတဲ့ ဘဝ အတွေ့အကြုံ ရှိခဲ့ဖူးတယ် ဖိုးညို။ သူ့ ဘဝရဲ့ အမဲကွက်ကြီးက သူ့ကို အမြဲတမ်း လိုက်ခြောက်လှန့်နေတယ်၊ စုန္ဒယ်ကိုလဲ သူ့လို ဖြစ်မှာ သိပ် စိုးရိမ်တယ်"

"အဲဒါ တို့နဲ့ ဆိုင်သလား"

"ဆိုင်တာပေါ့ ဖိုးညို။ မင်း နေပုံ ထိုင်ပုံနဲ့ စရိုက်မျိုးက သူ့ အမေ ကြောက်တတ်တဲ့ ပုံစံထဲ ဝင်နေတယ်"

ကျွန်တော် အလိုလို မျက်ခမှောင် ကျုံ့သွားမိသည်။

"ဘယ်လိုဟာကို ပြောတာလဲ"

"ဘဝကို သိပ်အလေးအနက်မထားတဲ့ စရိုက်နဲ့ စိတ်လိုက် မာန်ပါ လုပ်တတ်တဲ့ အကျင့်။ ပြီးတော့...."

ဆင်ဒီက စကားကို ခဏရပ်၍ ကျွန်တော့်ကို အားနာဟန်နှင့် ကြည့်သည်။

"ပြောပါ ဆင်ဒီ။ ကိစ္စမရှိပါဘူး"

"ပြီးတော့ ဘေတာ၊ ပေတာနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် မနေတတ်တာ"

ဘုရားခြေရင်းမှ တောအုပ်စိမ်းညို့ညို့ထဲတွင် ကိုယ့်ကိုယ်ကို ပြန်မြင်လိုက်သလို ခံစားလိုက်ရ၏။ အာရုံသည် ပို၍ နက်ရှိုင်းလာ၏။

"အဘွားကြီးက ဘယ်လို ဖြစ်ခဲ့လို့လဲ"

ဆင်ဒီ၏ မျက်နှာမှာ ခါတိုင်းထက် ပို၍ လေးနက်သွားသည်။

"တို့ရဲ့ သမ္မာကျမ်းစာထဲမှာ....

"(သူ့ အသရေပျက်သော သတင်းကို ကြားပြောခြင်းငှာ ကိုယ့် အမျိုးသားချင်းတို့တွင် မလှည့်လည်ရ)လို့ သေသေချာချာ မှာတော့ ထားတယ် ဖိုးညို။

"ဒါပေမယ့် သုတ္တန်ကျမ်းမှာ ဘာပြောထားသလဲဆိုတော့ (ထာဝရဘုရား မုန်းတော်မူသော အရာခြောက်ပါးမက စက်ဆုပ် ရွံရှာတော်မူသော အရာ ခုနစ်ပါးဟူမူကား....

"ထောင်လွှားသော မျက်နှာတစ်ပါး၊

"မုသာ၌ ကျင်လည်သော လျှာတစ်ပါး၊

"အပြစ်မရှိသော သူ၏ အသက်ကို သတ်သော လက်တစ်ပါး၊

"မကောင်းသော အကြံကို ကြံစည်သော နှလုံးတစ်ပါး၊

"အပြစ်ပြုရာသို့ အလျင်အမြန် ပြေးတတ်သော ခြေတစ်ပါး၊



"မုသာ စကားကို ပြော၍ မမှန်သော သက်သေတစ်ပါး၊

"အပေါင်းအဖော်ချင်း ရန်တွေ့စေချင်းငှာ ပြုတတ်သော သူတစ်ပါးတည်း)လို့ ပါတယ်။

"တို့ ထာဝရဘုရားကို တိုင်တည်ပြီး ပြောပါတယ်။ တို့ မကောင်းသော အကြံနဲ့ ဒီစကားကို ပြောတာမဟုတ်ပါဘူး။ မုသားစကားပြောပြီး မမှန်သက်သေ လုပ်တာလဲ မဟုတ်ပါဘူး။ အပေါင်းအဖော်ချင်း ရန်တွေ့အောင် လုပ်တာလဲ မဟုတ်ပါဘူး။

"တို့ရဲ့ ရည်ရွယ်ချက်က ဒီအဖြစ်အပျက်ကို မူဘည်ပြီး မင်း ကိုယ် မင်း ပြုပြင်တတ်ဖို့၊ ပြီးတော့ မင်းနဲ့ စုန္ဒယ်တို့ ဘဝသက်ထက်ဆုံး ပေါင်းဖက်စေနိုင်ဖို့ ရည်ရွယ်ပြီး တို့ ပြောပါတယ်။ ဒီစကားမှန်ရင် တို့မှာအပြစ်လွတ်ပြီး မင်းတို့ နှစ်ယောက် ဆင်းရဲခြင်း ကင်းစွာနဲ့ ဘဝ သက်ထက်ဆုံး ပေါင်းသင်းရပါစေကွယ်"

*

အပိုင်း [၂]

လှေကားဦးမှာ....ဘီလူး မောင့်ကြောင့် စောင့်တော့တယ်၊
လှေကားခြေမှာ....ဆူးလေ မောင့်ကြောင့် ကြဲတော့တယ်၊
အိမ်တိုင်တိုင်းမှာ....နွားရိုင်း မောင့်ကြောင့် ချည်တော့တယ်၊
ထရံကြားမှာ....ဓားသွား မောင့်ကြောင့် ထားတော့တယ်၊
အိမ်ကြမ်းကြားမှာ....အပ်သွား မောင့်ကြောင့် စိတော့တယ်၊
အိမ်မိုးခေါင်မှာ....လှံ့ထောင် မောင့်ကြောင့် စိုက်တော့တယ်၊
မောင်လဲ့ ဘယ်က တက်ရပါ့မယ်
မယ်လဲ ဘယ်က ဆင်းရမယ်။

*

## (၁၀)

ဧည့်ခန်းတွင်းမှ မေမေနှင့် ကိုဝင်းလှိုင်တို့ အချီအချ ပြောနေသော အသံများက တစ်ချက်တစ်ချက် စုစုဆီ ရောက်ရောက် လာသည်။

"ကျွန်တော် မိဘများဆီ အကြောင်း ကြား လိုက် ရင်ကောင်းမယ်ထင်တယ် ဒေါ်ဒေါ်"

"အကြောင်းကြားလိုက်ပေါ့ကွယ်။ ဒေါ်ဒေါ့်သမီးကို ဒေါ်ဒေါ် တာဝန်ယူပါတယ်။ စုလေးက ငယ်ကလဲ ငယ်သေးတယ်ဆိုတော့...."

စုစု သက်ပြင်းချလိုက်မိ၏။ အခြေအနေကတော့ ကိုကျော်ပြောသည့်အတိုင်းပင် ဖြစ်လာခဲ့ချေပြီ။

"ကိုကျော် လမ်းထိပ်က စောင့်နေမယ် စု။ စုကို ကိုယ်ပြောသလို ဖြစ်မလာရင် စု မလာချင် မလာခဲ့နဲ့ဦး။ ကိုယ်ကတော့ ဒီပြဿနာဟာ ဒီထက်ကြီးလာရင် သိပ်မကောင်းတော့ဘူးလို့ ထင်တယ်"

စုစု၏ မျက်လုံးများသည် သူ့အခန်းနံရံရှိ မေမေ့ဓာတ်ပုံကြီးဆီ ရောက်သွား၏။ ထိုအခါ မေမေ့စကားသံများ နားထဲ၌ ရစ်ဝဲ၍ လာပြန်သည်။

"မေမေ့စကားကို နားထောင်ပါ သမီး။ စုလေးဆိုရင် တောင်ကြီးတစ်မြို့လုံးမှာ မသိဘဲ့သူ မရှိပါဘူး။ တောင်ကြီးမယ် ဘွဲ့ရထားတဲ့ အလှဘုရင်မလေး။ မေမေတို့ရဲ့ ဂုဏ်သရေ အရှိန်အဝါနဲ့ ကြွယ်ဝချမ်းသာတာတွေကလဲ လိုလေသေးမရှိ။ ဒီလို မိန်းကလေးမျိုးက မောင်ဝင်းလှိုင်လို အဆင့်အတန်းမြင့်မြင့်၊ ဂုဏ်သရေရှိရှိ ကိုယ်နဲ့ စရိုက်တူ အကြိုက်တူ လူစားမျိုးနဲ့ပဲ သင့်ပါတယ်ကွယ်။ မောင်ကျော်အေးတို့ ဆိုတာက တို့များနဲ့ သဘာဝချင်းက သိပ်ခြားနားပါတယ်"

မေမေနှင့်ပတ်သက်၍ တွေးလိုက်ပြန်တော့လည်း မေမေ့စေတနာကို နည်းနည်းမှ သံသယဝင်စရာ မရှိ။

သို့သော်—

အချစ်မှာ မည်သည့် အရာများသည် အကန့် အသတ်၊ အတားအဆီးအဖြစ်ရှိနေသင့်ပါသနည်း။ မချစ်သင့်သော လူတစ်ယောက်အတွက်လည်း မည်သို့ပင် ရွေးမှန်ခင်းထားသည့် လမ်း ဖြစ်စေကာမူ ဖြောင့်ဖြူးနိုင်ပါမည်နည်း။

ကိုဝင်းလှိုင်မှာ ငြင်းစရာ ဘာတစ်ခုမှမရှိ။ သို့သော် သူ့အချစ်သည် ကိုကျော့်ကို ဦးဆုံး အပ်နှင်းမိလေပြီ။

နှလုံးသားတရားခွင်ဝယ် သစ္စာမဲ့သူဟု စွဲချက် အတင်ခံရမည့် အလုပ်မျိုးကို ဘယ်အခါမှ စုစု မလုပ်နိုင်။

"စုလေးအနေနဲ့ ဘယ်လိုပဲ ကျွန်တော့်အပေါ် ပြုပြု ကျွန်တော်ကတော့ အမြ[illegible]ဘ် ပေါင်းသင်းမှာပါဒေါ်ဒေါ်"



ကိုဝင်းလှိုင်၏အသံ ကြားလိုက်ရပြန်သည်။ စုစု ခေါင်းခါလိုက်၏။ ရင်ထဲမှာလည်း တိုးတိုးညင်ညင် ပြောလိုက်မိ၏။

"ကိုဝင်းလှိုင်ရဲ့ အချစ်ကို စုစု နားလည်ပါတယ်ကွယ်။ ဒါပေမယ့် မိန်းကလေးတစ်ယောက်အဖို့ တစ်မျက်နှာကနေ နှစ်မျက်နှာ ပြောင်းဖို့ဆိုတာ စိတ်ထဲကတောင် မကြံကောင်းပါဘူး။ စုစုကို ခွင့်လွှတ်ပါတော့"

စောစောက ရေးထားသည့် စာလေးကို စားပွဲပေါ်တွင် စာရွက်ဖိ ဖန်တုံးလေးနှင့် ဖိ၍ထားခဲ့သည်။

မပါမဖြစ် ပစ္စည်းများနှင့် အဝတ်အစား အနည်းငယ် ထည့်ထားသော လက်ဆွဲအိတ်ကို ယူလိုက်သည်။ ထို့နောက် မေမေ့ဓာတ်ပုံကိုထိုင်၍ ရှိခိုးလိုက်၏။

"သမီးကို ခွင့်လွှတ်ပါမေမေ"

အခန်းဝမှ ထွက်ခဲ့ပြီး လူအလစ်ကိုချိန်၍ နောက်ဖေးပေါက်မှ ထွက်ခဲ့သည်။

အိမ်ဘေးမှပတ်၍ လမ်းမပေါ်ရောက်လာမှ စုစု နည်းနည်း သက်ပြင်းချနိုင်သည်။ အိမ်ရှေ့ရောက်လျှင် လမ်းထိပ်သည် သိပ်မဝေးတော့။

စုစုသည် အနွေးထည်ကိုဆွဲ၍ စေ့လိုက်၏။ ခပ်လှမ်းလှမ်း လမ်းထိပ်မီးတိုင်အောက်တွင် ကိုကျော်ကို လှမ်းတွေ့လိုက်ရသည်၊ နားထဲတွင် သီချင်းလေးတစ်ပုဒ်ပင် ကြားယောင်မိလိုက်၏။

သွားကြပါစို့၊ အတူပင် သွားကြပါစို့ရှင်၊
ငွေမြိုင်ခင်၊ လိုက်မယ့်ပြင်၊စီစဉ်ပါလို့ထား၊
ဒီညောင်ပင်မှာ စခန်းချ၊ လရောင်လေးက ထိုး၊
ခိုးမယ့်....ခိုးမယ့်ပြင်၊ ခြေကျင်း မြင်းပေါ်တင်။

"လာစု....ကိုယ်ဖြင့် မျှော်လိုက်ရတာ"

ကိုကျော်က စုစုဆီ တအားပြေးလာပြီး လက်ထဲကအိတ်ကို လှမ်းဆွဲရင်း ပြောလိုက်သည်။

"လူလစ်အောင် စောင့်နေတာ"

သူ့အသံသည် အချမ်းကြောင့် မဟုတ်ဘဲ တုန်ယင်နေသည်ဟု သတိထားမိလိုက်၏။

ကိုကျော်အေးက အိတ်ကို လက်တစ်ဖြင့်ဆွဲရင်း၊ ကျန်လက်တစ်ဘက်ဖြင့် စုစုလက်ကို လှမ်းဆုပ်လိုက်သည်။

စုစုရင်ထဲ အေးခနဲ ဖြစ်သွား၏။

သို့သော် လုံခြုံသွားသည်ဟု ထင်လိုက်သည်တော့အမှန်။

*

"သမီးအဖြစ်မှ စွန့်လွှတ်ခြင်း"

စာလုံးများသည် ရုတ်ချည်းမှုန်ဝါးသွား၏။

ဝဲသည်တော့ ဝဲပစေလေ၊ ပျော်စရာသတင်းမှ မဟုတ်ဘဲ။ သို့သော် သည်မျက်ရည်များကို ပါးပြင်ပေါ် အထိတော့ အရောက် မခံနိုင်။ ကိုယ်လည်း ကိုယ့်ကိစ္စကိုယ်၊ ကိုယ့်သဘောအတိုင်း ပြုခဲ့ပြီပဲ။ သူလည်း သူ့ကိစ္စကို သူ့သဘောအတိုင်း ပြုပေလိမ့်မည်။

မျက်ရည်ကို ကပျာကယာ သိမ်းယူလိုက်၏။

"ငါတော့ တကယ် စိတ်မကောင်းတာအမှန်ပဲ စုစု"

ကိုကျော်လေး၏ မျက်နှာမှာ အဟုတ်ညှိုးနေသည်။



"ငါ လက်ဖက်ရည်ဆိုင်မှာသတင်းစာဖတ်ရင်း တွေ့တာ တွေ့တွေ့ချင်း ပြေးလာခဲ့တာ။ ကျော်အေးတော့ သိချင်မှ သိဦးမယ်"

ကိုကျော်သိရင် ဘယ်လိုများနေမလဲဟု စိတ်ထဲမှာ တွေးလိုက်မိသည်။

"ငါတို့ဘက်က အမြန်ဆုံးအဆင်ပြေအောင်လုပ်နေတုန်း ဒီလို ဖြစ်ပြီဆိုတော့ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

စုစု ချိုနွဲ့စွာ ပြုံးလိုက်သည်။

"ဘာမှ လုပ်မနေနဲ့တော့ ကိုလေး။ ဖေဖေနဲ့ မေမေ့စိတ်ကို စုပု အသိဆုံး။ ဒါ အပြောင်အပျက်လုပ်တာ၊ စိတ်အားငယ်သွားအောင်လုပ်တာ မဟုတ်ဘူး။ တကယ်လုပ်တာ"

"အေးလေ–ဒါဖြင့်လဲ နောင်မှ ပြောင်းချင် ပြောင်း သဘောထားပြီး စောင့်ကြည့်ရမှာပေါ့။ ခုတော့ ပူပူ လောလောကြီး ဘာမှလုပ်လို့ရမှာ မဟုတ်သေးဘူး"

စုပုမှာ ငယ်ကျင့်ရနေ၍လား မသိ။ ရင်နာစရာတွေ့လျှင် ပြုံး၍ ဖြေတတ်နေပြီ။ ခုလည်း ပြုံးမိသည့်ထင်၏။

နောင်ဆိုသည့် စကားသည် စကားအဖြစ်နှင့်သာ လေထဲ၌ လွင့်ပျောက်သွားမည် ဖြစ်ကြောင်း ကို ပူတတ် သော ကိုလေး။ အဲ ကိုကျော်၏ညီ ကိုကျော်လေးကို မပြောပြချင်တော့။ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။

"ခု–နေရ ထိုင်ရတာ အဆင်ပြေရဲ့ မဟုတ်လား"

"ပြေပါတယ် ကိုလေး"

လွယ်သောစကားဖြစ်၍ လွှတ်ခနဲပြောလိုက်မိသော်လည်း သူ့လက်မောင်းထဲ ဆစ်ခနဲ နာသွားသည်ဟု ထင်လိုက်မိ၏။

"ဒါဖြင့် ငါ ဆိုင်ကိုသွားလိုက်ဦးမယ်။ ပင်ပင်ပန်းပန်း တွေတော့ သိပ်မလုပ်နဲ့ဟာ။ နင့်မှာ လုပ်ရလို့ လုပ်ထရှိတာ မဟုတ်ဘူး"

စုစု ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

ကိုကျော်လေး ထွက်သွားသည်အထိ သူ့ အပြုံးရိပ်က မပြယ်ချင်။ သို့သော် သဘာဝချင်းမူ ခြားနားသွား၏။ အပြုံးသည် တဖြည်းဖြည်း နာကျင်သည့်ဘက်သို့ လုလာသည်။

ရှင်ဘုရင်နဲ့ ညားတော့ မိဖုရား။ သူတောင်းစားနဲ့ ညားတော့ စဏ္ဍာလပဲလေဟု တွေးလိုက်မိ၏။

ကိုကျော်အေးနဲ့ ညားတော့လည်း ကိုကျော်အေး တို့ စရိုက်ပဲ ဖြစ်ရမှာပေါ့။ တွေးမိကာမှ လက်မောင်းထဲက ကိုက် သလို ဖြစ်လာသည်။

မကိုက်ခံနိုင်ပါမလား။ မနက် မနက်ဆိုလျှင် လျှော်ရ သည့် အဝတ်က နည်းတာမှ မဟုတ်ဘဲ။

"ဒီအိမ်ကတော့ လခစား အိမ်တွေလို အေးအေး လူလူ တော့ မနေရဘူးပေါ့ သမီးရယ်။ လခစားတွေလိုပဲ ငွေကို တိုင်းပြီး သုံးနေ်စရာမှ မလိုဘဲ။ အဲဒီတော့ သမီး သုံးချင်ရာ သုံး။ ဝတ်ချင်ရာဝတ်။ စားချင်ရာစား။ ဘာမှမပူနဲ့။ မာမီတို့ မှာ ငွေ ရှာသလောက် ရတယ်....

"ဒါပေမယ့် ဝိုင်းလုပ်ဝိုင်းစား။ သမီးက တစ်ခုခု လုပ် ပေါ့။ ဆိုင်မှာ လိုက်ကူတန် ကူ။ ဒါမှမဟုတ် အိမ်အလုပ်ပဲ လုပ်ပေး။ ဆိုင်မှာဆိုလဲ အလုပ်သမား တစ်ယောက် စရိတ် သက်သာသွားတာပဲ။ အိမ်မှာဆိုလဲ အိမ်ဖော် တစ်ယောက် စရိတ် သက်သာသွားတာပဲ။ သမီးတို့ ပိုသုံးရတာပေါ့"



လက်မှတ်ထိုးပြီး တစ်ဘက်တည်းသော မိတ်သဂ်ဟများ ရှေ့တွင် လက်ထပ်ပြီးသည့် ညက ကိုကျော့်မိခင် ပြောလိုက် သည့် စကားများ နားထဲဝင်လာသည်။

မေမေပြောသည့် စရိုက် ဆိုသည်မှာ ဒါပဲဖြစ်မည်ဟု စုစု တွေးလိုက်မိသည်။

သည်စကားများကို သူငယ်ချင်း မော်မော့်ကို ပြန်ပြောမိ တော့ မော်မော်က ရယ်သည်။

"နောင်တော့ ငါ့သူငယ်ချင်း နေတတ်သွားရင် တစ်မျိုး ဖြစ်မလား မဆိုနိုင်ဘူး။ ဒါပေမယ့် ကိုယ့်အမြင်တော့ မင်း ပင်ပန်းပြီး နေတတ် ထိုင်တတ်မှာကို မဟုတ်ဘူး ထင်တယ် ပုစုရယ်။ တို့လဲ ကိုကျော်အေးတို့လို ကုန်သည်တွေပဲ။ တို့ဆို မင်းတို့ အရင်နေတဲ့ ထိုင်တဲ့ ဘဝမျိုးကို သိပ် အားကျမိ တယ်"

"ဘာဖြစ်လို့လဲ"

သည်တုန်းက ရယ်၍ အားမရသေးသောအချိန် ဖြစ်၍ ရယ်ရင်းပင် ပြန်မေးမိသည်။

"တို့အလုပ်မျိုးတွေက စိတ်ညစ်ဖို့ သိပ်ကောင်းတယ်။ တို့ အိမ်ကို ကြည့်စမ်း။ မင်းတို့အိမ်မျိုးနဲ့ ဘူလား။ ပစ္စည်း ပစ္စယ တွေ ပြောတာ မဟုတ်ဘူးနော်။ ထားတာ သိုတာနဲ့ အိမ်ရဲ့ အပြင်အဆင်ကို"

စုစုက အိမ်တစ်ခုလုံးသို့ မျက်လုံးကစားလိုက်သည်။ အိမ် ရှေ့ ဧည့်ခန်း အပြင်တွင် ကားနှစ်စီးရပ်ထားသည်။ တစ်စီး က လော်ရီကား၊ နောက်တစ်စီးက ဂျစ်ကား၊ အိမ်ရှေ့ တစ်ခု လုံးသည် ကားပစ္စည်းများဖြင့် ပေကျံ ရှုပ်ပွနေ၏၊

တိုင်များတွင် တိုးလို့တန်းလန်းဆွဲထားသော ဘာခေါ်မှန်း မသိသည့် ကားပစ္စည်းများ၊ ညှော်ခန်း၏ အနောက်ဘက် တစ်ခုလုံးတွင်လည်း ဂုံအိတ်များဖြင့် ထပ်ထပ်ပုံထားသည့် ကုန်ပစ္စည်းများ၊ ရေခဲသေတ္တာ၊ ပန်ကာ၊ ရေဒီယို၊ မီးခံသေတ္တာ ဘာညာများ အပြည့်အစုံ ရှိနေသော်လည်း သူ့နေရာနှင့် သူ မဟုတ်။

"အဲ့ဒါက မင်းအမြင်။ အပေါ်ယံရှုခင်းပဲ ရှိသေးတာ။ နောက်ဖေး မီးဖိုမှာ ဒီထက် ပွတယ်။ တစ်အိမ်လုံး ကုန်တွေပြည့်နေတာ ညှော်ခန်းအလှတို့ သပ်သပ် ယပ်ယပ် နေ ဖို့ဆိုတာတို့ စိတ်ကူးထဲတောင်မထည့်ရဲဘူး။ တစ်နေ့လဲအလုပ်။ နေ့လဲ အလုပ်။ ညလဲ အလုပ်။ တို့ အဘိုးကနေ တို့မောင်လေး အငယ်ဆုံး အထိ ဆိုင်မှာရှိရင်ရှိ၊ မရှိရင် အိမ်မှာ ရှိတယ်။ တစ်ခါ တစ်ခါ တို့ စဉ်းစားမိတယ်။ တို့မှာရှိတဲ့ ပိုက်ဆံတွေ ဘာလုပ်ဖို့ ရှာနေတာလဲလို့"

အဘန်းထဲတွင် တွေ့နေကျဖြစ်သော မော်မော်နှင့် ခြားနားသော မော်မော်ကို တွေ့နေရသလို ခံစားရမိ၏။

"မင်းတို့ နွေရာသီတိုင်း လျှောက်လည်ပတ်ကြတာပဲ မဟုတ်လား"

မော်မော် ရယ်၏။ ဟက်ဟက်ပက်ပက်ပင်။

"တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက် ရှိတယ်နော် စုစုရဲ့၊ ဆယ့်ငါးရက်လောက် လွတ်လွတ်လပ်လပ် အေးအေးချမ်းချမ်း နေရတာကို ဘဝလို့ ပြောမှာလား"

စုစု ခေါင်းခါလိုက်၏။ ပြန်မစဉ်းစားချင်တော့။ ဟိုတုန်းက မော်မော် ဘာပြောလဲဆိုတာ သေချာ သဘောမပေါက်ခဲ့သော်လည်း ယခု သဘောပေါက်ပြီပဲ။



ပေါက်သည့်နဖူး မထူး ဆိုသော စကားပုံနှင့် ဝက် ဖြစ်မှတော့ မစင်ကြောက်လို့ မဖြစ် ဆိုသော စကားပုံများသည် စုစုလို လူမျိုး အတွက် သက်သက် ထားခဲ့သည်မှ အပ ဘာမျှ မဖြစ်နိုင်။

ရင်ထဲ မောသွားသည်။

မောရတာ များလွန်း၍ တစ်ခါ တစ်ခါ မော၍ မောမှန်းပင် မသိချင်တော့။

အိပ်ရာဝင်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားချိန်မှလွဲလျှင် မမောရသော ကာလ သိပ်မရှိ။ နံနက် မိုးလင်း၍ ကိုယ့်အခန်းထဲကိုယ် ပြန်ကြည့်ရာက အစ မောသည်။ ကိုယ်က ရှင်းလိုက် သူက ဖွလိုက်၊ ကိုယ်ကရှင်းလိုက် သူကဖွလိုက်နှင့် ဘယ်တော့မှ အခန်းက ရှင်းသည်မရှိ။

"သပ်သပ်ယပ်ယပ် နေတတ်အောင် လုပ်ပါ ကိုကျော်ရယ်။ ကိုကျော်တို့ ကြည့်ရတာ ဗလုံးဗထွေးနဲ့ စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ"

တစ်ခါ တစ်ခါ ပြောမိလျှင်–

"ကိုယ်တော့ တစ်သက်လုံး ဒီလိုပဲ နေလာတာမို့လား မသိဘူး။ မထူးပါဘူး စုရယ်။ တစ်နေ့ တစ်နေ့ အလုပ်မှာ ပင်ပန်းရ၊ စိတ်ရှုပ်ရနဲ့။ အိမ်မှာပါ ဒါတွေ ထပ်လုပ်နေရရင် သေလိမ့်မယ်"

နောက်ဆုံးတော့ မနေတတ်သူက အပင်ပန်းခံသုပ်ရှင်းသာ ရှိတော့သဖြင့် တစ်အိမ်လုံး ဒိုင်ခံ ရှင်းရတော့သည်။ ခဏပါပေါ့။

မရှင်းလို့၊ မလုပ်လို့ကလည်း မကောင်း။ စုစု ဆိုင်မှာ မထိုင်ချင်။ တစ်ခါတလေ ဆိုင်လိုက်သွား၍ စားပွဲမှာ ထိုင်

ပြီး နေရတာကိုပင် မျက်နှာက သိပ်မရဲ။ သည်တော့ အိမ်အလုပ်။

အိမ်အလုပ်ဆို၍ သက်သက်သာသာတော့မဟုတ်။ အဝတ်လျှော် တစ်ခုတည်းနှင့်ပင် လက်မောင်းကိုက်လှပြီ။ ပိုဆိုးသည်က အခုတလော မူးမူးနေခြင်းပင်။

*

"ဟဲ့… စုစု။ နင့် သားနဲ့ သမီး လာခေါ်ထားစမ်းဟာ။ ဒီမှာ လူကြီးတွေ အလုပ်လုပ်လို့ကို မရဘူး။ ဟိုကောင်ငကျော်အေးကလဲ ရန်ကုန်သွားတာ ဘယ်နှစ်ရက်ရှိပလဲ။ သေများ နေပလား မသိဘူး"

စုစု ကမန်းကတန်းပြေး၍ အတယ့်နားမှ သားကြီးနှင့် သမီးငယ် စုနွယ်ကို လှမ်းဆွဲထားလိုက်သည်။

"ဟင့်အင်း ဟင့်အင်း… ကြည့်ချင်လို့။ ကြည့်ချင်လို့"

ငိုရှုန်း ရှုန်း၍ အော်နေသော သမီး၏ တင်ပါးကို တစ်ချက် ရိုက်လိုက်သည်။

"လူကြီးတွေ အလုပ်လုပ်နေတဲ့ နေရာကို မသွားပါနဲ့လို့ ဘယ်နှစ်ခါ ပြောထားရမလဲ သမီး။ ဒီကားပြင်ရင် ခိုက်မိတတ်တယ်လို့ ပြောထားတယ် မဟုတ်လား"

သမီးက ငိုမြဲ ငို၏။ နောက်ထပ်သုံး လေးချက်ရိုက်လိုက်မှ အငို တိတ်သွားသည်။ သမီး၏ ကြောက်ငြိမ် ငြိမ်နေရသော အမူအရာလေးကို ကြည့်၍ စုစု ရင်နင့်သွားသည်။



မေမေသည် စုစုကို တစ်ခါမှ လက်ဝါးဖြင့်ပင် မရွယ်ခဲ့ဘူးခဲ့။

ထိုစဉ် ကိုကျော်လေးတစ်ယောက် ပြန်ရောက်လာသည်။

"ဟော… ကိုလေး ပြန်ရောက်လာပလား။ ဘယ်နှယ့်လဲ။ အဆင်ပြေရဲ့လား"

"အေး… ပြေပါတယ်"

ကိုကျော်လေးမှာ အိမ်အလုပ်တစ်ခုနှင့် ပတ်သက်၍ ဂျပန်သို့ အလုပ်သွားလုပ်ရန် ကိစ္စ သွားစုံစမ်းနေခြင်း ဖြစ်သည်။

ကိုကျော်လေးက ဖြေလည်း ဖြေရင်း အိတ်ထဲမှ ကစားစရာများ ထုတ်၍–

"ရော့… စုနွယ်။ ဒါနဲ့ ကစား။ ဟိုကောင်ကြီးကော ရော့…"

"ဟော့… တို့ ဦးဦးကွ"

ကလေးဆိုသည်မှာ ဒါပဲ ဖြစ်မည် ထင်သည်။ ကိုကျော်လေး သံပတ်ရထားနှင့် မျက်လုံးမှိတ်သော ကော်ရုပ်ကလေးကို သမီးနှင့် သား အားပေးလိုက်သောအခါ ဝမ်းသာအားရအော်ပြီး ပြေးသွားကြ၏။

"ကိုကျော်လေး ရှိပေသို့ သာပေါ့"

စုစု ရင်ထဲတွင် ကိုကျော့်ကို သတိရလိုက်၏။ ကိုကျော် ရန်ကုန်ဆင်းသည်မှာ တစ်ပတ်ခန့် ရှိပြီ။

သွားနေကျမို့ ပူစရာမဟုတ်သော်လည်း ပူနေကျမို့ ပူမြဲ ပူနေမိသည်။ ကြာကြာဝါးမှ ခါးမှန်းသိဆိုသော ယောကျ်ားမျိုးသည် ကိုကျော်လို လူမျိုးကို ဆိုလိုမှန်း စုစုကလေးတစ်ယောက်ကျော်မှ သိခဲ့ရ၏။

စုစုအပေါ် ဝတ္တရားမပျက်။ အဲ ဝတ္တရားမပျက် ဆိုသည်မှာ လင့်ဝတ္တရားငါးပါးထဲ ပါသည့် တင့်တောင့် တင့်တယ်ထားခြင်း တစ်ခုကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။

"မည်ခေါ်နာအိ၊ မထိမဲ့မြင်၊ ပြုကျင့်မဲ့ထွန်၊ ကျူးလွန်ကျင့်ကင်း၊ ဆောင်းနှင်းခန်းဝါ၊ တန်ဆာဆင်ယင်၊ ဤငါးအင်၊ လင်တို့ ကျင့်ရိုးတံထွာတည်း"

ဟူသော လင့်ကျင့်ဝတ်များထဲမှ မည်ခေါ်နာအိဟု ခေါ်သော ချိုချိုသာသာ ခေါ်ပြော ဆက်ဆံခြင်းနှင့် ဆောင်းနှင်းခန်းဝါ၊ တန်ဆာဆင်ယင် ဟူသော ကောင်းကောင်းမွန်မွန်ထား၊ ကောင်းကောင်းမွန်မွန် ဝတ်ဆင်ပေးခြင်းတို့ကိုမူ ကိုကျော် ဘစ်ရွေးသားမှ မလျော့ခဲ့။

သို့သော် မထိမဲ့မြင် ပြုကျင့်မဲ့ထွန်နှင့် ကျူးလွန် ကျင့်ကင်းကိုမူ ကိုကျော် ဘစ်စက်မှ မလိုက်နာခဲ့။

အိမ်ထောင်ကျပြီး လေး ငါး ခြောက်လအထိမူ ကိုကျော် ပုံ သိပ်မပျက်သေး။ လေး ငါး ခြောက်လ လွန်လာတော့ ကိုကျော့် ဇာတိပြ၏။

ဆိုင်ကနေ သိမ်းသိမ်းချင်း မပြန်လာတော့။ မိုးချုပ် ညဉ့်နက်မှ ပြန်လာတတ်သည်။ ယမကာနံ့ လေးလည်း ပါ့ပါ လာတတ်၏။ ဆိုးသည်က အရည်လေးဝင်လာလျှင် သွေးကြမ်းခြင်းပင်။ ကိုယ်က လုပ်လိုက်၍ ပြဿနာရှင်းရပေါင်း မနည်းသလို၊ ကိုယ်က ခံလာ၍ ဆေးကုရသည် မနည်း။

ပြီးတော့ လက်ပူးလက်ကျပ် မမိသေးသော်လည်း ရှုပ်တတ်နေပြီ ဖြစ်ကြောင်း ကြားရပြန်သည်။ ခက်သည်က သူဝါသနာပါသည်က ပုံမှန် အတည်တကျ ပွေခြင်း မဟုတ်။ ဆိုင်မှာ ဝယ်စားခြင်းပင်။



"ကရင်....ရင်....ရင်"

"ဖုန်းလာတယ်ဟေ့။ သွားကိုင်လိုက်စမ်း"

အတယ်က လှမ်းပြောလိုက်သဖြင့် အနီးဆုံးလူ ဖြစ်နေသော စုစုက အပြေးလေး ထ၍ ဖုန်းဆီ ပြေးလာခဲ့သည်။

အတွေးများနေတုန်း ထပြေးလိုက်ခြင်း ဖြစ်သဖြင့် လက်သည် တယ်လီဖုန်းဆီ တည့်တည့် ရောက်မသွားဘဲ တယ်လီဖုန်းရှေ့တွင် အလှတင်ထားသော ဗီးနပ်စ် အရုပ်ကလေးကို အဖျားခတ် ထိသွားသည်။

"ဒေါက်...."

လှမ်းဆွဲလိုက်သော်လည်း မမှီလိုက်တော့။ ဗီးနပ်စ်မှာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားသည်။

အထိတ်တလန့် လှမ်းကောက်လိုက်မည် အပြု—

"နေနေ စုစု။ ဖုန်းပဲ နားထောင်လိုက်။ ငါကောက်လိုက်မယ်။ ကိစ္စမရှိပါဘူး"

အနားရောက်လာသော ကိုကျော်လေးက လှမ်းပြောလိုက်သည်။

"ဟယ်လို"

အသံက အဝေးမှ လာရသဖြင့် ထင်သည်။ တိုးတိုးလေး ဖြစ်နေ၏။

"ဟဲ့-လို ကျယ်ကျယ်ပြောပါ။ ဘာမှ မကြားရဘူး"

အဝေးမှ အသံက ကြားသာရုံလေး ဝင်လာသည်။

"တောင်ကြီးကလား"

"ဟုတ်တယ်....ပြောပါ"

သူလည်း ကိုယ့်လိုပဲ ဖြစ်နေမည်ဆိုတာသိသဖြင့် တအား ပြန်အော်လိုက်သည်။

"ဘယ်ကလဲဟေ့....ရန်ကုန်ကလား"

အတယ်က လှမ်းမေးလိုက်သံနှင့် ဟိုကလှမ်းပြောလိုက်သံ နှစ်ခု အကြား အနီးသာဝင်၍ အဝေးမှ လျှံသွားသဖြင့် တစ်ဘက်မှ ဘာပြောလိုက်သည်ကို မကြားရ။

"မကြားရဘူး။ ပြန်ပြောပါ"

လက်တစ်ဘက်ဖြင့် အတယ့်ကို ကာပြရင်း တစ်ဘက်မှ အသံကိုလည်း အာရုံစိုက် နားထောင်လိုက်သည်။

"အိမ်ကလား"

ရှေ့ကနာမည်ကို ပြောလိုက်သော်လည်း ဗလုံးဗထွေးကြီး ဖြစ်နေသဖြင့် ဘာမှန်းမသိလိုက်။

"ဘာပြောတာလဲ။ ပြန်ပြောပါ....မသဲကွဲဘူး"

"ဦးကျီကွေးအိမ်ကလား"

ဟု ဖြစ်မယ် ထင်သည်။ ကြားလိုက်ရသည်မှာ သည် အတိုင်း ဖြစ်၏။

"ဘယ်သူလဲ။ ဦးကျီကွေးဆိုတာ မရှိဘူး"

"ဦးကျော်အေး.... ဦးကျော်အေး.... ဦးကျော်အေး အိမ်ကလား"

ဖုဖုရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ကိုကျော့်ဆီကဖုန်း ဖြစ်လျှင် ဒီလိုတစ်ခါမှ မလာစဘူး။

"ဟုတ်–ဟုတ်ပါတယ်။ ခု ပြောတာ ဘယ်ကလဲ"

"ရန်ကုန်က။ လမ်းမတော်ဌာနက"

"ရှင်"

ဖြစ်ပြန်ပြီဟု ထင်လိုက်မိ၏။ သွားလေရာ အရာရာနှင့် အကြောင်းကြောင်း ဖြစ်တတ်သည်။ ကိုကျော်....ကိုကျော်။

"ဘာတဲ့လဲ။ ဘယ်ကတဲ့လဲ"



အနားမှ သံချင်နေသော ကိုကျော်လေးက ဝင်မေးလိုက်သဖြင့် တစ်ဘက်မှ အသံ မကြားလိုက်ရပြန်။

စုစုက ဖုန်းခွက်ကို အသာပိတ်၍ ခေါင်းယမ်းရင်း....

"ရန်ကုန်က။ လမ်းမတော်ဌာနကတဲ့။ ကိုကျော်ပြဿနာ ဖြစ်ပြန်ပြီ ထင်တယ်။ နေဦး–နေဦး ဟိုကပြောတာ မကြားရတော့ဘူး"

"ဟုတ်ကဲ့–ပြောပါ။ ဘာကိစ္စလဲ။ ကျယ်ကျယ်ပြောပါ"

တစ်ဘက်မှအသံက စိတ်မရှည်တော့ဟန်နှင့်ပြတ်တောင်းတောင်း ကျယ်ကျယ် လောင်လောင် အော်၍ ပြောလိုက်သည်။

ကြားလိုက်ရသောအသံကြောင့် ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ တစ်ကိုယ်လုံး လေထဲ လွင့်သွားသလို ခေါင်းတစ်ခုလုံး မိုးကြိုး အစိတ်စိတ် အပစ်ခံရသလို ဖြစ်သွား၏။

ကြားလိုက်သည်ကို နားထဲတွင် မယုံ။ မျက်လုံးလည်း ပြူးသွား၏။ ကိုင်ထားသောလက်များ တဆတ်ဆတ် တုန်လာသည်။

"ဘာဖြစ်တယ်။ ပြန်ပြောပါဦး"

သို့သော် တစ်ဘက်မှ စကားများသည် စောစောက အတိုင်း ပြန်ထွက်လာသည်။ လက်ထဲက ဖုန်းသည် လွတ်ကျသွားသည်။ သံကြောင်လေး တစ်ခုသာ အထဲက မြည်နေသည်။

ခေါင်းထဲ မိုက်ခနဲ ဖြစ်သွားသဖြင့် နံရံကို မှီထားလိုက်သည်။

"ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ–ဟင် စုစု"

ကိုကျော်လေးက တတွတ်တွတ် မေးနေ၏။ စုစုပြန်ပြောရန် ပါးစပ်ဟလိုက်သော်လည်း ချက်ချင်း အသံက ထွက်မလာ။

သူ့မျက်လုံးများသည်လည်း ပြာမိုက်နေ၏။ လူအားလုံးနေရာမှာ နက်ပြာရောင် ပိတ်ကားတစ်ခု ချထားသည်။

မျက်လုံးတွင်းမှ မျက်ရည်ပူများ လိမ့်ဆင်းလာ၏။ စုစု၏ ပါးစပ်မှ အသံသည် တစ်လုံးချင်း ထွက်လာသည်။ ကိုယ့်ပါးစပ်က ပြောနေသည်ဟု မထင်။

သူစိမ်းတစ်ယောက်၏ လေသံလိုဖြစ်နေ၏။

သူ့ စကားသံအဆုံး အားလုံး ကြက်သေ သေသွားသည်။

အားလုံး၏ အသက်ရှူခြင်းများ တန့်သွားသည်။ ဘယ်လိုမှ မမျှော်လင့်ထားသော အဖြစ်၊ ဘယ်သူမှ မယုံနိုင်သော စကား။

သို့သော် အားလုံးကို ချောက်ချားသွားစေသည်။

"ကိုကျော်....အေး....ဆုံးသွားပြီ....တဲ့။ အမြန်....လာပါတဲ့...."

(၁၈)

"ဟာ....ဒါဖြင့် စုန္ဒယ် အဖေက အဖေရင်း မဟုတ်ဘူးပေါ့"

ကျွန်ခတော့် ဘဝတွင် ပထမဆုံး ကြုံဖူးသော အထူးဆန်းဆုံး အဖြစ်အပျက်တစ်ခုပင် ဖြစ်သည်။ ယုံရရန်ပင် ခက်နေသည်။

ဆင်ဒီက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ရဲ့လား ဆင်ဒီ-ရာ"

"မင်း-မယုံနိုင်ဘူး မဟုတ်လား ဖိုးညို"

ကျွန်တော် ခေါင်းခါရင်း ပြောလိုက်သည်။

"ယုံရ ခက်ခက်မှ တကယ့်ကို ယုံရခက်ခက်ပဲ"

"အေး-နောက် ဆင်ဒီပြောတာကြားရင် ဒီထက် ပိုမိုခက်ဦးမယ်"

"ဟင်"

ကျွန်တော် အံ့အားတသင့် ဖြစ်သွားသည်။

"ဆင်ဒီလဲ ကြားစတုန်းက ဘယ်လိုလုပ်ယုံမလဲ။ အဲဒါ စုန္ဒယ်ကိုယ်တိုင် ဖွင့်ပြောပြတာ။ ရန်ကုန်ပတ်ဝန်းကျင်မှာ ဒီ အဖြစ်အပျက်ကို သိတာ ဒေါ်စုစုနဲ့ စုန္ဒယ်တို့ မောင်နှမ ပြီးရင် မင်းနဲ့ တို့ပဲ ရှိတယ်။ ဒါကြောင့် ဒီစကားတွေပြောဖို့ ဆင်ဒီ ဘုရားသခင်ဆီမှာ ခွင့်ပန်ခဲ့တာပေါ့"

"တို့လဲ နှုတ်လုံပါ့မယ် ဆင်ဒီရယ်"

"သူ့အဖေရင်းက ဘာဖြစ်လို့ သေလဲဆိုတာရော သိချင် သေးလား။ ပြီးတော့–ခုသူ့အဖေကို ဘယ်လိုရသလဲ ဆိုတာ ရော သိချင်သေးလား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။ အရာရာတိုင်းသည် ကျွန်တော့်အဖို့ ထူးဆန်းနေ၏။

ဘဝ၏ အနက်အဓိပ္ပာယ်များ။

*

"ထိုင်ပါခင်ဗျာ။ ဘာကိစ္စပါလဲ"

စုစုက ရဲအရာရှိ၏ စားပွဲရှေ့ ကုလားထိုင်တွင် ဝင်ထိုင် လိုက်၏။ ကိုကျော်လေးက သူ့နံဘေးတွင် ဝင်ထိုင်သည်။

"ကျွန်မ–တောင်ကြီးက ဦးကျော်အေးရဲ့ ဇနီးပါ"

"ဪ"

ရဲအရာရှိ၏ မျက်နှာတွင် အားနာခြင်းနှင့် သနားခြင်း အငွေ့များ ယှက်သန်းသွား၏။



"ဘယ်လိုကနေ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မတို့ သိခွင့် ရှိပါသလားရှင်"

ရဲအရာရှိက ကိုကျော်လေး၏ မျက်နှာကို တစ်ချက် လှမ်း ကြည့်လိုက်ပြီး....

"သူက"

"ကျွန်တော် ကိုကျော်အေးရဲ့ ညီ ကိုကျော်လေးပါ"

"ဪ....ဟုတ်ကဲ့ ခင်ဗျာ။ ကျွန်တော်မေးတာကို စိတ် မရှိပါနဲ့။ ကျွန်တော် မေးရတာ အကြောင်းရှိပါတယ်။ ကို ကျော်အေးရဲ့ အနေအထားကို ကျွန်တော်တို့ စုံစမ်း သိရှိရ သလောက် ဂုဏ်သရေရှိ အသိုက်အဝန်းက ဆိုတာ သိရပါ တယ်....

"ဒါပေမယ့် ခုဖြစ်တဲ့ ကိစ္စက တော်တော် အရုပ်ဆိုးနေ တာမို့ ကျွန်ရစ်တဲ့ သူ့မိသားစုရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်း တဲ့အနေနဲ့ ကျွန်တော်တို့ သတင်းစာတွေကိုလဲ မပေါက် ကြားရအောင် သိုသိုသိပ်သိပ် လုပ်ပေးထားပါတယ်။ ဒါ ကြောင့် ဖြစ်နိုင်သရွေ့ အပြင်လူမသိအောင် မေးရတာပါ"

စုပု မျက်နှာသည် ကိုကျော်လေး မျက်နှာကဲ့သို့ပင် ကွက် ခနဲ ပျက်သွား၏။ စုစု နားထဲတွင် ရဲအရာရှိ၏ စကားများ ပဲ့တင်ထပ်သွား၏။

"ခုဖြစ်တဲ့ ကိစ္စက တော်တော်အရုပ်ဆိုးနေတာမို့ ဆိုပဲ"

စုစု သက်ပြင်းချလိုက်၏။

"ဘယ်လိုဖြစ်တာလဲ ဆိုတာ သိပါရစေရှင်"

"ဟုတ်ကဲ့ ခင်ဗျာ။ ဒီလိုပါ–စဖြစ်တဲ့နေ့က ကိုကျော်အေး ဟာ ကြိုင်နန်း ဟိုတယ်မှာ အရက်နေပါတယ်။ အရက် သောက်ပြီး မူးလာတော့ တစ်ဘက်က အခန်းထဲမှာ ထိုင်နေ

တဲ့ အမျိုးသမီး တစ်ယောက်ကို သွားစ,ပါတယ်။ အဲဒီ အမျိုးသမီးကလဲ မကောင်းတဲ့ အမျိုးသမီးပါ”

မျက်နှာ ထားရခက်အောင် ရှက်သည့် အရှက်က စုစု တစ်ကိုယ်လုံးကို ထူပိန်းသွားစေသည်။ ခေါင်းကို ကပျာကယာ ငုံ့လိုက်မိ၏။

“အဲဒီမှာ အမျိုးသမီးကိုခေါ်ပြီးသား ဖြစ်နေတဲ့ အုပ်စုနဲ့ စကားများပါတယ်။ အဲဒီလူတွေကလဲပြဿနာတစ်ခုနဲ့အငြင်းအခုံ ဖြစ်နေကြတဲ့ အချိန်၊ စကား လက်စ မပြတ်သေးတဲ့ အချိန်လဲ ဖြစ်ပါတယ်။ သူတို့တစ်တွေ ငြင်းနေတဲ့ ကိစ္စက စိန်မေရီဘုရား ကျောင်းရှေ့ကနေ အင်းစိန် တိရစ္ဆာန် ဆေးကျောင်းရှေ့ အထိ ကားအမြန်မောင်းရင် ဆယ့်ငါး မိနစ်နဲ့ ရောက်၊မရောက် အလောင်းအစားနဲ့ ငြင်းခုန်နေချိန် ဖြစ်တော့....”

စုစု မရဲတရဲ မော့၍ ရဲအရာရှိကို ကြည့်လိုက်သည်။ ရဲအရာရှိက တည်ငြိမ်သော လေသံဖြင့် စကားဆက်၏။

“နောက်ဆုံးတော့ အဲဒီ အလောင်းအစား ကိစ္စက ကိုကျော်အေးဆီ လှည့်လာပါတယ်။ အမျိုးသမီးကို သူ ခေါ်မယ်။ ငါ ခေါ်မယ် ငြင်းရာကနေ ကိုကျော်အေးနဲ့ အလောင်းအစား လုပ်ပါတယ်။ စောစောက ခရီးကို ဆယ့်ငါးမိနစ်နဲ့ ကိုကျော်အေးက သူ မောင်းမယ်။ မောင်းလို့ရရင် အမျိုးသမီးကို သူ ခေါ်မယ်။ မရရင် ခင်ဗျားတို့ ခေါ် ဘာညာနဲ့ ဖြစ်လာတော့ ဟိုလူတွေက အမျိုးသမီးအပါအဝင် ငွေတစ်သောင်း လောင်းကြေးပါ ထပ်ပါတယ်။ အဲဒါနဲ့ သူတို့ အလောင်းအစား ဖြစ်တယ် ဆိုပါတော့”



စုစု မျက်လုံးထဲတွင် လုပ်ချင်တာရှိလာလျှင် ဘာမှ ရှေ့နောက် မစဉ်းစားဘဲ စွတ်ရွတ် လုပ်တတ်သော ကိုကျော်အေး၏ မျက်နှာကို ကွက်ခနဲ မြင်လိုက်၏။

“ကိုကျော်အေး သုံးနေတဲ့ ကားကလဲ ၁၉၅၈ ခုနှစ် ပုံစံ အင်ဂျင် ခြောက်လုံးတပ် ချက်ဘလက်ကားဆိုတော့ သူ့ကား သူ ယုံတယ်နဲ့ တူပါတယ်။ အဲဒီမှာ စိန်မေရီ ကျောင်းရှေ့ကနေ အမျိုးသမီးကိုကားပေါ်တင်ပြီး မောင်းတော့တယ်။ ဟိုလူတွေက တချို့က ကြိုထွက်ပြီး အင်းစိန် ဆေးကျောင်း ရှေ့မှာ စောင့်နေဖို့ သွားနှင့်ပါတယ်။ ကျန်ခဲ့တဲ့ လူတွေဆီက အချိန်မှန်ပြီး ကားမောင်းလာခဲ့တာ”

ရဲအရာရှိက စကားကို ခဏ ရပ်လိုက်၏။ စုစုသည် လက်ကိုင်အိတ်ထဲမှ လက်ကိုင်ပဝါကို ထုတ်၍ နဖူးတွင် စို့လာသော ချွေးများကို သုတ်လိုက်၏။

“ကံက ဆိုးချင်တော့ အရှိန်နဲ့ တအား မောင်းလာတဲ့ အချိန်၊ လူကလဲ မူးနေ၊ ဦးဝိစာရအဝိုင်းမှာ လဲ ညဘက် အဝိုင်းကို ရေဖြန်းထားလို့ လမ်းပေါ်မှာ ရေစိုနေတာနဲ့ တွေ့တော့ အဲဒီမှာ ကားစလစ်ဖြစ်သွားတယ်။ ကားက နှစ်ပတ်၊ သုံးပတ်လောက် လည်ထွက်သွားပြီး လမ်းဘေး ဓာတ်တိုင်ရော၊ အုတ်တံတိုင်းပါ ဝင်တိုက်တာပေါ့။ ကိုကျော်အေးနဲ့ အဲဒီ မိန်းမနှစ်ယောက်စလုံး သေသွားတယ်။ သိပ်မိုက်တဲ့ သူပဲဗျာ”

ရဲအရာရှိက သူ့ ရှည်လျားသော ရှင်းပြချက် ပြီးဆုံးသွားပြီ ဖြစ်သဖြင့် အိတ်ထဲမှ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိလိုက်သည်။

စုစု အ ံကို ကြိတ်ထားလိုက်၏။
မျက်ရည်မူ တစ်စက်မျှ ကျမလာခတော့။

*

တစ်ချိန်တွင် ဒီလို ဖြစ်လာမည်ကို စုစု ခန့်မှန်းမိသော်လည်း သည်လောက် မြန်မြန်ဆန်ဆန် ဖြစ်လာလိမ့်မည်ဟု မထင်ခဲ့။

အမှန်အတိုင်း ဆိုရလျှင် သူ့စေတနာနှင့် သူ့မေတ္တာကို နည်းနည်းမှ သံသယမဝင်။ သွားလေသူ ကိုကျော်အေးနှင့် နှိုင်းယှဉ်လျှင် သူ့မှာ ငြင်းပယ်စရာ ဘာအကြောင်းမှ မရှိ။ ပြီးတော့ အကြောင်းလည်း သိပြီးသား။ သားတို့၊ သမီးတို့နှင့်လည်း အဆင်မပြေစရာ မမြင်။ သို့သော်.... ဤသို့သော်သည် စုစုဘဝတွင် အလွန် အရေးကြီးသော သို့သော် ဖြစ်နေ၏။

"ကိုယ် ပြောတာကို စုစု သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ် စုစု။ ကိုယ့်မှာ တာဝန်ရှိတဲ့ လူတစ်ယောက်အနေနဲ့ တင်ပြောတာ မဟုတ်ပါဘူး။ တကယ်လို့ ကျော်အေး အရင် ကိုယ် စုစုကိုတွေ့ရင် အဲဒီတုန်းထဲက ဒီစကားကို ကိုယ်ပြောဖြစ်မှာပါ"

ကိုကျော်လေး၏ လေသံဟှင် မျှော်လင့်ချက်များဖြင့် ပြည့်လျှမ်းနေသည်ဟု စုစု ထင်မိ၏။ ကိုကျော်လေး၏ မျက်နှာတွင် သူ့ စကားကို အလွန် အထောက်အကူပြုနေသည့် တိုးလျှိုးမှုများ ပါနေသည်မှာ မြင်သာလှသည်။



"စုစု စဉ်းစားပါရစေ ကိုလေးရယ်။ ခုဟာက ကိုလေးကို စုစု လက်ခံနိုင်၊ လက်မခံနိုင်ဆိုတာထက် ကိုကျော့်ကိစ္စက ဘာမှ ကြာသေးတာ မဟုတ်တော့...."

သည်အကြောင်းပြချက်က ကာကွယ်မှုထက် အမှန်တရားကို ပိုဦးတည်နေကြောင်း စုစု သိပါသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်မှာ ကားတိုက်မှု ဖြစ်၍ ကွယ်လွန်သွားပြီဟု သဘင်းလွှင့်ပြီး သဂြိုဟ်လိုက်ရသော ကိုကျော်အေး၏ အသုဘမှာ တစ်လကျော်ကျော်မျှသာ ရှိသေးသည်။

ကိုကျော်လေးက ခေါင်းခါလိုက်၏။

"သာမန် အချိန်နဲ့ သာမန် အခြေအနေအတိုင်းဆို ကိုယ်ဒီလောက် အလောတကြီးပြောဖို့ ဘာလိုမှာလဲ စုစု။ စုစုကိုယ့်မျက်စိအောက်က ပျောက်သွားမှာမှ မဟုတ်ဘဲ။ ခုဟာက...."

ဆိုင်မှ အလုပ်သမားတစ်ယောက်ဝင်လာသဖြင့် ကိုကျော်လေးက စကားစကို ဖြတ်ပစ်လိုက်သည်။ ဝင်လာသူက–

"ကိုကျော်လေး။ အတယ်ကြီးက ငွေငါးထောင် လာပို့ပေးပါလို့ မှာလိုက်တယ်"

ကိုကျော်လေး မျက်နှာမှာ စိတ်ရှုပ်သော အမူအရာများ ပေါ်လာသည်။

"အေး အေး....လာပေးမယ်လို့။ နေဦး နေဦး။ ဟော့ကောင်။ မင်း ယူသွားကွာ။ ငါ သွားစရာရှိလို့။ ညနေမှ လာခဲ့မယ်လို့ ပြောလိုက်"

အလုပ်သမားလေးက တွန့်ခနဲ ဖြစ်သွားပြီး–

"ကျွန်တော် ယူသွားလို့ ဖြစ်ပါ့မလား။ အတယ်ကြီး ဆူနေရင်"

"ဟော့ ကောင်....မရှည်နဲ့။ ယူသွားဆို ယူသွားစမ်း။ ငွေယူပြီး မင်း လစ်မပြေးရင် ပြီးတာပဲ၊ လစ်ပြေးလဲ သေဖို့သာပြင်"

"ဟာ.. ကိုကျော်လေးကလဲ ကျွန်တော် ဒီလိုမျိုး မဟုတ်ပါဘူး"

"အေး...ဒါဖြင့် ယူသွား"

ကိုကျော်လေးက အခန်းထဲဝင်၍ ပိုက်ဆံယူလာပြီး စက္ကူနှင့် လိပ်၍ ပေးလိုက်သည်။ အလုပ်သမားထွက်သွားမှ–

"ကိုယ် ပြောတာလဲ စဉ်းစားဦး စုစု။ ခုဟာက ကိုယ်က ရှေ့လလောက်ဆို ဂျပန် သွားရတော့မှာ။ အတိုးကြီး အစီအစဉ်အရ ကိုယ်က ပြန်လာချင်မှ ပြန်လာရမှာ။ ဟိုမှာက အခြေချပြီး နေရမှာ။ တစ်လမ်းက ကိုယ်နဲ့ စုစု လက်ထပ်ပြီး ဂျပန် ကိစ္စကိုဖျက်။ ဒါမှမဟုတ် စုစုပါ တစ်ခါတည်း ခေါ်သွား။ ဒါ့ဖြစ်မှာ။ ဒီတော့ စုစုဆီက အဖြေကို တိတိကျကျ ရပြီးမှ စီစဉ်လို့ ရမှာ"

စုစု တွေသွားသည်၊ သူ့ စကားများက သူ့ လိုပင် မှန်ကန် တိကျသည်။ သူ့ အစီအစဉ်များကလည်း သူ့ လိုပင် အားကိုးလောက်သည်။

သို့သော်....

သို့သော်ဆိုသည်မှာ စုစု သည်အသိုက်အဝန်းထဲတွင်ပင် ပြန်ဝင်နေရမှာ စိုးသည်။ အခွင့်ရှိသည့် ခုချိန်လေးမှာ သည် အသိုက်အဝန်းနှင့် ဝေးရာ သို့မဟုတ် သီးသန့်အသိုက်အဝန်း လေး တစ်ခုမှာ နေချင်ပြီ။

အိမ်ထောင်ကျပြီးသည့် နေ့မှ စ၍ စိတ်ညစ်နေရသော သည်အသိုက်အဝန်း၏ စရိုက်များမှ ကင်းရာ၊ ကွာရာ၊ ရှာ



စရာ၊ ရုန်းထွက်စရာ သူ့မှာ သည်အခွင့်အရေးတစ်ခုသာ ရှိသည်။

ချစ်ခြင်းမေတ္တာဆိုသည့် ကိစ္စနှင့်ပတ်သက်၍ သူ့မှာ ဘာတစ်ခုမှ စဉ်းစားစရာ မလိုတော့။ အချစ်ဆိုသည်မှာ ပြန်မရတော့သော သူ့ အပျိုစင်ဘဝနှင့်အတူ ပါသွားလေပြီ။

သည်တော့ သူ့ အခြေအနေက ရထားလမ်းကို ခြေလျင် ဖြတ်ကူးသလိုသာ ရဲရဲဖြတ်၊ ရဲရဲလျှောက်၊ မတွန့်နှင့်၊ မတွေနှင့်၊ တွေလျှင် ဒီတစ်ခါ ရထားကြိတ်ခံရ၍ ဘဝမှာ တကယ် သေတော့မည်။

စုစု အံကိုကြိတ်၍ ဆုံးဖြတ်ချက်တစ်ခု ချလိုက်၏။

"စုစု ကိုလေးကို ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ပါဘူး ကိုလေး။ ကိုလေး ဂျပန်ကို သွားဖြစ်အောင် သွားပါ။ ပြီးတော့ တစ်ယောက်တည်းပဲ သွားပါတော့။ ဒါ စုစု တစ်သက်လုံးအတွက် ဘယ်တော့မှ မပြင်တော့တဲ့ ဆုံးဖြတ်ချက်ပါပဲ"

ကိုကျော်လေး ခေါင်းငိုက်စိုက် ကျသွား၏။

ကိုကျော်လေး မမြင်တော့မှ စုစုသည် သူ့ မျက်လုံးထဲ၌ ဝိုင်းလာသော မျက်ရည်စများကို လက်ဖြင့် အသာသုတ်ယူ လိုက်၏။

နှစ်ခါလောက်သုတ်မှ မျက်ရည်သည် စင်လေတော့၏။

*

"ဒါဖြင့် ဒေါ်စုစုက ဦးဝင်းလှိုင်နဲ့ ဘယ်လိုရသွားတာလဲ"

ကျွန်တော် သိချင်စိတ်သည် အစဉ်အတိုင်း သွားနေမှုကို သည်းခံ မနေနိုင်တော့သဖြင့် ဖြတ်မေးလိုက်၏။

''ဒေါ်စုစုက ဦးကျော်လေးလဲ ဂျပန်ထွက်သွားရော။ ရန်ကုန်ကို သူငယ်ချင်းဆီ ခဏလာလည်မယ်ဆိုပြီး ကလေးနှစ်ယောက်ကို သူ့ယောက္ခမတွေဆီမှာအပ်ပြီး ထွက်လာခဲ့တယ်။ အဲဒီမှာ သူ့သူငယ်ချင်းရဲ့ ယောက်ျားက ဦးဝင်းလှိုင်ရဲ့ သူငယ်ချင်းပေါ့။ သူက တစ်ဆင့် ဦးဝင်းလှိုင် သိသွားတယ်''

ကျွန်တော် စိတ်ထဲ နာမည်ကိစ္စနှင့်စပ်လျဉ်းပြီး တစ်ခုခုကို ဇဝေဇဝါ သိသလို ဖြစ်သွား၍—

''ဦးဝင်းလှိုင်က''

''ဟုတ်တယ်။ ဒေါ်စုစုနဲ့ စေ့စပ်တဲ့ ကိုဝင်းလှိုင်ပေါ့။ အဲဒီတုန်းက ညွန်ကြားရေးမှူး ဖြစ်နေပြီ''

''ဩော်....ဩော်.... သဘောပေါက်ပြီ။ ဒါနဲ့ ဦးဝင်းလှိုင်—အဲ....ငယ်ငယ်က ကိုဝင်းလှိုင်က ပြန်ပြီး လက်ထပ်ခွင့်တောင်းတော့ ဒေါ်စုစုက သဘောတူလိုက်တယ်ပေါ့''

ဆင်ဒီ ခေါင်းညိတ်လိုက်၏။

''အင်း....ဇာတ်လမ်းကတော့ စာရေးဆရာတစ်ယောက်လက်ထဲ ရောက်သွားရင် ဝတ္ထုတစ်ပုဒ် ဖြစ်သွားနိုင်တယ်''

''သိပ်ဖြစ်တာပေါ့။ ဇာတ်က ဒီထက် ပိုစိတ်ဝင်စားစရာကောင်းသေးတယ်။ ဦးဝင်းလှိုင်က အဲဒီတုန်းက အိမ်ထောင်ကျနေပြီးသား''

''ဟင်''

ကျွန်တော် မျက်လုံးပြူးသွား၏။

''အဲ ဒီတော့''

''ဦးဝင်းလှိုင်က လက်ရှိမိန်းမနဲ့ကွာပြီးမှကို ဒေါ်စုစုနဲ့ လက်ထပ်ယူတာ။ တော်သေးတာက သူ့အရင် မိန်းမနဲ့



ကလေးတစ်ယောက်မှမရလို့ ဒေါ်စုစု ကလေးနှစ်ယောက်ကိုတော့ ခုထိ သူ့သားသမီးအရင်းလိုပဲ သဘောထားပါတယ်''

''ဦးဝင်းလှိုင် အရင်မိန်းမက သနားစရာပေါ့''

ကျွန်တော်က ကျွန်တော့်တွေးထောင့်နှင့်ကျွန်တော် ပြောချလိုက်သည်။

''ဒီလိုလဲ မဟုတ်ပါဘူး ဖိုးညိုရဲ့။ ဒီမိန်းမကလဲ ဦးဝင်းလှိုင်ကို ချစ်လို့ထက် ဂုဏ်နဲ့ရာထူးကိုမက်ပြီး ယူတာ။ အန်ကယ့်ကို ဂရုမစိုက်လိုက်တာမှ လွန်ရော။ သူ့ဟာသူ ရှုပ်နေတာ၊ အန်ကယ့်ဘက်က တစ်ချက်ကလေး မှားမယ်ကြံကာရှိသေး၊ သူကပဲ ကွာစာတောင်းတာ။ အမှန်က အန်ကယ်လိုလူမျိုးက သူထင်သလို လက်ဖျားငွေသီးအောင် လုပ်တတ်တဲ့လူမှ မဟုတ်ဘဲ။ ကွာပြီး ချက်ချင်းပဲ တရုတ် သူဌေး တစ်ယောက်နဲ့ ကောက်ယူလိုက်ဘာပေါ့''

''ဟင်း....နောက်ဆုံးပိတ် ချုပ်ကြည့်လိုက်တော့ အကုန်လုံး လူမှန်နေရာမှန် ရောက်ကုန်ကြတာပေါ့။ ဟုတ်လား ဆင်ဒီ''

ဆင်ဒီက ပြုံး၍—

''အင်း....ဒီလိုပဲ ပြောရတော့မှာပေါ့။ ဒါကြောင့်လဲ ဒေါ်စုစုက သူ့သမီးကို မင်းနဲ့ သဘောမတူတာပေါ့''

''အင့်'' ခနဲ မမြည်ရုံတမယ် ခံလိုက်ရ၏။

''ဘာဆိုင်လို့လဲကွာ။ တို့က ကိုကျော်အေးလိုလူမှ မဟုတ်ဘဲ''

ဆင်ဒီက ခေါင်းခါ၍–

''ဒါပေမယ့် ဦးဝင်းလှိုင်လိုလူ မဟုတ်ဘူး ဖိုးညို''

''ဘယ်လို''

"ဒီလိုလေ–အန်ကယ်ဦးဝင်းလှိုင်က ရိုးတယ်။ တည်ငြိမ်အေးချမ်းတယ်။ ကိုကျော်အေးလို မလည်ဘူး။ မနပ်ဘူး။ ပြီးတော့ ရှေ့နောက် ဆင်ခြင်တိုင်းထွာတတ်တယ်"

ကျွန်တော့် မျက်စိထဲတွင် ပုံတုံးတုံးလူများကို လှမ်းမြင်လိုက်၏။

"ဟာ....ဒါကတော့ သူ့ ခေတ်နဲ့သူပဲဟာ။ တို့ နေတာထိုင်တာက ဒီခေတ်နဲ့အညီ ဝတ်စားနေထိုင်ဟာပဲ"

ဆင်ဒီက ပြုံး၍ကြည့်ပြီး–

"အေးလေ....ကျွန်တာကတော့ ဖိုးညို ကြိုက်သလို လုပ်ပေါ့။ ဆင်ဒီက ဖိုးညိုအတွက် သိထားရအောင် အကုန်ပြောပြတာပါ"

ကျွန်တော် ရယ်လိုက်မိ၏။ တကယ့်ကို ဟက်ဟက်ပက်ပက်။

"အင်း....တို့ကတော့ ပင်ရင်းကို ခုတ်ရမယ့် ကိစ္စ အဖျားအနားတွေ လိုက်ခုတ်နေမိပလားတောင် မပြောတတ်ဘူး။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိသေးဘူး ဆင်ဒီရဲ့"

ဆင်ဒီက အံ့အားသင့်ဟန်ဖြင့်....

"ဟင်....ဘာဖြစ်လို့ လဲ"

"နွေလယ်က စုန္ဒယ် တို့ကို အပြတ်ကောတယ်"

အမှောင်သည် တဖြည်းဖြည်း သိပ်သည်းလာနေ၏။

*

ဖိုးညို

စာမေးပွဲအောင်အောင် ကြိုးစားပါ။

စုန္ဒယ်



စာကိုကြည့်၍ အကြိမ်ကြိမ် သံသယ ဖြစ်နေမိသည်။ ကျားသားမိုးကြိုးနှင့်တော့ နင်လား ငါလား ဖြစ်နေလေပြီ။

စုန္ဒယ်လက်ရေးကို တစ်ရေးနိုး ထ ကြည့်တောင် သိနေသူမို့ လက်ရေးကို သံသယဖြစ်စရာ ဆံချည်တစ်မျှင်မျှပင် မရှိ။ သို့သော် အကြောင်းအရာကမူ အလွန် စဉ်စားစရာကောင်းလှသည်။

"ကိုရဲ ဗေဒင်က မှန်ချင်မနေပြီကွ"

ဇော်မိုးက စာကိုအခေါက်ခေါက်ဖတ်ပြီး ရယ်၍ မှတ်ချက်ချလိုက်၏။ ကျွန်တော်က သူ့ကိုပြုံးကြည့်ရင်း....

"အံ့ဩတော့ တကယ့်ကို အံ့ဩဖို့ ကောင်းတာပဲကွာ။ ဘာစိတ်ကူးနဲ့ ရေးလိုက်တာလဲ ဆိုတာ ငါသဘောမပေါက်ဘူး။ ပဲခူးက ပြန်လာတုန်းက ဖုန်းထဲက စကားတွေနဲ့တော့ ဘာမှ မဆိုင်ဘူး"

ဇော်မိုးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း....

"ဒီကြားထဲ ဘာအဆက်အသွယ် ရှိသေးလဲ"

"ဘာမှ မရှိဘူး"

"အေးကွာ"

ပြောလက်စ မဆုံးခင် ဇော်မိုးက စကားဖြတ်၍ လက်ချောင်းများဖြင့် လုံ့တွက်ကြည့်နေသည်။

"အားပါး– လေးလတောင် ရှိသွားပြီ။ ဒီကြားထဲ အပြောင်းအလဲ ဘာမှမရှိဘဲ ခုစာမေးပွဲ ဖြေခါနီးမှ ဒီစာရောက်လာတယ် ဆိုတာတော့ အဟုတ်ကို အံ့ဩရာပဲ"

ကျွန်တော် ခေါင်းကုတ်လိုက်ပြီး–

"အဲဒီတော့ ငါဘာလုပ်ရမလဲ"

"ငါ အကြံပေးသလို မင်းလုပ်မလား"

"ချလေ- ကြာသလားလို့"

ဇော်မိုးက အကြံအစည်ကြီးတစ်ခုပေးလိုက်၏။ ကျွန်တော် ဘာမှ စဉ်းစားလို့ မရတော့ဘဲ သူ့အကြံအစည် အတိုင်း လုပ်ကြည့်ရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် စာရွက်တစ်ရွက်ကို စာအုပ်ထဲမှ ဆွဲဖြဲလိုက်ပြီး စာတစ်ကြောင်း ရေးလိုက်သည်။

စုနွယ်–

လုပ်မနေနဲ့တော့
တို့ မဖြေတော့ဘူး ဆုံးဖြတ်လိုက်ပြီ။ ကြည့်စရာ စာလဲ တစ်လုံးမှ မရှိဘူး။

ဝမ်းနည်းပါတယ်။

ညိုထွန်းနောင်

"ဟေ့ကောင် နေဦး။ ငါ အခု စဉ်းစားမိလို့။ ကောင်မလေးက မဖြေနဲ့ပေါ့လို့ ပြန်လာရင် မင်း ဘယ်လို လုပ်မလဲ"

ကျွန်တော် မျက်ခုံးပင့်၍ သူ့ကို ကြည့်လိုက်သည်။

"ဟာ-ငပေါက်။ မဖြေပါဘူးဆို။ မဖြေဘူးပေါ့ကွာ"

"ဟာ-မဟုတ်တာ။ ငါကဖိန့်ခိုင်းတာကွ။ ကောင်မလေးကများ သနားပြီး ဘာညာတောင်းပန်တာတို့၊ ချစ်ပါတယ်လို့မှာပါတယ် မောင်လေးရယ် ကွိကွနဲ့ ပြန်လာ မလားလို့ လုပ်ခိုင်းတာကွ"

ကျွန်တော် ရှုံ့မဲ့ ပစ်လိုက်၏။



"ထက်သရီး။ လာမလားကွ။ ကောနေပါတယ် ဆိုမှ။ ခုဒီစာက ဘာစိတ်ကူးနဲ့ပေါက်ပြီး လာမှန်းမှ မသိတာ"

"ဘယ်သူ လာပေးတာလဲ"

ဇော်မိုးမှာ တရားသူကြီးသား မပြောရ။ အမေးအမြန်း အလွန်ထူသည့်ကောင် ဖြစ်သည်။

"ဆင်ဒီ"

"ဖျောက်"

ငနဲက လက်ဖျောက်တစ်ချက် ထတီးလိုက်၏။

"အိုကေ- ဒါဆို သိပ်သေချာပြီ။ မင်း ဘယ်လို ဘယ်ညာ ဆိုပြီး ဆင်ဒီက သွားပြောလိုက်လို့ စုနွယ်က မင်းကိုသနားပြီး ချစ်ချင်လာတဲ့ အမိပ္ပာယ်ပဲ။ ချစ်လုနီးပါး အခြေအနေပေါ့။ အထင်ရှားကြီးပဲ။ ဗောလောပေါ် နိယာမတောင် သုံးစရာမလိုဘူး။ ဗောလောကြီး ပေါ်နေတာပဲဟာ"

"မင်းကြီးတော် ဗောလောပေါ် ပါလား။ ပီတိဖြစ်မလို့ လုပ်တုန်း ရှိသေးတယ်။ ဘယ်ကသောက် ဗောလောကြီးက ပါလာတာလဲ"

ဇော်မိုးက တအားကုန် အော်ရယ်၏။ ရယ်ပြီးမှ မနည်းတည်၍–

"လုပ်ပါ။ ငါပြောသလိုလုပ်ပါ။ ကြည့်ပြီ။ ငါ့လူ ဘာမှမပူနဲ့။ ဇောခုနစ်လီ မအေးကြည်ပဲ။ မယုံရင် ငါ ပြောတာ စောင့်ကြည့်။ ငါပြောတာမှန်ရင် မောင်စိန့်ဆိုင်မှာ မင်းအဝ ကျွေးမလား"

ဇော်မိုးစကားကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ တိုးတက်လာပြီး–

"ကောင်းပြီ....မင်း ပြောသလို ကောင်မမလေးက ကြည် ပါတယ်ဆိုရင် အဝပေါ့"

ဇော်မိုးက ပြုံးဖြီးဖြီးနှင့် ကျေနပ်နေရာမှာ တစ်စုံတစ်ခု သတိရဟန်ဖြင့် မျက်လုံးပြူးပြီး–

"မကြည်ရင်ကော"

"ခွေးမသား... မင်းကို ပါးပိတ်ရိုက်မယ်"

ရင်ထဲမှ ငါးကလေးသည် တဖျပ်ဖျပ် ခုန်နေ၏။

*

တစ်ပတ်လောက်ကြာတော့ စုန္ဒယ်ဆီက စာပြန်ရသည်။

ဇော်မိုးလည်း အဝ မစားရ။

ကျွန်တော်လည်း ပါးပိတ်မရိုက်လိုက်ရ။

စုန္ဒယ်၏ စာက–

ဖိုးညို

စာမရှိဘူးဆိုလို့ တို့ အကုန်ကူးပေးလိုက်တယ်။ ကျက်ဖြေပါ။

စုန္ဒယ်

ရင်ထဲက ငါးကလေးသည် ဂိန်ခနဲ အော်သွား၏။

သို့သော် အောင်စာရင်းထွက်သောအခါ ကျွန်တော် သင်္ချာနှင့် သိပ္ပံဂုဏ်ထူးနှင့် အောင်သည်။ စုန္ဒယ်က သင်္ချာ၊ သိပ္ပံနှင့် အင်္ဂလိပ်စာတွင် ဂုဏ်ထူးရသည်။



တစ်ခုပဲ ရှိသည်။ ကိုးတန်းတက်ကတည်းက စုန္ဒယ်ဆီက စာလည်း မလာတော့။ စကားလည်း ပြောမရတော့။ စုန္ဒယ် ကိုလည်း မမြင်ရတော့။

စုန္ဒယ်တို့ မြို့ထဲတွင် ဝယ်လိုက်သောတိုက်ခန်းသို့ ပြောင်း သွားကြကုန်၏။ ဘာပဲပြောပြော၊ လောကကြီးသည် စော စောကထက် စာလျှင် ပို၍ ကြည့်ကောင်းလာပြန်၏။

*

# အပိုင်း [၃]

....ကြွက်ရဲ့ အယောင်၊ ကြောင်ရဲ့အလား

ထုပ်နှင့်လျှောက်ကို၊ ထိုးဖောက်သွားက

ထုပ်သားငယ်မှ မခိုင်၊ ထုပ်တိုင်ငယ်မှ ပိုးထိုး

အလယ်ခေါင်မှာ၊ ဖောင်ဖောင်ကျိုးက

သူခိုးဆိုညွှန်း၊ မီးထင်းထွန်းလို့

ဝန်းကြသောအခါ၊ ဆင်းချခုန်....

လမ်းဆုံရောက်ပါ့မလား....ရှင်....။

*

## (၁၁)

"ဝိရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ"

ဝိရိယတော၊ ဝိရိယရှိသူအား။ ကိံ နာမကမ္မံ၊ အဘယ်မည်သော အမှုသည်။ နသိဇ္ဈတိ၊ မအောင်မြင် မပြီးစီးဘဲ ရှိပါအံ့နည်း။

"အား.....ဘဲရီးဂွဒ် သိပ်ကြိုက်သွားပြီ"

ကျွန်တော်သည် ပါဠိ အဖိုးတန်စာကို သရုပ်ပျက်စွာ ချီးကျူး လိုက်ရင်း အခေါက်ခေါက် အပြန်ပြန် ဖတ်နေမိသည်။ ဝီရိယရှိသူအား အဘယ်မည်သောအမှုသည် မအောင်မြင် မပြီးစီးဘဲ ရှိပါအံ့နည်းတဲ့။

ကျွန်တော် စာရွက်ဖြူထူထူဘစ်ရွက်ရှာ၍ ပိုစတာမင်နှင့် အထက်ပါ စာဘမ်းလေးကို ကူးလိုက်သည်။ သည်စာသားလေးကို စာစီစာကုံး စာအုပ်ဆဲတွင် တွေ့ရှိလိုက်ခြင်း ဖြစ်၏။

ကူးပြီးသော စာတမ်းလေးကို ကျွန်တော့် စာကြည့်စားပွဲ နံရံတွင် ကပ်ထားလိုက်သည်။

ယခုတလော ကျွန်တော့်တွင် ထိုရောဂါလေး စွဲကပ်နေသည်မှာ ကြာပြီ။ စုန္ဒယ်နှင့် မတွေ့ရသည်မှာလည်း ကြာပြီ။ ပြောင်းသွားသည့် ဖုန်းနံပါတ်ကလည်း တယ်လီဖုန်း လမ်းညွှန် စာအုပ်အသစ် မထွက်သေး၍ မသိ။ သိအောင် ကြံဖန်လုပ်လျှင် ဖြစ်နိုင်သော်လည်း ဖုန်းဆက်မိကာမှ ကိုးရို့ ကားရား ဖြစ်ကုန်မှာ စိုးသဖြင့် အသာငြိမ်နေလိုက်သည်။

သည်အတောအတွင်းမှာ ကျွန်တော် ရောက်တတ်ရာရာ စာအုပ်လေးများ ရှာကြံဖတ်လာတတ်သည်။ အထူးသဖြင့် အချစ်နှင့် ပတ်သက်သော စာတိုလေးများ၊ ကဗျာလေးများ ရှာကြံ ကူးယူတတ်လေသည်။ တောက်တိုမယ်ရ စာလေးများလည်း ကူးယူထားသော စာလေးများနှင့် အတူ မှတ်စုစာအုပ်လေးတစ်အုပ်တွင် ရေးလာတတ်ပြီ။ သည်ကဗျာစု၊ စာစုလေးများသည် ကျွန်တော့် ဘဝနှင့် ခံစားမှုကို ညွှန်းဆိုရာ နေရာကလေးတစ်ခု ဖြစ်လာ၏။ သည်စာအုပ်ကလေးကို "ဝေဒနာဘဏ္ဍာတိုက်" ဟု အမည်ပေးလိုက်၏။

အဖွင့် စာတမ်းလေးက ကျွန်တော့် လက်ရာ။

မိုးရွာတဲ့ အချိန်မှာ
မိုးရေစက်ကလေးတွေကို မြင်ဖူးမှာပေါ့။
အဲဒါတွေ အားလုံးကို
တို့ မျက်ရည်လို့ ထင်ရင်တောင်
တို့ရဲ့ ကြေကွဲခြင်းကို
မမီနိုင်သေးပါဘူး။



ဒုတိယ စာမျက်နှာမှာလည်း ကျွန်တော့် ခံစားမှု—

ကြင်နာတဲ့ နိုက်တင်ဂေးလ်ငှက်လေးကို
တိုးတိုးလေး တိုင်ပင်ပါရစေ။
ပြောချင်တဲ့ စကား ကုဋေကုဋာ
ရင်ထဲမှာရှိတဲ့ ဝေဒနာပုံပြင်တစ်ရာ
သိုသိုသိပ်သိပ် အနမ်းထွေးများစွာ
သည်မှာ စုထားတယ်။

တစ်ယောက်တည်း အတွက်
သက်သက်

တတိယစာမျက်နှာမှ အစပြု၍ ရေးထားသော ကဗျာများကား ကျွန်တော့် ကိုယ်ပိုင်များ မဟုတ်သော်လည်း ကျွန်တော့် ခံစားချက်များကို ရေးထားသော ကဗျာများ အဖြစ် သိမ်းဆည်းထားခဲ့မိ၏။

"နှမ်းမီးခဲ့လေး ပိုင်ထားတယ်" ဆိုသော ကဗျာလေးသည် ကျွန်တော့် အတွက် သက်သက် ရည်ရွယ်၍ စပ်ထားသလို ဖြစ်နေသဖြင့် အလွတ်ပင် ရလုပေပြီ။

နှမ်းမီးခဲလေး ပိုင်ထားတယ်

မြရောင်ကျောက်စရစ်
ပြောင်းဖြစ်အသည်း၊ သူ့ရင်ထဲမှာ။
ရှည်သျှားကျန်ရစ်
အလွမ်းနှစ်တွေ၊ တစ် နှစ် သုံး လေး
ရင်မှာရေးလဲ၊ ခေဆွးမပြေနိုင်

အမုန်းတိုင်လေး သစ်တုန်းကွယ်။
ဒိုင်ယာရီမှာ
စာမျက်နှာတိုင်း၊ ရှာကြည့်စမ်းပါ
ဗလာမင်းအတွက်၊ ကွက်လပ်ဆိုတာ
နွေနှင်းပါကွယ်၊ စောင့်တယ်ဆိုတာ
သစ်ရွက်ဝါလို့၊ ကြာရင်လွင့်ကြွေ
မြေဆွေးဖြစ်မယ် ဟုတ်ပါဘူး။

ဘဝသင်္ကြန်ရာဇ်
တစ်ဆစ်စီမြင့်၊ လှေကားဆင့်လဲ
မျှော်လင့်ချက်တွေ၊ ဝေနေဆဲမို့
လကွယ် ငွေကြာ
နေရာပြောင်းလဲ၊ အသည်းဝင်ဖြစ်
ချစ်လူမိုက်လေး မောင့်ရင်မှာတဲ့။

"ကော်ဖီခါးခါးလေး သောက်ထားတဲ့ ကျွန်တော်" ဆိုသည့်ကဗျာလေးကလည်း ကျွန်တော်နှင့် ကောင်းကောင်း ညီ–နေသည်။

ကော်ဖီခါးခါးလေးသောက်ထားတဲ့ ကျွန်တော်

လ ကလေးကို
ကြိုးနဲ့ချည်ထားလိုက်ချင်တယ်။
မေ့တတ်တဲ့ဆေး
တစ်ဖုံသောက် မ,စပါ ဇီဝက။
ခွင့်လွှတ်တဲ့ အတတ်
အပြတ်သင်ပေးပါ မင်းဆဒ္ဒန်။



ဒါန ပါရမီ
တစ်ဆံချည်မျှပါ ရှင်ဝေသန္တရာ။
ကျွန်တော့်မှာ
ဇူဇကာအသည်းနဲ့ ငရဲခြောက်ထပ်က လှူ
အပူက နေတစ်သောင်း
စင်တီဂရိတ်ပေါင်း မြောက်မြားစွာ။
ခုနေ
ကျွန်တော်သေရင်
အလောင်းလေးတောင် မအေးလို့
ဆေးသမားတွေ စိတ်ညစ်ရော့မယ်·တဲ့။

ကျွန်တော့်ရောဂါများကို နောက်ဆုံးပိတ် အိတ်နှင့်လွယ်စေသော စာတမ်းလေးကိုလည်း ကျွန်တော် ရလိုက်၏။

''ဝီရိယ ဝ တော ကိုနာမကမ္မံ နသိဇ္ဈတိ''ဟူ၍....။

*

အတန်းသစ်မှာ ပထမဆုံး ကျောင်းစပြေးသည့်နေ့။

ယောင်ယောင် ယောင်ယောင်နှင့် ပဲခူးသွားပြီးကတည်းက တိုင်ပင်ဖော် တိုင်ပင်ဘက်၊ နည်းပေးလမ်းညွှန် ရည်စားပိုး အမြန်အတတ်သင် ကျူရှင်ဆရာဖြစ်လာသူ ဇော်မိုးလည်း ပါလာသည်။

ဝေးသူနှင့် ဝေးနေသော်လည်း နီးနေသူ ဆင်ဒီ ရှိသေးသဖြင့် စုန္ဒယ် ဘယ်ကျူရှင်မှာ တက်နေသည်ဆိုသည်ကိုတော့

ကျွန်တော် ကောင်းကောင်း အင်ဖော်မေးရှင်း ရထားသည်။

ခါတိုင်း နှစ်များက ပြေးနေကျသဖြင့် သိပ်အကြောင်းမဟုတ်သော်သည်း သည်နှစ်မူ နှစ်လယ်နီးပါးပင် ရောက်လာပြီ ဖြစ်သော်လည်း ကျောင်းမပြေးဘူးသေး။ မနှစ်က ဂုဏ်ထူးလေးများကြောင့် ဒီနှစ်တွင် အတော်ဆုံးအခန်း၊ အေခန်းတွင် ရောက်နေသဖြင့် ပိုစေရှင် သိပ်မဆိုးသေး။ ထိုအချိန်မှာ ကျောင်းပြေးရသည်မှာ တယ်စိတ်ဖြောင့်ဖြောင့်မရှိလှ။

နေ့လယ်ပိုင်းကမူ ရုပ်ရှင်ဝင်ကြည့်နေကြပြီး ညနေဘက်တွင် စုန္ဒယ်ဘို့ ကျူရှင်အောက်သို့ ရောက်နေသည်။

"ဟိုမှာ ထိုင်စောင့်ကွ"

အခါပေး ဦးပုည၏ လမ်းညွှန်ချက်အတိုင်း ကျွန်တော်စုန္ဒယ်တို့ ကျူရှင်လှေကားရင်း ရေဖုပ်မော်တာထည့် အုတ်ခုံလေးပေါ်တွင် ထိုင်နေလိုက်သည်။

"အချိန် နီးပလား"

ကျွန်တော် နာရီကြည့်လိုက်သည်။ လေးနာရီခွဲရန် ငါးမိနစ်။

"ငါးမိနစ်လောက် လိုသေးတယ်"

"ဒါဖြင့် ဒီမှာပဲ ထိုင်တော့။ ပို့စ်တော့ မှန်ပစေနော်ငါ ဟိုဘက်က အုတ်ခုံကနေ စောင့်ကြည့်နေမယ်"

သေနင်္ဂဗျူဟာအားလုံးကို သူနှင့် လွှဲထားသဖြင့် သူ့စီချက်များကို ကျွန်တော် ခေါင်းညိတ်၍ လက်ခံလိုက်သည်။

လေးနာရီခွဲတိတိတွင် အပေါ်ထပ်မှ လှေကားအတိုင်ဆင်းလာသည့် အသံများကို ကြားရသည်။ ကျွန်တော် အ



တွေတွေလေး ထိုင်နေလိုက်၏။ သိကြမှာပါ။ စိန် သို့မဟုတ်စိမ် ကြော်ငြာထဲက ကျော်ဟိန်း ပို့စ်မျိုးပေါ့။

တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်။ ကျွန်တော့် ဘေးမှ ဖြတ်လျှောက်သွားသော လူရိပ်ကိုကြည့်၍ ဆင်းလာသော လူများကို မှတ်မိနေသည်။

ရှစ်ဆယ့်ကိုးယောက်မြောက် လူရိပ်ကလေးသည် ကျွန်တော့် နံဘေး၌ တန့်ခနဲ ရပ်သွား၏။

"စုန္ဒယ်....ပြန်တော့မလား"

ကျွန်တော် မော့မကြည့်ဘဲ မေးလိုက်သည်။ အမှန်လည်း မော့ကြည့်စရာ မလိုပါ။ စုန္ဒယ်ကို ခြေဖျားလေးများ မြင်တာနှင့် ကျွန်တော် သိပါသည်။ ခုထိ ဖြတ်သွားသမျှထဲတွင် စုန္ဒယ် ဆိုးတတ်သော လိမ္မော်ပန်းနု ခြေသည်းဆိုးဆေးမျိုး ဆိုးထားသူ တစ်ယောက်မှ မရှိသေး။

"ဘာလာလုပ်နေတာလဲ"

"စုန္ဒယ်ကို လာစောင့်တာ"

"နောက်-တို့ကို ဘယ်တော့မှ မစောင့်နဲ့"

ခြေသည်း လိမ္မော်ပန်းနုလေးများ တဖြည်းဖြည်းဝေး၍ဝေး၍ သွားသည်။

ကျွန်တော် ထ,လိုက်ရန် စိုးစဉ်းမျှ မကြိုးစားမိ။

"ဘာတဲ့လဲ"

စုန္ဒယ် တော်တော်ဝေးမှ ဇော်မိုးက ကျွန်တော့်နား ထ,လာ၍ မေးလိုက်သည်။ ကျွန်တော့်ခေါင်းသည် ခုမှ မော့သည်။

"နောက်-တို့ကို ဘယ်တော့မှ မစောင့်နဲ့တဲ့"

*

ကျောင်းပြေးခြင်းသည်မကောင်းဆိုသည်မှာ ကမ္ဘာပေါ်တွင် ကျောင်းများစပေါ်ကတည်းက စည်းမျဉ်းလို ဖြစ်နေသော်လည်း တကယ်မကောင်းမှန်းကို ကျွန်တော် နောက်နေ့မှ သိ၏။

နောက်တစ်နေ့ ကျောင်းဝင်းထဲဝင်ခါနီးတွင် ကျွန်တော်တို့ နှစ်ယောက် ရင်ထဲ တထိတ်ထိတ် ခုန်နေသည်။

ပိုရင်တုန်သွားသော ကိစ္စကလည်း ဖြစ်သည်။

"ဟိုမှာ–ဘိုင်အို ဆရာမ"

ဖျတ်ခနဲ ကျွန်တော့် အနီးရှိ အုတ်တိုင်ဘေး ပြေးကပ်လိုက်၏။ အမှန်တော့ သူ့ဘာသာသူ ဆရာမ ကားနှင့် ဖြတ်သွားသည်မှာ ကိုယ်နှင့် ဘာမှမဆိုင်သော်လည်း ကိုယ့်အပြစ်နှင့်ကိုယ် ကိုယ့်လိပ်ပြာက ကိုယ့်ကိုယ်ကို ပြန်ခြောက်လှန့်နေသဖြင့် ကျွန်တော်ပုန်းလိုက်ခြင်း ဖြစ်သည်။

"ဆရာမက ဒီနေ့ ကားနဲ့ ထူးထူးခြားခြားပါလား ကွ"

"အေး....ကားမောင်းလာတာ သူ့ လူနဲ့တူတယ် ဖိုးညို"

"တို့ ဆရာမ အပျိုကြီး စွံတော့မယ်နဲ့ တူတယ် ဖိုးညို"

ကျွန်တော် ရယ်နေလိုက်မိ၏။ စွံကြပါစေ၊ တစ်ကမ္ဘာလုံး စွံကြပါစေ၊ ငါလည်း မကျန်ပါစေနဲ့ ဟု စိတ်ထဲက ကြိတ်၍ ဆုတောင်းလိုက်မိ၏။

"သူ့လူက နှုတ်ခမ်းမွေးနဲ့ကွ။ ဆရာမ တို့ကို မြင်သွားသေးလား"

ဇော်မိုးက ရယ်လိုက်ရင်း....

"မမြင်ဘဲ နေမလားကွ။ တို့နဲ့က မျက်နှာချင်းဆိုင်ကြီးတွေပဲ။ ဒါပေမယ့် အပျိုကြီး ရှက်တယ်နဲ့တူတယ်။ မျက်နှာကြီး ရဲပြီး ခေါင်းငုံ့သွားတယ်"



ပြောရင်း ဟားရင်း ဝင်လာသဖြင့် ရင်ထဲက ကြောက်စိတ်များ နည်းနည်း လျော့သွားသည်။

ပြဿနာက ပထမအချိန်မှာ စသည်။ အတန်းပိုင် ဆရာမ ဘိုင်အို သင်သည့် အပျိုကြီးနှင့် စတွေ့သည်။

ဝင်လာကတည်းက ဆရာမက စာတစ်လုံးမှ သင်မပေးဘဲ

"မနေ့က ဆရာမ သင်ထားတာတွေကို ပြန်မေးမယ်။ အားလုံး စာအုပ်တွေ ပိတ်ထားကြ"

ကျွန်တော့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ သို့သော် တစ်ခု အေးသွားသည်မှာ မနေ့က ကျွန်တော်တို့ ကျောင်းမတက်သဖြင့် ကျွန်တော်တို့ လွတ်မည်ဟု ထင်ထားသောကြောင့်ပင်....။

"ညိုထွန်းနောင်–ထ"

အင့်ခနဲ မြည်သွားသလို ဖြစ်သွား၏။ အပိုင် တွက်ထားကာမှ တည့်တည့်လာတိုးနေပြီ။

ကျွန်တော် မတ်တတ်ထရပ်လိုက်၏။ ကျွန်တော့် ခေါင်းထဲမှာ မူကား ဆရာမကို ပြေလည်ရာပြေလည်ကြောင်း ဘယ်လိုဖြေရမည်။ ဘယ်လိုနည်းနှင့် ဆရာမ အဆူခံမထိအောင် လုပ်ရမည် ဆိုသော အတွေးများ ယောက်ယက်ခတ်နေသည်။

"ပိုးဟပ် ပြင်ပလက္ခဏာ ပြော"

"ကျွန်တော် မသိပါဘူး ဆရာမ"

ဟု ပြောလိုက်ရန် စဉ်းစားမိသည်။ သို့သော် ချက်ချင်းပင် အတွေးကို ဖျောက်ပစ်လိုက်၏။ မသိလျှင်၊ မဖြေနိုင်လျှင် တစ်ချိန်လုံး မတ်တတ်ထ,နေရတော့မည်။

"ကျွန်တော် မနေ့က ကျောင်းမတက်ဘူး ဆရာမ"

ဟု ပြောပြန်လျှင်လည်း ကျောင်းမတက်သည့်ကိစ္စ၊ ခွင့်စာတောင်းမည့် ကိစ္စ၊ ခွင့်စာမပေးလျှင် အိမ် တိုင်စာပို့မည့်ကိစ္စ၊ ရုံးခန်းရောက်မည့် ကိစ္စ မလွယ်တော့။

ထို့ကြောင့် ပိုးဟပ်ပဲလေ အိမ်မှာ မြင်ဖူးနေတာပဲ ရမ်းကြိတ်မည်ဟု ဆုံးဖြတ်ပြီး ပိုးဟပ်ပုံ မျက်လုံးထဲ မြင်ယောင်လိုက်သည်။

ကထင်ရှားဆုံးနှင့် အမှတ်မိဆုံး တစ်ခု သတိရသဖြင့်....

"ပိုးဟပ်မှာ နှုတ်ခမ်းမွှေးနဲ့ပါ ဆရာမ"

ဝေါခနဲ အတန်းထဲတွင် ရယ်သံများ ထွက်လာသည်။ ဆရာမမျက်နှာ ရဲခနဲဖြစ်ပြီး ပျက်သွားသည်။

"သွားပြီ" ကျွန်တော် မှားသွားပြီဖြစ်ကြောင်း သတိရလိုက်၏။ စောစောက ဆရာမကို ကျောင်းလိုက်ပို့သည့် ပုဂ္ဂိုလ် နှုတ်ခမ်းမွေးနှင့် ရောပြီး ဆရာမ အထင်လွဲသွားပြီဖြစ်ကြောင်း နောက်ကျမှ သတိထားမိလိုက်၏။

ဆရာမသည် ဘာမပြော ညာမပြော စားပွဲနောက်ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ထို့နောက် မျက်နှာကို လက်ဝါးနှင့်အုပ်၍ ငိုချလိုက်သည်။

တစ်တန်းလုံး၏ မျက်လုံးများသည် ကျွန်တော့်ဆီ တန်းတန်း မတ်မတ် ရောက်လာသည်။

"ဘာဖြစ်တာလဲ ဆရာမ"

အား-ရောဂါတက်ပြီ။ ကျွန်တော် ခေါင်းငုံ့လိုက်မိ၏။ ဖြစ်နိုင်လျှင် အခန်းထဲမှ ထွက်ပြေးသွားချင်ပြီ။ အခန်းတိုင်း လှည့် ၍စစ်ဆေးလေ့ရှိသော ကျောင်းအုပ် ဆရာကြီးသည် ငိုနေသော ဆရာမကိုမြင်လျှင် မေးလည်းမေး၊ အခန်းထဲကိုလည်း ဝင်လာသည်။



ဆရာမ မျက်နှာကို လက်ဖြင့်သုတ်၍ ထရပ်လိုက်သည်။ အံကို ကြိတ်လိုက်သည်။ ပြီးတော့ ကျွန်တော့်ဘက် လက်ညှိုးထိုး၍....

"ဒီကျောင်းသားကို ကျောင်းထုတ်ပေးပါ ဆရာကြီး။ ဒီကျောင်းသား ကျွန်မကို သိပ်စော်ကားပါတယ်။ သူ့ကို ထုတ်ရင်ထုတ်၊ မထုတ်ရင် ကျွန်မ ထွက်စာတင်ပါရစေ"

ကျွန်တော် ဆရာမကို အံ့အားသင့်စွာ ကြည့်လိုက်မိ၏။ ကျွန်တော် သည်မျှ ကြီးမားသည့် ပြစ်မှုကြီးကို ကျူးလွန်မိချေပြီလော။

"ဟိုကောင် ရုံးခန်းလိုက်ခဲ့။ ဆရာမလဲ ခဏလိုက်ခဲ့ပါ"

ကျွန်တော့် မျက်လုံးများသည် ကျောက်သင်ပုန်း ဘောင်အထက်တွင် ရေးထားသောစာတမ်းဆီ ရောက်သွားသည်။ စာတမ်းများသည် ကျွန်တော့်ကို လှောင်ပြောင်လျက်။

"ကျောင်းမှန်မှန်တက်၊ စာမခက်"

*

"ဘယ်လိုဖြစ်တာလဲ ဖိုးညို။ ဆရာကြီးက ဘာပြောလဲ"

ရုံးခန်းက ပြန်ရောက်ရောက်ချင်းအခန်းထဲမှ သူငယ်ချင်းများ ဝိုင်းလာသည်။ သောင်းထိုက်က လှမ်းမေးလိုက်၏။ ကျန် သူငယ်ချင်းများကလည်း ကျွန်တော့် အဖြေကို မျှော်လင့်တကြီး စောင့်နေကြ၏။ ကျွန်တော်က ခုံတန်းတွင် ဝင်ထိုင်လိုက်ပြီး....

"ဆရာမကို ကန်တော့ပြီး တောင်းပန်လိုက်ရတယ်။ ပြီးတော့ စီခန်းကို ပြောင်းရမယ်တဲ့။ ဆရာမက သူ့အတန်းထဲမှာ မထားချင်ဘူးတဲ့"

ပြောရင်းနှင့်ကျွန်တော်မျက်ရည်ဝဲလာသည်ကိုကျွန်တော် သတိထားမိလိုက်သည်။

သက်ပြင်းချသံများ ပြိုင်တူလိုလို ပေါ်ထွက်လာ၏။

"မင်းကလဲ ဘာဖြစ်လို့ ဆရာမကို နှောက်လိုက်တာလဲ" ကျွန်တော် အံကိုကြိတ်လိုက်၏။

"တောက်"

တောက်တစ်ချက်လည်း ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။

"ငါ နှောက်တာမဟုတ်ဘူးကွ။ ငါ့စိတ်ထဲမှာ ဖြုန်းစားကြီး ပေါ်လာသလို ပြောလိုက်မိတာ။ သူ့အကြောင်းနဲ့ သူရှိနေတာမို့ ငါ့ကို အထင်လွဲသွားတာ။ ဒါပေမယ့်ကွာ ဆရာမ လုပ်နေတာပဲ။ နည်းနည်းပါးပါးတော့ ခွင့်လွှတ်နိုင်ရမှာပေါ့။ ခုဟာက ငါကိုယ်၌က မှား,မှန်း သိလို့ ဝန်ချတောင်းပန်နေတာတောင် သူက ကျောင်းထုတ်ပင်ဖို့ချည့် တောင်းနေတာ။ငါ့ကို မထုတ်ရင် သူထွက်မယ် ပြောနေတာ။ ကျန်တဲ့ ဆရာ ဆရာမတွေနဲ့ကျောင်းအုပ်ကြီးပါ ဝိုင်းတောင်းပန်လို့ ငါ ကျောင်းထုတ်မခံရတာ"

ကျွန်တော် လွယ်အိတ်ထဲသို့ စာအုပ်များ ကောက်ထည့်နေမိသည်။ ကျွန်တော် အတန်းပြောင်းရတော့မည်။

"ညို ထွန်းနောင်–လာ။ ဆရာနဲ့ လိုက်ခဲ့"



စီခန်းမှ ဆရာဦးခင်ထွန်းက မျက်နှာမကောင်းစွာဖြင့် ကျွန်တော့်ကို လှမ်းခေါ်သည်။ ကျွန်တော် ခေါင်းငုံ့၍ ဆရာ့ဆီ သွား၏။

"ငါ့တပည့်–စိတ်မကောင်းဖြစ်နေလား"

ကျွန်တော် ဆရာ့ကိုဖက်၍ အားရပါးရ ငိုပစ်လိုက်ချင်သည်။ အို–ယောကျ်ားပဲကွာ။ဒါ ငိုစရာလား။ သူ့အတန်းမနေရ အကြောင်းလား။ဒါ ဂရုစိုက်စရာမှတ်လို့။ ရှက်စိတ်၊ ဝမ်းနည်းစိတ်သည် နာကြည်းစိတ်မှ တစ်ဆင့် မိုက်ရိုင်းမှုဘက်သို့ ကူးစက်လာသည်။

ကျွန်တော့်ထံတွင် ကာလအတန်ကြာ ပျောက်ဆုံးနေသော စိတ်မိုက်များသည် တစ်ဖန် ပြန်၍ ခေါင်းထောင်လာလေပြန်ပါပြီ တကား။

*

## (၁၂)

''ကျောင်းမတက်ဘူးလား ဖိုးညို''

ကျွန်တော် ခေါင်းခါပြလိုက်၏။

''ဘာဖြစ်လို့လဲ''

ကျွန်တော် ဘာမှ ပြန်မပြော။ စုန္ဒယ်၏ ခြေဖမိုး ဖြူဖြူ လေးများကိုသာ ကျွန်တော် စိုက်ကြည့်နေမိသည်။

''တို့ဆီကို မလာနဲ့လို့ ပြောထားပကော ဖိုးညိုရယ်။ စာမေးပွဲ အောင်,အောင် ဖြေပါ။ ဖိုးညို မျှော်လင့်နေတဲ့ အရာ အားလုံးဟာ စာမေးပွဲတစ်ခါ အောင်တိုင်း၊ တစ်ခါပြည့်ဖို့ နီးလာတယ်ဆိုတာ သိစမ်းပါ ဖိုးညိုရယ်''

ကျွန်တော် ရင်ထဲမှာ ကျင်ခနဲဖြစ်သွားသည်။ လူ့လောက ကြီးသည် ဘယ်လို အရာကြီးနည်း။

''ဘာလဲ စုန္ဒယ်။ တို့ စာမေးပွဲအောင်မှ ဖြစ်မယ်လား။ စာမေးပွဲ မအောင်ရင် ဖိုးညိုတစ်ယောက် လူ့လောကကြီး



ထဲမှာ တစ်စက်မှ သုံးမရတော့ဘူးလား။ ပညာတတ်ကြီး ဖြစ်မလာရင် ညိုထွန်းနောင် ဆိုတဲ့ ကောင်ဟာ လောကကြီး ထဲမှာ နေဖို့ မကောင်းတော့ဘူးလား။ တို့ လိုချင်တဲ့ အချစ် ကို ဘွဲ့ထူး၊ ဂုဏ်ထူးတွေနဲ့ ဝယ်ယူရမှာလား။ တို့ရင်ထဲက မေတ္တာတရားဆိုတာ ဘွဲ့လက်မှတ်တစ်ခုလောက် အသုံးမဝင် တော့ဘူးလား''

ရင်ထဲမှ ခံစားချက်နှင့်အတူ ကျွန်တော့် ခေါင်းသည် အလိုလို မတ်လာ၏။ ရီဝေသော မျက်လုံးများတွင် နာကြည်း မှုများ ယှက်နေပေလိမ့်မည်။

စုန္ဒယ်က ကျွန်တော့်ကို အလန့်တကြား ပြန်ကြည့်လိုက် သည်။

''တို့ကိုတော့ ဒီလို မပြောသင့်ပါဘူး ဖိုးညို''

ကျွန်တော် ပလက်ဖောင်းပေါ်မှ ဆေးလိပ်တို တစ်ခုကို တအား ကန်ထည့်လိုက်သည်။

''တို့ နားလည်ပြီ စုန္ဒယ်။ ဘာမှ မပြောနဲ့တော့။ တို့ ဆုံးဖြတ်လိုက်ပြီ။ လောကကြီးက အဓိပ္ပာယ်မရှိဘူး။ လူတစ် ယောက်နဲ့ တစ်ယောက် ကြားမှာ တွယ်တာနေတဲ့ သံယော ဇဉ်၊ အချစ်၊ မျှော်လင့်ချက်၊ ခံစားနေရတဲ့ ဝေဒနာ ဆိုတာ တွေကို လူတွေဟာ တန်ဖိုးမထားတတ်ကြဘူး။ မင်းကို ကိုယ် ဘယ်လောက်ချစ်တယ် ထင်လဲ စုန္ဒယ်။ ခု မင်းက သေဆိုရင် ကိုယ် ချက်ချင်း ကားအောက် ပြေးအိပ်ပြလိုက်မယ်။ ဒါကို မင်းသိလား။ ဒါပေမယ့် မင်းဘက်ကျတော့ ညိုထွန်းနောင် ဘွဲ့ရမှ ချစ်တတ်တယ်လို့ ထင်နေတယ်။ မင်း မြဲမြဲမှတ်ထား စုန္ဒယ်။ တို့ ဘယ်တော့မှ ဘွဲ့မယူဘူး။ အထူးသဖြင့် အချစ်ကို ဝယ်ဖို့ ဘွဲ့လက်မှတ် တစ်စောင် မယူဘူး။ ဒီဘွဲ့ မပါဘဲနဲ့ လူ

လို နေပြမယ်။ ဘွဲ့မရှိတဲ့ ညိုထွန်းနောင်ကို မင်း ချစ်နိုင်ရင် ငါ မင်းကို နွားလိုရှမ်းကျွေးရ ကျွေးမယ်။ ဘွဲ့ရမှ မင်းချစ်မယ် ဆိုရင် ဒီဘဝ မဟုတ်ဘူး။ သံသရာတစ်လျှောက်လုံး ငါ့ကို ဘယ်တော့မှ မချစ်နဲ့။ အေး–တစ်ခုတော့ရှိတယ်။ချစ်တာချင်း တူရင် တစ်ကမ္ဘာလုံးနဲ့ ပြိုင်ပြီး ချစ်ရဲပါတယ်”

ကမ္ဘာကြီးသည် ကျွန်တော်၏ ဆုပ်ထားသော လက်သီးထဲတွင် စေ့စေ့ညက်ညက် ကြေနေပြီဟု ထင်လိုက်၏။

စုန္ဒယ် မျက်နှာသည် ညိုးကျသွားသည်။ ကျွန်တော့်ဘက်သို့ ဖြည်းညှင်းစွာ လှည့်သည်။ သူ့ မျက်လုံးထဲတွင် မျက်ရည်များ ဝဲနေသည်။

“တို့ ပြောတာ ဒီလို မဟုတ်ပါဘူး ဖိုးညိုရယ်”

“ဒါပေမယ့် ဒီအဓိပ္ပာယ်ပဲ မဟုတ်လား စုန္ဒယ်”

စုန္ဒယ်၏ ဦးခေါင်းလေးသည် လေးကန်စွာ ဘယ် ညာ ယမ်းသွားသည်။

“တို့ ပြောတဲ့စကားဟာ ဒီအဓိပ္ပာယ်ရောက်သွားရင် တို့ တောင်းပန်ပါတယ် ဖိုးညို။ ဒါပေမယ့် ဖိုးညို ဘွဲ့ရတဲ့ အထိတော့ ကြိုးစားလိုက်စေချင်တယ်။ ဒါက လွဲလို့လဲ ဖိုးညိုကို စကားလုံး ပြည့်ပြည့်စုံစုံနဲ့ ပြောမပြတတ်သေးဘူး။ ဖိုးညိုတို့ကို ချစ်ရင် စာမေးပွဲအောင်အောင် ကြိုးစားပါကွယ်”

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်ချလိုက်၏။

လောကကြီးနှင့် ကျွန်တော် ကြိုးဝိုင်းထဲတွင် မျက်နှာချင်းဆိုင်မိချေပြီ။

*



အောင်စာရင်းထွက်သောအခါ ကျွန်တော်ရော ဇော်မိုးပါ ကျသည်။

မကျစရာလည်း ဘာမျှ အကြောင်းမရှိ။

ကျွန်တော်ရော သူပါ ကျောင်းမှန်မှန်တက်သည်ဟူ၍ မရှိ။ စာဆိုလျှင် ထိပင်မထိတော့။ ကျွန်တော်က ကျွန်တော့် ဖိလင်နှင့် ကျွန်တော်။ တခင်ကို ကျောင်းမတက်၊ စာမကြည့်၊ ကျောင်းပြေး၊ ရုပ်ရှင်ကြည့်ပြီးလျှင် အချိန်မှန်မှန် စုန္ဒယ်၏ ကျူရှင် အဆင်းအတက်ကို သွားစောင့်ကြည့်သည်။ စကားတော့ မပြော။ ပြောစရာလည်း မလိုဟု ဘွက်ထားသည်။ ကျွန်တော့် အချစ်သည် အားလုံးကို စွန့်လွှတ်ပြီး ချစ်သော အချစ်။ နောက်ဆုံး ပြောရလျှင် စုန္ဒယ်၏ အချစ်ကိုပင် စွန့်လွှတ်ရလျှင် စွန့်လွှတ်ပြီး ချစ်ရမည့် အချစ်။

ကျွန်တော် ဖိလင်နှင့် ကျွန်တော် မိုက်သလိုနေ။ ဇော်မိုးကလည်း သူ့ ဖိလင်နှင့် သူ မိုက်နေ၏။ ပဲခူးမှ သူ့ ကောင်မလေးအိမ်တွင် ပဲခူးမှ ဘီအီးဘွဲ့ရသူ သူဌေးသား တစ်ယောက် ဝင်ထွက်နေသည့်အကြောင်း ကိုရဲထံမှ စာရသည်။ နောက်ပိုင်းတွင်လည်း မမဆီမှ စာအရေးကျဲလာသည်။ စာထဲတွင်သည်း ဘွဲ့ရအောင် မြန်မြန်လုပ်ဖို့ ပါလာသည်။ ဘွဲ့မရလျှင် မလွယ်ကြောင်း၊ သူနှင့် ဝေးမည်ဖြစ်ကြောင်း ဘာညာ ဖောက်လာသည်။

သည်အခါ သူတော်ချင်း သတင်းသိသိ ပေါင်းဖက်မိကြတော့သည်။

စာမေးပွဲအောင်စာရင်းထွက်သည့်နေ့က အင်းလျားရေပြင်သည် ခါတိုင်းထက် ပို၍ စိမ်းနေသည်။

ကျွန်တော်တို့ နှစ်ယောက်စလုံး အိမ်မပြန်ရဲကြသဖြင့် အင်းလျားကန်စောင်းတွင် တစ်နေကုန် လာထိုင်နေကြ သည်။

"မိန်းမဆိုတာတွေဟာ အားလုံး အတူတူလိုပါပဲကွာ"

ကျွန်တော်က ရေထဲသို့ ခဲတစ်လုံး လှမ်းပစ်ရင်း ပြော လိုက်သည်။ ကျွန်တော့် စကားကြောင့် ဇော်မိုးကရယ်သည်။

"သိပ်မှန်တာပေါ့ ဖိုးညိုရာ။ ငါလဲ အစက မိန်းမဆိုတဲ့ အမျိုးဟာ ဒီလောက်ဆိုးမှန်း မသိဘူး"

"ခုကော"

"မယုံမရှိနဲ့။ ကိုယ်တွေ့ပေါ့ကွာ"

နှစ်ယောက်သား လွတ်လွတ်လပ်လပ် ရယ်လိုက်မိသည်။ ကျွန်တော်တို့ ရယ်သံကျယ်သွားသဖြင့် ကျွန်တော်က ပတ် ဝန်းကျင်ကို မျက်စိကစားလိုက်သည်။ တက္ကသိုလ်ကဟု ထင် ရသော အတွဲတော်တော်များများကို လှမ်းမြင်လိုက်ရ၏။ အတွဲလေးများက ပျော်ပျော်ရွှင်ရွှင် ပြောဆို ရယ်မောနေ ကြသဖြင့်–

"တို့ပဲ ကံဆိုးတာလားတော့ မပြောတတ်ဘူးပေါ့ကွာ။ သူများ အတွဲတွေကျတော့လဲ ပျော်နေ ရွှင်နေလိုက်ကြတာ"

ဇော်မိုးကတော့ ကျွန်တော့်ကို ကလေးတစ်ယောက်ကို ကြည့်သလို လှမ်းကြည့်၍ ဟားတိုက်ရယ်လိုက်ရင်း–

"မကြောင်စမ်းပါနဲ့ ဖိုးညိုရာ။ တက္ကသိုလ်က အတွဲတွေ ကြည့်ပြီး အားမကျစမ်းပါနဲ့။ အဲဒီ အတွဲတွေက အမျိုးသမီး တွေကို လိုက်မေးကြည့်။ တကယ်လို့ ဒီလူတွေ တက္ကသိုလ် မရောက်ဘဲ ကိုးတန်းမှာ ကျနေရင် ခုလို ချစ်နေနိုင်ပါဦး



မလားလို့။ ထပ်ထရီး။ မိန်းမဆို အားလုံး ချိုနဲ့ချည်းပါ ဖိုးညိုရ၊ ဟား....ဟား"

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟေ့ ကောင်ဖိုးညို။ အရက် သွားသောက်ရအောင်"

"ဘာလုပ်ဖို့လဲ"

ကျွန်တော် ပျာပျာသလဲ မေးလိုက်၏။ ကျွန်တော့် စိတ် ထဲ လန့်သွားသည်။

"ဟ....ဘာလုပ်ရမှာလဲ။ရင်ထဲကအနာကို အရက်နဲ့ ဖျော် ချမလို့ပေါ့ကွ။ ခု မင်းကော၊ ငါကော အသည်းကွဲရတော့ မယ်။ အဲဒါ မင်းသိရဲ့လား။ တို့ သိပ်ချစ်ပါတယ်ဆိုတဲ့သူတွေ က တို့ကို ရေရေလည်လည် ခါတော့မယ်ကွ။ တို့ဟာ ခုချိန် က စပြီး မိန်းမတွေရဲ့ မျက်လုံးထဲမှာ အဖတ်ဆယ် မရတော့ မယ့် သတ္တဝါတွေ ဖြစ်ကုန်ပြီ"

ကျွန်တော် ကမန်းကတန်း ခေါင်းခါလိုက်၏။ ဇော်မိုးက မလျှော့။

"ဘာလဲ။ မင်းက မသောက်ချင်ဘူးလား"

"ဟော့ ဟုအး"

"ဘာဖြစ်လို့ မသောက်ချင်ရတာလဲ"

"ဒီအကြောင်းနဲ့ ငါ ဘယ်တော့မှ အရက်မသောက်ဘူး ဇော်မိုး"

"ဒါတော့ မင်းက သူတော်ကောင်းလုပ်တာပဲ"

ကျွန်တော် ခေါင်းခါလိုက်ပြန်၏။

"မဟုတ်ဘူး ဇော်မိုး။ လောကကို တိုက်ပွဲဝင်တယ် ဆိုတာ ကိုယ့်ဘက်က မှန်ကန်ဖို့ လိုတယ်။ ခု တို့ဟာက လော ကကြီးကို ဆန့်ကျင်တာ၊ တိုက်ပွဲဝင်တာ။ ဘွဲ့ရမှ လူလု

ဖြစ်ဘာ မဟုတ်ပါဘူး ဆိုပြီး လူတွေကို လုပ်ပြမှာ။ အချစ်မှာ ဘွဲ့ရတာ၊ မရတာနဲ့ တိုင်းမှ မဟုတ်ပါဘူး။ လူကို လူလို မြင်တတ်ပါလို့ ကြေညာမှာ။ အဲဒီသို လုပ်မယ့် လူတွေက အရက်သောက် ဘေပေ ပျက်စီးပြရင် လောကကြီးက ဟား တိုက်ရယ်မှာပေါ့ကွ”

“အင်း....ဒါဟုတ်တယ်”

“သိပ်ဟုတ်တာပေါ့၊ ဒီမှာ လောကကြီးကို စိန်ခေါ်ပစ်စမ်းပါကွာ။ ဘွာကူစရာ ပဝါဖြူဘောင် မထားဘူး။ နား လည်လား”

အင်းလျားရေပြင်သည် ကျွန်တော်တို့ စကားများကို မကြားသကဲ့သို့ ငြိမ်သက်နေ၏။

*

လောကသည် ကျွန်တော်တို့အား တင်းမာသော မျက်နှာနှင့် ဆီးကြိုနေ၏။

ဒုတိယနှစ် ကိုးတန်းတစ်နှစ်လုံး ကျောင်း မှ နေ ချင်ကြောင်း အတန်တန် ပြောသော်လည်း ဖေဖေရော မေမေပါ ပြော၍မရ။ ကျောင်းသာ အတင်းတက်ခိုင်းသည်။ ဇော်မိုးလည်း ထိုနည်းတူ။

သို့သော် ကျွန်တော်တို့ဘက်ကတော့ မလျှော့။ ကျောင်းစာများကို ရန်သူလို သဘောထားခဲ့သည်။

စာမရသော ကျောင်းသားကို အအောင်မပေးတတ်သော စာမေးပွဲသည် သူ့စည်းကမ်းကို နည်းနည်းမှ အထိမခံခဲ့။ ကိုးတန်းကို ဒုတိယအကြိမ် ကျပြန်သည်။



စုန္ဒယ်ကတော့ ဆယ်တန်းကို လေးဘာသာဂုဏ်ထူးနှင့်အောင်၍ ဆေးတက္ကသိုလ် ဝင်ခွင့်ရသည်။ ခုဆိုလျှင် ပထမနှစ် အမ်ဘီဘီအက်စ် အပိုင်း(က)ပင် တက်နေပေပြီ။

တက်စမ်း စုန္ဒယ်။ တက်စမ်း။ မင်းက သည်လိုတက်မှ ဖြစ်မည့်သူ။ ကိုယ်က သည်လိုဖြစ်လည်း မကြောက်တဲ့သူ။

စုန္ဒယ်နှင့်ကျွန်တော်မူ သူတို့ ဆယ်တန်းစာမေးပွဲ ဖြေပြီးကတည်းက မတွေ့တော့။

မနှစ်က တစ်နှစ်လုံး ကိုယ့်ဘက်က တာဝန်မပျက်။ ကျူရှင်သွား ကျူရှင်ပြန် တစ်ရံမလပ် ခရီးဖန် စောင့်ခဲ့ပါ၏။ တစ်နှစ်လုံး စကား မပြော။ စုန္ဒယ်ကလည်း စ မပြော။ ကျူရှင်တက်ခါနီး ကျူရှင်ရှေ့ သူရောက်လျှင် ကျွန်တော် ထိုင်နေကျ အုတ်ခုံကို လှမ်းကြည့်သည်။ ကျွန်တော့်ကိုတွေ့လျှင် သူ့မျက်နှာသည် ညိုမှိုင်းသွားတတ်သည်။

ကျူရှင်မှ ပြန်ဆင်းလာ၍ ကျွန်တော့်ကို သူတွေ့ပြန်လျှင် ရီဝေသော မျက်လုံးအစုံဖြင့် တစ်ဘက်သို့ လှည့်သွားသည်။

တစ်ခါတစ်ခါ ကျွန်တော်က ထိုင်နေကျ အုတ်ခုံတွင် မထိုင်ဘဲ နေရာပြောင်း၍ တစ်နေရာမှ စောင့်အကဲခတ်နေမိသည်။

ကျွန်တော့်ကို တွေ့နေကျနေရာတွင် မတွေ့လျှင် သူ့မျက်နှာလေးမှာ ငင်းပသွားတတ်သည်။ သို့သော် ကြောခင်တခြားတစ်နေရာမှ ကျွန်တော့်ကို မြင်လိုက်သည်နှင့် မျက်နှာချက်ချင်း မှိုင်သွားတတ်သည်။

ကျွန်တော် သဘောပေါက်ပါသည်။ စုန္ဒယ်သည် ကျွ[illegible] တော်လိုကောင်မျိုးကို မြင်နေရသည်မှာ စိတ်ဆင်းရဲ[illegible] ကြီးစွာ ဖြစ်နေပေလိမ့်မည်။ ကျွန်တော်လို ကော[illegible]

အကြည့်ကို ခံရသည်မှာ သူ့အတွက် သိက္ခာကျစရာ ဖြစ်နေသည်ဟု သူ ခံစားရပေလိမ့်မည်။

ကျွန်တော့်ကို သူ့ပတ်ဝန်းကျင်တွင် မရှိစေချင်သောသဘော ဖြစ်နိုင်သည်။

စာမေးပွဲတွေဖြေခါနီး ကျူရှင်နောက်ဆုံးပိတ်ရက်ကမှ ထိုကိစ္စသည် ရုပ်လုံး ပေါ်လာခဲ့၏။

ထိုနေ့က ကျွန်တော်နှင့် စကားဝင်ပြောသည်။

"တို့ စုန္ဒယ်နဲ့ စကားပြောချင်တယ်"

စုန္ဒယ်သည် ကျွန်တော့်ကို နားမလည်သော အကြည့်ဖြင့် ကြည့်၏၊

"ဘာခပြောမလို့လဲ"

"တို့ လာ-လာပြီး စုန္ဒယ်ကို ကြည့်နေတာကို စုန္ဒယ် မကြိုက်ဘူး မဟုတ်လား။ တို့ကို မြင်နေ တွေ့နေရတဲ့အတွက် စုန္ဒယ် စိတ်ဆင်းရဲနေတယ် မဟုတ်လား"

စုန္ဒယ်မျက်နှာသည် ယောင်ယောင်လေး တင်းသွားသည်ဟု ထင်သည်။

"ပြောစရာ ဒါပဲလား"

"မဟုတ်ဘူး စုန္ဒယ်။ တို့ မေးတာ ဖြေပါဦး"

စုန္ဒယ်က ကျွန်တော့်ကို မကြည့်တော့။ သူ့ မျက်လုံးများသည် ရှေ့တည့်တည့်သို့သာ စူးစိုက်ထားသည်။

"နင် ဒီနှစ်မှာ ဘယ်နှစ်ရက်ထဲ ကျောင်းတက်လဲ"

"တစ်ရက်မှ မတက်ဘူး။ တစ်သက်လုံးလဲ မတက်တော့ဘူး"

ကျွန်တော်အသံက မာနေသည်။ စုန္ဒယ်၏ "နင်"ဆိုသော အသုံးကို နာနာနှင့် ပြောလိုက်ခြင်း ဖြစ်သည်။



"ကောင်းတယ်- ဖိုးညို။ နင် ဘယ်လိုလုပ် စာမေးပွဲ အောင်မလဲ"

"ဘယ်လိုမှ မအောင်ဘူး။ ဘယ်တော့မှလဲ အောင်-အောင် မလုပ်ဘူး"

စုန္ဒယ်၏မျက်နှာသည် အိုသွား၏။ ငိုမဲ့မဲ့ ဖြစ်လာသည် ု ထင်လိုက်သည်။ အံကိုလည်း ကြိတ်ထားပုံရသည်။

"နင့်ကို ငါ သိပ်မုန်းတယ်"

စကားလုံးများက နားထဲသို့ ခေါးသိုင်း က၍ ဝင်လာ ည်။ သို့သော် ကျွန်တော် နာကြည်းစွာ ရယ်လိုက်ပါသည်။

"တို့ သိသားပဲ။ တို့ကို စုန္ဒယ် ဘယ်တုန်းက ချစ်တယ် ပြောဖူးလို့လဲ။ တို့ဘဝမှာ စုန္ဒယ်ဆီက မုန်းတယ်ဆိုတာက ဲလို့ ဘာများ ကြားရဘူးလို့လဲ"

စုန္ဒယ်၏မျက်နှာသည် သိသိသာသာပင် တင်းမာသွား၏။

"ဟုတ်တယ်။ နောက်လဲ ဘယ်တော့မှ ကြားရမှာ မဟုတ် ူး။ နင်က လူလိမ်၊ လူညာ၊ နင် ငါ့ကို ကောင်းကောင်း ာခဲ့တယ်။ အို-နင့်ကို ငါသိပ်မုန်းတာပဲ"

စုန္ဒယ် မျက်လုံးမှာ မျက်ရည်များပင် ဝဲလာ၏။ ဒေါသ ကြောင့် ဖြစ်မည်။ ကျွန်တော့် အသံလည်း တင်းမာလာ၏။

"တို့ ဘယ်တော့မှ မညာဘူး။ တို့ ဘယ်သူ့ကိုမှ မညာ ူး"

စုန္ဒယ် ခေါင်းကို သွက်သွက်ခါနေသည်။

"နင်-ညာတယ်။ နင် ငါ့ကို ချစ်တယ်ဆိုတာ သက်သက် ိမ်တာ"

သည်စကားကတော့ ကျွန်တော့် အမွန်မြတ်ဆုံးကို တည့် ည့် စော်ကားလိုက်ပြီမို့-

"နင် ဒီစကား မပြောနဲ့ စုန္ဒယ်။ နင့်ကို ငါချစ်တယ်ဆိုတာ ငါဘယ်တော့မှ ညာခဲ့တာ မဟုတ်ဘူး။ ခု-ခဏလေးလဲ ချစ်တာမဟုတ်ဘူး။ နင့်မှာ သားတွေ မြေးတွေ ရနေလဲ ချစ် နေမှာပဲ။ နင် ငါ့ကိုမုန်းလဲ ချစ်နေတာပဲ"

"အို…မကြားချင်ဘူး။ လူလိမ် လူညာ။ မပြောနဲ့ မကြား ချင်ဘူး"

အနားရှိ လူများ၏ မျက်လုံးများသည် ကျွန်တော်တို့ဆီ ရောက်လာသည်။ ခုချိန်မှာ စုန္ဒယ် ငိုနေသလား။ မငိုနေလား မခေဝခွဲနိုင်။

ကျွန်တော် ဖြေရှင်းရန် စကားဟမည် အပြု ဘတ်စ်ကား တစ်စီး ထိုးရပ်လာသည်။ စုန္ဒယ်က ဖျတ်ခနဲ ဘတ်စ်ကား ပေါ် ပြေးတက်လိုက်၏။

ကျွန်တော် ကြောင်ကြည့်နေစဉ် ကားက မှတ်တိုင်မှထွက် သွားသည်။

ကျွန်တော့် ရင်ထဲမှာ စကားများစွာဖြင့် ပြည့်နှက် ကျန် နေခဲ့၏။

စုန္ဒယ်က ကျွန်တော့်ကို အနိုင်ပိုင်းသွားချေပြီ။

မကျေနပ်သော ကျွန်တော်က သူတို့ စာမေးပွဲ နောက် ဆုံးနေ့တွင် ထပ်လိုက်သည်။ စာမေးပွဲဖြေနိုင်သဖြင့် ပြုံးရွှ ထွက်လာသော သူ့ မျက်နှာသည် ကျောင်းဂိတ်ဝတွင် စော နေသော ကျွန်တော့်ကို မြင်သည်နှင့် ကွက်ခနဲ ပျက်သွား၏

"တို့ ဟိုနေ့က စုန္ဒယ် စကားကို မကျေနပ်ဘူး"

ကျွန်တော့် စကားမဆုံးခင် စုန္ဒယ်သည် ကျွန်တော်မမျှော် လင့်သော အလုပ်တစ်ခုကို လုပ်လိုက်သည်။



ကျွန်တော်နှင့် ယှဉ်လျှောက်လာရာမှ ဆတ်ခနဲထိုင်ချလိုက် သည်။ ပြီးတော့ လမ်းမကြီးပေါ်တွင် ငိုချလိုက်တော့သည်။

ကျွန်တော် ဘာလုပ်ရမှန်း မသိ။ ကြောင်အမ်းနေစဉ်မှာ ပင် စုန္ဒယ် ပြန်ထလိုက်သည်။ ပြီးတော့ ကျွန်တော် လုံးဝ မမျှော်လင့်ထားသော အလုပ်တစ်ခုကို ထပ်၍ လုပ်ချလိုက် သည်။

"ဖြန်း…."

ကျွန်တော့် ဘယ်ဘက်ပါးသည် ပူထူသွားသည်။ မျက်လုံး ထဲတွင် မီးဝင်းဝင်းတောက်သွားသလို ဖြစ်သွား၏။

"သွား…ဖိုးညို။ နင် နောက် ငါ့ကို ဘယ်တော့မှ လာ မတွေ့နဲ့။ ငါ တစ်သက်လုံး စိတ်ဆင်းရဲအောင် နင် လုပ် တယ်"

ကျွန်တော် နားမလည်စွာ သူ့ကို စိုက်ကြည့်နေမိ၏။ ရဲရဲ နီနေသော သူ့ မျက်လုံးများသည် ဒေါသမှ အပ မည်သည့် အဓိပ္ပာယ်ဆောင်သည်ကို ကျွန်တော် ရှာမတွေ့။ ကျွန်တော့် ပါးစပ်မှ စကားလုံးတစ်စု ထစ်ငေါ့စွာ ခုန်ဆင်းသွားသည်။

"ငါနားလည်ပါပြီ စုန္ဒယ်ရယ်"

"အေး….ဟုတ်တယ်။ နင် နောက်ကို ဒီ့ထက် နားလည် ရဦးမယ် သိလား"

ကျွန်တော် ချာခနဲ လှည့်လိုက်သည်။

စုန္ဒယ်သည် ကျွန်တော့် ကျောပြင်ကိုမီးတောက်နေသော ဒေါသမျက်လုံးများဖြင့် ကြည့်၍ ကျန်ခဲ့မည်ဟု ကျွန်တော် ထင်လိုက်၏။

သည်ဘတည်းက ကျွန်တော် လက်လျှော့လိုက်ပြီဟု ကျွန် တော့်ကိုယ် ကျွန်တော်ထင်သည်။ မထင်၍လည်း မရတော့။

ကျွန်တော် ခေါင်းကို ခါလိုက်သည်။ ပြီးပြီဟု သတ်မှတ်လိုက်သော ကိစ္စသည် ပြန်တွေးနေလျှင် အပိုပဲ ဖြစ်မည်။

စိတ်ရှုပ်လာမည်ကို စိုးသဖြင့် စောစောက ဖတ်လက်စ စာအုပ်ကို ကောက်လှန်လိုက်သည်။ ကျွန်တော် ဖတ်နေသော စာအုပ်က ဦးညာဏ၏ လူမမယ်တက်လမ်း။ မျက်စိရှေ့မှ စာသားများသည် နှလုံးသားမှ တစ်ဆင့် ဦးနှောက်ထဲ ဝင်လာသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ပညာကို ဆုံးခန်းတိုင် ရောက်တတ်မြောက်သူတွေ မြောက်များစွာရှိရာ ၎င်းတို့ မည်မျှ အသိတရား ထူးချွန်ကြသနည်း။ မည်မျှအတိ တတ်နိုင်ကြသနည်း။

အစိုးရပေးသော ရာထူးမရှိလျှင် ဘာလုပ်ရမည်ကိုပင် မသိတော့။ ဤမသိမှုပင် ပညာမစုံခြင်းဖြစ်သည်ကို နားလည်ရမည်။

မြန်မာများ ကျောင်းပညာရှူး၊ ရှူးခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာလေပြီ။ ကျောင်းပညာရှူး ရှူးသည့်အဆင့်မှ တက်သည့်အခါ ရာထူးရှူး ရှူးကြပြန်သည်။

ကျွန်တော် ပြုံးလိုက်မိ၏။

သင် လူဖြစ်နေသမျှ ကာလပတ်လုံး သင်ရောက်ရာဒေသ၊ သင်ပေါင်းရာ လူဟူသမျှ၊ သင် နေရသည့် လောက စသည်တို့၏ အကြောင်းစုံ သဘောတရားတို့ကို သိအောင်၊ နားလည်အောင် လုပ်ခြင်းဖြင့် ခေတ်မီသူ တစ်ဦး ဖြစ်ပါစေ။

ကျောင်းတွင် ဝိဇ္ဇာဓိုရ်ရပြီး လူ့လောကတွင် အသုံးချမရသော သူတို့သည် ကျောင်းတွင် ရှာကြံ ဆည်းပူးခဲ့သော သိမှုဖြင့် လောကကို လွှမ်းမိုးနိုင်မည်ဟု အထင်မှားကာ သိမှု



ကို မရှာဘဲ ရပ်တန်းက ရပ်၍ နေသူများ ဖြစ်ကြောင်း သဘောပေါက်ရမည်။

ကျွန်တော် ခဲတံတစ်ချောင်းယူ၍ ကြိုက်သမျှလိုက် လိုင်းတားတော့သည်။

ကျောင်းက ပြဋ္ဌာန်းတဲ့ စာမှ ပညာမဟုတ်နှင့်။ (သင်သည့် စာအုပ်ဖြစ်နေသည်ကို သတိပြုပါ)သင့် စာအုပ်ကို သင် ကြည့်ဖို့ မမေ့ပါနှင့်။

"အမောင်။ ယောင်တောင်တောင် လုပ်နေလို့ မဖြစ်။ တစ်နှစ်ထက် တစ်နှစ် အသက်ကြီးလာမည်။ အချိန်က လူကို စောင့်နေမည် မဟုတ်။ တိုတောင်းသော အချိန်ကလေး အတွင်း ကြိုက်လမ်းတစ်ခုခုကို ရွေးပါ။ ဇွဲကောင်းကောင်းနဲ့ ကြိုးစားပါ။ မုချ လိုရာပန်းတိုင်ကို ရောက်ရမည်"

"အလုပ်လက်မဲ့ မရှိရ"

ကိုယ်လိုချင် လုပ်ချင်ရာမရ၍ အလုပ်လက်မဲ့ ဖြစ်နေရခြင်းကို ဝမ်းနည်း ကြေကွဲစွာနှင့် သူ တစ်ပါးကို အပြစ်မတင်ပါနှင့်။

ကြိုက်သမျှ စာတမ်းအားလုံးကို လိုက်ကူးထားလိုက်သည်။ သို့သော်၊ ဤသို့သော်သည် အရေးကြီးပါသည်။ သို့သော်....

စာအုပ်၏ နိဂုံး အမှာတစ်နေရာမှာ စာပိုဒ် တစ်ခုကိုမူ ကျွန်တော် တမင်မကူးဘဲ ချန်ထားခဲ့၏။ ကျွန်တော် သဘောမကျ၍ ဖြစ်သည်။

*

"ကရင်....ရင်....ရင်"

အိမ်ရှေ့မှ တယ်လီဖုန်းမြည်သံကြောင့် ကျွန်တော် ကမန်းကတန်း ပြေး၍ တယ်လီဖုန်းကိုင်လိုက်သည်။

"ဇော်မိုးကွာ.... ကြာလိုက်တာ"

ကျွန်တော့် စိတ်ထဲမှ ရေရွတ်လိုက်မိ၏။ ဇော်မိုးထံမှ ဖုန်းစောင့်နေသည်မှာ တစ်မနက်လုံးပင်။ သည်နှစ်တွင်မူ ကျောင်းကလည်း လက်မခံ။ ကျွန်တော်ကလည်း ကျောင်းနေဖို့ ကိစ္စကို အကြောက်အကန် ငြင်းဆန်နေသဖြင့် အိမ်များမှ ခွင့်ပေးလိုက်ကြပြီ ဖြစ်ရာ ကျွန်တော်နှင့် ဇော်မိုးတို့ တိုင်ပင်၍ အလုပ်လုပ်ရန် စီစဉ်ကြပြီး ဖြစ်၏။ ထို့ကြောင့် သူ့ဘက်မှ အဆင်ပြေ မပြေ အကြောင်းပြန်ရန် ဖုန်းပြန်ဆက်မည့် ကိစ္စကို စိတ်မရှည်စွာ စောင့်နေရခြင်း ဖြစ်သည်။

ကျွန်တော်က ဖုန်းခွက်ကို ပါးနှင့် ကပ်လိုက်ပြီး....

"ဟယ်လို"

"ဖိုးညိုလား"

ကျွန်တော့် ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ကျွန်တော်လုံးဝ မမျှော်လင့်ထားသော အသံ။ ကျွန်တော့် အသည်းထဲတွင် ဘယ်တော့မှ မေ့သွားစရာအကြောင်း မရှိသော အသံ။

ပြီးတော့-မကြားရတာ ကြာလှပြီဖြစ်သော အသံ။ ပြီးတော့-သိပ်ကြားချင်နေသော အသံဖြစ်၏။

"စုန္ဒယ်....စုန္ဒယ်လားဟင်"

"ဟုတ်တယ် ဖိုးညို။ အံ့ဩသွားလား"

ကျွန်တော့် ရင်ထဲမှာ တဒိန်းဒိန်း ခုန်နေ၏။ ကျွန်တော့် လက်များ တဆတ်ဆတ် တုန်နေ၏။



"ကိုယ် အိပ်မက်၊ မက်နေတာတော့ မဟုတ်ဘူးနော် စုန္ဒယ်"

တယ်လီဖုန်းထဲမှ ရယ်သံသဲ့သဲ့လေး ထွက်ပေါ်လာ၏။

"တို့ကို စိတ်ဆိုးနေလားဟင်"

သယ်...ဖိုးညိုတို့တော့ ပွပြီ။ ဒီအကွက်မျိုးကို ကျွန်တော် အိပ်မက်ထဲကွင် မကြာမကြာတောင့်တဖူး၏။ ဟိတ်-ကံကော် ပြီကွနော်။

"တို့မှာ စုန္ဒယ်နဲ့ ပတ်သက်လို့ စိတ်ဆိုးစရာဆိုတာ မရှိခဲ့ဖူးပါဘူး စုန္ဒယ်။ တို့ ဘယ်သူ့ကိုမှ ညာမပြောခဲ့တာ"

တစ်ဘက်မှ အသံတိတ်နေသည်။

"စုန္ဒယ်သာ လူလိမ် လူညာလို့ ထင်ထားတဲ့ သူဆီ ဘာဖြစ်လို့ ဖုန်းဆက်တာလဲ ဆိုတာ ပြောပြပါဦး။ တို့ တော့ ခုထိ ကိုယ့်နားကိုယ် မလိုသေးဘူး"

ရယ်သံလေးက ပြန်ကြားရသည်။

"စိတ်မဆိုးဘူး ဆိုတဲ့ လူကလဲ ကျွမ်းတိုလှချည်လားကွာ။ ပြောစရာရှိလို့"

"အင်း....ပြောလေ"

"တို့ အခု လေးလုံးဖြစ်သွားပြီ"

ကျွန်တော် ဗြုန်းစားကြီး သဘောမပေါက်။

"ဘယ်လို"

"ဟာ....ဖိုးညိုကလဲ နားဝေးလိုက်တာ။ တို့ အခု မျက်မှန်တပ်နေရပြီ။ အဘွားကြီးဖြစ်လို့ မျက်စိမှုန်သွားတာကွ"

ကျွန်တော့် နားထဲတွင် တစ်ခါက ပြောဖူးသော ကျွန်တော့် စကားလေးများကို အမှတ်ရလိုက်၏။

"စုန္ဒယ် မျက်လုံးလေးတွေက သိပ်လှတာပဲ"

"ဟုတ်လား၊ စာကျက်ရလို့ ထင်တယ် စုန္ဒယ်။ နေပါဦး စာတွေက တော်တော်ခက်လို့လား"

"စာကြောင့်ချည်း မဟုတ်ပါဘူး။ တို့ကိုကလဲ့ အားနည်း ဓာလဲ ပါပါတယ်။ တို့ သူ့ကို သတိရလို့။ တို့မျက်လုံးလေးတွေက အရင်က သူပြောသလို မလှတော့ဘူးကွာ။ မျက်မှန်ကြီးတွေနဲ့ ကာသွားပြီ။ သိပ် စိတ်ပျက်တာပဲ"

"အို …မျက်မှန်တပ်တပ် မတပ်တပ် ဘာဆိုင်လို့လဲ"

"ဒါပဲနော်"

ဂလောက် ဆိုသော ဖုန်းသံသာ ကျန်နေခဲ့သည်။ ကျွန်တော် လုံးဝ နားမလည်နိုင်။

"ကရင်…. ရင်… ရင်"

ဖုန်းသံက ပြန်မြည်လာသည်။ ကျွန်တော် ဝမ်းသာအားရ ဖုန်းကို ပြန်ကောက်ကိုင်လိုက်၏။

"ဖိုးညိုလား"

အာ….စိတ်ညစ်သွား၏။ ခွေးမသား။ ဇော်မိုးဆီက ဖုန်း …။

*

(၁၃)

တော်လှန်ရေးနေ့ မီးရှူးပန်းများ လွှတ်သည်ကို သွားသတိရလိုက်မိ၏။

ဆိုက်ကားတစ်စီး ဆိုက်လာလိုက်၊ ကြိုနေသည့် လူများ အပြေးအလွှား သွားဝိုင်းလိုက်၊ ဆိုက်ကားပေါ်မှ အထုပ်များကို ဆွဲယူပြီး ဖွင့်၍ ဝိုင်းဆွဲလိုက်။ နီ၊ ဝါ၊ ပြာ ရောင်စုံ ပိတ်စများ ပြန့်ကြဲလာလိုက်။

ကျွန်တော်နှင့်ဇော်မိုးကတော့ ယောင်တောင်တောင်နှင့် ဟိုကြည့် ဒီကြည့် ကြည့်နေသည်။

လဟာပြင်စျေးတစ်ခုလုံးသည် မော်လမြိုင်ရထားအဆိုက် မျှောင်ခိုကုန်သည်များဖြင့် ယောက်ယက်ခတ် စည်ကားနေသည်။

အူကြောင်ကြောင်ဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်ကို ကြည့်၍ ကိုစိုးညွန့်က….

"ဟော ကောင်တွေ မင်းတို့လဲ သွားဝိုင်းလေ။ လွှာနေတဲ့ ကုန်သည်တွေ ရှိတယ်။ အဲဒါ ဈေးမေးပြီး ဆွဲသာဆွဲခဲ့။ နောက်မှ ကြည့်လုပ်မယ်"

သည်တော့မှ ကျွန်တော်တို့လည်း ကိုယ်လုပ်ရမည့်အလုပ်ကို သတိရသည်။ ကျွန်တော်နှင့် ဇော်မိုး နှစ်ယောက်စလုံး တစ်စီးပြီး တစ်စီး ဆိုက်နေသည့် ဆိုက်ကားများဆီ ပြေးကြသည်။

"အစ်မ....ဘာပါလဲ"

ကျွန်တော်က သွက်သွက်လက်လက် လှမ်းမေးလိုက်သည်။ ထိုအမျိုးသမီးက ခေါင်းခါ၍....

"ယူပြီးသားတွေ"

နောက်တစ်စီးဆီ ပြေးပြန်၏။

"ဘာလဲ"

"ဟာ အချိုမှုန့်ပဲ ပါတယ်။ ဒီတစ်ခေါက် အရမ်းဖမ်းလို့ များများ မသယ်ရဲဘူး"

ကျွန်တော်က သူ့လက်ထဲမှ အထုပ်ကို လှမ်းယူလိုက်ပြီး ဖွင့်ကြည့်လိုက်သည်။ အိုးတံဆိပ် အချိုမှုန့်ထုပ်များ။

"ဘယ်ဈေးလဲ အစ်မ"

"ဈေးတက်တယ်။ ကိုးရာဈေး"

"ဘယ်လောက်ကိုလဲ"

ထိုအမျိုးသမီးက ကျွန်တော့်ကို ချဉ်ကြည့် ကြည့်လိုက်ပြီး....

"တစ်ပုံးပေါ့"

ကျွန်တော် သိပ်နားမလည်ချင်။ ဇော်မိုးက အနားကပ်၍ "တစ်ပုံးဆိုတာ အထုပ်နှစ်ရာကို ပြောတာ"



ကျွန်တော့် စိတ်ထဲ တွက်လိုက်သည်။ တစ်ထုပ် လေးကျပ်ခွဲ ကျသည်။ ဈေးမဆိုး။ တစ်ထုပ်ယူ၍ ထောင်ပြီး စစ်ကြည့်လိုက်သည်။ အချိုမှုန့်စစ်သည်။ အရောထုပ် မဟုတ်။

"ဘယ်နှစ်ပုံးပါလဲ အစ်မ"

"ခြောက်ပုံး"

"ကျွန်တော် အကုန်ယူမယ်"

"တစ်ခါတည်း ငွေချေ"

ကျွန်တော် ဘာမှ ပြန်မပြောမိ။ လွယ်အိတ်ထဲမှ ငွေငါးထောင့်လေးရာ ရေ၍ပေးလိုက်သည်။ ထို့နောက် အထုပ်ရေကြည့်ပြီး ယူလာခဲ့ကြသည်။

"ဟာ... ဘယ်ဆိုးသို့ လဲကွ။ ပစ္စည်းတွေ မနည်းပါလား။ ဘာတွေလဲ"

"အချိုမှုန့်တွေ"

"ဘယ်ဈေးတဲ့လဲ"

ဆိုင်ခုံပေါ်တွင် စောင့်နေသော ကိုစိုးညွန့်က လှမ်း၍ မေးလိုက်သည်။ ကျွန်တော်က ဆိုင်ခုံပေါ်သို့ အိတ်ကိုပစ်တင်ရင်း....

"ကိုးရာဈေး"

"အား....မင်းတို့တော့ ထိပြီထင်တယ်"

"ဘာဖြစ်လို့လဲ။ ပေါက်ဈေးက ဘယ်လောက်မို့လဲ"

"တစ်ထောင့်ငါးဆယ်"

ကျွန်တော်က ကိုစိုးညွန့် နောက်သည်ထင်၍ ရယ်လိုက်ရင်း ပြောလိုက်၏။

"ဟာ....ကျွန်တော်တို့က အများကြီး သက်သာတာပဲ။ ဒီမှာ ပြန်ရောင်းရင်တောင် တစ်ပုံး တစ်ရာ့ငါးဆယ် မြတ်ပြီ...."

ကိုစိုးညွန့်က မရယ်ဘဲ ကျွန်တော်ပုံချလိုက်သည့် အချိုမှုန့်ထုပ်များထဲမှ တစ်ထုပ်ကိုယူ၍ ထောင်ကြည့်၊ အမှုန့်လေးများကို လျှောကြည့်နှင့် လုပ်နေသည်။ ကျွန်တော်က ရယ်၍....

"ကျွန်တော် သေချာစစ်ပါတယ် အစ်ကိုရ။ အရောထုပ် မဟုတ်ပါဘူး"

ကိုစိုးညွန့်ကတော့ ကျေနပ်ပုံ သိပ်မရ။ အချိုမှုန့်ထုပ်ကို ထက်ပိုင်းချိုး၍ တိုင်းကြည့်နေပြန်သည်။

ကိုစိုးညွန့်မှာ ဇော်မိုး၏ အစ်ကိုငမ်းကွဲ။ လဟာပြင်တွင် ဆေးရောင်းသူ ဖြစ်၏။ ကျွန်တော်တို့ တိုင်ပင်ပြီး အလုပ်လုပ်ရန် ညှိသောအခါ အလွယ်ဆုံးနှင့် ငွေဖြစ်အမြန်ဆုံး လဟာပြင်တွင် ကုန်ကောက် ပြန်ရောင်း လုပ်ရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဈေးလက်ခံရောင်းနေသူ ကိုစိုးညွန့်ထံ အကူအညီတောင်း၍ လဟာပြင်တွင် ပစ္စည်းလာကောက်နေခြင်း ဖြစ်သည်။

ကိုစိုးညွန့်က အထုပ်ကို ဆ,နေပြီးမှ....

"မင်းတို့တော့ အချဉ်မိလာပြီ၊ မင်းတို့ အထုပ်တွေက အရောထုပ်တွေ။ မပြည့်ဘူး"

ကျွန်တော့် စိတ်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ ကျွန်တော်သည် တစ်ချက်ကို စောစောက မစဉ်းစားမိ။

"ဟောဒီမှာ ကြည့်ပါလား၊ ထောင့်တွေက ပြန်ပိတ်ထားတာ"



ကိုစိုးညွန့်ပြောမှ အထုပ်များကို သေသေချာချာ ကြည့်မိသည်။ ဟုတ်သည်။ အထုပ်၏ ထောင့်များတွင် မသိမသာခွဲ၍ ပြန်ပိတ်ထားသော အရာလေးများကို အာရုံစိုက်ကြည့်လျှင် မြင်နိုင်၏။

"ရော့–အဲ့ဒီသုံးထုပ် သွားချိန်ကြည့်စမ်း"

အချိုမှုန့်စစ်လျှင် သုံးထုပ်ကို တစ်ဆယ်သား ရှိရ၏။ ကျွန်တော် သိထားသော်လည်း အဝယ်လောသွားသဖြင့် စောစောက ချိန်မဝယ်လိုက်မိ။

ကျွန်တော် ဈေးထဲပြေး၍ ချိန်ခွင်ရှိသောဆိုင်တွင် ချိန်ကြည့်လိုက်သည်။ ဆိုင်ရှင်အဒေါ်ကြီးက ချိန်ခွင်ကြည့်ပြီး ခေါင်းခါလိုက်၏။

"အရောထုပ်တွေပဲ မှန်းစမ်း။ ဟား....သုံးထုပ်ကို ငါးမတ်သားလောက် လျော့နေတယ်"

ကျွန်တော် သက်ပြင်းရှိုက်လိုက်မိ၏။ ဆွေးပြီ။

ကျွန်တော် ဆိုင်ပြန်ရောက်သွားလျှင် ကိုစိုးညွန့်က မေးဆတ်၍ မေးလိုက်သည်။

"ဘယ်လိုလဲ"

"သုံးထုပ်ကို ငါးမတ်သားလျော့တယ်တဲ့"

"ကျစ်....မလယ်မဝယ် မင်းတို့နဲ့တော့ တွေ့ပြီ။ နောက်မှတ်ထား အချိုမှုန့်ဝယ်ရင် အထဲက ပစ္စည်းကိုလဲ စစ်။ အချိန်ကိုလဲ ချိန်ခွင်မရှိရင် အထုပ်ကို ဘည့်တည့်ထား။ အမှုန့်ခါပြီး လွှတ်နေတဲ့ အိတ်အပေါ်ကကို ချိုးကြည့်။ အချိုမှုန့်နှုတ်ခမ်းနဲ့ ဒီအိုးရဲ့ အဖုံးစပ်နဲ့ ညီနေမှယူ"

ဇော်မိုး မျက်လုံး ဝိုင်းနေသည်။

"ဘယ်လိုလုပ်မလဲ အစ်ကို"

"နေဦး။ ငါ စဉ်းစားဦးမယ်။ ဒီလိုလုပ်။ အဲဒီအထုပ်တွေ အားလုံး အိတ်ထဲပြန်ထည့်လိုက်။ ငါ့ သူငယ်ချင်းတစ်ယောက်က အရေ့ထုပ်တို့ အတုထုပ်တို့ ကိုင်တတ်တယ်။ ငါသွား လျှောပေးမယ်။ နည်းနည်းတော့ ရှုံးလိမ့်မယ်"

"ချဗျာ ကိုစိုးညွန့်။ လုံးလုံးမရှုံးရင် တော်ပြီ"

ကိုစိုးညွန့်က အိတ်ကိုဆွဲ၍ ဇော်မိုးကိုခေါ်ပြီး ထွက်သွားသည်။ ကျွန်တော်က ဆိုင်ခုံတွင်ထိုင်ရင်း ဈေးထဲ မျက်စိ ကစားနေမိသည်။

သူ့ဟာနှင့်သူကတော့ ဟုတ်နေကြသည်။ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင်၊ ရိသဲ့သဲ့လုပ်နှင့် ငွေရသူကရ၊ ပစ္စည်းသိမ်းသူသိမ်းနှင့် အလုပ်ဖြစ်နေကြသည်။

မိန်းမတစ်ယောက်ကမူ သူ့ခါးတွင်ပတ်လာသော ပိတ်စ တချို့ကို ပေါ်တင်ကြီးလှန်၍ ပြန်ဖြုတ်နေသည်။ ကျွန်တော် မျက်စိအမြန် လွှဲလိုက်ရ၏။

ကုလားဒိန် တစ်ယောက်ကမူ လူတစ်ယောက်၏လည်ပင်း အင်္ကျီစကို ဆွဲရင်း—

"ခင်ဗျား....ဒီမှာ လာ လူပါးမဝနဲ့။ သေသွားမယ်။ နားလည်လား။ အလုပ်သုပ်ရင် ကိုယ့်စည်းကိုယ့်ကမ်းနဲ့ ကိုယ် အလုပ်လုပ်။ နားလည်လား"

ဘာညာနှင့် အသားလွတ် ကြိမ်းနေ၏။

"ဘစ်ပိုးကို တစ်ရာ ရှုံးတယ်ကွ"

ကိုစိုးညွန့်နှင့်အတူ ပြန်လာသော ဇော်မိုးက လက်ထဲတွင် ပိုက်ဆံများကိုကိုင်ရင်း ကျွန်တော့်ကို လှမ်းပြောလိုက်၏။ ကျွန်တော့် စိတ်ထဲတွင် ချက်ချင်း တွက်ကြည့်လိုက်၏။ခြောက် ပိုးဆိုတော့ ငွေခြောက်ရာ။



"အေးပေါ့ကွာ။ ဘယ်ဘတ်နိုင်ပါ့မလဲ။ အလုပ်က မတတ် သေးတော့ ဒီလိုပဲပေါ့။ ပြန်ထုတ်လို့ရတာ တော်သေးတယ်။ အထာမသိရင် အတုရောင်းတယ်ဆိုပြီး ဝိုင်းဖြိုခံရဦးမှာ"

ကျွန်တော် သက်ပြင်း ချလိုက်မိ၏။

လောကကတော့ ကျွန်တော့်ကို ဘယ်ဝိုက်လက်သီးတစ်လုံးနှင့် တွယ်လိုက်ပေပြီ။

*

"ဟော့....ဖိုးညို"

ကျွန်တော်က ခေါ်သံကြားသဖြင့် ချာခနဲ လှည့်ကြည့်လိုက်သည်။ လက်ထဲတွင် စက္ကူအိတ်များနှင့် ဆင်ဒီနှင့် သူ့ သူငယ်ချင်းတစ်ယောက်။

"ဟာ–ဆင်ဒီပါလား။ ဘာလဲ ဈေးလာဝယ်တာလား"

ဆင်ဒီက ပြုံး၍ ခေါင်းညိတ်ပြရင်း....

"မင်းကကော ဘာလာလုပ်တာလဲ။ ပခုံးမလဲ ဟင်းဘက် အိတ်နဲ့ မှောင်ခိုသမားကျနေတာပဲ"

ကျွန်တော့်ရင်ထဲ အောင့်ခနဲ ဖြစ်သွား၏။ အနာပေါ် တုတ်ကျ ဆိုသည့်စကားကို ပြေးသတိရလိုက်သည်။

"ကိစ္စလေး တစ်ခုရှိလို့၊ လာတာပါ"

"သာလေ။ အအေးသောက်ရင်း စကားပြောရအောင် ဂျိုက်စ်လာလေ။ ဒါ ကိုယ့်သူငယ်ချင်း ဖိုးညို။ အဲ...ညို ထွန်းနောင်လေ။ ငယ်ငယ် ကတည်းက သူငယ်ချင်းတွေ။ ဖိုးညို ဒါ ဆင်ဒီ့သူငယ်ချင်း ဂျိုက်စ်"

သူ့သူငယ်ချင်းက ပြုံးပြသည်။ ကျွန်တော်က ပြန်ပြုံးပြလိုက်၏။ ဇော်မိုးက ကျွန်တော့်ကို လက်ကုတ်၍-

"ငါ ကိုစိုးညွန့်ဆိုင်က စောင့်နေမယ်"

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

"သူငယ်ချင်းပါ ခေါ်လိုက်လေ"

ဆင်ဒီက အားနာသွားဟန်ဖြင့် ကျွန်တော့်ကို လှမ်းပြောလိုက်သည်။ ကျွန်တော်က ခေါင်းခါပြရင်း....

"ရပါတယ်။ သူက ဝယ်စရာလေးရှိသေးလို့တဲ့။ တို့နဲ့ ပြန်ချိန်းထားပါတယ်"

"အို ...အားနာစရာ"

အအေးဆိုင်ထဲ ထိုင်မိလျှင် ကျွန်တော်က သစ်သီးသုံးခွက် မှာလိုက်သည်။ ဆင်ဒီက ကျွန်တော့်ကို ပြုံးကြည့်ရင်း....

"ဖိုးညို ဘာလုပ်နေလဲ။ ကျောင်းဆက်မတက်ဘူးဆို"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"ဆင်ဒီကော အခု ဘယ်မှာ တက်နေလဲ"

"အီကိုမှာ"

"ဪ"

သည်အဖြစ်လောက် မျက်နှာငယ်စရာ ကောင်းတာမျိုး မရှိဟု ကျွန်တော့်စိတ်ထဲ ထင်လိုက်မိသည်။

"စုန္ဒယ်နဲ့ကော"

ကျွန်တော် အတန်ငယ် ရှက်သွားသည်။ ရှက်ပြုံးဖြင့် ခေါင်းခါပြရင်း....

"မလွယ်သေးပါဘူး"

"တွေ့သေးလား"

"ဟင့်အင်း"



ဆင်ဒီက တစ်စုံတစ်ရာ အမှတ်ရသွားဟန်ဖြင့်....

"ဪ—နေပါဦး။ စုန္ဒယ်တို့ အမေရိကား သွားမလို့ဆို။ သတင်းကြားတယ်။ သူ့အဖေအလုပ်နဲ့ ပြောင်းရမှာတဲ့။ ငါးနှစ်လောက် ကြာမယ်ပြောတယ်"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။ သည်သတင်းကို ကျွန်တော် လုံးဝမသိ။

"ဟင်-ဟုတ်လား။ တို့ ဘာမှ မကြားဘူး"

"ဟုတ်တယ်။ ပြောတယ်။ ဟိုတစ်လောက စုန္ဒယ်အဖေနဲ့ ဖရက်ရှာဝဲလ်ကမ်းမှာ ဆုံတုန်းက သူ ပြောသွားတာပဲ"

"သူ လိုက်သွားမှာတဲ့လား"

ကျွန်တော့်လေသံက ကွာခြေမရ။ ကွာခြေ ရ-မရလည်း ကျွန်တော် မစဉ်းစားနိုင်တော့။ ဆင့်ဒီ့ မျက်လုံးများတွင် ကရုဏာရိပ်များ ဝင်လာသည်ဟု ကျွန်တော် ထင်သည်။

"သူပါလိုက်မယ်လို့ ပြောတာပဲ"

ဟိုနေ့က ဖုန်းဆက်တုန်းက ဘာလို့ မပြောတာပါလိမ့်ဟု တွေးလိုက်မိသည်။ ထိုနေ့က ဖုန်းဆက်ပြီး နှုတ်ဆက်တာများလား။ ကျွန်တော့်ရင်ထဲ ပူလာသည်။

"ကဲပါ....ဒီလောက်လဲ ပုံပျက်ပန်းပျက် ဖြစ်မနေပါနဲ့ဦး ဖိုးညိုရာ၊ ခုထိတော့ မသွားကြသေးပါဘူး။ မသွားဖြစ်တော့ဘူး ထင်ပါတယ်။ ရင်အေးသွားအောင် အအေး သောက်လိုက်ပါဦး"

ကျွန်တော် ကွာခြေ အနည်းငယ် ပြန်ထိန်းလိုက်သည်။ အအေးတစ်ချက် ခပ်သောက်လိုက်၏။ သကြားများစွာ ပါသော်လည်း လျှာပေါ်တွင် မချို။ ရေခဲများစွာ ပါသော်လည်း ရင်ထဲမှာ မအေး။

"ဆင်ဒီတို့ဆီ လာလည်ဦးလေ။ ပြည်ထောင်စု ရိပ်သာမှာ။ တိုက်နံပါတ်........"

ဆင်ဒီပြောသည့် ဂဏန်းများ နားထဲတွင်ပင် ပျောက်သွား၏။ ခေါင်းထဲတွင် စုန္ဒယ်ဆီ ဘယ်နားကနေ ဖုန်းသွားဆက်ရင် ကောင်းမလဲဟု တွေးနေမိ၏။ စုန္ဒယ်တို့ ပြောင်းပြီး နောက်နှစ်တွင် ဆင်ဒီတို့လည်း ပြောင်းသွားကြသည်။ ကျန်ခဲ့သည်မှာ ကျွန်တော်၊ ခုလဲ ကျန်ခဲ့ဦးမည်မှာ ကျွန်တော် ဖြစ်နေသည်။

ဆင်ဒီတို့နှင့် နှုတ်ဆက်ပြီး လူခွဲပြီးသည်နှင့် ကျွန်တော် လေဟာပြင် နောက်ဘက်မှထွက်ပြီး စကော့ဈေးဘက် ကူးလာခဲ့သည်။

စိတ်ထဲမှာ အချိုမှုန့်များလည်း မရှိတော့။ ဇော်မိုးလည်း မရှိတော့။ ရှုံးသွားသည့် ငွေခြောက်ရာလည်း မရှိတော့။ ရင်ထဲတွင် ဆင်ဒီထံမှ သတင်းများသာ ပျားပန်းခတ်နေ၏။

"စုန္ဒယ်တို့ အမေရိကား သွားမယ်၊ သူပါလိုက်မယ်တဲ့"

"စုန္ဒယ်တို့ အမေရိကား သွားမယ်။ သူပါလိုက်မယ်တဲ့"

*

(၁၄)

တယ်လီဖုန်း၏ နံပါတ်ကွက်ကလေး ပြန်လည်နေသည်ကို ကြည့်ရင်း စိတ်မရှည်နိုင် ဖြစ်နေသည်။

အရေးထဲ ဖုန်းက အင်ဂေ့ချ် ဖြစ်နေပြန်သည်။ တစ်ခါ နှစ်ခါ၊ သုံးခါ ထပ်လှည့်ကြည့်သည်။ လိုင်းမအားသဖြင့် တီတီဟု သံတို ဆက်တိုက် မြည်နေသံကိုသာ ကြားနေရသည်။

"ဒူးယားလာဦး"

ကျွန်တော့် စိတ်များ ဂဏှာမငြိမ်တော့သဖြင့် ဆေးလိပ်သည် လှမ်းခေါ်လိုက်ပြီး ဒူးယား တစ်လိပ် ဝယ်၍ မီးညှိ သောက်နေလိုက်သည်။

မှန်ဗီရိုထဲမှ သစ်သား ပန်းပုရုပ်လေး နေရာတွင် ကျွန်တော် မမြင်ဖူးသေးသည့် မျက်မှန်တပ်ထားသော စုန္ဒယ် ရောက်နေသည်။

ကျွန်တော် တယ်လီဖုန်းကို စတုတ္ထအကြိမ် ကောက်ကိုင်၍ နံပါတ်လှည့်လိုက်သည်။ နံပါတ်ကွက် ရပ်သွားသည့် အချိန်

တွင် တယ်လီဖုန်းထဲမှ အသံရှည်ကြားရသည်။ ကျွန်တော့် ရင်ထဲ ခုန်လာပြန်သည်။ စုန္ဒယ်နှင့် တည့်တည့်မှ တိုးပါ မလား။

"ဟယ်လို"

"ဟုတ်ကဲ့....ပြောပါရှင်"

ဝူးခနဲ အောင့်ထားသော လေပူများကို မှုတ်ထုတ်လိုက်မိ၏။

"စုန္ဒယ်လား"

တစ်ဘက်မှ အသံတိတ်နေသည်။ ခဏကြာမှ-

"ပြောလေ- ဘာပြောမလို့လဲ"

"စုန္ဒယ်တို့ ဖောရင်း ပြောင်းရမယ်ဆို"

"အင်း"

"စုန္ဒယ် လိုက်သွားမှာလား"

ကျွန်တော် မျက်လုံးများကို ယောင်၍ မှိတ်လိုက်မိ၏။

"ဒုက္ခပါပဲ စုန္ဒယ်ရယ်။ ကိုယ် ဘယ်လိုနေရတော့မလဲ"

တစ်ဘက်မှ အသံက တော်တော်နှင့် ပြန်မလာ။ ခဏနေမှ-

"ဩော်....အင်း။ ဒီလို ဆင်ဒီရဲ့။ စုန္ဒယ်လဲ ခုနပဲ ပြန်လာတယ်။ ဒီလိုလုပ်လေ။ ဆင်ဒီ ကိစ္စရှိရင် အဆောင်လာခဲ့ပေါ့။ သိတယ် မဟုတ်လား။ အင်း....အင်း။ အဆောင်မှာတော့ ဖုန်းရှိတယ်။ တော်ကြာ စုန္ဒယ် ပြန်မှာပဲ။ နေဦး၊ နေဦး။ ဒီလို လုပ်။ အဆောင်ရောက်ရောက်ချင်း ဆင်ဒီ့ဆီ ကိုယ် ဖုန်း ဆက်လိုက်မယ်။ အဲဒီတော့ လာခဲ့ပေါ့"



ကျွန်တော့် စိတ်ထဲ ရိပ်မိလိုက်၏။ သူ့ အနားမှာ ဒေါ်စုစု ရှိနေလိမ့်မည်။

"ဒါပဲ ဒါပဲ။ စုန္ဒယ် ဖုန်းဆက်လိုက်ပါ့မယ်။ ဒါပဲနော်"

ကျွန်တော့် ရင်ထဲ မောပြီးရင်း မောသွား၏။

❀

"ဘယ်သွားတာလဲ ဖိုးညို"

စခကာမှ ပြန်ရောက်ရောက်ချင်း ဇော်မိုးက လှမ်းမေးလိုက်၏။

"ဖုန်းသွားဆက်တာကွာ"

"ဘာဖြစ်လို့လဲ"

ကျွန်တော် သူ့ကို ရှင်းပြနေလျှင် အချိန်ကြာနေမည် စိုးသဖြင့်-

"ဘာမှ မဟုတ်ပါဘူး။ ဆင်ဒီ့ ကိစ္စပါ"

ဇော်မိုးက ထိုင်ခုံကို လက်ဖြင့် ပုတ်ပြလိုက်ရင်း—

"ဒါဖြင့် ထိုင်ဦးကွာ။ မင်းနဲ့ ငါ တိုင်ပင်စရာရှိလို့"

ရော - ခုမှ ပိုဆိုးတော့မည်။ ကျွန်တော့် စိတ်ထဲ နောက်ကျိသွား၏။

"ဘာကိစ္စလဲ။ နောက်မှ တိုင်ပင်လို့ မရဘူးသား"

ဇော်မိုးက ကျွန်တော့်ကို မျက်ခုံး ပင့်ကြည့်၍-

"မင်း ကြည့်ရတာ ဂဏှာမငြိမ်သလိုပဲ။ ဘာဖြစ်နေတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

ဇော်မိုးက ကျွန်တော့်လက်ကို ဆွဲပြီး အတင်း ထိုင်ခိုင်းလိုက်သည်။

"ဒါဖြင့် ထိုင်ပါဦးကွ။ ခဏပါ။ အကြံအဖန်တစ်ခုခုပေါ်လာလို့ကွ"

ကျွန်တော့်စိတ်ကို ငြိမ်အောင်လုပ်၍ ထိုင်နေလိုက်သည်။ ဘာမှ မပြောတော့ဘဲ ဇော်မိုး အပြောကိုသာ စောင့်နေလိုက်မိ၏။

"အစ်ကိုနဲ့၊ ငါနဲ့ တိုင်ပင် ကြည့်တယ်ကွ။ တို့ နည်းနည်းအပင်ပန်းခံရင် ဒီ့ထက် ပိုအလုပ်ဖြစ်ဖို့ များတယ်"

"ဘာလုပ်မလို့လဲ"

"မော်လမြိုင် ဆင်းမလားလို့"

ကျွန်တော့်စိတ်ထဲ တုံ့ခနဲ ဖြစ်သွား၏။

"ဖြစ်ပါ့မလားကွာ။ အဲဒါမှ လမ်းမှာ အဖမ်းခံရပြီး လူပါ ဒုက္ခရောက်နေမယ်"

"ဟာ.... ဘလိုင်းကြီးတော့ လုပ်ပါ့မလားကွ။ သူ့အဆက်နဲ့ သူ လုပ်ရမှာပေါ့။ ကိုစိုးညွန့်အသိ ကိုအောင်နိုင်ဆိုတာနဲ့ ခုန မင်းသွားနေတုန်းက စကားပြောကြတယ်။ သူက သူ တာဝန်ယူပါတယ်တဲ့။ တစ်ခေါက်လောက်ဖြစ်ဖြစ် စမ်းလုပ်ကြည့်ပါလားတဲ့"

ကျွန်တော့် စိတ်ထဲ စောစောက အချိုမှုန့် ခံလိုက်ရသည့် ကိစ္စကို သွားသတိရလိုက်သဖြင့်–

"မင်း လူက စိတ်ချရရဲ့လားကွာ"

"စိတ်ချရပါတယ်ကွ။ ကိုစိုးညွန့်နဲ့ ကျောင်းနေဘက်တွေပါ"



"ချလေ။ ဒါဖြင့်လဲ မထူးပါဘူးကွာ။ ဘယ်တော့ သွားမတဲ့လဲ"

"မနက်ဖြန် မနက် အမြန်နဲ့ လိုက်သွားမယ်။ သန်ဘက်ခါ နေ့လယ် နှစ်နာရီလောက် ပြန်ရောက်မှာပေါ့"

"လုပ်ကွာ....တို့ ဘယ်မှာဆုံမလဲ"

"ဒီလို လုပ်လေ။ ဒီည ကိုစိုးညွန့်တို့ အိမ်မှာ ဆင်းအိပ်မယ်။ သူ့ အိမ်က ဘူတာနဲ့နီးတော့ တို့ညဘက် ဘူတာမှာ အိပ်စရာမလိုတော့ဘူး။ မနက် အစောကြီး ဘူတာဆင်းရမှာ"

"အေး ...ဒါဖြင့် ငါ အခု အိမ်ပြန်မယ်။ ည မင်းလာခဲ့လေ"

သူ့ကို နှုတ်ဆက်၍ ထွက်လာခဲ့သည်။ လဟာပြင်ဈေးကို ကျော်ခိုင်းမိသည်နှင့် စိတ်သည် အိမ်က တယ်လီဖုန်းဆီ ရောက်သွားတော့သည်။

တယ်လီဖုန်းသံကြောင့် ဖျတ်ခနဲ တုန်သွားသည်။

အိမ်ပြန်ရောက် ရေမိုးချိုးပြီးကတည်းက စောင့်နေသည့် တယ်လီဖုန်းမှာ ခုမှ စ မြည်သည်။ ကျွန်တော် ဖုန်းခွက်ကို ကောက်ကိုင်လိုက်သည်။

"အမိန့်ရှိပါ"

"ဖိုးညိုလား"

ရင်ထဲမှ အလုံးကြီးတစ်ခု ဖြုတ်ခနဲ ကျသွားသည်။ သို့သော် ဒုတိယအလုံးတစ်လုံးမှု ရင်ဝ၌ တစ်နေသေး၏။

"စုန္ဒယ်လား ဟင်"

"ဟုတ်တယ် ဖိုးညို။ ဖိုးညို စုန္ဒယ် ဖောရင်းသွားမယ့် ကိစ္စ ဘယ်ကသိလဲ"

"ဘယ်က သိတာက အရေးမကြီးပါဘူး စုန္ဒယ်။ စုန္ဒယ် သွားမယ် ဆိုတာ တကယ်လား။ ဘယ်တော့ သွားမှာလဲ။ မသွားရင် မဖြစ်ဘူးလား စုန္ဒယ်ရယ်"

စုန္ဒယ်ဆီမှ ရယ်သံ သဲ့သဲ့လေး ပေါ်လာ၏။

"အင်း....ဖြစ်လိုက်ရင်တော့ ဖိုးညိုတို့က အသည်းအသန် ပဲ။ စုန္ဒယ် လိုက်သွားတော့ကော ဘာအရေးလဲ ဖိုးညိုရယ်။ စုန္ဒယ်နဲ့ ဖိုးညိုက ဘာပတ်သက်တာ မှတ်လို့"

ရင်ထဲက အောင့်ခနဲ ခံစားလိုက်ရသည်။

"အေးလေကွာ။ စုန္ဒယ်ကတော့ ပြောနိုင်တာပေါ့။ တို့ မှာတော့ ဘယ်လောက် ခံစားနေရတယ် မှတ်သလဲ။ တို့ ရူး လိမ့်မယ်။ နားလည်လား"

စုန္ဒယ်ဆီက ဟက်ဟက်ပက်ပက် ရယ်လိုက်သံကြားရသည်။

"ပိုမနေပါနဲ့ ဖိုးညိုရာ။ ကဲ....နားထောင်။ ဒယ်ဒီ ဖော ရင်းသွားရမှာတော့ အမှန်ပဲ။ နဂိုကတော့ မာမီက သူပါ လိုက်သွားမလို့ဘဲ။ စုန္ဒယ် အမ်စီ ရတာနဲ့ စုန္ဒယ် ဒီမှာနေတာ ပိုအဆင်ပြေမယ် ဆိုပြီး စုန္ဒယ်ကို ထားခဲ့တယ်။ ဒါကြောင့် စုန္ဒယ် အဆောင်မှာ ပြောင်းနေတာ"

"တော်ပါသေးရဲ့ စုန္ဒယ်ရယ်။ ကိုယ်တော့ မောပြီ အောက်မေ့တာ။ ခု စုန္ဒယ်က ဘယ်အဆောင်မှာလဲ"

"အပြင်ဆောင်မှာပါ။ သိတယ် မဟုတ်လား။ ပြည် တကောင်းကျောင်းဆောင်ရှေ့က အပြင်ဆောင်မှာလေ"



"အင်း....သိတယ်။ အန်ကယ်တို့က ဘယ်တော့ သွား မှာလဲ"

"မနက်ဖြန်"

"ဟင်....မြန်လှချည်လား"

"မမြန်နဲ့လေ။ သူတို့ သွားရဖို့က ကြာပြီ။ စုန္ဒယ် ကိစ္စဝိစ္စ တွေ မပြီးသေးလို့"

"တို့ လာလည်ရမလား"

စုန္ဒယ်ထံမှ ဘာသံမှ မကြားရတော့။ ခဏနေတော့-

"ဂလောက်"

စုန္ဒယ်၏ ထိုးစံမှာ တစ်သက်လုံး ပျောက်မည့်ပုံ မပေါ်။

❊

သိမ်ငယ်လွန်းသဖြင့် ကိုယ့်ကိုယ်ကိုပင် ရှာမရ ဖြစ်နေ သည်။ ခန္ဓာကိုယ်တစ်ခုလုံး တစ်စ တစ်စနှင့် သေးငယ်သွား၍ မြူမှုန်လေး တစ်မှုန် အဖြစ်ဖြင့် ခြေဖဝါးများအောက်သို့ တဖြည်းဖြည်း ရောက်သွားနေသည် ထင်ရ၏။

သူလို ကိုယ်လို လူများ ကြည့်လိုက်တော့လည်း ဖြေသာ စရာ မျက်နှာမျိုး တစ်ခုမှမတွေ့။

အားလုံး၏ မျက်နှာများသည် လောဘရမ္မက်၏ အသွင် သဏ္ဌာန်မှ အပ ခန့်ငြားခြင်း အရိပ်အရောင် စိုးစဉ်းမျှ မရှိ။

လက်ထဲမှာ ငွေထောင်နှင့်သောင်းနှင့် ချီ၍ ကိုင်လာ သော်လည်းအိတ်ထဲတွင် ငွေနှစ်ရာမရှိသောထိုင်ခုံပေါ်မှလူ၏ မျက်နှာကို ရဲရဲ မကြည့်ဝံ့။

ထိုင်ခုံပေါ်မှ လူများ ခြေထောက်ချသည့်နေရာတွင် ထိုင်နေရသဖြင့် ကျွန်တော်တို့၏ခေါင်းများသည် သူတို့၏ ဒူးဆစ်သာသာနှင့် တစ်တန်းတည်း ဖြစ်နေ၏။

ကျွန်တော့် စိတ်ထဲမှာ မွန်းကျပ်နေသည်။ ဖြစ်နိုင်လျှင် ရထားပေါ်မှ ခုန်ဆင်း၍ ကိုယ့်အိမ် ကိုယ့်အခန်းဆီ ပြန်ပြေးချင်စိတ် ပေါက်နေသည်။

ဘဝင်မကျသောစိတ် ပျောက်နိုင်သမျှ ပျောက်ရန် ကျွန်တော့် နံဘေးရှိ ကိုအောင်နိုင်ကို စကား စ လိုက်သည်။

"ကိုအောင်နိုင် ဟိုမှာ အစီအစဉ်က ဘယ်လိုလဲ"

ကိုအောင်နိုင်က အိမ်သာနံရံကို ကျောမှီလိုက်ရင်း....

"တို့ မုတ္တမကို တစ်နာရီခွဲလောက် ရောက်မယ်။ အဲ.... မော်လမြိုင်ကူးပြီး တည်းမယ့်ဆီမှာ ပစ္စည်းပစ္စယတွေထား။ ရေ မိုးချိုးပြီး ဈေးဘက်သွားတာပေါ့"

"ဈေးက ဘယ်မှာဝယ်ရမှာလဲ။ မော်လမြိုင်ဈေး မှာလား"

ပြောနေရင်း တန်းလန်း ထမင်းရောင်းသူက ကျွန်တော်တို့ နှစ်ယောက်ကြားမှ ကျော်ခွသွားသဖြင့် ကွယ်သွားသော ကိုအောင်နိုင့်မျက်နှာကို ခေါင်းငဲ့ကြည့်ရင်း မေးလိုက်သည်။ ကိုအောင်နိုင်က....

"မဟုတ်ဘူး။ ဈေးကြီးမှာဝယ်ရင်လဲ ရတော့ ရတယ်။ မော်လမြိုင်မှာတော့ ဈေးတွေက အများကြီးပါ။ ဈေးကြီးရှိတယ်။ ပြီးတော့ မိုင်ဒါဈေး၊ မောင်ငံဈေး၊ လမုတန်းဈေး။ ကျုံ့ဒိုးဆိပ်ဈေး အစုံပဲ"



"ဘယ်လို ကွာလဲ"

"ကျုံ့ဒိုးဆိပ်က ကျုံ့ဒိုးသင်္ဘောနဲ့ပါလာတဲ့ ပစ္စည်းတွေ ချ ချခြင်းဝယ်ရတဲ့ဈေး ဆိုတော့ဈေးသက်သာတာပေါ့ကွာ။ ဒါပေမယ့် အလုအယက် ဝယ်ရတာ"

ကျွန်တော့် မျက်စိထဲတွင် မော်လမြိုင်ရထား ဆိုက်ချိန် ရန်ကုန် လဟာပြင်ဈေးကို ပြေးမြင်လိုက်၏။

"ကောင်းတာကတော့ လမုတန်းဈေးမှာ ဝယ်တာ ပိုကောင်းတယ်။ အဲဒီမှာက ဒိုင်တွေရှိတယ်။ တချို့ ပစ္စည်းတွေကလဲ တောလမ်းက ဝင်လာတာဆိုတော့ ကျုံ့ဒိုးဆိပ်နဲ့ သိပ်မကွာဘူး။ ကွာလဲ ကိစ္စမရှိပါဘူး။ တစ်မတ်၊ ငါးမူးပဲ။ ပစ္စည်းကျတော့ စိတ်အေး လက်အေး ဝယ်ရတာပေါ့"

"အဖမ်းအဆီးကော မရှိဘူးလား"

"ရှိတဲ့အခါလဲ ရှိတာပေါ့ကွာ။ ကင်းလွတ်ကုန်မှ မဟုတ်ဘဲ။ ဒါပေမယ့် ရှိလေ ကောင်းလေပဲ။ အဲဒီအချိန်မှာ လွတ်သွားရင် ပစ္စည်း ဈေးကောင်းရတာကိုး"

"ရထားပေါ်မှာကော အရှာအဖွေ မရှိဘူးလား"

စကားပြောနေရင်း ကျွန်တော့် မျက်လုံးများသည် ကျွန်တော်တို့နှင့် တခြားဘက်တံခါးပေါက် လှေကားတွင် ထိုင်နေသော ကောင်မလေးတစ်ယောက်ဆီ ရောက်သွား၏၊

ကောင်မလေးမှာ ကျွန်တော်တို့ အရွယ်ဖြစ်၍ လှလည်းလှသည်။ သူ့ ဘေးမှ ဂုလားဒိန်တစ်ယောက် ပခုံးကို မှီပြီး မှေးနေသည်ကို တွေ့ရ၍ ရင်ထဲက တစ်မျိုး ဖြစ်သွားသည်။

စာသင်ကျောင်းများတွင်တွေ့တတ်သော ရွယ်တူ ကောင်မလေးများထက်စာလျှင် အများကြီးလှ၏၊ ဝတ်စားဆင်ယင်မှု ကလည်း အများကြီး အဖိုးတန်၏။

သို့သော် ကျောင်းသူလေးများ၏ မျက်နှာတွင် ရှိသော အရာတစ်မျိုးကို သည့်ကောင်မလေးမျိုးများ၏ မျက်နှာတွင် ရှာမတွေ့။ ထိုအရာကား 'ဂုဏ်သိက္ခာ' ဆိုသော အရာနှင့် 'ကျက်သရေ' ဆိုသော အရာဖြစ်မည် ထင်၏။

ကိုအောင်နိုင်က ရှုံ့မဲ့၍ ကျွန်တော့် အမေးကို ဖြေ၏။

"ဟား....ရှိတာပေါ့ကွ။ နှင်းပုလဲတို့၊ ဝေါတို့၊အပေါင်တို့မှာ တင်းကြမ်းပေါ့"

"အဲဒီတော့ ဘယ်လိုလုပ်သလဲ"

ကိုအောင်နိုင်က ရယ်လိုက်၏။

"ဒီလိုပေါ့ကွာ။ ပြေးဟာ-လွှားဟာ၊ ရှောင်ဟာ၊ တိမ်းဟာနဲ့ ပဲပေါ့။ ဒါကြောင့် ခရီးစဉ်ကိုလဲ အမျိုးမျိုး ပြောင်းနေရတာပဲ"

သိချင်စိတ် သက်သက်ဖြင့် ကျွန်တော် မေးလိုက်သည်။

"အင်း....ပြောပါဦး"

"ပုံမှန်ကတော့ ဒီလိုပဲ ရထားပေါ်မှာ အရှောင်အတိမ်းလေးနဲ့ပေါ့ကွာ။ တစ်ခါတလေလဲ မော်လမြိုင်၊ မုတ္တမအထိ မဆင်းတော့ဘဲ သထုံကို ဆယ့်နှစ်နာရီလောက် အရောက်မှာ ဆင်းလိုက်တယ်။ အဲဒီမှာ အချိုမှုန့်လေး ဘာလေး ဝယ်ပြီး ပဲခူးအိပ်နဲ့ ပြန်ထွက်တာပဲပေါ့"

"ဘာလဲ ပဲခူးအိပ်ဆိုတာ"

ကျွန်တော်တို့ ဒီဘက်မှာ စကား ကောင်းနေကြချိန် ဇော်မိုးကလည်း ထိုင်ခုံကြားများတွင်ထိုင်လာသော ကောင်မလေး တစ်ဖွဲ့နှင့် ရောရော ရောရော ဖြစ်နေကြပြီ။



"ပဲခူးအိပ် ဆိုတာ ပဲခူးမှာအိပ်တဲ့ ရထားပေါ့။ ပဲခူးကို ည ကိုးနာရီ၊ ဆယ်နာရီ ဝင်တယ်"

"အဲဒီတော့ ဘယ်လိုလုပ် ရန်ကုန်ပြန်လဲ"

"တချို့လဲ ပဲခူးမှာ အိပ်ပေါ့ကွာ။ မနက်ရထားနဲ့ ပြန်ဆင်းချင် ဆင်း။ တချို့ကုန်သည်တွေကျတော့လဲ ကားကြုံစီးပြီး ညတွင်းချင်း ရန်ကုန် ဆင်းတာပေါ့"

"ဘာကားတွေ ရှိလို့လဲ"

"ကုန်စိမ်းကားတွေလေ"

ကျွန်တော်က ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်နေ၏။ ဘဝ၏ အတွေ့အကြုံသစ်များပင်။ သူ့စကားအဆုံး ကိုအောင်နိုင်က ရယ်၍....

"ဒါပေမယ့် ဒီလိုသွားနည်းကိုတော့ ယောက်ျားလေးဖို့ ပြောတာပါကွာ။ မိန်းကလေးဆို မလွယ်ဘူး"

ကျွန်တော် သဘောမပေါက်လွယ်။ ထို့ကြောင့် ပြန်မေး ဖြစ်အောင် မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဟား....ဟား....ကုန်စိမ်းကားတွေက ရန်ကုန် ည,မဝင်ချင်ဘူးဆိုပြီး လမ်းမှာအိပ်ရင်အိပ်တာ။ အကြုံအဖန် ပြေလည်ရင် ပြေလည်သလို ဖြစ်ကုန်ကြတာပေါ့ကွာ"

နောက် ဆက်ပြောသော စကားများမှာ ဘေးလူကြား၍ မတော်သောစကားများဖြစ်၍ အသံကိုနှိမ့်ပြီး ကိုအောင်နိုင်က ရှင်းပြနေတော့သည်။

ကျွန်တော် သက်ပြင်း ချလိုက်၏။

"မှောင်ခိုသူဌေး"ဟူသော ဝေါဟာရ၏ တန်ဖိုးကို ကျွန်တော် ချင့်တွက်စပြုပြီ။

*

ကျွန်တော် သံတန်းကိုမှီ၍ မြစ်ရေပြင်ကို ငေးနေမိသည်။

ငွေရောင်ဝါးဝါး လရောင်ရိပ်တွင် မြစ်ထဲရှိ လှိုင်းကလေးများသည် တလက်လက် ထနေ၏။ လက်ခနဲ ပေါ်လာလိုက်၊ အမှောင်ထုအောက်တွင် ပျောက်ကွယ်သွားလိုက်နှင့် မြစ်ရေတစ်ပြင်လုံး လှိုင်းကလေးများ များလှစွာ၏။

ကျွန်တော် နာရီကို ငုံ့ကြည့်လိုက်သည်။ အမှောင်ထဲတွင်ဘာမှ ထင်ထင်ရှားရှားမမြင်ရသဖြင့် လက်ဖြင့်အုပ်ပြီး ကြည့်လိုက်သည်။ လက်ဝါးအောက် အမှောင်ထဲတွင် မီးစုန်းလက်တံများသည် ဆယ့်နှစ်နာရီတိတိကို ပြနေ၏။

လက်မှတ်ရုံအပြင်ဘက်တွင် တန်းစီ၍အိပ်စောင့်နေသောသူများထံမှ ဟောက်သံများ ကြားနေရသည်။

ကျွန်တော့်အားမှ ခြေသံသဲ့သဲ့ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ ဇော်မိုး။ သူက ခေါင်းငိုက်စိုက်ချ၍ လျှောက်လာသည်။

"ပင်ပန်းလိုက်တာကွာ"

အနီးသို့ ရောက်လာသော ဇော်မိုးက ကျွန်တော့်ကို မကြည့်ဘဲ မြစ်ရေပြင်ကို ငေးကြည့်၍ ပြောလိုက်သည်။



ကျွန်တော် သူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ ကျွန်တော်တို့ နောက်ကျောဘက်ရှိ မော်လမြိုင် ကမ်းနားလမ်းတစ်ခုလုံးသည် အမှောင်ထဲတွင် နစ်မြုပ်နေသည်။

"အိပ်နေပါလား ဇော်မိုး"

ကျွန်တော်က သူအိပ်၍ အနားယူလျှင် အပင်ပန်း သက်သာမည်ကို ရည်ရွယ်၍ ပြောလိုက်သည်။

"ဘယ်လိုလုပ်ပြီး ပလက်ဖောင်းပေါ်မှာ အိပ်လို့ရမလဲ ဖိုးညိုရာ"

ရင်ထဲ၌ လှပ်ခနဲ ဖြစ်သွားသည်။ ကျွန်တော်ကိုယ်တိုင်ပင် အိမ်ကမေ့ရာ ထူထူမလေးကို သတိရနေသည်မဟုတ်ပါလား။

"မင်း စုန္ဒယ်ကို လာပြီး လွမ်းနေတာလား"

ဇော်မိုးက ရေပြင်ပေါ်မှ အကြည့်မခွာဘဲ လှမ်းမေးလိုက်သည်။

"လွမ်းတယ်လို့တော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် ဘဝချင်းတော့ ယှဉ်ကြည့်နေမိတယ်။ သူတို့ကတော့ ညဦးမှာ စာကျက်ပြီးရင် သူ့အလုပ်ပြီးလို့ မွေ့ရာပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေ်ရောပေါ့"

ဇော်မိုးဆီက ဘာသံမှ ပြန်မလာ။ ကျွန်တော်ကသာ ဆက်၍....

"သူတို့မှာတော့ စာကလေးကျက်လိုက်၊ ကျောင်းကလေးတက်လိုက်၊ အချိန်တန်ဘွဲ့ရပြီး နားကျပ်ကလေးကိုင်၊ ဆရာဝန်လုပ်၊ လက်ဖျား ငွေသီးဦးမှာပေါ့။ တို့လို ပလက်ဖောင်းပေါ် ညကြီးသန်းခေါင် မနက် ရထားစီးဖို့ ရထားလက်မှတ်တန်းစီ အိပ်စောင့်တဲ့ ဒုက္ခမျိုး တစ်သက် ကြုံဖူးလိုက်မှာ မဟုတ်ဘူး"

ဇော်မိုးဆီမှ ရယ်သံကြားရသည်။

"ဘာလဲ–နောက်ဆုတ်ချင်ပလား ဖိုးညို"

"ဘာဆိုင်လဲ၊ တစ်သက်လုံး နောက်မဆုတ်ဘူး။ ညိုထွန်းနောင်ကွ။ လုပ်မိရင် ဘယ်တော့မှ နောက် မ ဆုတ် ဘူး၊ နောင်တဆိုဘာ ငါ့မှာ မရှိဘူး"

ကျွန်တော့် လေသံက မာသွားသည်။ ရင်ထဲက ယုံကြည်ချက်ကို ထိခိုက်သွားသဖြင့်ဟု ယူဆရ၏။ ဇော်မိုးလေသံက တိုးညှင်းစွာ ပေါ်ထွက်လာသည်။

"ငါသိပါတယ် ဖိုးညိုရာ"

သံဇွင်မြစ်ရေပြင်ပေါ်တွင် နှင်းမှုန်မှုန်လေးများ ဖုံးသွား၏။

*

လက်ထဲတွင် ရောက်လာသော ငွေစက္ကူများကိုကြည့်၍ အံကြိတ်လိုက်မိ၏။

"တို့ ဒီတစ်ခေါက် လေးရာလောက် မြတ်တယ်နော်" ဇော်မိုးက ဝမ်းသာအယ်လဲ ပြောလိုက်၏။

"အေး....တို့မှာ ရှိသမျှတော့ ကုန်ပြီ"

သည်စကားများသည် ကျွန်တော့် ရင်ထဲ၌ပင် ပျောက်ဆုံးသွား၏။ ကျွန်တော့် မျက်စိထဲမှာ ငွေလေးရာအမြတ်ကို မမြင်။ ပေးရင်းလိုက်ရသော အဆုံးအရှုံးများကို တွက်နေမိ၏။



ပြေးရ လွှားရ၊ ရှောင်ရ တိမ်းရ၊ ဖုံးရ ဖိရသည်များကို ဒါလောက်မတွက်။ ဒါကတော့ အလုပ်နှင့် တန်သလို လုပ်ရမည်ပင်။ ရသည့် အမြတ်ကလည်း သာမန် လခစား တစ်ယောက် တစ်လလုံး လုပ်အားထက်ပင် သာချင်၏။

ကျွန်တော့် မျက်လုံးထဲတွင် အပြန်လမ်းမှ အဖြစ်တချို့ကို မြင်ယောင်နေသည်။

"အစ်ကို....အစ်ကို့ ခုံအောက်မှာ ဒီအထုပ်ကလေး ထားပါရစေ"

ကျွန်တော့် ဘေးမှ အမျိုးသမီးက ထိုင်ခုံပေါ်မှ လူကို တောင်းတောင်းပန်ပန်နှင့် ပြောနေသံ ကြားလိုက်ရသည်။ ကျွန်တော်ကလည်း ကျွန်တော့် ဘက်မှ ထိုင်ခုံပေါ်မှ အမျိုးသမီးကို တောင်းတောင်းပန်ပန် ပြောနေရသည်။

"အစ်မရယ်....ဒီပစ္စည်းလေး ခုံအောက် ထားမယ်နော်"

ထိုင်ခုံပေါ်မှ လူများ၏ အသံများကိုလည်း နားထဲတွင် ကြားနေရသည်။

"ဒီမော်လမြိုင်လမ်းကို ဒါကြောင့်မို့ မသွားချင်တာ။ တစ်တွဲလုံး မှောင်ခိုတွေချည်းပဲ"

"တကယ်ရှုပ်တဲ့ လူတွေဗျာ"

"ကိုယ့်ပစ္စည်းကိုလဲ ကိုယ် သတိထားဦးနော်။ မှောင်ခိုသမားတွေက လစ်ရင် လစ်သလို ခိုးဘာ"

ကျွန်တော် အံကို ကြိတ်ထားလိုက်၏။ သည်အသံများကို လူတိုင်း ကြားမည်ဖြစ်သော်လည်း ကုန်သည်များ ဘက်မှ တစ်ခွန်းမှ ပြန်မပြောရဲ။

ပစ္စည်းပစ္စယများ အပေါ်ရောက်သည့်အချိန်တွင် ရထား တစ်ခုလုံး ပြည့်သွားတော့၏။ ခုံကြားမှ လမ်းကြားများပေါ်တွင် အထုပ်ကို ချ၍ ကုန်သည်အားလုံးလိုလို ထိုင်နေကြ၏။ အိမ်သာရှေ့ လည်း ပြည့်နေ၏။ တွဲကြားများပင် မလပ်။ ထိုင်ခုံများပေါ်မှ ဖြူစူစကား၊ အထင်သေးသော အကြည့်၊ စော်ကားသော အမြင် စသည်တို့ကို မသိရင်ကာနေ၍ ကိုယ့်အဖွဲ့နှင့်ကိုယ် စကားပြောနေကြသည်။

ကျွန်တော် ဘေးနားမှ တိုးတိုး တိုးတိုးအသံက နားထဲ ဝင်လာသည်။

"ကောင်မလေးတွေကော၊ ကောင်လေးတွေကော အရွယ်ကောင်းလေးတွေချည့်ပဲနော်"

"အင်း....မျိုးကောင်းကနဲတာ့ တစ်ယောက်မှ မပါဘူး"

ခါတိုင်း သည်လို စော်ကားလျှင် သူသေသေ၊ ကိုယ်သေသေ လုပ်ပစ်သော ကျွန်တော့် သတ္တိများ ဘယ်ရောက်သွားသည် မသိ။ အံကိုသာ ကြိတ်ထားမိသည်။

"အထုပ်ပေါ် နင်းရသလားဟဲ့။ ဘေးကသွားပါလား။ လူတောင် ခိုက်မိတယ်"

အော်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ရထားပေါ် မြေပဲဆားလှော်ရောင်းသည့် ကောင်လေးကို ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ကုန်သည် အမျိုးသမီးတစ်ဦးက လှမ်းပြောလိုက်သည်ကို တွေ့ရ၏။

မြေပဲ ဆားလှော်ရောင်းသည့် စုတ်စုတ်ပြတ်ပြတ် ကောင်လေးကလည်း မခံ။



"ဒါ လမ်းဗျ။ လူသွားဖို့ ထားတာ။ ခင်ဗျားတို့ ထိုင်ဖို့၊ ပစ္စည်းထားဖို့ မဟုတ်ဘူး။ အထိမခံ၊ အနင်းမခံချင်ရင် သူများလို သိက္ခာရှိရှိ ခရီးသွားပါလား"

အမျိုးသမီးမျက်နှာ ရဲခနဲ ဖြစ်သွားပြီး မတ်တတ်ထ၍–
"အောင်မာ.... မြေပဲဆားလှော်သည်က လူပါးဝလို့"

"ဝတာပေါ့ဗျ။ ကျုပ်က မြေပဲဆားလှော်ရောင်းတာ။ မှောင်ခိုသမားမဟုတ်ဘူး။ စိတ်လဲ သန့်ဘယ်။ လူလဲ သန့်တယ်"

"ဟေ့ ကောင် သွားစမ်းကွာ။ သောက်စကားမများနဲ့"

ကောင်လေးဘေးမှ အရွယ်လတ်လတ်လူကမူ ကြာလျှင် မခံနိုင်သည့် စကားများရောက်လာမည် စိုး၍လားမသိ။ ကောင်လေးကို လမ်းဖယ်ပေးပြီး နှင်လိုက်၏။

ကျွန်တော် ကောင်လေး မျက်နှာကို ရဲရဲမကြည့်ဝံ့။

ဘူတာ တစ်ခုသို့ ဝင်ခါနီးသည်နှင့် အမျိုးသမီးများ အလုပ်စကြတော့သည်။ အိတ်များထဲတွင် ထည့်လာသော ပိတ်စများကို ထုတ်၍ သားရေကြိုးများနှင့် ပေါင်တွင် ပတ်တော့သည်။ ကျွန်တော် မျက်စိလွှဲနေလိုက်ရသည်။ ကျွန်တော့် မျက်စိရှေ့မှ မိန်းမသည် လုံချည်ကို ဆွဲလှန်လိုက်ရာ ပေါင်ဖြူဖြူများ ဝင်းခနဲ ပေါ်လာ၏။

ကျွန်တော် တစ်ဘက်သို့ လှည့်လိုက်ချိန်တွင် ထိုင်ခုံပေါ်မှ လူဝဝကြီးသည် ထိုမိန်းမ၏ မကြည့်အပ်သော နေရာကို မျက်လုံးမှေး၍ ဇိမ်ခံကြည့်နေသည်ကို တွေ့လိုက်ရ၏။

"အရှက်မရှိတဲ့ဟာတွေ"

ကျွန်တော့်ကျောထဲ စိမ့်ခနဲ ဖြစ်သွား၏။ ဖက်လိပ်ဆေးလိပ်ကြီးကို သောက်နေသော ခုံပေါ်မှ မိန်းမကြီးကမူ ပြောလည်း ပြော၊ မျက်စောင်းလည်းထိုး လုပ်လိုက်သည်။

"ကြားပါလေစ မောင့်မမ ပန်းနွယ်ရေ"

သီချင်းသံ ကြားလဖြင့် လှည့်ကြည့်လိုက်ရာ မျက်မမြင်သူတောင်းစားတစ်ယောက်က လူတစ်ဦးနောက်မှနေ မယ်ဒလင်တီး၍ သီချင်းဆိုလိုက်လာသည်။

မှောင်ခိုကုန်သည်နှင့် ကုန်များကြားမှ တိုးဝှေ့ရှောင်ဖယ်ရင်း ထိုနှစ်ယောက် ကျွန်တော့်အနားသို့ ရောက်လာသည်။

"အစ်ကိုကြီးတို့ အစ်မကြီးတို့ သနားကြပါခင်ဗျာ"

ဆိုသော အသံကျယ်နောက်မှ ထွက်လာသော အသံတိုးတိုးသည် ကျွန်တော့်ရင်ကို တုန်ခါသွားစေသည်။

"များလိုက်တဲ့မှောင်ခိုတွေ လောကကြီးမှာ လူကောင်းမှ ရှိသေးရဲ့လား"

ကျွန်တော် သက်ပြင်း ချလိုက်မိသည်။

"ဘယ့်နှယ်လဲ ဖိုးညိုတို့ ကိုက်ရဲ့လား"

အနားသို့ ရောက်လာသော ကိုအောင်နိုင်က ကျွန်တော့်ပခုံး ပုတ်ပြီး မေးလိုက်မှ ကျွန်တော် သတိပြန်ဝင်လာသည်။

ကျွန်တော်က လက်ထဲက ပိုက်ဆံထပ်များ ပြလိုက်ရင်း—

"လေးရာတော့ ကျန်ပါတယ်"

"ဟ....ဘယ်ဆိုးလို့လဲကွ"

"အစ်ကိုကော"

"ငါလဲ ဒီလောက်ပါပဲကွာ။ မင်း ဘယ်အချိန် ပြန်မလဲ"

ကျွန်တော်က ဇော်မိုးကို တစ်ချက်ကြည့်ပြီး....



"ခုပဲ ပြန်မယ်အစ်ကို။ မနက်ဖြန်မှ ဈေးလာခဲ့မယ်။ ဒီနေ့ကတော့ နားဦးမယ်"

"အေး....အေး"

ကျွန်တော့်စိတ်ထဲတွင် သည်ပတ်ဝန်းကျင်မှ အမြန်ခွာချင်နေပြီ။ ဒီညနေ စုနွယ်တို့ အဆောင်သွားချင်သေးသည်။

*

(၁၅)

ပုဏ္ဏာရိပ်တန်းကို ကျော်မိသည်နှင့် အိမ်ရှေ့ဝရန်တာတွင် စုန္ဒယ်ကို လှမ်းတွေ့လိုက်ရသည်။

စုန္ဒယ်၏ မျက်လုံးလေး ဝိုင်းခနဲ ဖြစ်သွား၏။

ကျွန်တော်က ပြုံးပြလိုက်သည်။ စုန္ဒယ်က ပြန်ပြုံး၏။ ကျွန်တော့်မျက်လုံးများကမူ စုန္ဒယ်ရှေ့ စားပွဲ၏ တစ်ခြားဘက်တွင် ထိုင်နေသော လူတစ်ယောက်ဆီ မျက်လုံးရောက်သွား၏။

"လာလေဖိုးညို၊ ထိုင်"

ကျွန်တော်က သူတို့နှစ်ယောက်နှင့် ထောင့်မှန်ပြုနေသည့် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

"ကိုဇော်ဝင်း ဒါ ကျွန်မ သူငယ်ချင်းလေ။ ညိုထွန်းနောင်တဲ့။ ညိုထွန်းနောင်။ ဒါ ဒီအဆောင် ပိုင်ရှင်သား ကိုဇော်ဝင်းတဲ့။ အာအိုင်တီက"



ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။ ထိုလူကမူ မပြုံးချင် ပြုံးချင်နှင့် ပြန်ပြုံးပြ၏။

"ဖိုးညို အခု ကျောင်းမတက်ဘဲ ဘာလုပ်နေတာလဲ"

စုန္ဒယ် မေးခွန်းကို ချက်ချင်း ပြန်မဖြေနိုင်။ စကားလုံး မနည်းရွေးပြီးမှ—

"အရောင်းအဝယ် လုပ်မလားလို့"

"မှောင်ခိုလား"

သောင်းခနဲ ဒေါသဖြစ်သွားသည်။ မျက်နှာ ပျက်သွားမည်ဟု သိလိုက်၏။ ဇော်ဝင်းဆိုသောလူ၏ အမှတ်မထင် အမေးတုတ်သည် ကျွန်တော့်အပေါ် တည့်တည့်ကျသွား၏။

ဆတ်ခနဲ သူ့ကိုကြည့်၍....

"ကျုပ်ဟာကျုပ် ဘာလုပ်လုပ်ပါ။ ခင်ဗျားအပူမပါဘူး"

ကိုဇော်ဝင်း မျက်နှာ တင်းသွား၏။ ချက်ချင်း မျက်နှာ ပြောင်း၍ ကျွန်တော့်ကို မကြည့်တော့ဘဲ—

"တို့ သွားမယ် စုစုန္ဒယ်။ နောက် တို့ကို လူတိုင်းနဲ့ မိတ်ဆက်မပေးပါနဲ့"

ကျွန်တော် ဝုန်းခနဲ ထ,ရပ်လိုက်မိ၏။

ငနဲက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့် ပြန်ကြည့်၏။

*

ကျွန်တော် ဘာမှ ပြန်မဖြေ။ ဆိုင်ခုံပေါ်မှ ဆတ်ခနဲ ခုန်ဆင်းလိုက်သည်။သက်ပြင်းတစ်ချက်နှင့်အတူ ခေါင်းကို လေးပင်စွာ ခါပစ်လိုက်သည်။

''မေးမနေနဲ့တော့ ဇော်မိုး။ မင်းလဲ မင်းလုပ်စရာ ဆက်လုပ်တော့။ ငါလဲ ငါလုပ်ချင်တာ ဆက်လုပ်မယ်''

ဇော်မိုး ငိုင်သွားသည်။

''ဒီလိုတော့ မလုပ်ပါနဲ့ သူငယ်ချင်းရာ။ မင်းနဲ့ငါဟာ ဘဝတူတွေပါ။ ငါ့ကိုတော့ မင်း အကျိုးအကြောင်းပြောပြသင့်ပါတယ်''

သူ့လေသံတွင် အားလျှော့ခြင်းများ လျှံထွက်နေသည်။ ကျွန်တော် ထိုင်ခုံကိုမှီလိုက်ရင်း သူ့ကိုနားလည်စွာ ပြောလိုက်၏။

''ငါမင်းကို အဖော်မစပ်ချင်တော့ဘူး သူငယ်ချင်း။ ငါ အရင် ညို့ထွန်းနောင် မဟုတ်တော့ဘူး။ အရင်ကညို့ထွန်းနောင်မှာ မျှော်လင့်ချက်ဆိုတာ ရှိတယ်။ သတ္တိလဲ ရှိတယ်။ ပြီးတော့ လုပ်ချင်တာကို မဖြစ်မနေ လုပ်တတ်တယ်။ ခု အဲဒီ ညို့ထွန်းနောင် သေသွားပြီ''

''ဟာကွာ....မင်းကလဲ''

သူ့စကားကို ကျွန်တော် ဂရုမပြု။ ကျွန်တော့်စကားကို ရအောင် ပြန်ဆက်သည်။

''ခု မင်းရှေ့က ညို့ထွန်းနောင်က မျှော်လင့်ချက်တွေ ကုန်ဆုံးနေတဲ့၊ ဘဝအမှောင်တွေ ဖုံးနေတဲ့၊ အနာဂါတ်လမ်းစတွေ ပျောက်နေတဲ့ ညို့ထွန်းနောင်၊ ငါ့ကိုယ်ငါ စွန့်လွှတ်လိုက်ပြီ သူငယ်ချင်း။ ငါ့ဘဝကို ငါ ရေ စုန် မှာ မျှော လိုက်တော့မယ်''



''မင်းနဲ့ငါ တစ်ခါက ပြောခဲ့ကြသလို မလုပ်ကြ တော့ဘူးလားကွာ''

ဇော်မိုးက မေးသည်။ ကျွန်တော့်ကို ကိုင်ရိုက်လိုက်သလို ဖြစ်သွားသည်။ နားထဲတွင်လည်း ဖျတ်ခနဲ ကြား လိုက် ရသည်။

''ဒီမှာ လောကကြီးကို စိန်ခေါ်ပစ်စမ်းပါကွ။ ဘွာ ကူစရာ ပဝါဖြူတောင် မထားဘူး။ နားလည်လား''

ကျွန်တော် ခြောက်ကပ်စွာ ရယ်လိုက်မိသည်။

''တော်ပြီသူငယ်ချင်း ထပ်မပြောနဲ့တော့။ တို့ဘဝဟာ မထူးတော့ဘူး။ မင်း နားလည်လား။ တို့ဘဝဟာ မထူးတော့ဘူး''

''အေးလေ အဲဒါကြောင့် တို့ ဘာလုပ်ကြမလဲလို့ မေးတာပေါ့ဖိုးညို။ တို့ ဘာလုပ်ကြမလဲ''

ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်၍-

''ပြောပြီးပြီကော ဇော်မိုး၊ ဘာမှမလုပ်တော့ဘူး။ ကြုံရာမှာနေမယ်၊ ဖြစ်သလိုစားမယ်။ တစ်ခုပဲ ရှိတယ်။စုန္ဒယ်ရှိတဲ့အရပ်မှာ ငါမနေတော့ဘူး။ ဝေးတဲ့နေရာ တစ်နေရာကို သွားမယ်။ ဘယ်ဖြစ်ဖြစ် ဝေးရင် ပြီးရောကွာ''

''ငါလဲလိုက်မယ် ဖိုးညို။ မင်းလိုပဲ ငါ ဒီအရပ်မှာမနေချင်တော့ဘူး''

ထို အချိန်တွင် အနားမှ ရပ် အကဲခတ်နေသော ကိုအောင်နိုင်က ဝင်၍ ...

''အရင်အလုပ် ထပ်လုပ်ဦးမလား''

ကျွန်တော် သူ့ကို ခေါင်းခါပြလိုက်၏။

"ဘယ်တော့မှ မသွားဘူး ကိုအောင်နိုင်။ ကျွန်တော်တို့ မိုက်တွင်း နက်ချင်သလောက်နက်မယ်။ ဒါပေမယ့် မဖောက်ပြန်ချင်ဘူး"

"မင်းစကား ငါ နားမလည်ဘူး ဖိုးညို"

"နားမလည်ရင်လဲနေ ကိုအောင်နိုင်။ ကျွန်တော် ရှင်းလဲ မပြချင်တော့ဘူး။ ဒါပေမယ့် ကျွန်တော့်ကို ဘာအကြံမှမပေးနဲ့တော့။ ကျွန်တော် ဘာမှ မလိုချင်တော့ဘူး။ ဘဝကို လက်မြှောက် အရှုံးပေးလိုက်ပြီ။ ကျွန်တော်တို့အတွက် ဘာမှ ကောင်းတာ မရှိတော့ဘူး။ သွားပြီ"

ကျွန်တော့်မျက်စိထဲတွင် အိမ်မှ ဖေဖေ၏ လွတ်သပ်ရေး မော်ကွန်းဝင်တံဆိပ်ကလေးကို မက်မောစွာ အားရစွာ ကြည့်ခဲ့သော အချိန်များကို မြင်ယောင်လာသည်။ မထူးတော့ဘူး ဆိုသည့် စိတ်သာမခံထားလျှင် ရှက်တာနှင့် သေသွားနိုင်သည်။ ရင်ထဲမှာဆို့လာ၏။ ဆိုင်ခုံပေါ်သို့ ပြန်တက်ထိုင်လိုက်ရသည်။

"ဟာ....ဖိုးညိုပါ ရှိနေပါသလား"

နားထဲတွင် ကြားဖူးသော အသံနှင့် ကြားချင်နေသော အသံဖြစ်သဖြင့် လှည့်ကြည့်လိုက်သည်။

"ဟာ ...ကိုရဲလွင်"

"ဩော်....ကိုရဲ"

ကိုရဲလွင်က အားရပါးရပြုံး၍ ကျွန်တော့်ပခုံးကို ဖက်ရင်း ဇော်မိုးကို လှမ်းပြောလိုက်သည်။

"ငါ မင်းတို့အိမ် ရောက်ခဲ့တယ်။ လဟာပြင်မှာ ရှိမယ် ဆိုလို့ ငါလိုက်လာတာ။ မင်းတို့နှစ်ယောက်စလုံး ကျောင်း မနေတော့ဘူးဆို"



ကျွန်တော်က မချိပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်၏။

"မင်းတို့ အတော်မိုက်တဲ့ ကောင်တွေပဲကွာ"

ကျွန်တော် ဟင်းခနဲ တစ်ချက် ထပ်ရယ်လိုက်သည်။

"ဒါဖြင့် ခု ဘာလုပ်နေတာလဲ"

ဇော်မိုးက ရယ်နေ၏။ ကျွန်တော်က ဈေး ဗန်း များ ကို မေးငေါ့၍ ပြလိုက်သည်။ ကိုရဲလွင်က ခေါင်းညိတ်လိုက်ရင်း

"ဘယ်လိုနေလဲ"

ကျွန်တော် ခေါင်းခါပြလိုက်၏။

"ဖိုးညို မင်းကြည့်ရတာ ငါ မသက်သာလိုက်တာကွာ။ ဘာဖြစ်နေတာလဲ ပြောစမ်း။ မင်း တစ်ခုခုဖြစ်နေတယ်ဆိုတာ ငါသိတယ်"

"ဘာမှ မဖြစ်ပါဘူး ကိုရဲရာ"

"ငါ့ကို မညာနဲ့ဖိုးညို။ ငါထင်ရင် လွဲခဲတယ်။ ဟိုကောင် ဇော်မိုးရော၊ ဖိုးညိုရော လာခဲ့။ အ အေး ဆိုင် သွား မယ်။ ဟိုမှာ အေးအေးဆေးဆေး စကားပြောရအောင်"

ကျွန်တော် ဆိုင်ပေါ်မှ စိတ်မပါ လက်မပါ ဆင်းလိုက်သည်။

ဇော်မိုးက ကိုအောင်နိုင်ကို ခဏခွင့်တောင်း၍ လိုက်လာ၏။

အအေးဆိုင်၌ ထိုင်ထိုင်ချင်း ကျွန်တော့်ပါးစပ်မှ စကားလုံးတချို့ ခြောက်ကပ်စွာ ထွက်သွား၏။

"ကိုရဲ ခင်ဗျားဗေဒင် သွက်သွက်ခါအောင် လွဲသွားပြီဗျို့.—"

*

"အဲဒါပါပဲကိုရဲ။ ကိုရဲသိချင်နေတဲ့ ကျွန်တော့် ဇာတ်လမ်းက ဒီလိုပဲ"

ကိုရဲက မျက်မှောင်ကြုတ်၍ ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"ခုကောင်မလေးက အဆောင်မှာပဲလား"

"ဟုတ်တယ်။ ကျွန်တော် ခုနကပြောတဲ့နေရာက အဆောင်မှာပဲ။ သူ့လူအဖိုးတန်လေးနဲ့လေ"

ကိုရဲက ဇော်မိုးဘက်လှည့်ပြီး....

"မင်းကကော ဘာအကြောင်းနဲ့ ဘယ်လိုဖြစ်ရတာလဲ"

ဇော်မိုးက ရယ်လိုက်၏။

"ကျွန်တော်လဲ ဘာထူးမှာလဲ။ ဟို ခွေးကောင်မ လင်ယူသွားကတည်းက ကျွန်တော်လဲ လွတ်တောပစ်တော့တာပဲ"

"မင်းတို့ ဟာတွေက မဟုတ်သေးပါဘူးကွာ။ ဒါဖြင့် မင်းတို့နှစ်ယောက်လုံး ဘဝကို လက် မြှောက် အရှုံး ပေးလိုက်ဖို့ ဆုံးဖြတ်ပြီးကြပြီပေါ့"

ကျွန်တော်တို့ နှစ်ယောက်စလုံး ပြိုင်တူ ခေါင်းညိတ်လိုက်၏။

"နည်းနည်းလေးမှ စဉ်းစားချိန်မယားတော့ဘူးလားကွာ"

ဇော်မိုးက ခေါင်း သွက်သွက်ခါအောင် ယမ်း နေ ၏။ ကျွန်တော်က ကိုရဲလွင်အား မေးဆတ်၍....

"ဘာထူးတော့မှာလဲ ကိုရဲရာ"

သည်တစ်ခါ ခေါင်းခါသူက ကိုရဲလွင်။



"ဟ....ဘဝမှာ မထူးတော့ဘူးလို့ ပြောလို့ရမလားကွ။ ဒါလေး မဖြစ်တာနဲ့ ဘဝတစ်ခုလုံး မထူးတော့ဘူးဆိုတော့ မင်းတို့ဟာက လွန်လှချည်လား။ ဘဝမှာ တခြားလုပ်စရာတွေ တစ်ပုံကြီး ရှိသေးတယ်ကွ။ အချစ်တစ်ခုတည်း ဘဝလို့ အောက်မေ့နေသလား"

ကျွန်တော်က သူ့စကားကို လက်မခံချင်။

"အချစ်မရှိတဲ့ဘဝဟာ ဘာများ တန်ဖိုးရှိတော့မှာလဲ ကိုရဲရာ"

ကိုရဲက စားပွဲကို လက်ဝါးနှင့် ရိုက်လိုက်သည်။

"မင်းတို့ တော်တော် သောက်သုံးမကျတဲ့ ကောင်တွေပဲကွာ။ လောကကြီးကိုလဲ နည်းနည်း ကြည့်ကြပါဦး။ လယ်သမားတွေ စပါးစိုက်တာ အချစ်နဲ့ ဘာမှ မဆိုင် ဘူး ကွ။ အလုပ်သမားတွေ အလုပ်လုပ်နေတာ၊ တပ်မတော်သားတွေ အသက်စွန့်ပြီး တိုက်ပွဲဝင်နေတာ အချစ်အတွက်ကြောင့်များ အောက်မေ့နေသလား။ မင်းတို့တွေ အဲဒီလူတွေကို အားနာကြပါဦးကွာ"

"ကျွန်တော်တို့ ဒီမှာနေတော့လဲ ဘာလုပ်စရာရှိတာမှတ်လို့ ကိုရဲရာ၊ လုပ်စားလဲမိုးခေါင်၊ ခိုးစားလဲ ခွေးဟောင်ဖြစ်နေမှာပေါ့"

ကိုရဲလွင်၏ မျက်နှာမှာ နီရဲနေသည်။

"ဟာ– မင်းတို့က သောက်တလွဲတွေ လျှောက်လုပ်နေတာကိုးကွ။ မင်းတို့အရွယ်နဲ့ မင်းတို့ဓိဘအခြေအနေနဲ့ မင်းတို့လုပ်ရမယ့်အလုပ်က ဒါတွေမှမဟုတ်ဘဲ"

ကျွန်တော် လှောင်ရယ် ရယ်လိုက်မိ၏။

“နို့–ဘာတွေလုပ်ရမှာလဲ ကိုရဲ”

“စာသင်ရမှာပေါ့ကွ။ ကျောင်းနေရမှာပေါ့။ ကျောင်းသားအရွယ် ပညာသင်နိုင်တဲ့ အခွင့်အရေးလဲ ရှိတယ်။ မိဘကလဲ ထားနိုင် မင်းတို့ကလဲ ဒီလောက်ဉာဏ်တုံး၊ အသိတုံး တွေမှ မဟုတ်တာ။ မဟုတ်တဲ့နေရာမှာ သွားမထူးချွန်ချင်စမ်းပါနဲ့ ငါ့ညီတို့ရာ”

ကျွန်တော့်မျက်နှာ မသိမသာ တင်းမာသွားသည်။

‘ကျောင်းပညာတတ်မှ လူလူသူသူ ဖြစ်မယ်ဆိုတာ ကျွန်တော် လက်မခံနိုင်ဘူး’

ကိုရဲက ကျွန်တော့်ကို စူးစူးရဲရဲကြည့်သည်။

“အေး....မင်းပြောတာ မှန်သင့်သလောက် မှန်တယ်၊ ဒါပေမယ့် မင်းတို့နားလည်တာကျောင်းပညာဆိုတာ ကကြီးကန်စွန်းပင် ရေမှာရှင်၊ ခခွေးခရမ်းသီး ခါးနဲ့လှီး ဆိုတာမျိုးကို အလွတ်ကျက်ပြီး အော်တဲ့ခေတ်က စကားတွေကို ပြောနေတာကိုး။ ကျောင်းကစာတွေကို အလွတ်ကျက်ပြီး စာမေးပွဲအောင်ရုံ၊ လခစားလုပ်ဖို့ စိတ်ကူးရုံနဲ့ ဆိုရင်တော့ မင်းပြောကာလို ဟုတ်တာပေါ့”

အသက်ရှူရန် ကိုရဲခဏရပ်လိုက်ပြီး ဆက်ပြောသည်။

“ဒါဖြင့် လယ်တောထဲမှာ ခေတ်သစ် စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာအသုံးချရေးတို့၊ ဆေးရုံ ဆေးပေးခန်းတွေမှာဆေးကုသတဲ့ဆရာဝန်တို့၊ စက်ရုံကြီးတွေအလုပ်ရုံကြီးတွေမှာ ဓာတ်ခွဲစမ်းသပ်နေတဲ့လူတွေ။ လျှပ်စစ်ဓာတ်အား ထုတ်ပေးနေတဲ့လူတွေ၊ စက်ကိရိယာယန္တရားတွေကို ပြုပြင်တီထွင်



ပေးနေတဲ့ သူတွေဟာ ကျောင်းစာသင်ခန်းက ထွက်မလာလို့ ဘယ်ကထွက်လာမှာလဲ”

ကျွန်တော် မျက်နှာမထားတတ်တော့။ ဇော်မိုးကခေါင်းငုံ့နေ၏။

“ကဲ.... နောက်ပြီးတော့ မင်းတို့ကို မေးရဦးမယ်။ ကျောင်းစာမကောင်းလို့ ခုမင်းတို့လုပ်နေတဲ့ လုပ်ကြမယ့် အလုပ်တွေကကောဘယ်လောက်ကောင်းလို့လဲ။ အကောင်းဆိုတာ နည်းနည်းလေး ရှာပြစမ်းပါ။ ကျောင်းစာကို ကြက်တူရွေးကျက် ကျက်ပြီး လခစားလုပ်နေတဲ့ သူလောက်တောင် မင်းတို့အလုပ်က မြင့်မြတ်လို့လား။ တန်ဖိုး ရှိလို့လား”

ကျွန်တော် သူ့ကို မရဲတရဲလှမ်းကြည့်လိုက်မိ၏။

“မင်းတို့ကို ငါ လခစားလုပ်ဖို့ သက်သက် ပြောနေတာ မဟုတ်ဘူး။ ဒီခေတ်မှာ ထိုက်သင့်တဲ့ ကိုယ်ပိုင်လုပ်ငန်းတွေ အများကြီး ဖွင့်ပေးထားတယ်။ ကိုယ်စွမ်း ဉာဏ်စွမ်း ရှိသလောက် လုပ်နိုင် ကိုင်နိုင်တယ်။ အေး....တစ်ခုပဲ ရှိတယ်၊ ပညာတတ်တဲ့သူ လုပ်တဲ့အလုပ်နဲ့ ပညာမတတ်တဲ့သူ လုပ်တဲ့ အလုပ်ချင်း တူသလား။ မတူသလားကြည့်”

ကိုရဲလွင် လေသံမာသည်ထက် မာလာသည်။ သို့သော် မခက်ထန်။

“ငါတချို့လူတွေကိုလဲ မကျေနပ်ဘူး။ ပညာတတ် လူတန်းစား၊ ပညာတတ်လူတန်းစားနဲ့ ဝါးလုံးချေးသုတ်ယမ်းနေတယ်။ ဒါဖြင့် နိုင်ငံတော်က ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ ဘာလုပ်ဖွင့်ထားဖို့လိုမလဲ။ ပညာတတ်သူတွေ လောကမှာ များသထက် များဖို့ပေါ့ကွ။ စာအုပ်လေး တစ်အုပ် နှစ်အုပ်

ဖတ်၊ တွေ့ကရာအော်ပြီး ပညာတတ်တာပဲ ရှက်စရာလို လုပ်နေတဲ့လူတွေ၊ အလုပ်မရတာပဲ အပြစ်ဖို့နေတဲ့လူတွေ၊ အဲဒီကောင်တွေလောက် သောက်သုံးမကျတဲ့ ကောင်တွေ လောကမှာ မရှိဘူး"

ကိုရဲလွင်က စကားကို အဆုံးသတ်လိုက်၏။ ကျွန်တော့်မျက်စိထဲတွင် တစ်ခါက လိုင်းတားသော စာအုပ်ထဲမှ ကျွန်တော်သဘောမကျ၍ ချန်ထားခဲ့သော စာမျက်နှာများကို ပြေးမြင်လိုက်၏။

သို့သော် ကျွန်တော့် အခြေအနေက သိပ်မထူးတော့ပါလေ။

*

(၁၆)

"အကွက်"ဟု ရေးထားသော သံတံခါး အုတ်တိုင်နားတွင် ကျွန်တော်ရပ်နေလိုက်သည်။

တံခါးမပိတ်ထားသော်လည်း ကျွန်တော်မဝင်ရဲ။ တံခါးဖွင့်ထားသော်လည်း ကျွန်တော်မဝင်ဝံ့။ အုပ်ချုပ်ရေးရုံး၊ လိပ်ခုံးနှင့် ဆေးတက္ကသိုလ် အဆောက်အဦများ၏ အဟန့်ကြောင့်တော့ ဟုတ်မည်မထင်။

အဝေးစကြံဆီမှ လွယ်အိတ်လွယ်၍ လျှောက်လာသော စုန္ဒယ်ကို မြင်နေရသည်။ ခေါင်းငုံ့ လျှောက်လာသဖြင့် မျက်နှာကို မမြင်ရသော်လည်း စုန္ဒယ်မှန်း ကျွန်တော်သိသည်။

လက်ထဲမှ ဝေဒနာ ဘဏ္ဍာသိုက်စာအုပ်ကို ခပ်တင်းတင်းဆုပ်ထားမိ၏၊ မနေ့ကတစ်ညလုံးနှင့် ဒီနေ့တစ်နေ့လုံး ရေးထားသော ကျွန်တော့် နောက်ဆုံးလက်ကျန် ဝေဒနာ ရှင်းတမ်းသည် စာအုပ်ထဲတွင် ရင်ခုန်စွာနှင့် ရှိနေပေမည်။နောက်

ဆုံး စာကြောင်းတစ်ကြောင်းသည် ကျွန်တော့်နားထဲတွင် အသံပြည့်စွာ ပဲ့တင်ရိုက်နေ၏။

"စုန္ဒယ်နဲ့ဝေးရာကို ကိုယ်အပြီးအပိုင် သွားတော့မယ် စုန္ဒယ်၊ ကောင်းသော ခွဲခွာခြင်း ဖြစ်ပါစေ....လို့"

ကျွန်တော်မျက်လုံးများကို ယောင်၍မှိတ်လိုက်၏။ အတွေးနယ်ချဲ့၍ လေးကန်စွာ လျှောက်လာနေသော အစိမ်းရောင် ဆင်တူဝတ်ထားသော စုန္ဒယ်သည် မျက်လုံးထဲတွင် တဖြည်းဖြည်း ဝါးသွား၏။

ကျွန်တော် ရှိရာသို့ ဖြည်းညှင်းစွာ လျှောက်လာသော စုန္ဒယ်သည် ကျွန်တော်နှင့် ဝေးရာသို့ တဖြည်းဖြည်း ထွက်သွားနေသည်။

ကျွန်တော်နှင့် လက်တစ်ကမ်း အလိုလောက် ရောက်မှ စုန္ဒယ် အမှတ်တမဲ့ ခေါင်းမော့လိုက်သည်။

"ဟင်–ဖိုးညို"

သူ့လေသံသည် အထိတ်တလန့်ဖြစ်သွားသလို ဝေဒနာအရိပ်များ တစ်ခုပြီးတစ်ခု ဖြစ်သွား၏။ မည်သည့် ဝေဒနာမျိုး မည်များဖြစ်ကြောင်း ကျွန်တော်ရုတ်ချည်း ဝေခွဲမရ။

"ဘာလာလုပ်တာလဲ"

စုန္ဒယ်အသံမှာ မသိမသာတုန်နေသည်ဟုထင်လိုက်သည်။ စုန္ဒယ်၏ မျက်လုံးများတွင် မျက်ရည် ဝေ့လာသည်ဟု ထင်လိုက်သည်။ သို့သော် ဟုတ်မဟုတ် ကျွန်တော် သိပ်မသေချာလှ။

"တို့စုန္ဒယ်ကို လာနှုတ်ဆက်တာ"

မျက်လုံးလေး မသိမသာ ဝိုင်းသွားသည်။ သည်တစ်ခါ သိသိသာသာ တုန်ယင်မှုဖြင့်–



"ဖိုးညို ဘာလုပ်မလို့လဲ"

ကျွန်တော် ဘာမှဆက်မပြောတော့။ လက်ထဲမှစာအုပ်ကို လှမ်းပေးလိုက်သည်။ စာအုပ်ဖုံးထားသော စက္ကူမှ တာ့ချ်မဟာပုံကို ကျွန်တော်နောက်ဆုံး လှမ်းကြည့်လိုက်၏။

"ဒါ–ဘာလဲ"

စုန္ဒယ် သိလျက်နှင့် မေးနေသည်ဟု ကျွန်တော်ထင်သည်။

"တို့ပြောချင်ခဲ့တဲ့ စကားတွေ၊ တို့နောက်ဆုံး နှုတ်ဆက်ခဲ့ချင်တာတွေ တို့အားလုံးရေးထားတယ် စုန္ဒယ်။ တို့ကိုမချစ်ချင်လဲနေပါ။ ဒီစာအုပ်ကိုတော့ ယူထားလိုက်ပါ စုန္ဒယ်"

စုန္ဒယ်က တုန်နေသော လက်များဖြင့် စာအုပ်ကိုလှမ်းယူလိုက်သည်။

သူ့မျက်လုံးများသည် ကျွန်တော့်မျက်နှာကို အဓိပ္ပာယ်တစ်မျိုးဖြင့် ကြည့်နေ၏။ သနားသည့် အရိပ် အရောင်လား ကျွန်တော်မဝေခွဲနိုင်။

"တို့ကို ခဏလောက်စောင့်ပါလား ဖိုးညို"

ဘာကိုဆိုလိုလိုက်မှန်း ကျွန်တော်သဘောမပေါက်လိုက်။

"ဘယ်သို"

"ဘို့ဒီစာအုပ်ကို ခဏဖတ်ချင်တယ်၊ ပြီးတော့ ဖိုးညိုနဲ့လဲ ခဏစကားပြောချင်တယ်။ အဆောင်ဟိုဘက်က လမ်းထိပ်က ခဏစောင့်နေပါလား"

"မလိုတော့ပါဘူး စုန္ဒယ်။ အားလုံးက ပြီးသွားပြီပဲ"

ဟုဆိုကာ ကျွန်တော်လှည့်ပြန်ထွက်လာသင့်၏။ သို့သော် သည်လို ငြင်းဆန်ဝံ့သည် အထိ ကျွန်တော့် စိတ်က သူ့အပေါ် မပြတ်သားနိုင်။

ကျွန်တော့် ဆီမှ ချက်ချင်း အဖြေပြန်မလာသဖြင့် စုန္ဒယ်က ထပ်မေးသည်။

"စောင့်နေမလားဟင်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

စုန္ဒယ်မျက်နှာတွင် တင်ထင်ရှားရှား မဟုတ်သော ကြည်လင်သွားမှုကလေးကို ကျွန်တော်သတိထားမိလိုက်၏။

သည်မျက်နှာလေးကို ကျွန်တော်ကြည့်နေရဖို့ ကျွန်တော့်မှာ အချိန်အခိုက်အတန့်တော့ ရှိနေပါသေးသည်။

*

နာရီကို ကြည့်လိုက်ရာ ညနေ လေးနာရီကို တွေ့လိုက်ရ၏။

ကျွန်တော်စောင့်နေသည်မှာ တစ်နာရီလောက်ရှိသွားပြီ။

ခပ်လှမ်းလှမ်း လမ်းတစ်ဘက်မှ ပြည်ဆောင်၊ တကောင်းဆောင်ဟု ရေးထားသော ဆိုင်းဘုတ်များကို ကျွန်တော် ငေးကြည့်နေမိသည်။

အဆောင်ဝရှိ စိန်ပန်းပင်ကြီးများတွင် အပွင့်များနီရဲနေကြ၏။

စောစောက မိုးရွာထားခဲ့သဖြင့် ပြည်လမ်းမကြီးမှာ မိုးရေလက်ကျန်များဖြင့် မစိုတစ်ဝက် စိုတစ်ဝက်။

စုန္ဒယ်တို့ အဆောင်ဘက်မှ လူရိပ်တစ်ခု မျက်လုံး၏ ထောင့်ဘက်စွန်းတွင် ရိပ်ခနဲ တွေ့လိုက်သဖြင့် ကျွန်တော် လှည့်ကြည့်လိုက်သည်။



စုန္ဒယ်။

နက်ပြာရောင် တက်ထရွန်အကွက် ဘလောက်စ်အင်္ကျီလေးနှင့် တက်ထရွန် နက်ပြာရောင် လုံချည်လေး ဝတ်လာသော မျက်မှန်လေးနှင့် စုန္ဒယ်ကို အရင်တုန်းကလိုပင် ကျွန်တော် မက်မောစွာ လှမ်းကြည့်နေလိုက်မိ၏။

"လာလေ ဖိုးညို"

ကျွန်တော် အုတ်ခုံပေါ်မှထ၍ သူ့ဆီလျှောက်သွားသည်။

"ဟိုဘက်ကို လမ်းလျှောက်ရအောင်"

ကျွန်တော် ခေါင်းညိတ်လိုက်ပြီး လမ်းတစ်လျှောက်ရှေ့တူရှုကို ကျွန်တော်လှမ်းမျှော်ကြည့်လိုက်သည်။

မိုးရေစိုထားသဖြင့် နီရဲနေသော မြေနီလမ်း ပေါ်တွင် လမ်းဘေး တစ်ဘက်တစ်ချက်မှ စိန်ပန်းပင်များမှ အပွင့်ကြွေ ရဲတွတ် ပြန့်ကြဲနေ၏။

ကျွန်တော် ခေါင်းငုံ့ပြီး လျှောက်လာသလို သူကလည်း ဘလောက်စ်အင်္ကျီအိတ် နှစ်ဘက်တွင် လက်နှိုက်၍ ငေးနေသည်။

အတော်လေး လျှောက်လာမိသည်အထိ စကားမပြောဖြစ်ကြ။ အိမ်တော်တော် များများကို လွန်လာသည့်အခါ ကျွန်တော် မမျှော်လင့်သော မြင်ကွင်းသည် ကျွန်တော့်ကို ဘွားခနဲ ဆီးကြိုလိုက်၏။

အုတ်ဂူများ၊ မှတ်တိုင်များကို ပင်လယ်ကြီးတစ်ခု သဖွယ် မြောက်မြားစွာ တွေ့မြင်လိုက်ရ၏။ ကြံတောသင်္ချိုင်းပါလား။

ကျွန်တော် စုန္ဒယ်ကို လှည့်ကြည့်လိုက်မိ၏။

စုန္ဒယ်၏ အပြုံးက ကျွန်တော် မမျှော်လင့်ဘဲ စောင့်ကြို နေသည်ကို တွေ့လိုက်ရပြန်သည်။

"ဟိုမှာသွားထိုင်ရအောင် ဖိုးညို"

ကျွန်တော် စုန္ဒယ်ကို အံ့အားသင့်နေသည်။ စုန္ဒယ် ညွှန်ပြလိုက်သော ထိုင်စရာနေရာမှာ အုတ်ဂူအဟောင်းတစ်လုံး။

ကျွန်တော်က အုတ်ဂူကိုမှီ၍ ရင်သိုက်သည်။ စုန္ဒယ်ကမူ ကလေးငယ်တစ်ဦးလို ပေါ့ပါးစွာ အုတ်ဂူပေါ် ခုန်၍ တင်ပလ္လင်ထိုင်လိုက်သည်။

ကျွန်တော်က တစ်ဘက်အုတ်ဂူ တစ်ခု ခေါင်းရင်းရှိ တရုတ်စကားပင်ကြီးပေါ်မှ အပွင့်ဖြူဖြူများကို ငေးကြည့်နေမိသည်။ စုန္ဒယ်ပြောလာမည့် စကားများကို စောင့်မျှော်ကြည့်နေမိ၏။

စုန္ဒယ်ဆီမှ စကားသံ တော်တော်နှင့် မကြားရသဖြင့် ကျွန်တော် စုန္ဒယ်ကို လှည့်ကြည့်လိုက်သည်။

စုန္ဒယ်က ကျွန်တော့်ကို ပြုံး၍ စိုက်ကြည့်နေသည်ကို တွေ့ရ၏။

"ဖိုးညို ဘာစိတ်ကူးနဲ့ ဘယ်ထွက်သွားမလို့ ဆုံးဖြတ်ထားသလဲ"

ကျွန်တော် သူ့စူးစူးရဲရဲအကြည့်ကြောင့် မျက်နှာလွဲလိုက်ပြီး....

"စုန္ဒယ်နဲ့ ဝေးရာကို"

"မသွားရဘူး"



ကျွန်တော် သူ့ကို ဖျတ်ခနဲလှည့်ကြည့်လိုက်၏။ သူ့မျက်နှာမှာ ပြုံးရေ့စေ့ လုပ်နေသည်။

ကျွန်တော် ခေါင်းခါလိုက်ပြီး....

"မသွားလို့မဖြစ်ဘူး"

"ဖြစ်တယ်။ သွားကိုမသွားရဘူး"

သူ့လေသံက တစ်စုံတစ်ခုကို အပိုင်တွက်ပြီး ပြောနေပုံရသည်။ ကျွန်တော် သူ့ကိုပြောလျှင် ရမည်ဆိုသော လေသံမျိုး။

"သွားမယ်။ ဘာဖြစ်လို့မသွားရမှာလဲ။ တို့ကို ဘယ်သူမှ တားလို့မရဘူး"

စုန္ဒယ်ထံမှ ခိုးခိုးခစ်ခစ်ရယ်သံ ထွက်ပေါ်လာ၏။

"ရတယ်၊ သွားရဲသွားကြည့်"

ကျွန်တော် နည်းနည်း နှာကစ်သွားသဖြင့်-

"စုန္ဒယ်မှာ တားပိုင်ခွင့် မရှိဘူး။ စုန္ဒယ်နဲ့တို့ ဘာမှ မပတ်သက်ဘူး"

"ပတ်သက်တယ်။ တားပိုင်ခွင့်ရှိတယ်"

နောက်နေသည် များထင်၍ ပြန်ရွတ်နေသည်အောက် မေ့သဖြင့် မျက်နှာတည်ပြီး သူ့ကို စေ့စေ့ကြည့်လိုက်သည်။

"တို့ သူ့ကိုချစ်တယ်"

ဖြုန်းဆို ကျွန်တော့်နားကို ကျွန်တော်မယုံ။ သူ့မျက်နှာကိုလည်း အံ့သြစွာ လှမ်းကြည့် လိုက်သည်။ သူခေါင်းငုံ့သွား၏။

"ဘာပြောတယ် စုန္ဒယ်၊ ပြန်ပြောစမ်းပါဦး"

"ဟင့်အင်း – မပြောတော့ဘူး"

စုန္ဒယ်က ခေါင်းငုံ့၍ ပြုံးနေသည့်ကြားက ပြောလိုက်သည်။

ကျွန်တော် အားမလို အားမရ ဖြစ်လာသဖြင့် သူ့ပခုံးနှစ်ဘက်ကိုင်ရင်း မေးလိုက်ပြန်သည်။

"တကယ်လားစုန္ဒယ်၊ တကယ်ပြောတာလား"

စုန္ဒယ်က မရဲတရဲ ခေါင်းမော့လိုက်သည်။ သူ့အပြုံးမှာ ပန်းနုရောင် ဖြစ်နေ၏။

"စုန္ဒယ် တကယ်ပြောရင် သူမသွားတော့ဘူးလား"

ကျွန်တော် ဖြုန်းခနဲ တွေသွား၏။ ချက်ချင်းပင် ခေါင်းညိတ်လိုက်၏။

စုန္ဒယ် ခေါင်းပြန်ငုံ့လိုက်သည်။

ကျွန်တော်က သူ့မျက်နှာကို လက်နှင့်ပင့်ယူရင်း

"ပြောလေစုန္ဒယ်။ စုန္ဒယ်ပြောတာ တကယ်လားလို့"

စုန္ဒယ် ခေါင်းညိတ်ပြသည်။

"ဟာ....ဝမ်းသာလိုက်တာ စုန္ဒယ်ရာ"

ချက်ချင်းခေါင်းပြန်ငုံ့လိုက်သော စုန္ဒယ် တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ထားလိုက်၏။ စုန္ဒယ်က ကျွန်တော့်ရင်ဘတ်ကို တွန်းထားရင်း–

"နေပါဦး။ ဘယ့်နှယ် လူမြင်ကွင်းကြီးမှာ"

"အို....မြင် မြင်"

"ခဏနေဦး၊ ပေးစရာရှိလို့"



ကျွန်တော်က သူ့ကို ခွာပေးလိုက်သည်။ စုန္ဒယ်က အိတ်ထဲမှ အရာဝတ္ထုနှစ်ခုကို ထုတ်ယူလိုက်သည်။ ယိုးဒယား သကြားလုံးနှစ်လုံး။

"ရော့"

တစ်လုံးကို ကျွန်တော့်ဆီ ပေးလိုက်သည်။

"ဒါက်သူများဖို့"

ကျွန်တော် ကျေကျေနပ်နပ်ကြီး ပြုံးလိုက်မိသည်။

"နောက်ပြီး ရှိသေးတယ်"

စုန္ဒယ်က ကလေးလေး တစ်ယောက်၊ ကစားစရာများ ဘုတ်ပြနေသည့် အမူအရာမျိုးနှင့် လုပ်နေသဖြင့် ကျွန်တော် စိတ် မရိုးမရွဖြစ်လာသည်။

"အင့်"

လက်ထဲသို့ စာအိတ်လေးတစ်ခု ရောက်လာသည်။

"ဟင့်အင်း–ဟင့်အင်း—အိမ်ကျမှကြည့်"

ကျွပ်တော်က သူ့ကိုပြုံးကြည့်ရင်း သူ့မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် ညှပ်ကိုင်လိုက်သည်။

"ခဏနေဦး"

ပြီး သူ့မျက်မှန်ကလေးကို လက်ဖြင့်အသာဖြုတ်၍ သူ့အိတ်ကပ်ထဲ ထည့်ပေးလိုက်သည်။ ဘာ့မှန်းမသိဖြစ်နေသော သူ့နဖူးကို လက်ညှိုးနှင့်ထောက်၍–

"မရှည်နဲ့၊ ခဏလေး မမြင်ချင်ယောင်ဆောင်နေ"

"အို"

ကျွန်တော့်ရင်ဘတ်တွင်သူ့လက်သီးနုံနုလေးများရောက်လာသည်။

ကျွန်တော့် အိတ်ထဲမှ ဓာတ်ပုံလေးကို ထုတ်ယူလိုက်သည်။ စုန္ဒယ်၏ မျက်နှာပြည့် အပြုံးလေးတစ်ခုသည် ချစ်စဖွယ် ဆီးကြိုနေသည်။ ကျွန်တော် ဓာတ်ပုံ နောက်ကျောဘက်ကို အမှတ်မဲ့လှန်ကြည့်လိုက်၏။

အချစ်ဆုံးမောင့်အတွက်

စက်တင်ဘာလ ၈ ရက်၊ ၁၉၇၂။

*

# အပိုင်း [၄]

....ညီမအထွေး၊ ရွှေတလေးကို
ပြေး၍ကြည့်ချေ၊ စေလေသောခါ၊
အမှယ်မမ....
ကျွန်မခဲအို–မြင်ငဲ့ငါတို့
ရွှာလယ်ခေါင်တွင်၊ ခတင်ကြီးမှာ
စောင်းတီးလို့လေး။

(ရှင်ငြိမ်းမယ်)

*

ရုံးခန်းစားပွဲပေါ်မှ ကျွန်တော့် အတက်ချီကေ့စ်ကို လှမ်းယူလိုက်သည်။

လက်ကိုင်ပေါ်တွင် ကပ်ထားသော တိတ်ပြားပေါ်မှ အင်္ဂလိပ်စာလုံး လေးများက ကျွန်တော့်ကိုယ် ကျွန်တော် ကျေနပ်သွားစေပါသည်။

ဦးညိုထွန်းနောင်၊ ဘီအက်စ်စီ(ရူပဗေဒ)

ကျွန်တော်က ကေ့စ်ထဲမှ ဖယောင်းစက္ကူ နှစ်ရွက်ကို ထုတ်ယူလိုက်ပြီး တံမြက်စီးလှည်းနေသော ကျောင်းစာရေးကို လှမ်း၍

"မောင်ပုရေ၊ တံခါးပိတ်လိုက်တော့ကွာ။ ငါပြန်မယ်။ မင်းဝက်စ်သွားလှည့်လိုက်ဦး။ မနက် ခုနစ်နာရီ ကလပ်စ်က ဦးတင်သိန်းအောင် ကလပ်စ် မဟုတ်လား။ အဆိုင်းမင့်တွေ နောက်ကျကုန်မယ်"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော် ကေ့စ်ကို ကောက်ယူလိုက်ပြီး ကျောင်းအပြင်ကို ထွက်လာခဲ့သည်။ ကျောင်းပြင်ရောက်သည့်အခါ အပေါ်မှ ဆိုင်းဘုတ်ကို အမှတ်တမဲ့ လှမ်းကြည့်လိုက်သည်။

"လူရည်ချွန်နည်းပြ၊ ရူပ–ဓာတု၊ သီးသန့်သင်တန်း"

ဆိုင်းဘုတ်၏ ညာဘက် အထက်ထောင့်မှ စာသားလေးကိုလည်း လှမ်းမြင်လိုက်ရသည်။

"ပညာတံခွန်<br>
လူရည်ချွန်၍<br>
မိုးစွန်တမွတ်<br>
ကြယ်ကိုဆွတ်ရန်"

ကျွန်တော့်ရင်ထဲ အေးချမ်း ကြည်နူးမှုလေး တစ်ရပ်ဝင်ရောက်လာသည်။ ထို့နောက် ရပ်ထားသော ကျွန်တော့်ကားဆီ လျှောက်လာခဲ့၏။

❀

အိမ်ရှေ့ ကားကလေး ထိုးရပ်လိုက်သောအခါ တံခါးဝတွင် ကျွန်တော့် ဇနီးနှင့် သမီးငယ်တို့ သနပ်ခါး အဖွေးသားနှင့် ကြိုနေသည်ကို တွေ့လိုက်ရသည်။ ရင်ထဲမှာ အေးမြသွားသည်။

"တော်သေးတာပေါ့။ မောင် သိပ် နောက်ကျ နေရင် ကျောင်းကို ဖုန်းဆက်တော့မလို့"

"ဟုတ်လား မောင်လဲ ဒီနေ့ညဘက် အတန်းမရှိလို့ စောစောပြန်လာတာ"



"ပါပါချစ်–ပါပါချစ်"

သမီးကလေး၏ အော်သံကြောင့် ကျွန်တော် ရယ်လိုက်ပြီး သမီးကိုကောက်ချီလိုက်သည်။

"အား....ဟုတ်သားပဲ၊ ပါပါချစ်က သမီးကိုမှ ချက်ချင်း မခေါ်ဘဲကိုး။ ဆောရီးသမီးရေ ဆောရီး။ ညည်းမေမေကြီးက အာလူးတွေဆီးဖုတ်နေလို့ သမီးကိုမခေါ်ရတာ"

စုနွယ်က ကျွန်တော်တို့ကို မျက်စောင်းထိုး၍–

"ဟင်း–သဲကိုသဲတယ်"

နှစ်ယောက်လုံး ပြိုင်တူရယ်လိုက်မိ၏။ သမီးကဲ ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ပြီး ပြုံးနေသည်။

စုနွယ်က မျက်လုံးဝိုင်းသွား၍ လေသံတိုးတိုးဖြင့်–

"ဟာ....မေ့နေတယ်၊ အိမ်ထဲမှာ ဧည့်သည် ရောက်နေတယ်။ မောင့်ကိုတွေ့ချင်လို့ စောင့်နေတာတစ်နာရီလောက်ရှိပြီ"

"ဘယ်သူလဲ"

"ဝင်ကြည့်လေ"

ကျွန်တော် စုနွယ်ကိုဖြတ်၍ သမီးချီရင်း ဧည့်ခန်းထဲ ဝင်လိုက်သည်။ ကျွန်တော် မမျှော်လင့်သော ဧည့်သည် ဖြစ်နေသဖြင့် ဝမ်းသာအားရ အော်လိုက်သည်။

"ဟာ....ကိုရဲ"

ကိုရဲလွင်က ကျွန်တော်တို့ကို ပြုံးကြည့်နေ၏။

"ဘယ်တုန်းက ရောက်သလဲ ကိုရဲ။ အား နာ စ ရာ ဗျာ။ ...နွယ်ကို ဖုန်းဆက်ခိုင်းလိုက်ပေါ့"

"ရပါတယ်ကွ"

ကျွန်တော်က စုန္ဒယ်ဘက်လှည့်၍

''စုန္ဒယ်- ဒါ-ပဲခူး...''

ကျွန်တော့်စကား မဆုံးခင် ကိုရဲလွင်က လက်ကာပြလိုက်သည်။ စုန္ဒယ်က ပြုံးကြည့်နေ၏။

''တို့ သိပြီးသားပါကွာ။ စောစောကလဲ သူနဲ့ပဲ စကားပြောနေတာ''

''စောစောက သိတာလား''

ကိုရဲလွင်ဟာ ဝါးလုံးကွဲရယ်ချလိုက်၏။ စုန္ဒယ်ကမူ ပြုံးစေ စေ နှင့် ကျွန်တော် ကို ကြည့်နေသည်။

''မဟုတ်ဘူး။ လွန်ခဲ့တဲ့ ရှစ်နှစ်ကတည်းက''

ကျွန်တော် မျက်လုံး ဝိုင်းသွား၏။

''အံ့သြသွားသလား ဖိုးညို။ စုန္ဒယ်က ပြောမပြဘူးလား''

စုန္ဒယ်က ခေါင်းခါပြီး-

''ကိုရဲပဲ ပြောပြလိုက်ပါ''

ကိုရဲလွင်က ခေါင်းတဆတ်ဆတ် ညိတ်၍-

''ဟိုတုန်းက ပြောလို့မကောင်းပေမယ့် ခုပြောလို့ရပါပြီကွနော်-စုန္ဒယ်''

စုန္ဒယ်ကပြုံး၍ ခေါင်းညိတ်ပြ၏။ ကျွန်တော်ကမူ ဘာမှနားမလည်သော မျက်နှာဖြင့် သူတို့ကိုကြည့်နေမိ၏။

''မင်းကို ငါလဟာပြင်က အအေးဆိုင်မှာ ထားခဲ့တာ မှတ်မိလား။ မင်း ခြေဦးတည့်ရာ ထွက်သွားဖို့ကိစ္စတုန်းကကွာ''



ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

''အေး....ငါတားတာလဲ မင်းက အင် တင် တင် ဖြစ် နေတော့ ငါစဉ်းစားတယ်။ မင်းထွက်သွားဖို့ကိစ္စဟာ ကျွန်တဲ့ပြဿနာတွေ ရှင်းကုန်ပေမယ့် စုန္ဒယ်နဲ့ပတ်သက်တာ ကျန်နေတယ်လို့ ငါယူဆတယ်။ဒါကြောင့် စုန္ဒယ်နေတဲ့နေရာ မင်းကိုမေးပြီး ငါ စုန္ဒယ်နဲ့ သွားတွေ့တယ်''

စုန္ဒယ်နေသည့် နေရာကို ကိုရဲလွင် နှစ်ခါထပ်မေးသည်ကို အမှတ်ရလိုက်၏။

''စုန္ဒယ်ကို အကျိုးအကြောင်း ပြောပြရတာပေါ့။ အမှန်မှာက မင်းတို့နှစ်ယောက်စလုံးမှာလိုနေတာ ငါလိုလူမျိုးပဲ''

ကျွန်တော် စိတ်ဝင်စားစွာ ကြည့်နေချိန်တွင် စုန္ဒယ်က ခေါင်းငုံ့လိုက်၏။

''မင်းကလဲ စုန္ဒယ်ကို အသေအလဲ ချစ်တယ်။ စုန္ဒယ်ကလဲ ဒီအတိုင်းပါပဲ။ ဒါပေမယ့် စုန္ဒယ်က သူ့အမေကို ကြောက်တယ်။ ကြောက်တယ်ဆိုတာထက်ကွာ သူ့အမေရဲ့နောက်ကြောင်းရာဇဝင်နဲ့ သူ့အမေကိုညာတာရယ်၊ သူ့အမေပြောတာ ဆိုတာတွေက အမှန်တွေချည့်ပဲဆိုတာ သူသိနေတော့ သူလဲ ခက်နေတာပေါ့''

ကျွန်တော် စုန္ဒယ်ကို လှမ်းကြည့်လိုက်၏။ ဘယ်ဘက် ပါးတစ်ဘက်သည် ပူခနဲ ဖြစ်သွားသလို ခံစားလိုက်ရ၏။

"စုံနွယ် ဖြစ်စေချင်တာက မင်းကို စာကြိုးစား၊ ဘွဲ့ရအောင်ယူ၊ သူ့ အမေ ထင်ထားသလို မင်းဟာ လူပေ လူတေ မဟုတ်ဘူးဆိုတာကို ပြချင်တယ်။ မင်းက ချော်တော ပြီး စုနွယ်က ဂုဏ်မက်တယ် ဘာ ညာ ထင် ပြီး အ ရွဲ့ တိုက် ကျောင်းထွက်''

ကျွန်တော် မျက်နှာပူသလို ဖြစ်သွား၏။

"အဲဒီတော့ စုနွယ်က သူဖြစ်စေချင်သလို ဖြစ်မလာလေ၊ ရင်နာလေဖြစ်ပြီး မင်းကိုကောတော့တယ်။ ကောလေ မင်း က ပိုဆိုးလေ ဖြစ်လာတယ်''

ကျွန်တော် ရှက်ပြုံး ပြုံးလိုက်မိသည်။ ကိုရဲလွင်စကားများမှာ မှန်လွန်းလှ၏။

''နောက်ဆုံး မင်းလုပ်နေတာတွေက အန္တရာယ် သိပ်ကြီး ပြီး ပြင်မရနိုင်တာတွေ ဖြစ်လာနိုင်တာနဲ့ ငါ စုနွယ်ကို သွား ပြောတယ်။ ဖိုးညိုကို ဒီလိုကိုင်တွယ်လို့မရဘူးဆိုတာကိုပေါ့။ သူ့ကိုချစ်ရင် ချစ်တယ်လို့ ပြောလိုက်ပါ။ ဖိုးညိုစိတ်ထဲမှာ ဘွဲ့မရှိရင် မချစ်ဘူးထင်တဲ့အထင်ကို ဖျက်လိုက်။ ချစ်တယ် ပြောပြီးမှ ကိုယ်လိုချင်တဲ့ပုံစံကို ပြောပြရင် ဒီကောင် နား မဝေးပါဘူး။ ဖြစ်မြောက်အောင်လဲ လုပ်မယ့်ကောင်ပါ။ ဒီ ကောင့်စိတ်ကို ငါ သိတယ် ဘာညာနဲ့ ပြောပြတော့''

ကျွန်တော် ရယ်လိုက်ပြီး....



''ကျွန်တော့်ကို သကြားလုံးတွေ ကျွေးတော့တာပေါ့ ကိုရဲရ။ဟား....ဟား''

စုနွယ်က လှမ်း မျက်စောင်းထိုး၍—

''သွား....ဘာတွေ လျှောက်ပြောနေတာလဲ''

ကိုရဲလွင်က ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်၍ ရယ် နေ၏။

''တော်သေးတာပေါ့ ကိုရဲရာ။ စုနွယ်ဆီက အ ချိန် မီ အဖြေရလို့ ကျွန်တော်လဲ မသွားဖြစ်တော့ဘူး။ ကျွန်တော် မသွားဖြစ်လို့ ဇော်မိုးလဲ မလိုက်တော့ဘူး။ စွတ်ရွတ် ထွက် သွားတဲ့ ကိုအောင်နိုင်ကိုလဲ ဟိုတစ်လောက နယ်စပ်မှာ ခေါင်း ထိုးခံရလို့ သေသွားတယ်လို့ သတင်းကြားတယ်''

ကိုရဲက ခေါင်းညိတ်ရင်း....

"အေးပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် မင်းတို့ အခုလို အဆင် ပြေပြေ ပျော်ပျော်ရွှင်ရွှင်နေတာ မြင်ရတာ ငါ သိပ်စိတ်ချမ်း သာပါတယ်''

ကျွန်တော် တစ်စုံတစ်ခုကို သတိရ၍....

"ကိုရဲရော့ ဉာဏ်ပူဇော်ခ ပေးရဦးမယ်ဗျို့''

"ဘာဖြစ်လို့လဲ''

"ကိုရဲ ပေဒင် မှန်တယ်လေဗျာ။ ကျွန်တော်နဲ့ စုန္ဒယ် ရ တာပဲ"

ကိုရဲက တဟားဟား ရယ်ရင်း သဘောကျနေသည်။

"ဟ မင်းက ဒါကို ခုထိ မမေ့သေးပါလား"

"မမေ့ပါဘူး ကိုရဲရယ်။ ကျွန်တော့်ဘဝမှာ အားလုံးကို အမြဲသတိရနေမှာပါ"

ကျွန်တော်က ချီထားသောသမီးကို စုန္ဒယ်ကို လှမ်းပေးပြီး ကိုရဲလွင်ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ ကိုရဲက....

"အဘွားကြီးကကော ကြည်ရဲ့လား"

ကျွန်တော် ရှက်ပြုံး ပြုံးလိုက်ပြန်သည်။

"ကြည်ပါတယ်။ ခု ဘုရားသွားနေတယ်လေ။ သူ့မြေးကို သူ့လက်ကမှ မချဘဲ"

ကိုရဲလွင်က ကျွန်တော့်ကို သွေးတိုးစမ်း၍....

"နို့ ဟိုတုန်းကတော့ အဘွားကြီးက မလွယ်ဘူးဆို"

"ဒီလိုကိုရဲရေ၊ ဟိုတုန်းကတော့ စုန္ဒယ်ဆိုတဲ့ အိမ်ကလေးပေါ်တက်ဖို့ လှေကားဦးမှာ အဘွားကြီးက ဘီလူးလိုစောင့်နေတယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် နောက်ပိုင်းကျတော့ စုန္ဒယ်လဲရှင်းပြလို့ ဒီဘီလူးကြီးဟာ သူ့သဘောနဲ့သူ စောင့်



တာမဟုတ်ဘဲ ကျွန်တော့်ကြောင့် စောင့်နေပါလား ဆိုပြီး ကျွန်တော့်ကိုယ်ကျွန်တော် ပြင်ခဲ့တယ်။ ခုတော့ ဘီလူးကြီးကပဲ အိမ်ပေါ်ကို လှေကားကနေ ပို့ပေးလိုက်တာပါပဲ"

"ဟား....ဟား....လှေကားဦးမှာ ဘီလူး မောင့်ကြောင့် စောင့်တော့တယ်ပေါ့ကွာ"

"ဪ....ကိုရဲ ခဏနော်။ ကျွန်တော့်မှာ ကြွေးလေး တစ်ခုကျန်နေလို့"

"လုပ်လေ"

ကျွန်တော် စာကြည့်စားပွဲဆီသို့ ကမန်းကတန်းပြေးလာခဲ့၏။ စာကြည့်စားပွဲတွင် ထပ်ထားသော စာအုပ်များထဲမှ "ဝေဒနာဘဏ္ဍာသိုက်" စာအုပ်ကို ရှာယူလိုက်၏။

စာအုပ်သည် ဘာမှမပြောင်းလဲသော်လည်း အဖုံး မှာ ပြောင်းသွားပြီဖြစ်၏။ တာ့ချ်မဟာပုံအစား 'ကျူးပစ်'ခေါ် မြားနတ်မောင်လေး၏ပုံက နေရာယူထား၏။

ကျွန်တော်က ဦးညာ၏ "လူငယ်တက်လမ်း" စာအုပ်လေးကို စာအုပ်စင်မှ ရှာယူလိုက်သည်။

ဟိုတုန်းက ကျွန်တော်မကြိုက်ခဲ့သဖြင့် ချန်ထားခဲ့သော စာမျက်နှာမှ စာပိုဒ်တချို့ကို စာအုပ်ထဲက ကမန်းကတန်း ကူးထည့်လိုက်သည်။

ခုတော့ သည်စာပိုဒ်ကို အထူးကြိုက်နေချေပြီ။
စာပိုဒ်လေးက
နိဂုံးချုပ်အမှာမှ စာပိုဒ်လေး။

ကျွန် တော် ရေး ခဲ့ သော 'တက်လမ်း' စာအုပ်တွင် နယ်ချဲ့ခေတ် ကျွန်ပ ညာ ကို အသုံးပြု၍ ရေးခြင်းဖြစ်ရာ ပညာရေးနှင့် ပတ်သက်၍ ယနေ့ အခြေအနေကား အကြီး အကျယ် ပြောင်းလဲခဲ့လေပြီ။

အမောင်တို့ဧခတ်တွင် တိုင်းပြည် တိုး တက်ရေးအတွက် အမျိုးမျိုးသောပညာရပ် တွေကို သင်ကြားနိုင်အောင် ကျောင်း အမျိုး မျိုး ဖွင့်လှစ်ထားရှိချေပြီ။

အလုပ် လုပ်ရင်း ပညာဆက်လက် သင် ကြားနိုင်ရန် လုပ်သားကောလိပ်ဟူ၍ ဒီဂရီ၊ ဘွဲ့ရသည်အထိသင်ကြားနိုင်ပြီ။ (ယနေ့တက္က သိုလ် စာပေးစာယူ သင်တန်းများပါ ရှိနေ ၏)။ စာမေးပွဲရှုံး၍ နေ့ကျောင်းသင်ခွင့် မရသော လူငယ်တို့အတွက် လူငယ့်ရေးရာ ည,ကျောင်းများကိုလည်း ဖွင့်ထားသည်။



စာပိုဒ်လေးအဆုံးတွင် မှတ်မှတ်ရရ နေ့စွဲလေး တပ်ဖြစ် အောင် တပ်လိုက်၏။ ၁၉၈၀-ခုနှစ်၊ စက်တင်ဘာလ ၈ ရက် ဟူ၍။ ။

ကြိုးစားပါဦးမည်၊

နွမ်ဂျာသိုင်း

စေတနာစာပေမှ ဆက်လက်ထွက်လာမည့်

မိုမို (ဆေးတက္ကသိုလ်) လုံးချင်းဝတ္ထုသစ်

အိပ်မက်ဦး

မပိုးမြေ

ထာဝရဖြစ်ပါစေ

နွမ်ဂျာသိုင်း

အိပ်မက်ထဲက မနှင်းဆီ

မောင် (ရန်ကုန်တက္ကသိုလ်)

နှလုံးသားလှည်ဆွဲ